
http://www.dhammadownload.com

မဟာစည်ဆရာတော်ကြီး ပြောပြသော အရိယာတို့သဘော

သာမကောကျော်

Than Myint Aung

http://www.dhammadownload.com



မဟာစည်ဆရာတော်ကြီး

ပြောပြသော

အရိယာတို့သဘော

သာမဏေကျော်

http://www.dhammadownload.com

သာမဏေကျော်

မဟာစည်ဆရာတော်ကြီးပြောပြသော

အရိယာတို့သဘော

http://www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေကာလ – ဒုတိယအကြိမ်
၂၀၁၅ ခြေဂုတ်

အုပ်ရေ – ၁၀၀၀ အုပ်

တန်းဖိုး –

မျက်နှာဖုံးဒီဇိုင်း – သန်းမြင့်အောင် (ပန်းချီ)

ပုံနှိပ်တိုက် – အောင်သုခ ပုံနှိပ်လုပ်ငန်း
၀၉-၇၃၂၃၉၈၆၅၊ ၀၉-၄၂၀၂၁၉၃၃

မဟာစည်ဆရာတော်ကြီး၏ပြောပြသောအရိယာတို့သဘော

ဖြန့်ချိရေး



သာမဏေကျော်စာပေ
သာမဏေကျော်မဟာဂန္ဓာရုံကျောင်းတိုက်
(လှော်ကားဥယျာဉ်အနီး) မော်ဘီမြို့နယ်၊
ရန်ကုန်တိုင်း။ ဖုန်း ၀၁ - ၇၀၉၆၈၀၊ ၀၉ - ၇၃၀၈၂၃၆၉

http://www.dhammadownload.com

မာတိကာ

အပိုင်း (၁)

နိဒါန်း ၉

အရိယာတို့၏သဘော (အကျဉ်းမျှ)

၁။ နိဗ္ဗာန်အာရုံသို့ ကူးသွားပုံ ၁၁
၂။ နိဗ္ဗာန်ရောက်သူတို့၏အပြော ၁၂
၃။ နိဗ္ဗာန်ရောက်ပြီးသူတို့ ဆင်ခြင်ပုံ ၁၃
၄။ နိဗ္ဗာန်ရောက်ပြီးနောက် ရှုမှတ်ရာတွင် ၁၄
၅။ နိဗ္ဗာန်ရောက်ပြီးသူတို့၏ စိတ်နေစိတ်ထား ၁၅
၆။ ဖိုလ်ဝင်စားပုံ ၁၆
၇။ နိဗ္ဗာန်ကို အာရုံပြုနေရာအချိန် ၁၆
၈။ ဖိုလ်ဝင်စားစဉ် အသိနှင့် ကွာရိယာပုထ် ၁၇
၉။ ဖိုလ်မှထသောအခါ ၁၇
၁၀။ ဉာဏ်စဉ်ကို ရှင်းနည်း ၁၈
၁၁။ သကဒါဂါမိမဂ် ဖိုလ်အတွက် အားထုတ်နည်း ၂၀
၁၂။ သောတာပန်၏ ဝိပဿနာ ၂၁
၁၃။ သောတာပန်မှ သကဒါဂါမ်သို့ ၂၂
၁၄။ အနာဂါမိမဂ် ဖိုလ်အတွက် အားထုတ်နည်း ၂၃
၁၅။ အရဟတ္တမဂ် ဖိုလ်အတွက် အားထုတ်နည်း ၂၃
၁၆။ ပါရမီ ရင့် မရင့်ကိုကား မစဉ်းစားသင့်ပြီ ၂၄

http://www.dhammadownload.com

အဝိုင်း (၂)

သောတာပန်တို့၏သဘော

၁၇။ နိဗ္ဗာန်မျက်မှောက်ပြုပုံမိလိန္ဒပဉှာ ၂၆
၁၈။ ကိလေသာအဝိုင်အခဲ ဖောက်ခွဲရန် ခက်ပုံ ၂၈
၁၉။ သောတာပတ္တိမဂ်၏ ဂုဏ်သတ္တိအထူး ၃၀
၂၀။ ရတနာသုံးပါး သိက္ခာအား ယုံမှားမရှိပါ ၃၁
၂၁။ ကုန်ပြီ သီလဗွတာ ၃၃
၂၂။ အကျင့်မှားဆရာတွေကို ငုံကြည့်သူ ၃၅
၂၃။ သောတာပန် ပယ်အပ်သော ကိလေသာ ၃၆
၂၄။ အဆုံးမထင်တဲ့ ဝဋ်ရေယဉ်ကိုလည်း မဂ်ကခြောက်စေသည် ၃၈
၂၅။ သုဂတိလမ်းသာ ပွင့်စေသည် ၄၀
၂၆။ အရိယဥစ္စာ ၇ ပါးကိုလည်း မဂ်ကရစေသည် ၄၁
၂၇။ သောတာပန်၏ သဒ္ဓါ ၄၂
၂၈။ သောတာပန်၏ သီလ ၄၃
၂၉။ သောတာပန်၏ ဂုဏ်အင်္ဂါ ၄ ပါး ၄၅
၃၀။ သောတာပန်၏ ဟိရိနှင့် ဩတ္တပ္ပ ၄၆
၃၁။ သောတာပန်၏ သုတ ၄၆
၃၂။ သောတာပန်၏ စာဂ ၄၆
၃၃။ သောတာပန်၏ ပညာ ၄၇
၃၄။ သုပ္ပဗုဒ္ဓ (လူနူ) ဝတ္ထု ၄၈
၃၅။ သုပ္ပဗုဒ္ဓလူနူ၏ နတ်ဖြစ်ကြောင်းကုသိုလ်ကံ ၅၄
၃၆။ ဂေါတြဘူ ကုသိုလ်ကတောင် ဘဝကို ဖြစ်စေနိုင်သေး၏ ၅၇
၃၇။ ဗြဟ္မာမင်းကြီးဖြစ်ရတာထက်တောင် မြတ်သေးတယ် ၅၈
၃၈။ သောတာပန်ဖြစ်ရတာက စကြဝတေးမင်း အဖြစ်ထက်လည်း မြတ်တယ် ၅၉

http://www.dhammadownload.com

၃၉။ နတ်ဗြဟ္မာဖြစ်ရတာထက်လည်း မြတ်တယ် ၆၁
၄၀။ ဗြဟ္မာမင်းကြီးဖြစ်ရတာထက်လည်း မြတ်တယ် ၆၃
၄၁။ လမ်းမှား ပယ်ရှားသည် ၆၄
၄၂။ သောတာပန်၏ အယူ ၆၄
၄၃။ သောတာပန်၏ အကြံ ၆၆
၄၄။ သောတာပန်၏ စကား ၆၇
၄၅။ သောတာပန်၏ အလုပ် ၆၈
၄၆။ သောတာပန်၏ အသက်မွေးမှု ၆၉
၄၇။ သောတာပန်၏ အားထုတ်မှု ၆၉
၄၈။ သောတာပန်၏ သတိ ၇၀
၄၉။ သောတာပန်၏ သမာဓိ ၇၁
၅၀။ ဘေးရန်ခပ်သိမ်း ကင်းဝေးစေသည် ၇၃
၅၁။ ဘေးကြီး ၂၅ ပါး စိစစ်ချက် ၇၆
၅၂။ ဘုရားသားတော်အစစ် ၈၃
၅၃။ အကျိုးအာနိသင်များစွာကိုလည်း ရစေသည် ၈၄
၅၄။ ပစ္စဝေက္ခဏာဉာဏ် ၂ မျိုး ၈၅
၅၅။ ဖြစ်မြဲ ပစ္စဝေက္ခဏာ ၈၆
၅၆။ စူးစမ်းဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ ၈၇
၅၇။ ပထမ မဟာပစ္စဝေက္ခဏာ ၈၈
၅၈။ ဒုတိယ ပစ္စဝေက္ခဏာ ၉၁
၅၉။ တတိယ ပစ္စဝေက္ခဏာ ၉၂
၆၀။ စတုတ္ထ ပစ္စဝေက္ခဏာ ၉၃
၆၁။ ပဉ္စမ ပစ္စဝေက္ခဏာ ၉၅
၆၂။ ဆဋ္ဌမ ပစ္စဝေက္ခဏာ ၉၆
၆၃။ သတ္တမ ပစ္စဝေက္ခဏာ ၉၇

http://www.dhammadownload.com

၆၄။ သောတာပန် ၃ ပါး ၉၉
၆၅။ ဘုံစဉ်စံ သောတာပန် ၁၀၂
၆၆။ ဘဝရေတွက်ပုံ ၁၀၆
၆၇။ ဖိုလ်ဝင်စားပုံ ၁၀၈
၆၈။ သကဒါဂါမိ မဂ်ဖိုလ်ရောက်အောင် အားထုတ်ပုံ ၁၁၀
၆၉။ သောတာပန်လည်း ပုထုဇဉ်တုန်းကလို ရှုရတာပဲ ၁၁၂

အပိုင်း (၃)
သကဒါဂါမ်တို့၏သဘော

၇၀။ သကဒါဂါမ်ဖြစ်သွားပုံ ၁၁၅
၇၁။ မဟာနာမ်မင်း ဝတ္ထု ၁၁၆
၇၂။ သကဒါဂါမိမဂ်က ဘာကိုပယ်သလဲ ၁၁၉
၇၃။ သကဒါဂါမ်တွေ မေထုန်မှုပြုသေးသလား ၁၂၁

အပိုင်း (၄)
အနာဂါမ်တို့၏သဘော

၇၄။ အနာဂါမိမဂ်ရောက်အောင် အားထုတ်ပုံ ၁၂၄
၇၅။ သီလအဆင့်နှင့် သမာဓိအဆင့် ၁၂၆
၇၆။ အနာဂါမ်မှာ ကင်းငြိမ်းတဲ့ ကိလေသာများ ၁၂၈
၇၇။ ဥဂ္ဂါသူကြွယ် ဝတ္ထု ၁၂၈
၇၈။ ဝိသာခသူဌေး ဝတ္ထု ၁၂၉
၇၉။ ယခုခေတ် ယောဂီမတစ်ဦး၏ ထူးခြားပုံ ၁၃၂
၈၀။ ဆေးလိပ် ကွမ်းကြိုက်တာလည်း ကင်းသင့်တယ် ၁၃၃
၈၁။ စျာနအနာဂါမ် ၁၃၄
၈၂။ အနာဂါမ်မှာ မကင်းသေးတဲ့ ကိလေသာများ ၁၃၇

http://www.dhammadownload.com

၁၃။ မဟာထေရ် ၆၀ နှင့် အရှင်ခေမက ၁၃၈
၁၄။ အရှင်ခေမက ရှင်းပြချက် ၁၃၉
၁၅။ အနာဂါမ်မှာ မကင်းသေးတဲ့ ဥဒ္ဓစ္စနှင့် အဝိဇ္ဇာ ၁၄၀
၁၆။ သီလဝန္တသုတ်မှ အမေးအဖြေ ၁၄၁

အပိုင်း (၅)

ရဟန္တာတို့၏သဘော

၈၇။ အနာဂါမ်က ရဟန္တာဖြစ်သွားပုံ ၁၄၄
၈၈။ ဓမ္မရာဂကြောင့် အရဟတ္တမဂ်ဖိုလ်မရောက်ဘဲ
ရှိတတ်ကြောင်း ၁၄၅
၈၉။ ရဟန္တာ၏ ပစ္စဝေက္ခဏာ ၁၄၇
၉၀။ ခီဏာသဝဗလသုတ် (အံ၊ တ၊ ၃၉၆) ၁၄၉
၉၁။ ရဟန္တာ၏ ပထမခွန်အား ၁၅၀
၉၂။ ရဟန္တာ၏ ဒုတိယခွန်အား ၁၅၆
၉၃။ ရဟန္တာ၏ တတိယခွန်အား ၁၆၂
၉၄။ ရဟန္တာ၏ စတုတ္ထခွန်အား ၁၆၆
၉၅။ ဗုဒ္ဓသာသနာတော်တွင်း ရောက်လာကတည်းက
ပွားစေအပ်ကြောင်း ၁၆၈
၉၆။ ဝေဒနာသုံးပါးလုံး ရှုအပ်ကြောင်း ၁၇၂
၉၇။ စိတ္တာနုပဿနာ ပွားစေပုံ ၁၇၆
၉၈။ ဓမ္မာနုပဿနာ ပွားစေပုံ ၁၇၈
၉၉။ သေက္ခပုဂ္ဂိုလ်များလည်း သတိပဋ္ဌာန်ကို
ပွားနေကြတယ် ၁၈၀
၁၀၀။ ရဟန္တာများ သတိပဋ္ဌာန်ကို ပွားနေကြတယ် ၁၈၀
၁၀၁။ ဥပါဒါနက္ခန္ဓာ ရှုတာနှင့် သတိပဋ္ဌာန်သာ
နိဗ္ဗာန်ရောက်ကြောင်းမှတ် ၁၈၁

http://www.dhammadownload.com

၁၀၂။ ရဟန္တာ ဘာကိုရှုရသလဲ ၁၈၄
၁၀၃။ ရဟန္တာ ဝိပဿနာရှုခြင်း၏အကျိုး ၁၈၈
၁၀၄။ ဝိပဿနာရှု၍ မျက်မှောက်၌ ချမ်းသာပုံ ၁၈၉
၁၀၅။ သတိသမ္ပဇဉ် မပြတ်ယှဉ်နေလျှင်
အလိုရှိတိုင်း ဖိုလ်ဝင်စားနိုင်သည် ၁၉၁
၁၀၆။ ရဟန္တာ၏ ပဌမဇွန်အား ၁၉၃
၁၀၇။ ရဟန္တာ၏ ဆဋ္ဌမဇွန်အား ၁၉၆
၁၀၈။ ရဟန္တာ၏ သတ္တမဇွန်အား ၁၉၈
၁၀၉။ ရဟန္တာ၏ အဋ္ဌမဇွန်အား ၂၀၈
၁၁၀။ ရဟန္တာ၏ နဝမဇွန်အား ၂၁၀
၁၁၁။ ရဟန္တာ၏ ဒသမဇွန်အား ၂၂၃
၁၁၂။ ခေမကသုတ် ၂၃၁
၁၁၃။ အရှင်သောဏမထေရ်၏ ပြောကြားဝန်ခံချက် ၂၃၃
၁၁၄။ အရှင်သာရိပုတ္တရာမထေရ်၏ ဝန်ခံပြောကြားပုံ ၂၃၈
၁၁၅။ အရိယာပုဂ္ဂိုလ် အသိခက်ကြောင်း ၂၄၀
၁၁၆။ ရဟန္တာစုံစမ်းနည်း ၂၄၁
၁၁၇။ သောတာပန် လူထွက် မထွက် ၂၄၂

http://www.dhammadownload.com

နိဒါန်း

ရွှေသည် အညစ်အကြေးကင်းလေ သန့်စင်လေဖြစ်၏။ သန့်စင်လျှင် သန့်စင်သလောက် မြတ်နိုးဖွယ် ဖြစ်၏။ စိတ်သည်လည်း အညစ်အကြေး ကင်းလေ ဖြူစင်လေဖြစ်၏။ ဖြူစင်လျှင် ဖြူစင်သလောက် မြတ်နိုးဖွယ်ဖြစ်၏။ စိတ်သဘောဖြူစင်သူတို့တွင် ရဟန္တာတို့သည် အဖြူစင်ဆုံး ဖြစ်ကြ၏။ ရဟန္တာတို့အောက် အနာဂါမ်တို့သည် အဖြူစင်ဆုံး ဖြစ်ကြ၏။ အနာဂါမ်တို့အောက် သကဒါဂါမ်တို့သည် အဖြူစင်ဆုံး ဖြစ်ကြ၏။ သကဒါဂါမ်တို့အောက် သောတာပန်တို့သည် အဖြူစင်ဆုံး ဖြစ်ကြ၏။ အရိယာတို့ဟူသည် စိတ်သဘောဖြူစင်သည့် ထိုပုဂ္ဂိုလ်တို့ပင် ဖြစ်ကြ၏။ စိတ်အညစ်အကြေးတို့ကို ပယ်ရှားသည့် တရားတို့သည် မဂ် ၄ ပါးတို့ ဖြစ်ကြ၏။ မဂ်၏အကျိုး ဖိုလ်သည်လည်း ၄ ပါးပင် ရှိ၏။ ထိုမဂ် ၄ ပါးနှင့် ဖိုလ် ၄ ပါးခွဲ တည်သူတို့ကို 'အရိယာတို့' ဟု ခေါ်ဝေါ်၏။ ထို့ကြောင့် အရိယာပုဂ္ဂိုလ် ၈ ယောက် ရှိလေသည်။

ထို ၈ ယောက်တို့ကား

၁။ သောတာပတ္တိမဂ်ဌ တည်သောပုဂ္ဂိုလ်၊
၂။ သောတာပတ္တိဖိုလ်ဌ တည်သောပုဂ္ဂိုလ်၊
၃။ သကဒါဂါမိမဂ်ဌ တည်သောပုဂ္ဂိုလ်၊
၄။ သကဒါဂါမိဖိုလ်ဌ တည်သောပုဂ္ဂိုလ်၊
၅။ အနာဂါမိမဂ်ဌ တည်သောပုဂ္ဂိုလ်၊
၆။ အနာဂါမိဖိုလ်ဌ တည်သောပုဂ္ဂိုလ်၊
၇။ အရဟတ္တမဂ်ဌ တည်သောပုဂ္ဂိုလ်၊
၈။ အရဟတ္တဖိုလ်ဌ တည်သောပုဂ္ဂိုလ်၊

http://www.dhammadownload.com

ပဋိပတ္တိနယ်ပယ်တွင် ဗုဒ္ဓသာသနာဝင် ရဟန်း ရှင် လူတို့ လေးစားကြည်ညိုအပ်သော ဆရာတော်တို့ မြန်မာနိုင်ငံ၌ များစွာရှိလေရာ ထိုဆရာတော်တို့တွင် ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး သည်လည်း တစ်ပါးအပါအဝင် ဖြစ်ပါသည်။ ပဋိပတ္တိသက်သက်၌သာမက ပရိယတ္တိ၌ပါ ကျွမ်းကျင်တော်မူလှသော မဟာစည်ဆရာတော်ကြီးကို ပရိယတ္တိပညာရှင်တို့ကပါ လေးစားအားထား ကြည်ညိုကြပေသည်။ ထိုကဲ့သို့ ပရိယတ်၊ ပဋိပတ် စွယ်စုံပြည့်စုံတော်မူသော မဟာစည်ဆရာတော်ကြီးသည် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံပေါင်းများစွာသို့တိုင် ထင်ရှားကျော်ကြားလျက် ရှိနေပါသည်။ ပြည်ပနိုင်ငံပေါင်းများစွာသို့တိုင် မဟာစည်ဆရာတော်ကြီး၏ သတိပဋ္ဌာန်ရှုနည်း ရနံ့သည် သင်းပျံ့လျက်နေလေပြီ။

အရိယာဖြစ်ရေး လမ်းစဉ်ဖြစ်သည့် သတိပဋ္ဌာန်ရှုနည်းကို ညွှန်ပြပေးတော်မူခဲ့သည့် မဟာစည်ဆရာတော်ကြီးသည် အရိယာတို့သဘောကို မည်သို့မိန့်ကြားတော်မူခဲ့သည်ကို သိလိုခဲ့၏။ ထို့ကြောင့် မဟာစည်ဆရာတော်ကြီး ဟောကြားရေးသားထားသည့် ကျမ်းစာတို့ကို ဖတ်ရှုခဲ့၏။ ဖတ်ရှု၍ သိရသောအခါ စာရေးသူလိုပင် မဟာစည်ဆရာတော်ကြီး ပြောပြသော အရိယာတို့သဘောတို့ကို သိလိုသူတို့ ရှိကြလိမ့်မည်ဟု အတွေးပေါ်မိပါ၏။ ထိုအခါ ထိုကဲ့သို့သော ဆန္ဒရှိသူတို့ကိုလည်း သိခွင့်ရစေချင်လာပါ၏။ ထို့ကြောင့် **'မဟာစည်ဆရာတော်ကြီး ပြောပြသော အရိယာတို့သဘော'** ဟူသော နာမည်ဖြင့် သက်ဆိုင်ရာ မဟာစည် တရားစာအုပ်တို့မှ ထုတ်နုတ်ကာ ဖော်ပြလိုက်ပါသည်။

သာမဏေကျော်

http://www.dhammadownload.com

အပိုင်း (၁)

အရိယာတို့၏သဘော (အကျဉ်းမျှ)

နိဗ္ဗာန်အာရုံသို့ ကူးသွားပုံ

တက်လိုက် ကျလိုက်ဖြစ်နေသော ဝိပဿနာဉာဏ်သည် ပင်လယ်ကူးသင်္ဘောမှ လွှတ်လိုက်သော ငှက်နှင့်တူ၏။ တူပုံကား ရှေးခေတ် ကာလက ပင်လယ်ခရီးသည်တို့သည် ကမ်းစပ်၊ ကျွန်းနီးရာအရပ်ကို မမှန်းဆနိုင်သောအခါ၌ အသင့်ယူဆောင်ခဲ့သော ကျီးငှက်ကို လွှတ်လိုက်၍ စူးစမ်းကြသတဲ့၊ ထိုငှက်သည် သင်္ဘောမှ ပျံသွား၍ အရပ်လေးမျက်နှာ၌ ကမ်းစပ်ကို ရှာသတဲ့၊ ကမ်းကို မတွေ့ရသေးလျှင် သင်္ဘောကိုသာ ပြန်၍ ပြန်၍ နားသတဲ့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် မဂ်ဉာဏ် ဖြစ်လောက်အောင် ဉာဏ်အားမပြည့်သေး၍ တစ်ဖန် ကျဲကျဲသွားခြင်းသည် ကမ်းစပ်ကို မတွေ့ရသော ထိုငှက်၏ သင်္ဘောသို့ ပြန်ပြန် ကပ်နားခြင်းနှင့်တူ၏။ ကမ်းအရပ်ကို မြင်လျှင်ကား ထိုငှက်သည် သင်္ဘောဆီသို့ ပြန်မလာတော့ဘဲ ထိုကမ်းဆီသို့သာလျှင် တစ်ဟုန်တည်း ပျံသွားသတဲ့။

ဤအတူပင် ဤမှတ်သိမှု ဝိပဿနာဉာဏ်သည်လည်း ကွန်ဒြေ

http://www.dhammadownload.com

ငါးပါး ရင့်သန်သောခဏ၌ အမှတ်အထူးကောင်းနေစဉ်အတွင်းမှာပင် တစ်ကြိမ်ထက်တစ်ကြိမ် သာ၍သွက်လက် ရှင်းလင်းစွာ အနည်းဆုံး သုံး လေးခါမျှ သိမြင်ပြီးလျှင် ထိမှု၊ သိမှု၊ ကြားမှု၊ မြင်မှု၊ စားမှု၊ နံမှုဟူသော ဤသခ်ါရ ၆ မျိုးတို့တွင် (တွေ့ကြုံလွယ်ရာကို ရွေ့ထား၍ စဉ်သည်) ထိုခဏ၌ ထင်ရှားဖြစ်ပျက်သော သခ်ါရတစ်မျိုးမျိုးကို မှတ်သိပြီးသည်နှင့်တစ်ပြိုင်နက် မှတ်တဲ့အာရုံနှင့် မှတ်သိမှုဟူသော သခ်ါရအလုံးစုံ ကင်းပြတ် ချုပ်ငြိမ်းသော နိဗ္ဗာန်ကို မျက်မှောက်တွေ့မြင်လျက် သောတာပတ္တိမဂ်ဖိုလ် အဆင့်သို့သာလျှင် ဆိုက်ရောက်သွားလေတော့သည်။

နိဗ္ဗာန်ရောက်သူတို့၏ အပြော

ဤသို့ ဆိုက်ရောက်သွားသောသူအား ဆိုက်ရောက်ခါနီးတွင် ရှေးအဖို့က တစ်ကြိမ်ထက်တစ်ကြိမ် သွက်လက်ကောင်းမွန်သော မှတ်ချက်များလည်း ကောင်းစွာထင်ရှားပေ၏။ နောက်ဆုံး မှတ်ချက်၏ အခြားမဲ့၌ သခ်ါရအာရုံ အလုံးစုံကို စွန့်လွှတ်ပြီးလျှင် သခ်ါရ ကင်းပြတ် ချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံသို့ ကူးပြောင်းသွားပုံကိုလည်း ကောင်းစွာထင်ရှား၏။ ထို့ကြောင့်ပင်လျှင် ထိုသို့ရောက်ပြီးသောသူတို့သည် ဤသို့ပြောပြတတ်ကုန်၏။ 'အာရုံနဲ့ အမှတ်တွေ အကုန်လုံး တိခနဲပြတ်ပြီး ရပ်စဲသွားသည်' ဟူ၍လည်းကောင်း၊ 'နွယ်တန်းကြီးကို ဓားနဲ့ဖြတ်ချလိုက်သလိုပင် အာရုံနဲ့အမှတ်တွေ တိခနဲပြတ်သွားသည်' ဟူ၍လည်းကောင်း၊ 'လေးလံတဲ့ ဝန်ထုပ်ကြီးကို တွန်းချလိုက်ရသလိုပင် အာရုံနဲ့ အမှတ်တွေ အကုန်လုံး ပြုတ်ကျသွားသည်' ဟူ၍လည်းကောင်း၊ 'ဆွဲကိုင်ထားရာမှ လွတ်ကျသွားသလိုပင် အာရုံနဲ့အမှတ်တွေမှ လွတ်သွားသည်' ဟူ၍လည်းကောင်း၊ 'အကျဉ်းအကျပ် အနှောင်အဖွဲ့ထဲမှ ရုတ်တရက်

http://www.dhammadownload.com

လွတ်သွားသလိုပင် အာရုံတွေ၊ အမှတ်တွေမှ ကျွတ်လွတ်သွားသည်' ဟူ၍လည်းကောင်း၊ 'အာရုံနဲ့ အမှတ်တွေ ချုပ်ပြတ်သွားပုံက မီးတောက်ကလေး ငြိမ်းသွားသလိုပင် သိပ်လျင်မြန်တာပဲ' ဟူ၍လည်းကောင်း၊ 'အမှောင်ထဲမှ အလင်းထဲသို့ ရုတ်တရက် ရောက်သွားသလိုပင် အာရုံနဲ့ အမှတ်တွေမှ လွတ်သွားသည်' ဟူ၍လည်းကောင်း၊ 'အရှုပ်ထဲမှ အရှင်းထဲသို့ ဖြုတ်ခနဲ ရောက်သွားသလိုပင် အာရုံနဲ့ အမှတ်တွေမှ လွတ်ထွက်သွားသည်' ဟူ၍လည်းကောင်း၊ 'ရေထဲမှာ မြုပ်သွားသလိုပင် အာရုံရော မှတ်စိတ်ရော မြုပ်သွားသည်' ဟူ၍လည်းကောင်း၊ 'ပြေးလာသောသူကို ဆီး၍တွန်းလိုက်သလိုပင် အာရုံနှင့်အမှတ် ရပ်တန့်သွားသည်' ဟူ၍လည်းကောင်း၊ 'အာရုံရော မှတ်စိတ်ရော ပျောက်သွားသည်' ဟူ၍လည်းကောင်း ဤသို့ စသည်ဖြင့် ပြောပြတတ်ကြပေသည်။

နိဗ္ဗာန်ရောက်ပြီးသူတို့ ဆင်ခြင်ပုံ

သခါရချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက်တွေ့ရသော ထိုအချိန်ကာလသည်လည်း မကြာမြင့်လှချေ၊ တစ်ကြိမ်တည်းသော မှတ်သိမှု၏ ကာလကဲ့သို့ တစ်ခဏကလေးမျှသာတည်း။ ထို့နောက် ထိုသို့ဖြစ်ပုံကို ပြန်၍ဆင်ခြင်မိ၏၊ အာရုံနဲ့အမှတ်တွေ ချုပ်ကင်းလျက် ငြိမ်းသွားတာဟာ တရားထူးပဲဟူ၍ဖြစ်စေ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ပဲဟူ၍ဖြစ်စေ ဆင်ခြင်မိ၏။ အချို့သော သုတရှိသူသည်ကား သခါရချုပ်ကင်းလျက် ငြိမ်းတဲ့သဘောက နိဗ္ဗာန်ပဲ၊ ငြိမ်းရာသို့ ဆိုက်ရောက်လျက် မျက်မှောက်သိတာက မဂ်ဖိုလ်ပဲ၊ ငါသည် နိဗ္ဗာန်ကို မျက်မှောက်တွေ့ရပြီ၊ သောတာပတ္တိမဂ် ဖိုလ် ရပြီဟု ဆင်ခြင်မိ၏။ ဤသို့သော ဆင်ခြင်မှုမှာ သခါရချုပ်ငြိမ်းမှုသို့ ဆိုက်ရောက်ပုံကို နာကြားမှတ်သားဖူးသောသူအား ကျနပြည့်စုံစွာ ဖြစ်တတ်၏။ ထို့ပြင် ပယ်ပြီး ကင်းပြီးသော ကိလေသာ၊ မပယ်ရ

http://www.dhammadownload.com

သေး၊ မကင်းသေးသော ကိလေသာတို့ကိုလည်း အချို့ပုဂ္ဂိုလ်တို့သည် ဆင်ခြင်တတ်သေး၏။

နိဗ္ဗာန်ရောက်ပြီးနောက် ရှုမှတ်ရာတွင်

ဆင်ခြင်ပြီးလျှင် ဖြစ်ဆဲ ကိုယ်စိတ်အမှုအရာများကို မှတ်မြဲမှတ်ပြန်၏၊ ထိုအခါ၌ ရုပ် နာမ်အဖြစ်အပျက်များသည် ခပ်ကြမ်းကြမ်း ဖြစ်လျက် ထင်ပေါ်၏၊ အစနှင့် အဆုံး အဖြစ်နှင့်အပျက် နှစ်ပါးလုံး ပင် ပီပီသသ ထင်ရှား၏။ ထို့ကြောင့် 'အမှတ်ကျဲသွားသည်၊ လျှောကျသွားသည်' ဟု ထင်ရ၏။ အမှန်အားဖြင့်လည်း ဉဒယဗ္ဗယဉာဏ်သို့ ပြန် ရောက်နေသည်ဖြစ်၍ လျှောကျသည် မှန်ပေ၏။ ထိုဉာဏ်သည် ဉဒယဗ္ဗယဉာဏ် ဖြစ်သောကြောင့် အလင်းရောင်နှင့် ပုံသဏ္ဌာန် အာရုံများကိုလည်း တွေ့ရတတ်၏။ အချို့မှာ ရုတ်တရက် ပြန်၍မှတ်ခါစဉ် အာရုံနှင့် အမှတ်မတည့်ဘဲ ချော်လွဲနေသည်ကိုလည်း တွေ့ရတတ်၏။ အချို့မှာ ဒုက္ခဝေဒနာလေးများကိုလည်း တစ်ခဏမျှ တွေ့ရတတ်၏။ အများအားဖြင့်ကား အလွန်ကြည်လင်သောစိတ်များ အဆက်ဆက် ဖြစ်ပေါ်လျက်ရှိတတ်၏။

ထိုအခါမှာ ဟင်းလင်းပြင်၌ စိတ်တစ်ကိုယ်တည်း တည်နေရသလိုပင် ဟာတာရှင်းလင်းကြီးဖြစ်လျက် အလွန်ချမ်းသာ၏။ အလွန်နေကောင်း၏။ ထိုစိတ်များကိုလည်း မမှတ်နိုင်၊ မှတ်သော်လည်း ပိုင်းပိုင်းခြားခြားကား မသိနိုင်၊ တခြားကိုလည်း စိတ်မကူးလို၊ စိတ်ကူး၍လည်း မဖြစ်နိုင်ဘဲ ကြည်လင်ချမ်းသာလျက်သာ ရှိတတ်၏။ ကြည်လင်သော ထိုစိတ်များ အားနည်းသွားသောအခါ၌ ဆက်၍မှတ်လျှင် အဖြစ်အပျက်ကို ရှင်းလင်းစွာ သိ၏၊ အတန်ကြာလျှင် အသိမမွေ့ဆုံး၊ အကောင်းဆုံး မှတ်သိမှုသို့ တစ်ဖန်ပြန်၍ရောက်တတ်၏။ ထိုအခါမှာ

http://www.dhammadownload.com

ဉာဏ်အားကောင်းလျှင် သခ်ါရငြိမ်းတဲ့ သဘောသို့ ရှေးကလိုပင် ဆိုက်ရောက်သွားတတ်၏။ သမာဓိဉာဏ် ထက်သန်လျှင် ဤနည်းဖြင့် ခဏခဏလည်း ဆိုက်ရောက်တတ်၏။ ယခုကာလ ပုဂ္ဂိုလ်များမှာ ပထမ မဂ်ဖိုလ်ကို ရရန်သာ အဓိကရည်ရွယ်ချက် ရှိသောကြောင့် ရောက်ပြီးသော ပထမ ဖိုလ်သို့သာလျှင် ထပ်ခါထပ်ခါ ရောက်ခြင်းပေတည်း၊ ဤသည်ကား သောတာပတ္တိဖိုလ်သို့ ရောက်ပြီးသည့်တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ဉာဏ်တွေ့မြင်ပုံပေတည်း။

နိဗ္ဗာန်ရောက်ပြီးသူတို့၏ စိတ်နေစိတ်ထား

မဂ်ဖိုလ်သို့ ရောက်ပြီးသူ၏ စိတ်နေစိတ်ထားသည် ရှေးကနှင့် မတူဘဲ ထူးခြား၏။ ဘဝအသစ်ပြောင်းလာသလိုလည်း ထင်ရတတ်၏။ ယုံကြည်မှု၊ ကြည်ညိုမှု၊ ကြည်လင်မှု သဒ္ဓါသည် အလွန်ထက်သန်စွာ ဖြစ်တတ်၏။ ထိုသဒ္ဓါ၏ အဟုန်ကြောင့် ပီတိ၊ ပဿဒ္ဓိတို့လည်း လွန်ကဲစွာ ဖြစ်တတ်ကုန်၏။ ဝမ်းသာမှု သုခသည်လည်း အလိုလိုပင် ဖြစ်ပေါ်လာတတ်၏။ ဤသဒ္ဓါ၊ ပီတိ၊ ပဿဒ္ဓိ၊ သုခတို့က လှိုက်လှိုက်လဲ့လဲ့ ပြင်းပြင်းထန်ထန် ဖြစ်နေကြသောကြောင့် မဂ်ဖိုလ်သို့ ရောက်ပြီးခါစ၌ ရှုမှတ်ပါသော်လည်း ပိုင်းပိုင်းခြားခြား မသိနိုင်သော်လည်း ရှိတတ်သေး၏။ သို့သော်လည်း နာရီပိုင်းဖြစ်စေ၊ ရက်ပိုင်းဖြစ်စေ ကြာလွန်သောအခါ၌ ထိုသဒ္ဓါစသည်တို့ အားနည်းသွားလိမ့်မည်။ ထိုအခါ၌ ပိုင်းပိုင်းခြားခြား သိနိုင်၍ အမှတ်ကောင်းသွားပါလိမ့်မည်။ အချို့ ပုဂ္ဂိုလ်မှာ မဂ်ဖိုလ်သို့ ရောက်ပြီးခါစ၌ ဝန်ပေါ့သွားသလို၊ မမှတ်ချင်သလို၊ အားရသွားသလို စိတ်ဖြစ်တတ်၏။ မူလက ထိုမဂ် ဖိုလ်လောက်ကိုသာ ရည်သန်ခဲ့သောကြောင့် ထိုသို့သော ရောင့်ရဲမှုဖြစ်သည်ဟု ယူဆရ၏။

http://www.dhammadownload.com

ဖိုလ်ဝင်စားပုံ

ရပြီးသော ဖိုလ်စိတ်မျိုးကို တစ်ဖန်ဖြစ်စေလိုလျှင် (ဖြစ်ဖူးသော ဖိုလ်စိတ်အစဉ်ဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်တွေ့ထိလျက် ခံစားလိုလျှင်) ဖိုလ်သို့ရောက်ရန် ရည်သန်၍ ဖြစ်ဆဲ ကိုယ် စိတ် အမှုအရာတို့ကို မှတ်မြဲပင် မှတ်အပ်၏။ ဝိပဿနာရှုလျှင် ပုထုဇဉ်မှာ နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ ဖြစ်ပေါ်ခြင်း၊ အရိယာမှာ ဥဒယဗ္ဗယဉာဏ်မှစ၍ ဖြစ်ပေါ်ခြင်းသည် ဓမ္မတာပင်တည်း။ ထို့ကြောင့် မှတ်စဉ်အဖြစ်အပျက် နှစ်ပါးလုံးကို သိလျက် ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ပြီးလျှင် ဉာဏ်စဉ်အတိုင်း တိုးတက်၍ မကြာမီပင် အသိမ်မွေ့ဆုံး၊ အကောင်းဆုံး မှတ်သိမှု ဖြစ်သော သခါရုပေက္ခာဉာဏ်သို့ ရောက်သွားလိမ့်မည်။ ထိုဉာဏ်အား ပြည့်သောအခါ၌ သခါရငြိမ်းသော နိဗ္ဗာန်အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် ဖိုလ်စိတ်အစဉ် ဖြစ်ပေါ်လိမ့်မည်။

နိဗ္ဗာန်ကို အာရုံပြုနေရာ အချိန်

ဤဖိုလ်စိတ်သည် ရှေးအဖို့က အချိန်ကို မပိုင်းခြားဘဲ ဝင်စားသောသူအချို့မှာ 'တစ်ရံတစ်ခါ၌ တစ်ခဏသာ ဖြစ်တတ်၏၊ တစ်ရံတစ်ခါ၌ ၅ မိနစ်ခန့်၊ ၁၀ မိနစ်ခန့်၊ ၁၅ မိနစ်ခန့်၊ နာရီဝက်ခန့်၊ တစ်နာရီခန့် စသည်ဖြင့် ကြာမြင့်စွာလည်း ဖြစ်တတ်၏။ အဋ္ဌကထာတို့၌ 'တစ်နေ့လုံး တစ်ညလုံးသော်လည်း ဖြစ်တတ်သည်။ ပိုင်းခြားခဲ့ဌာန်ထားသော ကာလပတ်လုံးလည်း ဖြစ်တတ်သည်' ဟု မိန့်ဆို၏။ ထိုနှင့်ညီစွာပင် ယခုကာလ၌လည်း သမာဓိ၊ ဝိပဿနာ ထက်သန်သောသူများမှာ ၁ နာရီ၊ ၂ နာရီ၊ ၃ နာရီ စသည်ဖြင့် ပိုင်းခြားထားသည့်အတိုင်း ကြာမြင့်စွာ တည်တံ့နေသည်ကို တွေ့ကြရ၏။ 'ဖျက်လိုမှပဲ ပျက်ပါစေ' ဟု ရှေးအဖို့က ပိုင်းခြားထားလျှင် အလိုမရှိသော အခါကျမှပင် ကောင်းစွာ

http://www.dhammadownload.com

ထ၏။ သို့သော် ၁ နာရီ၊ ၂ နာရီ စသည်ကြာလျှင်ကား အကြား အကြား၌ ဆင်ခြင်သည့်စိတ်များ ဖြစ်တတ်သေး၏။ ထိုစိတ်များကို ၄ ချက်၊ ၅ ချက်လောက် မှတ်လိုက်လျှင် ဖိုလ်သို့တစ်ဖန် ရောက်သွားပြန်၏။ ဤနည်းအားဖြင့် အားရသည့်တိုင်အောင် နာရီပေါင်းများစွာ တည်တံ့နေသည်ကိုလည်း တွေ့ကြရ၏။

ဖိုလ်ဝင်စားစဉ် အသိနှင့် ဣရိယာပုထ်

ဤဖိုလ်စိတ်များ ဖြစ်နေစဉ်၌ သခ်ါရအားလုံး ချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံ၌သာလျှင် စိတ်သည် တည်တံ့လျက်ရှိ၏။ ထိုမှတစ်ပါး ဘယ်အာရုံကိုမျှ မသိ၊ နိဗ္ဗာန်ဟူသည်မှာလည်း ဤလောက၊ တစ်ပါးသော လောကတို့နှင့်ဆိုင်သော ရုပ်နာမ်သခ်ါရတရား၊ ပညတ်တရားတို့မှ အလွတ်သီးခြား သဘောတရားပေတည်း။ သို့ဖြစ်၍ ဖိုလ်ဝင်စားခိုက်၌ မိမိခန္ဓာကိုယ်စသော ဤလောက၊ တစ်ပါးသောလောကတို့၏ အကြောင်းကို ဘာမျှသတိမရပြီ၊ မသိပြီ၊ ကြံစည်စဉ်းစားမှု အလုံးစုံကင်း၏။ မြင်စရာ၊ တွေ့ထိစရာ၊ ကြားစရာ၊ နံစရာအာရုံများ ထင်ရှားရှိနေသော်လည်း ဘာကိုမျှ မသိပြီ။ 'အပ္ပနာဇဝန် ဣရိယာပထမ္မိ သန္နာမေတိ' ဟူသည်နှင့်အညီ ဣရိယာပုထ်လည်း ခိုင်ခံ့၏။ ထိုင်လျက်ဝင်စားနေလျှင် ထိုင်မှု ကိုယ်အမူအရာသည် မူလကအတိုင်းပင် တည်တံ့လျက်ရှိ၏။ ယိမ်းယိုင်ခြင်း၊ ညွတ်ကျခြင်း၊ ယွင်းပျက်ခြင်း မရှိပြီ။

ဖိုလ်မှထသောအခါ

ဖိုလ်စိတ်အစဉ် ပြတ်သွားသောအခါ၌ သခ်ါရငြိမ်းသည့်သဘော၊ ထိုငြိမ်းရာသို့ ရောက်နေသည့်သဘောများကို ဆင်ခြင်မှုဖြစ်စေ၊ ပုံသဏ္ဌာန်စသော အာရုံတစ်မျိုးမျိုးကို တွေ့မြင်မှုဖြစ်စေ၊ စဉ်းစားမှုဖြစ်စေ ရှေး

http://www.dhammadownload.com

ဦးစွာ ထင်ရှားဖြစ်တတ်၏။ ထို့နောက် မှတ်မြဲမှတ်ခြင်း၊ ကြည်လင်ခြင်း၊ ဆင်ခြင်ခြင်းစသော စိတ်တို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်၏။ မှတ်မြဲ မှတ်သော်လည်း အစဉ် ပီသကြမ်းတမ်းသော အဖြစ်အပျက်ကို သိလျက် ခပ်ကျဲကျဲသာ ဖြစ်တတ်၏။ ဝိပဿနာ အထူးအားကောင်း လျှင်ကား ဖိုလ်မှထခါစဉ်လည်း အမှတ်မကျဲဘဲ ကောင်းမြဲပင် သိမ်သိမ်မွေ့မွေ့ ကောင်းနေသည်လည်း ရှိသေး၏။ အထူးကား ဖိုလ်သို့ မြန်မြန်ရောက်ရန်၊ ဖိုလ်၌ ကြာကြာတည်ရန် ဆောက်တည်မှုကို ရှေ့အဖို့ကသာ ပြုအပ်၏။ မှတ်နေစဉ်၌ကား ထိုဆောက်တည်မှုအတွက် ကြောင့်ကြမှု၊ တောင့်တမှုကို မပြုအပ်၊ ဝိပဿနာအား မပြည့်သေးလျှင် အမှတ်အထူးကောင်းနေစဉ်မှာ ကြက်သီးထခြင်း၊ သမ်းခြင်း၊ တုန်လှုပ်ခြင်း၊ ရှိုက်ခြင်းများ ဖြစ်ပြီးလျှင် အမှတ်ကျဲသွားသည်လည်း ရှိသေး၏။ အထူးကောင်းလာစဉ်၌ ရောက်တော့မှာပဲဟု ဆင်ခြင်မိသည့်အတွက် အမှတ်ကျဲသွားသည်လည်း ရှိသေး၏။ မဆင်ခြင်မိစေနှင့်၊ ဆင်ခြင်မိလျှင်လည်း ထိုဆင်ခြင်မှုကို မိမိရရ မှတ်ပါလေ၊ ဤသို့ ကျဲကျဲသွားသည်ကို အကြိမ်များစွာ တွေ့ရပြီးမှ ဖိုလ်သို့ရောက်သူလည်း ရှိ၏။ သာဓိ၊ ဉာဏ်အားနည်းလျှင် ဖိုလ်သို့ မြန်မြန်မရောက်တတ်၊ ရောက်လျှင်လည်း ကြာကြာ မတည်တတ်ပေ၊ ဤသည်ကား ဖိုလ်ဝင်စားပုံပေတည်း။

ဉာဏ်စဉ်ကို ရှင်းနည်း

အချို့ပုဂ္ဂိုလ်မှာ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ၊ မုဉ္စိတုကမျတာ ဉာဏ်တို့ကို ကြာမြင့်စွာ မတွေ့ရခဲ့သောကြောင့် ထိုဉာဏ်တို့၌ မရှင်းဘဲ ရှိတတ်၏။ သို့ဖြစ်၍ ရှင်းလင်းစွာသိလိုလျှင် ဉာဏ်အသီးသီးကို အချိန်ဖြင့် ပိုင်းခြား၍ ရှုမှတ်ပါလေ၊ ပုံကား ဤနာရီဝက်အတွင်း၊ တစ်နာရီအတွင်း၌ အဖြစ်အပျက် ၂ ပါးလုံးကို ရှုမည်၊ ဥဒယဗ္ဗယဉာဏ်ကိုသာ ဖြစ်စေရမည်ဟု ပိုင်းခြား၍ မှတ်နေလျှင် ထိုအချိန်နာရီအတွင်း၌ အထက်

http://www.dhammadownload.com

ဉာဏ်သို့ မတက်ဘဲ ဥဒယဗ္ဗယဉာဏ်သာလျှင် ဖြစ်နေလတ္တံ့။ အချိန်စေ့သောအခါ၌ အပျက်ကိုသာ တွေ့မြင်လျက် သူ့အလိုလို ဘင်္ဂဉာဏ် ဖြစ်ပေါ်လာလတ္တံ့။ အကယ်၍ သူ့အလိုလို မဖြစ်သေးပါမူ 'အပျက်ကိုသာ ရှုမည်၊ ဘင်္ဂဉာဏ်ကိုသာ ဖြစ်စေမည်' ဟု အချိန်နာရီဖြင့် ပိုင်းခြား၍ မှတ်နေလျှင် အပျက်ကိုသာ သိလျက် ဘင်္ဂဉာဏ် ဖြစ်ပေါ်နေလတ္တံ့။ အချိန်စေ့သောအခါ နောက်ဉာဏ်သို့ သူ့အလိုလို တက်လတ္တံ့။ နောက်၌လည်း နည်းတူပင်တည်း။

သူ့အလိုလိုမတက်ပါမူ ထိုဉာဏ်၌ အားရသောအခါမှာ 'ကြောက်ဖွယ်ဘေးကို မြင်လျက် ဘယဉာဏ် ဖြစ်ပါစေ' ဟု စိတ်ညွှတ်လိုက်လျှင် ကြောက်ဖွယ်ထင်လျက် ဘယဉာဏ်ဖြစ်ပေါ်လတ္တံ့။ ထိုဉာဏ်၌လည်း အားရပြန်လျှင် 'အပြစ်ကိုမြင်လျက် အာဒီနဝဉာဏ် ဖြစ်ပါစေ' ဟု စိတ်ကိုညွှတ်လိုက်ပါ၊ မှတ်တိုင်း မှတ်တိုင်း အပြစ်မြင်လျက် အာဒီနဝဉာဏ် ဖြစ်ပါလိမ့်မည်။ ထိုဉာဏ်၌ အားရပြန်လျှင် 'ငြီးငွေ့လျက် ရှုမြင်သော နိဗ္ဗိဒါဉာဏ် ဖြစ်ပါစေ' ဟု စိတ်ညွှတ်လိုက်ပါ၊ မှတ်တိုင်း မှတ်တိုင်း ပျင်းရိငြီးငွေ့လျက် နိဗ္ဗိဒါဉာဏ်ဖြစ်ပါလိမ့်မည်။ ထိုဉာဏ်၌ အားရပြန်လျှင် သင်္ခါရတို့မှ လွတ်လိုသော မုဉ္စိတုကမျတာဉာဏ် ဖြစ်ပါစေ' ဟု ဆင်ခြင်လိုက်ပါ၊ သင်္ခါရတို့မှ လွတ်မြောက်လိုလျက် သင်္ခါရတို့ကို စွန့်လွှတ်လိုလျက် မုဉ္စိတုကမျတာဉာဏ်သည် မှတ်ချက်တိုင်း၌ ဖြစ်ပေါ်လာပါလိမ့်မည်။ အားရသောအခါမှာ အထက်ဉာဏ်သို့ တက်ရန် စိတ်ညွှတ်လိုက်ပါ၊ မခံနိုင်သောဝေဒနာ ထင်ရှားခြင်း၊ ကွရိယာပုထ် ပြင်လိုခြင်း၊ အားမရခြင်းတို့နှင့်တကွ ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်ပါလိမ့်မည်။ ထိုဉာဏ်၌ အားရပြန်လျှင် အကောင်းဆုံး သိမှု သင်္ခါရပေက္ခာဉာဏ်သို့ တက်ရန် စိတ်ညွှတ်လိုက်ပါ၊ သူ့အရှိန်နှင့်သူ အလိုလိုပင် သိလျက် သိလျက် အလွန်သိမ်မွေ့စွာ သင်္ခါရပေက္ခာ ဉာဏ် ဖြစ်ပေါ်ပါလိမ့်မည်။

http://www.dhammadownload.com

ဤနည်းဖြင့် ပိုင်းခြား၍ ပိုင်းခြား၍ မှတ်နေလျှင် ပိုင်းခြားထားသော ထိုကာလအတွင်း၌ ဖြစ်စေလိုသော ဉာဏ်သာလျှင် ဖြစ်ပေါ်နေသည်ကိုလည်းကောင်း၊ ထိုထိုဉာဏ်၌ အားရ၍ အထက်ဉာဏ်ကို ဖြစ်စေလိုတဲ့အခါ အချိန်စေ့သောအခါကျမှ မှတ်သိမှုသည် အထက်ဉာဏ်အဖြစ်သို့ ဒီဂရီအိမ်မြှောင်ကဲ့သို့ ကူးပြောင်း ကူးပြောင်းသွားသည်ကိုလည်းကောင်း ရှင်းလင်းစွာ တွေ့ရပါလတ္တံ့။ တစ်ကြိမ်မျှဖြင့် မရှင်းသေးလျှင် အကြိမ်ကြိမ် အားထုတ်ကြည့်ပါလေ။ ဤသို့ မပိုင်းခြားဘဲ ရှုမှတ်နေလျှင်ကား ထက်သန်သောပုဂ္ဂိုလ်မှာ မကြာမီတစ်ခဏအတွင်းလေး ငါး ဆယ်မှတ်အတွင်းမှာသော်လည်း သခ်ါရုပေက္ခာဉာဏ်သို့သာလျှင် ရောက်သွားတတ်သည်။ ဖိုလ်သို့လည်း ခဏခဏ ရောက်ရောက်သွားတတ်ပေသည်။ နိဂ်နင်းသောသူမှာ သွားနေရင်း စားသောက်နေရင်းသော်လည်း ဖိုလ်သို့ရောက်သွားတတ်သေး၏။

သကဒါဂါမိ မဂ်ဖိုလ်အတွက် အားထုတ်နည်း

ရပြီးဖိုလ်ကို အမြန်ရောက်ရန်၊ ကြာမြင့်စွာ တည်တံ့စေရန် အကြိမ်များစွာ လေ့လာဝင်စား၍ အားရသောအခါ၌ အထက်မဂ်ဖိုလ်တရားထူးကို သိမြင်ရန် ရည်သန်နှလုံးသွင်း၍ ရှုမှတ်အားထုတ်ရ၏။ ပုံကား အားထုတ်လိုသလောက် ရက်ကို ကန့်သတ်ပိုင်းခြား၍ 'ဤမျှသော ရက်ပိုင်းအတွင်း၌ ရပြီးဖိုလ်တရားကို မဝင်စားလိုပါ၊ ရပြီးဖိုလ်သို့ မရောက်စေပါလင့်၊ မရသေးသော အထက်မဂ် ဖိုလ်တရားထူးကိုသာ သိမြင်ပါစေ၊ ရောက်ပါစေ' ဟု နှလုံးသွင်းဆောက်တည်ပြီးလျှင် ဖြစ်ပေါ်ဆဲ ကိုယ်စိတ်အမှုအရာများကို မှတ်မြဲအတိုင်းသာ မှတ်အပ်၏။ ရက်ကန့်သတ်ခြင်း၏ အကျိုးကား အထက်မဂ်ဖိုလ်သို့ မရောက်သေးလျှင် ထိုရက်များ လွန်ပြီးသောအခါ၌ ရပြီးဖိုလ်ကို ဝင်စားလိုပါက

http://www.dhammadownload.com

လွယ်ကူစွာ ဝင်စားနိုင်၏။ သို့မဟုတ်ဘဲ ဤနေ့မှစ၍ အထက်မင်းဖိုလ်အတွက်သာ အားထုတ်တော့မည်ဟု ပိုင်းဖြတ်၍ အားထုတ်လျှင် ရဟန္တာဖိုလ်ကို ပြန်၍မဝင်စားနိုင်ဘဲ ရှိတတ်၏။ ထိုအခါမှာ အထက်မင်းဖိုလ်သို့လည်း မရောက်နိုင်သူမှာ ရဟန္တာမင်းဖိုလ်သို့လည်း ပြန်မရောက်နိုင်သဖြင့် အားမရ မကျေနပ်ခြင်း ဖြစ်တတ်သည်။ ရဟန္တာဖိုလ်ကို မဝင်စားလိုပါဟု ကောင်းစွာ အာလယ ဖြတ်ခြင်း၏အကျိုးကား ထိုရက်ပိုင်းအတွင်း၌ ရဟန္တာဖိုလ်သို့ ပြန်မရောက်ရခြင်းအကျိုး ရှိ၏။ ဉာဏ်အားပြည့်ပါမူ အထက်မင်းဖိုလ်သို့သာလျှင် ရောက်ရခြင်းအကျိုးလည်း ရှိ၏။ အာလယ ကောင်းကောင်းမပြတ်လျှင် ရဟန္တာဖိုလ်သို့ ပြန်ရောက်တတ်သည်။ ထို့ကြောင့် လိုသလောက် ရက်ကို ကန့်သတ်လျက် ထိုရက်များအတွင်းမှာ ရဟန္တာဖိုလ်၌ ကောင်းကောင်း အာလယ ဖြတ်၍ ရှုမှတ်ရပေသည်။

သောတာပန်၏ ဝိပဿနာ

မှတ်သောအခါမှာ ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာဉာဏ်များသည် ရှေးကလိုပင် အစဉ်အတိုင်း ဖြစ်ပေါ်လိမ့်မည်။ ဉာဏ်ဖြစ်ပုံမှာ ဖိုလ်အတွက် ဝိပဿနာနှင့်မတူဘဲ မင်္ဂအတွက် အားထုတ်စဉ်က ဖြစ်ခဲ့သော ဝိပဿနာနှင့် တူစွာဖြစ်၏။ ဥဒယဗ္ဗယဉာဏ် နုစဉ်၌ အလင်းရောင် အဆင်းသဏ္ဌာန်များကိုလည်း တွေ့ရတတ်၏။ ဒုက္ခဝေဒနာများကိုလည်း တွေ့ရတတ်၏။ ရုပ် နာမ် အဖြစ်အပျက်များလည်း ကြမ်းတမ်းပီသစွာ ထင်ပေါ်၏။ ဖိုလ်အတွက် ရှုမှတ်စဉ်က တစ်ခဏအတွင်းမှာ သခ်ါရပေကွာဉာဏ်၊ ဖိုလ်ဉာဏ်များသို့ ရောက်နေကျဖြစ်ခဲ့သော်လည်း ယခုမူကား အားမပြည့်သေးလျှင် အောက်ဉာဏ်များ၌သာ ကြာမြင့်စွာ တည်နေတတ်၏။ သို့သော်လည်း အားထုတ်ခါစကလို

http://www.dhammadownload.com

ကြာမြင့်ခြင်း၊ ခက်ခဲခြင်းကား မရှိပေ။ **တစ်နေ့**အတွင်းမှာသော်လည်း ဉာဏ်အဆင့်ဆင့် ရင့်ကျက်၍ သခ်ၤါရပေက္ခာဉာဏ်သို့ ရောက်နိုင်ပေ၏။ သိမှုသည်လည်း ရှေးကထက်ပို၍ အထူးကောင်း၏၊ အသိစိပ်၏၊ အမြင်ကျယ်၏၊ အသိအမြင် အထူးစင်ကြယ်၏၊ ရှင်းလင်း၏၊ လောကီအာရုံ သံသရာဝဋ်ဆင်းရဲတို့မှ ကြောက်ခြင်း၊ အပြစ်မြင်ခြင်း၊ ငြီးငွေ့ခြင်း၊ လွတ်လိုခြင်း၊ တွန့်ဆုတ်ခြင်းများသည် ရှေးကထက် လွန်ကဲစွာ ဖြစ်၏။ ယခင်က တစ်နာရီအတွင်းမှာ လေးငါးကြိမ် ဖိုလ်သို့ရောက်နေကျဖြစ်သော်လည်း ယခုမူကား အထက်မဂ်အတွက် ဉာဏ်အား မပြည့်သေးလျှင် သခ်ၤါရပေက္ခာဉာဏ်သာလျှင် ဖြစ်ပေါ်လျက်နေတတ်၏။ ၁ ရက်၊ ၂ ရက်၊ ၃ ရက်စသည်ဖြင့် ရက်၊ လ၊ နှစ်များစွာလည်း ကြာတတ်၏။

သောတာပန်မှ သကဒါဂါမ်သို့

ဉာဏ်အား ပြည့်သောအခါ၌မူကား အထူးသွက်လက် ထင်ရှားသော မှတ်သိမှုများ ဖြစ်ပေါ်ပြီးလျှင် သခ်ၤါရချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် ဒုတိယ မဂ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်လိမ့်မည်။ ထို့နောက် မဂ် ဖိုလ် နိဗ္ဗာန်ကို ဆင်ခြင်မှု၊ ကိလေသာကို ဆင်ခြင်မှုများသည် ထိုက်သည့်အားလျော်စွာ ဖြစ်လိမ့်မည်။ ထို့နောက် မှတ်မြဲမှတ်လျက် အဖြစ်အပျက်ကိုသိသော ဥဒယဗ္ဗယဉာဏ်နှင့် အလွန်ကြည်လင်သော စိတ်အစဉ်စသည်တို့သည် ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်လတ္တံ့၊ ဤသည်ကား သကဒါဂါမိ မဂ် ဖိုလ်သို့ရောက်ပြီးသည့်တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ဉာဏ်ဖြင့် တွေ့မြင်သိပုံပေတည်း။

http://www.dhammadownload.com

အနာဂါမိမဂ် ဖိုလ်အတွက် အားထုတ်နည်း

တတိယမဂ် ဖိုလ်ကို ရလိုပြန်လျှင် ရုက်ကန့်သတ် ပိုင်းခြားလျက် ရုပြီးဖိုလ်ကို ဝင်စားမှု အာလယဖြတ်၍ 'မသိရသေးသော အထက်မဂ် ဖိုလ်တရားအထူးသာ ဖြစ်ပါစေ၊ အထက်မဂ် ဖိုလ် တရားထူးကိုသာ သိမြင်ပါရစေ၊ ရောက်ပါစေ' ဟု နှလုံးသွင်း ဆောက်တည်၍ ဖြစ်ပေါ်ဆဲ ကိုယ်စိတ်အမှုအရာများကို မှတ်မြဲအတိုင်းသာ မှတ်အပ်၏။ ဥဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်အဆင့်ဆင့်ရင့်လျက် တိုးတက်ပြီးလျှင် မကြာမီပင် သခ်ါရပေက္ခာဉာဏ်သို့ ရောက်လတ္တံ့။ အားမပြည့်သေးလျှင် ထိုဉာဏ်၌သာ ရပ်တန့်၍ နေလတ္တံ့။ ထိုဉာဏ် အားပြည့်သောအခါ၌ သခ်ါရချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် တတိယမဂ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ကြလတ္တံ့။ ဆင်ခြင်မှု၊ မှတ်မှု၊ ကြည့်မှုတို့လည်း နည်းတူပင် ဖြစ်ကြလတ္တံ့။ ဤသည်ကား အနာဂါမိမဂ် ဖိုလ်သို့ ရောက်ပြီးသည့်တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

အရဟတ္တမဂ် ဖိုလ်အတွက် အားထုတ်နည်း

စတုတ္ထမဂ် ဖိုလ်ကို ရလိုပြန်လျှင်လည်း နည်းတူပင် ရုက်ကန့်သတ်ခြင်း၊ အာလယဖြတ်ခြင်း၊ နှလုံးသွင်း ဆောက်တည်ခြင်းများကို ပြု၍ ဖြစ်ပေါ်ဆဲ ကိုယ်စိတ် အမှုအရာများကို မှတ်မြဲတိုင်းသာ မှတ်အပ်၏။ တစ်မျိုးတစ်မည် ပြုပြင်၍ အားထုတ်ဖွယ် မရှိပြီ။ ထို့ကြောင့်ပင် သတိပဋ္ဌာနသုတ်၌ ဤရှုမှတ်မှုသတိကို 'ဧကာယနော၊ တစ်ခုတည်းသော လမ်း၊ တစ်ကြောင်းတည်းသော လမ်း' ဟု ဟောတော်မူပေသည်။ ဥဒယဗ္ဗယဉာဏ်မှစ၍ ဉာဏ်အဆင့်ဆင့် ရင့်ကျက်တိုးတက်ပြီးလျှင် မကြာမီပင် သခ်ါရပေက္ခာဉာဏ်သို့ ရောက်လတ္တံ့။

http://www.dhammadownload.com

အားမပြည့်သေးလျှင် ထိုဉာဏ်၌သာ ရပ်တန့်၍ နေလတ္တံ့။ ထိုဉာဏ် အားပြည့်သောအခါ၌ သခါရချုပ်ငြိမ်းသော နိဗ္ဗာန်အာရုံသို့ ရှေးကလိုပင် ကူးပြောင်းလျက် စတုတ္ထမဂ် ဖိုလ်ဉာဏ်များ ဖြစ်ပေါ်ကြလတ္တံ့။

ပါရမီရင့် မရင့်ကိုကား မစဉ်းစားသင့်ပြီ

ဤစကားရပ်တို့တွင် ထိုထိုမဂ် ဖိုလ်ဉာဏ်များ ဖြစ်မည်ဟု ဆိုသော စကားမှာ ဖြစ်ထိုက်အောင် ပါရမီရင့်သောပုဂ္ဂိုလ်တို့ကို ရည်၍ ဆိုအပ်သော စကားပေတည်း။ ပါရမီဉာဏ် မရင့်သန်သေးသော ပုဂ္ဂိုလ် သည်ကား သခါရပေကွာဉာဏ်၌သာလျှင် ရပ်တန့်လျက်တည်၏။ အထူးအားဖြင့်ကား ပထမမဂ် ဖိုလ်ကို ရပြီးသော ပုဂ္ဂိုလ်သည် ဒုတိယ မဂ် ဖိုလ်သို့ မကြာမီပင် လွယ်ကူစွာ ရောက်လာငြားသော်လည်း တတိယ မဂ် ဖိုလ်သို့ကား လျင်မြန်စွာ မရောက်နိုင်ဘဲ ကြာမြင့်၍လည်း နေတတ်၏။

ဤနေရာ၌ အကြောင်းကိုရှာလျှင် ဤသို့တွေ့ရ၏။ သောတာပန်၊ သကဒါဂါမ် ၂ ဦးလုံးပင် သီလေသု ပရိပူရကာရီ၊ သီလသိက္ခာ၌ အပြည့်အစုံ ပြုကျင့်သော ပုဂ္ဂိုလ်ချည်းသာဖြစ်၏။ ထို့ကြောင့် သီလ သိက္ခာ ပြည့်စုံသော၊ အကျင့်ချင်းတူသော ဒုတိယမဂ် ဖိုလ်သို့ လျင်မြန် လွယ်ကူစွာ ရောက်နိုင်ပေသည်။ အနာဂါမ်သည်ကား သမာဓိသိက္ခာ၌ ပရိပူရကာရီ၊ သမာဓိသိက္ခာ၌ အပြည့်အစုံ ပြုကျင့်သော ပုဂ္ဂိုလ်ပေ တည်း။ ထို့ကြောင့် သီလအဆင့်ဖြစ်သော ဒုတိယဖိုလ်မှ သမာဓိအဆင့် တတိယမဂ် ဖိုလ်သို့ လျင်မြန်စွာ မရောက်နိုင်ဘဲ ရှိသည်ဖြစ်ရာ၏။ သို့သော်လည်း မည်သည့်မဂ် ဖိုလ်သို့ ရောက်နိုင်အောင် ပါရမီ ရင့် မရင့်ကို ပြည့်စုံစွာ အားမထုတ်ဘဲ မသိနိုင်ချေ။ ထို့ပြင် ရက်၊ လ၊ နှစ် များစွာ အားထုတ်ပါမှ မဂ် ဖိုလ်သို့ ရောက်မည့်ပုဂ္ဂိုလ်လည်း ရှိ

http://www.dhammadownload.com

သောကြောင့် ရက်၊ လ အနည်းငယ် အားထုတ်ရုံမျှဖြင့် မဂ် ဖိုလ်သို့ မရောက်သော်လည်း 'ပါရမီဉာဏ် မရင့်သန်' ဟု မဆုံးဖြတ်နိုင်သေး။

ထို့ပြင် ယခု အားထုတ်မှုသည်လည်း မရင့်သေးသော ပါရမီဉာဏ်ကို ရင့်သန်အားပြည့်စေနိုင်သည်သာတည်း။ သို့ဖြစ်၍ ပါရမီရင့်မရင့်ကိုကား မချင့်ချိန် မစဉ်းစားသင့်ပြီ။

အားမထုတ်ဘဲနေလျှင် ပါရမီမျှပင် မဖြစ်နိုင်၊ ပါရမီရင့်ပြီးဖြစ်သော်လည်း မဂ် ဖိုလ်ကို ယခုဘဝ၌ မရနိုင်၊ အားထုတ်လျှင်ကား ပါရမီရင့်ပြီး ဖြစ်ပါက လိုအပ်သော မဂ် ဖိုလ်သို့ လွယ်ကူလျင်မြန်စွာ ရောက်နိုင်၏။ ပါရမီဉာဏ် အတော်အတန်ရင့်ပြီး ဖြစ်ပါက ယခု အားထုတ်မှုဖြင့် ရင့်သန်ပြည့်စုံ၍ လိုအပ်သော မဂ် ဖိုလ်သို့ ယခုဘဝမှာပင် ရောက်နိုင်၏။ အယုတ်ဆုံးအားဖြင့် နောင်ဘဝတို့၌ မဂ်ဖိုလ်ကို လွယ်ကူစွာ ရနိုင်ရန် ထက်သန်သော ပါရမီမျိုးစေ့ကား ဧကန်ပင် ဖြစ်ပေ၏" ဟူသော ဤမချွတ်ယွင်းသော အချက်ကိုသာ လေးနက်စွာ နှလုံးသွင်း၍ ကြိုးစားမယုတ် အားထုတ်အပ်တော့သည်သာတည်း။

အရဟတ္တဖိုလ် ဆုံးသွားလျှင် သိမြင်ရပြီးသော မဂ် ဖိုလ် နိဗ္ဗာန်တို့ကို ပြန်၍ဆင်ခြင်မိ၏။ ကိလေသာအလုံးစုံ ကင်းငြိမ်းသွားပေပြီ၊ ဘယ်အခါမှာမျှ ကိလေသာ မဖြစ်ထိုက်တော့ပြီ၊ ကျင့်ဖွယ်ကိစ္စ ပြီးဆုံးသွားပေပြီ ဟူ၍လည်း ဆင်ခြင်ဆုံးဖြတ်၏။ ဤသည်ကား ရဟန္တာဖြစ်ပြီးသည့်တိုင်အောင် အားထုတ်ပုံ မှတ်စဉ်နှင့် ဉာဏ်ဖြင့် တွေ့မြင်ပုံပေတည်း။

ဤဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ကား ဝိပဿနာရှုနည်းကျမ်းမှ ထုတ်နုတ်ပြအပ်သော စကားတို့ဖြစ်ပါသည်။

ဤဆိုအပ်လတ္တံ့သော စကားရပ်တို့သည်ကား သီလဝန္တသုတ် တရားတော်မှ ဖြစ်ပါသည်။

http://www.dhammadownload.com

အပိုင်း (၂)

သောတာပန်တို့၏သဘော

အရိယမဂ်ဖိုလ်ရောက်လျက် နိဗ္ဗာန်ကို မျက်မှောက်ပြုပုံကတော့ မိလိန္ဒပဉ္ဟာမှာ ပြထားတာက ပိုပြီးထင်ရှားတယ်။ ဒါကြောင့် အဲဒီ မိလိန္ဒပဉ္ဟာကို ထုတ်ပြဦးမယ်။

နိဗ္ဗာန်မျက်မှောက်ပြုပုံ မိလိန္ဒပဉ္ဟာ

တဿ တံ စိတ္တံ အပရာပရံ မနသိ ကရောတော ပဝတ္တံ သမတိက္ကမိတ္တာ အပ္ပဝတ္တံ ဩက္ကမတိ၊ အပ္ပဝတ္တမနုပ္ပတ္တော မဟာရာဇ သမ္မာပဋိပန္နော နိဗ္ဗာနံ သစ္ဆိကရောတီတိ ဝုစ္စတိ။

(မိလိန္ဒပဉ္ဟာ ၃၁၁)

အပရာပရံ၊ တစ်မှတ်ပြီး တစ်မှတ် အဆင့်ဆင့်။ မနသိကရောတော၊ နှလုံးသွင်းရှုသိနေသော။ တဿ၊ ထိုယောဂီ၏။ တံ စိတ္တံ၊ ရှုသိနေသော ထိုစိတ်သည်။ (အပရာပရံ မနသိ ကရောတော၊ တစ်မှတ်ပြီး တစ်မှတ် အဆင့်ဆင့် နှလုံးသွင်း ရှုသိနေစဉ်) ပဝတ္တံ သမတိက္ကမိတ္တာ၊ မပြတ်ဖြစ်နေသော ရုပ်နာမ်အယဉ်ကို ကျော်လွန်၍။ အပ္ပဝတ္တံ၊ မပြတ်

http://www.dhammadownload.com

ဖြစ်သော ရုပ်နာမ်အယဉ်၏ ပြတ်စဲချုပ်ငြိမ်းခြင်းသဘောတို့။ သြက္ကမတိ၊ သက်ဝင်သွားလေတော့သည် တဲ့။

ယောဂီဟာ မူလက ထိသိမှု၊ ကြဲသိမှု၊ ကြားမှု၊ မြင်မှု စသော မပြတ်ဖြစ်နေတဲ့ ရုပ်နာမ်တွေကို တစ်မှတ်ပြီးတစ်မှတ် အဆင့်ဆင့် မပြတ်ရှုသိနေရတယ်။ ရှုသိလို့ မကုန်နိုင်တဲ့ ရုပ်နာမ်အဖြစ်အပျက်တွေကိုချည်း တွေ့သိနေရတယ်။ အဲဒီလို မကုန်မဆုံးနိုင်တဲ့ ရုပ်နာမ်တွေကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုသိနေရင်းထဲက နောက်ဆုံးတစ်မှတ် ပြီးတော့ အဲဒီ သိစရာတွေရော ရှုသိတဲ့စိတ်ရော ပြတ်စဲချုပ်ငြိမ်းခြင်း သဘောထဲသို့ ရုတ်တရက် ကျရောက်သွားတယ်။ အဲဒီလို ကျရောက်သွားတာဟာ အရိယမဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတာပါပဲ တဲ့။ ဒါကြောင့်

မဟာရာဇ၊ မိလိန္ဒမင်းကြီး။ သမ္မာပဋိပန္နော၊ ဉပါဒါနက္ခန္ဓာ ငါးပါး ရှုသိမှုအကျင့်ကို မှန်စွာကျင့်ခဲ့သည်ဖြစ်၍။ အပွဝတ္တမနုပ္ပတ္တော၊ ရုပ်နာမ်အယဉ်၏ ပြတ်စဲချုပ်ငြိမ်းခြင်းသဘောထဲသို့ အသိဉာဏ်ဖြင့် ဆိုက်ရောက်သွားသော ယောဂီကို။ နိဗ္ဗာနံသစ္ဆိကရောတိတိ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟူ၍။ ဝုစ္စတိ၊ ပြောဆိုအပ်ပါတယ် တဲ့။

မူလက ထိသိမှု၊ ကြဲသိမှု၊ ကြားမှု၊ မြင်မှု စသော ဉပါဒါနက္ခန္ဓာတွေကို မပြတ်ရှုသိနေတဲ့ ယောဂီမှာ ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်း ဖြစ်လာခဲ့တယ်။ ခုတင်က ပြောခဲ့တဲ့အတိုင်း ကြောင့်ကြမစိုက်ရဘဲ အညီအမျှ သိသိသွားနေတဲ့ သန်ဓိ ရုပေက္ခာဉာဏ် ဖြစ်နေတယ်။ အဲဒီဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါ အထူးသွက်လက်လျင်မြန်တဲ့ ဝုဋ္ဌာနဂါမိနီအနုလောမဉာဏ် ဖြစ်လာပြီးတော့ မှတ်သိစရာရော မှတ်သိမှုရော သန်ဓိရအားလုံး ဆိတ်သုဉ်းချုပ်ငြိမ်းမှုသဘောထဲသို့ အရိယမဂ်ဖိုလ်ဉာဏ်ဖြင့် ဆိုက်ရောက်သွားတယ်။ အဲဒီလို ဆိုက်ရောက်သွားတာဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုတာ

http://www.dhammadownload.com

ပါပဲ။ ဒီလို နိဗ္ဗာန်ကို မျက်မှောက်ပြုသွားရင် အောက်ထစ်ဆုံးအားဖြင့် သောတာပန် ဖြစ်သွားတယ်။ အဲဒီလို သောတာပတ္တိဖိုလ်ကို မျက်မှောက်တွေ့ပြီး သောတာပန်ဖြစ်သွားနိုင်ပုံကို အရှင်သာရိပုတ္တရာမထေရ်မြတ်က

'ကွမေ ပဋ္ဌပါဒါနကဒ္ဓနေ၊ မြင်မှ ကြားမှစသော ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ ပ၊ အနတ္တတော၊ အနတ္တဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကရောန္တော၊ နှလုံးသွင်းရှုသိနေစဉ်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်ကို။ ယံ သစ္ဆိကရေယျ၊ အကြင်မျက်မှောက်ပြုရာ၏။ ဧတံ ဌာနံ၊ ဤသို့မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်။ ဝိဇ္ဇတိ၊ ရှိပါတယ်'လို့ ဟောကြားတော်မူပါတယ်။

ကိလေသာအစိုင်အခဲ ဖောက်ခွဲရန် ခက်ပုံ

အဲဒီလို မျက်မှောက်ပြုသွားရင် သောတာပတ္တိမဂ်က အပဒါလိတပုဗ္ဗံ၊ ရှေးက မဖောက်ခွဲ၊ မပယ်ဖျက်ခဲ့ဖူးတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ ကိလေသာ အစိုင်အခဲကိုလည်း ဖောက်ခွဲပယ်ဖျက်သွားတယ်လို့ ဝိသုဒ္ဓိမဂ်က ပြဆိုထားပါတယ်။ လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာတွေဟာ အင်မတန်အားကောင်းတယ်၊ ခိုင်မာတယ်။ သံတုံး သံခဲကြီးများကို ဖျက်ခွဲဖို့ မလွယ်သလိုဘဲ အဲဒီကိလေသာတွေကို ဖျက်ခွဲဖို့၊ ပယ်ဖို့ မလွယ်ဘူး။ မဖြစ်စေချင်ပေမဲ့ နှစ်သက်စရာအာရုံနဲ့ တွေ့ရင် နှစ်သက်သာယာပြီး လောဘက ဖြစ်တော့တာပဲ။ မုန်းစရာ အာရုံနဲ့ တွေ့ရင် စိတ်ဆိုးပြီး ဒေါသက ဖြစ်တော့တာပဲ။ မောဟကတော့ အာရုံတိုင်းမှာပင် မြဲတဲ့အနေ၊ ကောင်းတဲ့အနေနဲ့ ထင်ပြီး ဖြစ်နေတာပဲ။ ဒါနကုသိုလ်ဖြင့် သူတို့ကို မပယ်နိုင်ဘူး။ တချို့က ငွေကြေးများစွာ အကုန်ခံပြီး အလှူဒါနပွဲကြီး ပြုလုပ်ကြတယ်၊ အဲဒီအလှူကိစ္စမှာ အငြိမ့်

http://www.dhammadownload.com

ပွဲ၊ အဆိုအက အတီးအမှုတ်တွေလည်း ထည့်ထားတယ်၊ ဒီတော့ အလှူရှင်မှာ အဲဒီအတီးအမှုတ် အကအခုန်တွေ၊ ပွဲကြည့်သူတွေကို တွေ့မြင်ရ ကြားရပြီး နှစ်သက်သာယာမှုတွေ မဖြစ်ပေဘူးလား၊ အဲဒါ လောဘတွေပဲ။ သူ့ဒါနကုသိုလ်လည်း အောင်မြင်ပြီးမြောက်ပါတယ်။ ထက်သန်သလောက် ကောင်းကျိုးတွေကို ပေးနိုင်ပါတယ်။ ဒါပေမဲ့ ဒါနကုသိုလ်က နှစ်သက်သာယာတဲ့ လောဘကိုတော့ မပယ်နိုင်ဘူး။ အဲဒီ အလှူကိစ္စအတွင်း အဆင်မပြေတာကို တွေ့ရတဲ့အတွက် ဒေါသလည်း ဖြစ်နိုင်တာပဲ။ အဲဒီ ဒေါသကိုလည်း ဒါနက မပယ်နိုင်ဘူး။ နိစ္စ၊ သုခ၊ အတ္တထင်တဲ့ မောဟ မပယ်နိုင်တာကိုတော့ အထူးပြောစရာ မလိုပါဘူး။

ထို့အတူပင် သီလကလည်း ကာယက်မြောက်၊ ဝစီက်မြောက် ကျူးလွန်တဲ့ ကိလေသာကိုသာ ပယ်နိုင်တယ်၊ စိတ်ကူးထဲမှာ ဖြစ်ပေါ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟကိုတော့ မပယ်နိုင်ဘူး။ ဒါကြောင့်ပင် လိုချင်ရုံမျှ၊ စိတ်ဆိုးရုံမျှဖြင့် သီလမပျက်ဘူးလို့လည်း ဆိုရတာပဲ။

သမထဘာဝနာဖြင့်လည်း ပရိယုဋ္ဌာနခေါ်တဲ့ စိတ်ကူးကိလေသာကိုသာ ပယ်နိုင်တယ်။ ဒါတောင်မှ အတ္တဒိဋ္ဌိ၊ ဘဝရာဂ အစရှိသော သိမ်မွေ့တဲ့ ကိလေသာကိုတော့ မပယ်ခွာနိုင်ဘူး။ ကာမရာဂ၊ ဗျာပါဒ အစရှိသော နီဝရဏ ကိလေသာကြမ်းတွေကိုသာ ပယ်ခွာနိုင်တယ်။ အဲဒါကလည်း စွာန်သမာဓိ ရှိနေတုန်းမှာ ဖြစ်ပေါ်မှု ကင်းဝေးနေစေရုံမျှပါပဲ။ အတ္တဒိဋ္ဌိ၊ ဘဝရာဂ အစရှိတဲ့ ကိလေသာတွေကတော့ စွာန်ရပုဂ္ဂိုလ်တွေမှာလည်း ရှိနေတာပါပဲ။ ပုထုဇဉ်ဗြဟ္မာတွေမှာလည်း ရှိနေတာပါပဲ။ ဒါကြောင့် သမထဘာဝနာဖြင့်လည်း လောဘ ဒေါသ မောဟတွေကို မပယ်ဖျက်နိုင်ဘူး။

http://www.dhammadownload.com

သောတာပတ္တိမဂ်၏ ဂုဏ်သတ္တိအထူး

ဝိပဿနာကတော့ အနိစ္စစသော အခြင်းအရာဖြင့် ရှုမြင်ရတဲ့ အာရုံမှာ အာရမ္မဏာနုသယကိလေသာတွေကို ပယ်နိုင်တယ်။ ဒါပေမဲ့ သန္တာန်မှာ ဖြစ်နိုင်ခွင့်ရှိတဲ့ သန္တာနာနုသယ ကိလေသာကိုတော့ မပယ်ဖျက်နိုင်သေးဘူး၊ အရိယမဂ်ကမှ အဲဒီသန္တာနာနုသယကိလေသာကို အမြစ်ပြတ် ပယ်နိုင်တယ်။ ဒါကြောင့် ရှေးက မဖောက်ခွဲ မပယ်ဖျက်နိုင်ခဲ့ဖူးတဲ့ လောဘ၊ ဒေါသ၊ မောဟ ကိလေသာအစိုင်အခဲကို သောတာပတ္တိမဂ်က ဖောက်ခွဲပယ်ဖျက်သွားတယ်လို့ ဆိုတာပါပဲ။ ဒါပေမဲ့ လောဘ၊ ဒေါသ၊ မောဟတွေ အကုန်လုံးကိုတော့ မဆိုလိုပါဘူး၊ အပါယ်လေးပါး ကျရောက်စေနိုင်တဲ့ အပါယဂမနီယကိလေသာတွေကိုသာ ဆိုလိုပါတယ်။ အဲဒီအကြောင်းကို စီထားတဲ့ ဆောင်ပုဒ်တွေရှိတယ်။

(၁) သောတာမဂ်ဉာဏ်၊ ထူးခြားဟန်၊ ထုတ်ပြန် ဤသို့ဖော်ပြသည်။

(၂) မပယ်ဖျူးမြဲ၊ ကိလေခဲ၊ ဖောက်ခွဲပယ်ခွင်းသည်။

သောတာပတ္တိမဂ် မရောက်သေးမီက ပယ်နိုင်ရိုးမရှိတဲ့ မဖောက်ခွဲ မပယ်ဖျက်နိုင်ခဲ့တဲ့ အပါယ်ကျစေနိုင်တဲ့ လောဘ၊ ဒေါသ၊ မောဟ အစိုင်အခဲကို ဖောက်ခွဲပယ်ရှားပစ်တယ်လို့ ဆိုလိုပါတယ်။ အဲဒီ အပါယ်ကျစေနိုင်တဲ့ ကိလေသာတွေ ပယ်တယ်ဆိုတော့ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဆိုတဲ့ကိလေသာတွေကိုလည်း ပယ်ရှင်းပြီးဖြစ်သွားတယ်။

'ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ၂ ပါးမျှသာ ရှိတယ်။ အသက်ရှင်နေတဲ့ အတ္တကောင်၊ ငါကောင်ဆိုတာ မရှိဘူး'လို့ ဝိပဿနာဉာဏ်ဖြင့် သိပြီးဖြစ်ပေမဲ့ သောတာပတ္တိမဂ်သို့ မရောက်သေးဘဲ ဝိပဿနာအလုပ်ကို ရုပ်နားထားရင် အတ္တကောင်၊ အသက်ကောင်၊ ငါကောင် ရှိသလိုလိုလည်း ပြန်ပြီးထင်မြင်နိုင်တယ်။ ဒီဘဝမှာ မထင်

http://www.dhammadownload.com

တောင်မှ နောက်ဘဝတွေကျတော့ အဲဒီလို ထင်မြင်စွဲလမ်းနိုင်တယ်။ သောတာပတ္တိမဂ် ရောက်သွားရင်တော့ အဲဒီလို အထင်အမြင်လွဲမှားမှု အတွက်ဒဿနဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိဟာ ဘယ်တော့မှ မဖြစ်နိုင်တော့ဘူး။ အဲဒါဟာ သောတာပတ္တိမဂ်က ပယ်လိုက်လို့ ရုပ်နာမ်အစုကို ငါကောင်လို့ ထင်မှတ်တဲ့ သက္ကာယဒိဋ္ဌိ ကင်းသွားတာပါပဲ။ အဲဒီလို သက္ကာယဒိဋ္ဌိ ကင်းသွားပုံကို ဆောင်ပုဒ်စီထားပါတယ်။

(၁) ရုပ်နာမ်အစု၊ ငါကောင်ဟု၊ ထင်မှုမရှိပါ။

မြင်ခိုက်၊ ကြားခိုက် စသည်မှာ ထင်ရှားပေါ်နေတဲ့ ရုပ်နာမ်အစုကို အသက်ရှင်နေတဲ့ အတ္တကောင်၊ ငါကောင်လို့ သောတာပန်မှာ ထင်မှားစွဲလမ်းမှု မရှိတော့ဘူးလို့ ဆိုလိုပါတယ်။ ဝိပဿနာဉာဏ်ကောင်းကောင်းမဖြစ်သေးခင်ကဆိုရင် မြင်တာကိုလည်း ငါ၊ ကြားတာကိုလည်း ငါ စသည်ဖြင့် ထင်မှတ်နေခဲ့တယ်။ စဉ်းစားဆင်ခြင်ကြည့်ရင် ကိုယ်ထဲမှာ အသက်ရှင်နေတဲ့ ငါကောင်ဟာ ရှိသလိုလိုလည်း ထင်တတ်တယ်၊ တကယ်ရှိတယ်လို့လည်း ထင်တတ်တယ်။ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီးတဲ့ သောတာပန်မှာတော့ အဲဒီလို ထင်မှားစွဲလမ်းမှု မရှိတော့ဘူး၊ ရှုမှတ်ကြည့်ရင်ဖြစ်စေ၊ စဉ်းစားဆင်ခြင်ကြည့်ရင်ဖြစ်စေ 'ခဏမစဲ ဖြစ်ပျက်နေတဲ့ ရုပ်နာမ် ၂ ပါးမျှသာ ရှိတယ်။ အတ္တကောင် ငါကောင်ရယ်လို့ မရှိဘူး' ဆိုတာ ရှင်းနေပါတယ်။ အဲဒါဟာ သက္ကာယဒိဋ္ဌိ ကင်းနေပုံပါပဲ။

ရတနာသုံးပါး၊ သိက္ခာအား ယုံမှားမရှိပါ

နောက်ပြီးတော့ သောတာပန်ပုဂ္ဂိုလ်ဟာ 'ဗုဒ္ဓေအဝေစ္စ ပသာဒေန သမန္နာဂတော၊ ဘုရား၌ ဉာဏ်ဖြင့် သက်ဝင်မြင်သိ၍ ယုံကြည်တဲ့ သဒ္ဓါတရားနှင့် ပြည့်စုံတယ်' လို့ ဆိုထားတဲ့အတိုင်း ဘုရားကို ဉာဏ်ဖြင့် တွေ့ပြီး ခိုင်မြဲတဲ့ ယုံကြည်မှုနှင့် ပြည့်စုံနေတယ်။ ဉာဏ်ဖြင့်

http://www.dhammadownload.com

တွေ့ပုံကတော့ ဘုရားဟောထားတဲ့ တရားကို ကိုယ်တိုင်တွေ့သဖြင့် ဘုရားစစ် ဘုရားမှန်ပဲလို့ ဆုံးဖြတ်နိုင်တဲ့ အသိဉာဏ်ဖြင့် တွေ့တာပါပဲ။ တရားအားထုတ်တဲ့ ယောဂီဟာ အတ္တကောင်ရယ်လို့ မရှိဘဲ ရုပ်နာမ် ၂ ပါးမျှ ရှိတာကိုလည်း ရှုမှတ်ရင်း ကိုယ်တိုင်တွေ့ပြီး သိရတယ်။ အကြောင်းနဲ့ အကျိုးမျှပဲဆိုတာကိုလည်း ကိုယ်တိုင်တွေ့ပြီး သိရတယ်။ ခဏမစဲ ဖြစ်ပျက်နေတာကိုလည်း ကိုယ်တိုင်တွေ့ပြီး သိရတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တမျှပဲဆိုတာကိုလည်း ကိုယ်တိုင်တွေ့ပြီး သိရတယ်။ ဒါလောက်တွေ့ကတည်းက ဒီတရားကို ဟောတော်မူခဲ့တဲ့ ဘုရားဟာ တရားအလုံးစုံကိုသိတဲ့ ဘုရားအစစ်ပဲလို့ ယုံကြည်တဲ့သဒ္ဓါတရားဟာ ပိုပြီးခိုင်မြဲလာပြီ။ နောက်ဆုံးမှာ ရုပ်နာမ်သခ်ါရ လုံးဝဆိတ်သုဉ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အရိယမဂ်ဖိုလ်ဉာဏ်ဖြင့် တွေ့ရတော့ ယုံကြည်မှုဟာ မပျက်နိုင်အောင် ခိုင်မြဲသွားတယ်။

ဥပမာအားဖြင့် တကယ်တတ်သိကျွမ်းကျင်တဲ့ ဆေးဆရာကြီး၏ ဆေးကောင်းကို သုံးဆောင်ရလို့ အလွန်ပျောက်ခဲတဲ့ ရောဂါဆိုးကြီး ပျောက်သွားတာကို ကိုယ်တိုင်တွေ့ရတဲ့သူဟာ အဲဒီဆရာကြီးကို တကယ်တတ်သိ ကျွမ်းကျင်တဲ့ဆရာကြီးပဲလို့ တထစ်ချ ဆုံးဖြတ် ယုံကြည်တာလိုပါပဲ။

ထို့အတူပင် အဲဒီရောဂါပျောက်တဲ့လူက အဲဒီဆေးကိုလည်း ဆေးစွမ်းကောင်းပဲလို့ တထစ်ချ ဆုံးဖြတ်ယုံကြည်တယ်။ အဲဒီဆေး သုံးဆောင်တဲ့ အလားတူ သူနာတွေလည်း အဲဒီဆေးဖြင့် ရောဂါကင်းနေကြတာ ရှိတယ်လို့ တထစ်ချ ဆုံးဖြတ်ယုံကြည်တယ်။ အဲဒါလိုပဲ သောတာပတ္တိမဂ်ဖိုလ် ရောက်ပြီး တရားသိမြင်တဲ့ ပုဂ္ဂိုလ်ဟာ ခုတင်က ပြောခဲ့တဲ့အတိုင်း တရားကိုတွေ့ပြီး မဂ်ဖိုလ်နိဗ္ဗာန်တရားကို ယုံကြည်တဲ့ သဒ္ဓါတရား ခိုင်မြဲသွားတယ်။ မဂ်ဖိုလ်၏အစွမ်းကြောင့် ကိလေသာတချို့ ငြိမ်းနေတာကို တွေ့ရတဲ့အတွက်လည်း ကိလေသာ ငြိမ်းစေနိုင်တဲ့

http://www.dhammadownload.com

တရားဖြစ်ကြောင်း ယုံကြည်မှုခိုင်မြဲသွားတယ်။ ကိလေသာတစ်စိတ် တစ်ပိုင်း ငြိမ်းနေတဲ့ သံဃာဆိုတာ ငါလိုပုဂ္ဂိုလ်တွေဖြစ်မှာပဲ၊ ဆက်ပြီး ရှုမှတ်သွားရင် ကိလေသာ အကုန်ငြိမ်းတဲ့ ပုဂ္ဂိုလ်အဖြစ် ရောက်မှာပဲလို့ ဆင်ခြင်ပြီး ကိလေသာအားလုံးငြိမ်းတဲ့ ရဟန္တာအထိ သံဃာဆိုတာကို ယုံကြည်ခိုင်မြဲသွားတယ်။

ဒါကြောင့် ဘုရား တရား သံဃာနှင့်စပ်ပြီး ယုံမှားမှု ဝိစိကိစ္ဆာ လုံးဝကင်းသွားတယ်။ တရား၏စွမ်းရည်ဂုဏ်ကို ကိုယ်တိုင်တွေ့ပြီး ရတနာသုံးပါးကို ယုံကြည်မှု ခိုင်မြဲသွားတယ်။ နောက်ပြီးတော့ မိမိ ကျင့်နေတဲ့ သီလအကျင့်၊ သမာဓိအကျင့်၊ ပညာအကျင့်ဆိုတဲ့ သိက္ခာ သုံးပါးနှင့် စပ်ပြီးတော့လည်း အကျင့်ကောင်း အကျင့်မှန်ဖြစ်ကြောင်း ယုံကြည်မှု ခိုင်မြဲသွားတယ်။ အထူးအားဖြင့် မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာကို ရှုမှတ်သိရတဲ့ ဝိပဿနာပညာအကျင့်နှင့် စပ်ပြီး ယုံကြည်မှု ခိုင်မြဲသွားတယ်။ 'ဒီနည်းအတိုင်း ရှုမှ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကို အမှန်အတိုင်းသိပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက် တွေ့မြင်နိုင်တယ်' ဆိုတာ ခိုင်ခိုင်မြဲမြဲ ဆုံးဖြတ်ယုံကြည်သွားတယ်။ ဒါကြောင့် ရတနာသုံးပါးနှင့် အကျင့်သိက္ခာအပေါ်မှာ ယုံမှားမှု ဝိစိကိစ္ဆာ ကင်းသွားတာပဲ။ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

(၂) ရတနာသုံးပါး၊ သိက္ခာအား၊ ယုံမှားမရှိပါ။

ကုန်ပြီ သီလဗွတာ

နောက်ပြီးတော့ သောတာပတ္တိမဂ်က သီလဗွတပရာမာသဒိဋ္ဌိ ဆိုတဲ့ အကျင့်ဆိုင်ရာ အယူမှားကို ပယ်ရှားကင်းပျောက်စေတယ်။ သောတာပန်ပုဂ္ဂိုလ်ဟာ အကျင့်လမ်းမှန်ကို သိပြီးဖြစ်တဲ့အတွက် အကျင့် လမ်းမှားကို ယုံကြည်လက်ခံခြင်း မရှိတော့ဘူး၊ သီလ၊ သမာဓိ၊ ဝိပဿနာအကျင့်ဖြင့် အရိယမဂ်ဖိုလ်ကို ရောက်လာခဲ့တာက ကိုယ်တိုင်

http://www.dhammadownload.com

တွေ့ ဖြစ်နေတဲ့အတွက် 'သီလ၊ သမာဓိ၊ ပညာဆိုတဲ့ မဂ္ဂင်ရှစ်ပါးကို မပွားစေဘဲ၊ သစ္စာလေးပါးကို သိအောင် မကျင့်ဘဲ အခြားတစ်ပါး အလေ့အကျင့်ဖြင့် သံသရာမှ လွတ်မြောက်တယ်၊ နောင်ဘဝ နောင်အခါ ကောင်းကင်ဘုံကိုရောက်ပြီး မအို၊ မသေ အမြဲတမ်း ချမ်းသာသွားတယ်' ဆိုတဲ့ အလေ့အကျင့်မျိုးကို သီလဗွတခေါ်တယ်။ အဲဒီလို အလေ့အကျင့်ကို ယုံကြည်ယူဆတာဟာ သီလဗွတပရာမာသဒိဋ္ဌိပဲ။

သောတာပန်မှာတော့ သီလကျင့်သုံးပြီးတော့ မြင်မှု၊ ကြားမှု စသော ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး ဝိပဿနာမဂ္ဂင်တွေ ပွားစေခဲ့ရတယ်။ အဲဒီလို ဝိပဿနာမဂ္ဂင်ကို ပွားစေခြင်းဖြင့် သစ္စာလေးပါးကို ကိုယ်တိုင်မျက်မှောက်တွေ့သိပြီး ဖြစ်နေတယ်။ ဒါကြောင့် 'သစ္စာလေးပါးကို သိအောင်မရှုဘဲ၊ ဝိပဿနာမဂ္ဂင်ကို မပွားစေဘဲနဲ့ ဆင်းရဲမှ လွတ်မြောက်တယ်'ဆိုတဲ့ အယူဝါဒကို ယုံကြည်လက်ခံခြင်း မရှိတော့ဘူး၊ အဲဒါဟာ သီလဗွတပရာမာသဒိဋ္ဌိ ကင်းတာပါပဲ။ အဲဒါနဲ့စပ်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

(၃) သစ္စာ မမြင်၊ မဂ္ဂင် မပါ၊ လေ့ကျင့်ကာဖြင့်၊
ချမ်းသာမြဲမည်၊ မယုံကြည်၊ ကုန်ပြီ သီလဗွတာ။

နွားလို နေထိုင်စားသောက်ခြင်း၊ ခွေးလို နေထိုင်စားသောက်ခြင်း စသည်ဖြင့် တိရစ္ဆာန်တို့၏ အလေ့အကျင့်ကို ကျင့်ခြင်း၊ နွားစသည်ကို ကိုးကွယ်ခြင်း၊ နတ်၊ သိကြား၊ ဗြဟ္မာကို ကိုးကွယ်ခြင်းဖြင့် ဆင်းရဲမှ လွတ်မြောက်၍ ချမ်းသာသွားမယ်လို့ ယုံကြည်ယူဆတာဟာ သီလဗွတပရာမာသဒိဋ္ဌိပဲ၊ သစ္စာလေးပါးကို သိအောင် ဝိပဿနာမဂ္ဂင်ကို မပွားစေဘဲ စိတ်ကို အငြိမ်းစားပေးထားခြင်း၊ ငြိမ်းအေးရာသို့ စိတ်ကို ပို့ထားခြင်းဆိုတာလည်း သီလဗွတပဲ၊ အဲဒီလို အကျင့်ကို ယုံကြည်တာလည်း သီလဗွတပရာမာသပဲ။

http://www.dhammadownload.com

အကျင့်မှားဆရာတွေကို ငဲ့ကြည့်သူ

ပုထုဇဉ်ဟာ အဲဒီလို သီလဗွတအကျင့်တွေကိုလည်း အကျင့်ကောင်းအနေနဲ့ ယုံကြည်တာပဲ။ ကိုယ်တိုင်က အကျင့်မှန်ကို မသိသေးတော့ ဟိုအကျင့်က ဟုတ်နိုးနိုး၊ ဒီအကျင့်က ဟုတ်နိုးနိုးနဲ့ အကျင့်လမ်းမှားတွေကို ယုံကြည်တဲ့ အယူမှားတွေကိုလည်း လက်ခံတာပဲ၊ အဲဒီအကျင့်မှားတွေ ဟောတဲ့ ဆရာတွေကိုလည်း ယုံကြည်လက်ခံတာပဲ။ ဒါကြောင့် ပုထု၊ များသော + ဇန၊ ဆရာတွေ ရှိသည်= ပုထုဇ္ဇန၊ ဆရာများတဲ့သူ (ပုထုဇဉ်) လို့ ခေါ်ရတာပဲ။ ကိုယ်တိုင်က တရားမှန်မသိသေးတဲ့အတွက် အခြားအယူအကျင့်တွေ၊ အခြားဆရာတွေကို အထင်ကြီးပြီး မော်ကြည့်ရတဲ့သဘောပါပဲ။ သောတာပန်ကတော့ အကျင့်မှန်သိပြီးဖြစ်တဲ့အတွက် ဝိပဿနာမဂ္ဂင်ကို ပွားစေမှုမပါတဲ့ အဲဒီသီလဗွတ အလေ့အကျင့်ဟူသမျှတွေကို အကျင့်ကောင်းအဖြစ်ဖြင့် မယုံကြည် လက်မခံတော့ဘူး။ အဲဒီလို အကျင့်မှားဆရာတွေကိုလည်း အထင်မကြီးတော့ဘူး၊ ငဲ့ကြည့်တဲ့ အခြေအနေမျိုးသာ ရှိတယ်။

ဘုရားလက်ထက်က ဝိသာခါဆိုတဲ့ ဒါယိကာမ အိမ်ထောင်ကျစက သူ့ယောကျ်ားမကြီးက အဝတ်မဆီးတဲ့ အစေလကတက္ကတွန်းတွေကို ပင့်ပြီး အိမ်မှာကျွေးမွေးတယ်၊ အဲဒီ ယောကျ်ားမကြီးက 'ရဟန္တာတွေ ရှိခိုးကန်တော့ရန် လာပါ' လို့ ဝိသာခါကို ဖိတ်ခေါ်တယ်.. ဝိသာခါက ရဟန္တာအစစ်တွေကို ဖူးမြင်ရလိမ့်မယ်ထင်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ လိုက်သွားတယ်။ ဟိုရောက်တော့ အဝတ်မဆီးတဲ့ ဓာကတွန်းတွေကို တွေ့မြင်ရတဲ့အခါ 'ဒါတွေ ရဟန္တာတဲ့လား၊ ထွီ ထွီ' လို့ ရေရွတ်ပြီး ပြန်လာပါသတဲ့။ အဲဒါဟာ သောတာပန်က အခြားဆရာတွေကို အထင်မကြီးပုံနဲ့ ငဲ့ကြည့်တဲ့ အခြေအနေရှိပုံပါပဲ။

http://www.dhammadownload.com

သောတာပန် ပယ်အပ်သော ကိလေသာ

'သောတာပန်မှာ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဆိုတဲ့ သံယောဇဉ် ၃ ပါး ကင်းတယ်' ဆိုတာကတော့ သုတ္တန် ပါဠိတော်တွေမှာ 'တီဏိ သံယောဇနာနိ ပဟီယန္တိ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသော' လို့ ဟောထားတဲ့ စကားတော်အရအားဖြင့် အလွန်ထင်ရှားပါတယ်။ အဋ္ဌကထာများမှာတော့ သူတစ်ပါးက ကိုယ့်ထက် သာတာကို မနာလိုတဲ့ ဣဿာသံယောဇဉ်နဲ့ မိမိ၏ပိုင်နက်ကို သူတစ်ပါးနှင့် မဆက်ဆံစေလိုတဲ့ ဝန်တိုမှု မစ္ဆရိယသံယောဇဉ်လည်း ကင်းကြောင်း ပြဆိုထားပါသေးတယ်။

အချုပ်အားဖြင့် ပြောရရင် သောတာပတ္တိမဂ်က သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသဆိုတဲ့ သံယောဇဉ် ၃ ပါးနှင့်တကွ အပါယ်ကျရောက်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟအကြမ်းစားတွေကို ပယ်တယ်။ အဋ္ဌကထာ ပြဆိုချက်အရအားဖြင့် ဣဿာ မစ္ဆရိယဆိုတဲ့ သံယောဇဉ် ၂ ပါးကိုလည်း ပယ်တယ်။

အင်္ဂုတ္တရနိကာယ် ဒုကနိပါတ် (ပ၊ ၉၅) ကောဓပေယျာလသုတ် မှာလည်း

'ဒွေမေ ဘိက္ခဝေ ဓမ္မာ သေခဿ ဘိက္ခုနော ပရိဟာနာယ သံဝတ္တန္တိ၊ ကတမေ ဒွေ၊ ကောဓော စ ဥပနာဟော စ၊ မက္ခော စ ပဠာသော စ၊ ဣဿာ စ မစ္ဆရိယဉ္စ၊ မာယာ စ သာဒ္ဒေယျဉ္စ' စသည်ဖြင့် ဟောထားပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေ ဓမ္မာ၊ တို့တရားတို့သည်။ သေခဿ၊ ကျင့်ဆဲဖြစ်သော သေက္ခပုဂ္ဂိုလ်၏။ ပရိဟာနာယ၊ ဆုတ်ယုတ်ရန် အလို့ငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ ကတမေ ဒွေ၊ အဘယ်နှစ်ပါးတို့နည်းဟူမူ၊ ကောဓော စ ဥပနာဟော စ၊ ကောဓနှင့် ဥပနာဟ တစ်စုံနှစ်ပါးက တစ်ရပ်။ မက္ခော စ ပဠာ

http://www.dhammadownload.com

သော စ၊ မဂ္ဂနှင့် ပဋ္ဌာသ တစ်စုံနှစ်ပါးက တစ်ရပ်။ ဣသာ စ မစ္ဆရိယဉ္စ၊ ဣသာနှင့် မစ္ဆရိယ တစ်စုံနှစ်ပါးက တစ်ရပ်။ မာယာ စ သာဌေယျဉ္စ၊ မာယာနှင့် သာဌေယျ တစ်စုံနှစ်ပါးက တစ်ရပ် ဒီတစ်စုံ တစ်စုံ နှစ်ပါး နှစ်ပါးတွေပါပဲတဲ့။

အဲဒီမှာ အဋ္ဌကထာက **'သတ္တဝိဓသိပိ သေခသ၊ ခုနစ်ပါးလုံး** သော်လည်း ဖြစ်သော သေက္ခပုဂ္ဂိုလ်၏။ ဥပရိဂုဏ္ဍေဟိ၊ ရသင့်သော အထက်ဂုဏ်တို့မှ။ ပရိဟာနာယ သံဝတ္တန္တိ၊ ဆုတ်ယုတ်ဖို့ရာ ဖြစ်ကုန်၏။ ပုထုဇ္ဇနသ ပန၊ ပုထုဇဉ်မှာမူ။ ပဋ္ဌမတရံယေဝ၊ ရှေးဦးစွာပင်လျှင်။ ပရိဟာနာယ သံဝတ္တန္တိ၊ ဆုတ်ယုတ်ဖို့ရာ ဖြစ်ကုန်၏' လို့ ဖွင့်ပြထားတယ်။ အဲဒီ ပါဠိ အဋ္ဌကထာ ၂ ရပ်ကို စပ်ကြည့်လိုက်ရင် သောတာပန်ဟာ သေက္ခပုဂ္ဂိုလ်ခုနစ်ပါးထဲက ဒုတိယပုဂ္ဂိုလ်ဖြစ်တဲ့အတွက် သောတာပန်မှာလည်း ဣသာနှင့် မစ္ဆရိယရှိရင် အထက်မဂ်ဖိုလ်ဂုဏ်ထူးကို အလွယ်တကူ မရနိုင်ဘဲ ဆုတ်ယုတ်နိုင်တယ်လို့ ယူရပါလိမ့်မယ်။ ဒီတော့ သောတာပန်မှာလည်း ဣသာနှင့် မစ္ဆရိယ မကင်းသေးဘူးလို့ ဆိုဖွယ်ရာရှိနေပါတယ်။

ဒါပေမဲ့ တထစ်ချ ဆုံးဖြတ်ဖို့ကတော့ ခက်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျင့်ဆဲသေက္ခပုဂ္ဂိုလ် ခုနစ်ပါးဆိုတာထဲမှာ မဂ်ရောက်ဆဲ ပုဂ္ဂိုလ်လေးပါးလည်း ပါဝင်နေတယ်။ အဲဒီမဂ်ခဏမှာတော့ ကောဓ ဥပနာဟအစရှိတဲ့ ဒီတစ်စုံ တစ်စုံ တရားဆိုးတွေ မရှိနိုင်ဘူး။ အထက်တရားထူးမှ ဆုတ်ယုတ်တယ်လို့ ပြောဖို့ရာလည်း ခက်ပါတယ်။ အထူးအားဖြင့် အရဟတ္တမဂ် ရောက်ဆဲပုဂ္ဂိုလ်မှာ ဆုတ်ယုတ်ဖွယ်အကြောင်းလုံးဝ မရှိပေဘူး။ အဋ္ဌကထာကလည်း အဲဒီမဂ်ပုဂ္ဂိုလ် ၄ ပါးပါ 'သေက္ခပုဂ္ဂိုလ် ခုနစ်ပါးလုံးမှာ' လို့ ရေတွက်ပြထားပါတယ်။ နောက်ပြီးတော့ မဂ္ဂ၊ ပဋ္ဌာသ၊ ဣသာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျဆိုတဲ့ တရားတွေဟာ အလွန်ယုတ်ညံ့တဲ့ တရားတွေဖြစ်ပေမဲ့အတွက် ဖြူစင်

http://www.dhammadownload.com

မြင့်မြတ်တဲ့ အရိယာပုဂ္ဂိုလ်သန္တာန်မှာ မရှိသင့်ပေဘူး။ ဒါကြောင့် အဋ္ဌကထာများမှာ အဲဒီမက္ခ၊ ပဠာသ၊ ကုဿာ၊ မစ္ဆရိယ၊ မာယာ၊ သာဌေယျဆိုတဲ့ တရားတွေကို သောတာပတ္တိမဂ်က ပယ်တယ်လို့ ဆိုထားပါတယ်။ အဲဒီအဋ္ဌကထာက ပြဆိုထားတဲ့အတိုင်း အဲဒီတရားဆိုး ၆ ပါးလုံး သောတာပန်မှာ ကင်းတယ်လို့ ယူပြီးတော့ မိမိမှာ မကင်းသေးရင်လည်း ကင်းသည့်တိုင်အောင် ရှုမှတ်အားထုတ်သွားတာဟာ အကောင်းဆုံးပါပဲ။ နောက်ပြီးတော့ ဝိသုဒ္ဓိမဂ်မှာ ဆက်ပြီး ပြဆိုထားပုံကတော့

အဆုံးမထင်တဲ့ ဝဋ်ရေယဉ်ကိုလည်း မဂ်က ခြောက်စေသည်

စ၊ ဆက်၍ ဖော်ပြစရာကား။ ဧသ မဂ္ဂေါ၊ ဤသောတာပတ္တိမဂ်သည်။ ကေဝလံ လောဘက္ခန္ဓာဒီနံ၊ လောဘ အစိုင်အခဲစသည်တို့သက်သက်ကို။ နိဗ္ဗိန္ဒနမေဝ၊ ခွဲဖျက်ရုံကိုသာလျှင်။ န ကရောတိ၊ ပြုသည်မဟုတ်သေး။ အပိ စ ခေါ၊ စင်စစ်သော်ကား။ အနမတဂ္ဂ သံသာရဝဋ္ဋ ဒုက္ခသမုဒ္ဒံ၊ အဆုံးမထင်သည့် သံသရာဝဋ်ဆင်းရဲဟူသော သမုဒ္ဒရာကိုလည်း။ သောသေတိ၊ ခြောက်စေ ကင်းပျောက်စေသေး၏။ စသည်ဖြင့် ပြဆိုထားပါတယ်။

အနမတဂ္ဂ ဆိုတဲ့ပုဒ်ကို အခြားနေရာမှာတော့ 'ရှေးအဖို့သို့ အဆင့်ဆင့် လိုက်ရှာကြည့်ရင် မသိအပ်သော အစရှိတယ်၊ အစမထင်ဘူး' လို့ ပြန်ဆိုရပါတယ်။ ဒီနေရာမှာတော့ ရှေးအဖို့ထက် နောက်အဖို့ အဆုံးဘက်က ပိုပြီးအရေးကြီးပါတယ်။ ရှေးအဖို့က ဆင်းရဲကိုတော့ ပယ်လို့မဖြစ်ပါဘူး။ နောင်ဖြစ်သွားမည့် ဆင်းရဲတွေကိုသာ ပယ်နိုင်ပါတယ်။ အဲဒီနောက်အဖို့ ဆင်းရဲတွေကလည်း အရိယမဂ်ဖြင့်

http://www.dhammadownload.com

မပယ်နိုင်ရင် အဆုံးမရှိဘူး၊ အဲဒီဆင်းရဲတွေဟာ သမုဒ္ဒရာပင်လယ်ရေတွေ အတိုင်းအဆ မရှိသလိုပင် အလွန်များသည့်အတွက် အဲဒီ ပင်လယ်ရေတွေနဲ့ တင်စားပြီး ပြဆိုထားပါတယ်။ အဲဒါဟာလည်း သေသေချာချာ တွက်စစ်ကြည့်မယ်ဆိုရင် ပင်လယ်ရေထက် သံသရာဝဋ်ဆင်းရဲက များဖို့ရှိပါတယ်။ ဘာကြောင့်လဲဆိုရင် ပင်လယ်ရေကို ယခုခေတ်မှာ သန်းပါရဂူတွေက ခန့်မှန်းတွက်ချက်ပြီး တန်ပေါင်းမည်မျှ ရှိတယ်လို့ ဖော်ပြကြတယ်။ အဲဒါကို အတိအကျ မှန်တယ်လို့ မဆိုနိုင်ပေမဲ့ အလွန်ကြီးတော့ ကွာခြားလှမယ်မဟုတ်ပေဘူး၊ များလှရင် အဲဒီခန့်မှန်းရေတွက်ချက်ထက် ၂ ဆလောက် ရှိမှာပေါ့။ သံသရာဝဋ်ဆင်းရဲကတော့ အရိယမဂ်သို့ မရောက်သေးရင် ကမ္ဘာပေါင်း မည်ရွေ့မည်မျှလို့ အကန့်အသတ် မရှိဘူး။ ဒါကြောင့် သံသရာဝဋ်ဆင်းရဲက ပင်လယ်ရေတွေထက် များနိုင်ကြောင်း ထင်ရှားပါတယ်။

သောတာပတ္တိမဂ်က အဲဒီပင်လယ်ရေတွေထက် များပြားတဲ့ အပါယ်ဆင်းရဲတွေကို လုံးဝငြိမ်းစေပါတယ်။ လူ့ဘဝ၊ နတ်ဘဝ၊ သုဂတိဘဝ၌ အိုနာသေခြင်းစသော ဆင်းရဲတွေထဲမှလည်း ခုနစ်ဘဝထက်ပိုပြီး တွေ့ရမည့်ဆင်းရဲတွေကို ငြိမ်းစေပါတယ်။ အဲဒီဆင်းရဲ ၂ မျိုးထဲမှာ အပါယ်ဆင်းရဲကတော့ အများဆုံးဖြစ်မှာပဲ။ ဘာကြောင့်လဲဆိုတော့ သတ္တဝါတို့၏စိတ်ဟာ မကောင်းမှုထဲမှာ ပျော်မွေ့တာက များတယ်၊ မကောင်းမှု များရင် အပါယ်ဘုံမှာ အဖြစ်ရများမှာ သေချာတယ်။ ဒါကြောင့်ပဲ အဋ္ဌကထာများမှာလည်း

ပမတ္တဿ ဟိ နာမ စတ္တာရော အပါယာ သကဂေဟ သဒိသာ လို့ မိန့်ဆိုထားပါတယ်။

ပမတ္တဿ နာမ၊ မေ့လျော့သူမည်သည်မှာ။ စတ္တာရော အပါယာ၊ လေးပါးသော အပါယ်ဘုံတို့သည်။ သကဂေဟ သဒိသာ၊ မိမိ၏ကိုယ်ပိုင်နေအိမ်နှင့် တူကြပါတယ်တဲ့။

http://www.dhammadownload.com

လူတွေဟာ ဘယ်မှာနေကြသလဲဆိုရင် မိမိ၏ကိုယ်ပိုင်အိမ်မှာပဲ နေကြရတယ်။ ကိစ္စရှိလို့ အရပ်တစ်ပါး သွားရတဲ့အခါ ခေတ္တလောက်သာ အခြားအိမ်မှာ နေကြရတယ်။ အများအားဖြင့် ကိုယ်ပိုင်အိမ်မှာသာ အမြဲနေကြရတယ်။ အဲဒါလိုပဲ ကုသိုလ်ရေးမှာ မေ့လျော့နေကြတဲ့သူတွေဟာ သုဂတိမှာ နေရတာက အလွန်နည်းပြီး အပါယ်ဘုံမှာ အမြဲလိုပင် နေကြရပါသတဲ့။ အဲဒီတော့ သံသရာကာလ ရှည်ကြာနေသမျှပတ်လုံး အပါယ်ဆင်းရဲတွေကို အမြဲလိုလိုပင် တွေ့ကြုံခံစားသွားကြရမယ်။ အဲဒီလို အများဆုံး တွေ့ကြုံခံစားသွားကြရမည့် အပါယ်ဆင်းရဲတွေကိုလည်း သောတာပတ္တိမဂ်က အကြွင်းမဲ့ ကုန်ငြိမ်းစေတယ်။ ရံခါရံခါ တွေ့ကြုံရမည့် ကာမသုဂတိဘဝဆင်းရဲတွေထဲမှလည်း ခုနစ်ဘဝထက် ပိုပြီး တွေ့ကြုံရမည့် ဆင်းရဲတွေကို ကုန်ငြိမ်းစေတယ်။ အဲဒါကို ဆောင်ပုဒ်စီထားတယ်။

(၃) အဆုံးမထင်၊ ဝဋ်ရေယဉ်၊ ကင်းစင်ခြောက်စေသည်။

ပင်လယ်ထဲက ရေတွေလိုပင် အလွန်များပြားတဲ့ အဆုံးအပိုင်းအခြားလည်း မရှိတဲ့ သံသရာဝဋ်ဆင်းရဲ ရေယဉ်တွေကို ခြောက်သွေ့ကင်းစင်စေပါတယ်တဲ့၊ နောက်ပြီးတော့

သုဂတိလမ်းသာ ပွင့်စေသည်

သဗ္ဗအပါယဒုါရာနိ၊ အပါယ်လေးပါးသို့ ဝင်ပေါက်တံခါးအားလုံးတို့ကို။ ပိဒဟတိ၊ ပိတ်တတ်ပါတယ်တဲ့။

သောတာပတ္တိမဂ်က အပါယ်လေးပါး ကျရောက်စေနိုင်တဲ့ ကိလေသာတွေကို အကုန်ပယ်လိုက်တဲ့အတွက် အပါယ်ကျရောက်ဖို့လမ်းပေါက်တွေကိုလည်း ပိတ်စေပါတယ်။ လောဘ၊ ဒေါသ၊ မောဟတွေ မကုန်သေးပေမဲ့ အပါယ်ကျစေနိုင်တဲ့ အကုသိုလ်ကံကိုတော့ သောတာပန်က မပြုနိုင်တော့ဘူး။ ရှေးရှေးကာလ ရှေးရှေးဘဝကွေက

http://www.dhammadownload.com

ပြုခဲ့တဲ့ အကုသိုလ်ကံတွေဟာလည်း သောတာပတ္တိမဂ်က အပါယ်လား ကြောင်း ကိလေသာတွေကို ပယ်လိုက်တဲ့အတွက် အပါယ်ဘုံသို့ မရောက်စေနိုင်တော့ဘူး။ လူ့လောကမှာတောင် အောက်တန်းကျတဲ့ လူဆင်းရဲဘဝသို့ မရောက်စေနိုင်တော့ဘူး။ ချမ်းသာပြည့်စုံတဲ့ လူ့ဘဝ ကောင်း၊ နတ်ဘဝကောင်းများမှာသာ ဖြစ်ဖို့ရှိတော့တယ်။ သုဂတိလမ်း သာ ပွင့်ပြီး အပါယ်လမ်းပေါက်ကို ပိတ်စေပါတယ်တဲ့။ အဲဒါကို ဆောင်ပုဒ်စီထားတယ်။

(၄) အပါယ်လေးပါး၊ လမ်းပေါက်များ၊ တံခါးပိတ်စေသည်။

အရိယာဥစ္စာ ၇ ပါးကိုလည်း မဂ်ကရစေသည်

နောက်ပြီးတော့ 'သတ္တန္နံ အရိယဓနာနံ၊ ခုနစ်ပါးသော အရိယ ဥစ္စာတို့၏။ သမ္မာခီဘာဝံ၊ မျက်မှောက်အဖြစ်ကို။ ကရောတိ၊ သောတာ ပတ္တိမဂ်က ပြုပေးတတ်ပါတယ်' တဲ့။

လောကမှာ ကိုယ်လိုချင်တဲ့ပစ္စည်းတွေ ကိုယ့်ရှေ့မှာ အသင့် ရောက်နေရင် အသင့်တွေ့နေရရုံရင် ဝမ်းသာရတာပဲ။ ဝယ်ယူပြီး တစ်ဆင့် ရောင်းစရာ ပစ္စည်းတွေကိုလည်း အဆင်သင့် တွေ့နေရရင် ဝမ်းသာ တာပဲ။ တောထဲမှာ ဟင်းရွက်ခူးတဲ့သူ၊ မှိုရှာတဲ့သူဟာ သူအလိုရှိတဲ့ ဟင်းရွက်တွေ၊ မှိုတွေကို တွေ့ရရင် ဝမ်းသာတာပဲ။ ကျောက်ကောင်း တွေ ရှာနေတဲ့သူဟာ အဖိုးတန်ကျောက်နီ၊ ကျောက်စိမ်းတွေကို တွေ့ရ ရင် ဝမ်းသာကြတာပဲ။

အဲဒါတွေထက် အရိယာသူတော်ကောင်း ဥစ္စာတွေကို တွေ့ပြီး ကိုယ်ပိုင်ရရင် သာပြီး ဝမ်းသာစရာကောင်းတာပေါ့။ ဘာကြောင့်လဲ ဆိုတော့ လောကီဥစ္စာတွေဆိုတာ သိန်းပေါင်းများစွာ တန်စေကာမူ ယခု မျက်မှောက်ဘဝတွင်သာ သုံးရတယ်၊ နောင်ဘဝကို ယူသွားလို့ မရဘူး၊ အရိယာသူတော်ကောင်း ဥစ္စာတွေကတော့ တစ်သံသရာလုံး

http://www.dhammadownload.com

အသုံးကျတယ်။ နောက်နောက်ဘဝတွေလည်း ယူသွားနိုင်တယ်။ ဒါကြောင့် အရိယာဥစ္စာတွေနဲ့ ပြည့်စုံရင် ဘယ်တော့မှ မဆင်းရဲတော့ဘူး။ ယုတ်ညံ့တဲ့ဘဝတွေလည်း မရောက်နိုင်တော့ဘူး၊ အစဉ်ထာဝရ ချမ်းသာသွားတော့တာပဲ။ အဲဒီလို အစဉ်ထာဝရ ချမ်းသာစေနိုင်တဲ့ အရိယာဥစ္စာတွေကိုလည်း သောတာပတ္တိမဂ်က မျက်မှောက်ရောက်စေလျက် အပိုင်ရစေပါတယ်တဲ့။ အဲဒီ အရိယာဥစ္စာတွေက ဘာတွေလဲဆိုရင်

သဒ္ဓါဓနံ သီလဓနံ၊ ဟိရီ သြတ္တပ္ပိယံ ဓနံ။
သုတဓနဉ္စ စာဂေါ စ၊ ပညာ ဝေ သတ္တမံ ဓနံ။
ယဿ ဧတေ ဓနာ အတ္ထိ၊ ဣတ္ထိယာ ပုရိသဿ ဝါ။
အဒလိဒ္ဒေါတိ တံ အာဟု၊ အမောဃံ တဿ ဇီဝိတံ။

သောတာပန်၏ သဒ္ဓါ

သဒ္ဓါဓနံ၊ သဒ္ဓါတရားဆိုတဲ့ဥစ္စာက တစ်ပါးတဲ့။ ဘုရားစစ် ဘုရားမှန်၊ တရားစစ် တရားမှန်၊ သံဃာစစ် သံဃာမှန်ကို ယုံကြည်တာကြည်ညိုတာဟာ သဒ္ဓါတရားပဲ။ ဒီသဒ္ဓါတရားနဲ့ ပြည့်စုံတဲ့သူမှာ ဘုရား၊ တရား၊ သံဃာနဲ့စပ်ပြီး ကုသိုလ်တွေ များစွာဖြစ်ပွားရတယ်။ ကံ၏အကျိုးကို ယုံကြည်တာလည်း သဒ္ဓါတရားပဲ။ ဒီသဒ္ဓါတရားနဲ့ ပြည့်စုံတဲ့သူမှာလည်း ကုသိုလ်တွေ ဖြစ်ပွားတယ်။ အဲဒီကုသိုလ်ကံတွေကြောင့် မျက်မှောက်မှာရော သံသရာမှာရော ကြီးပွားချမ်းသာသွားနိုင်တယ်။ ဒါကြောင့် သဒ္ဓါတရားဟာ အရိယာသူတော်ကောင်းတို့၏ ဥစ္စာပဲတဲ့။ 'အရိယာသူတော်ကောင်းတို့သာ ရနိုင်တဲ့ ဥစ္စာ၊ အရိယာသူတော်ကောင်းတို့ အလေးပြုအပ်တဲ့ ဥစ္စာ' လို့ ဆိုလိုပါတယ်။ သောတာပတ္တိမဂ်ဖိုလ် ရောက်သွားရင်တော့ မလျှပ်ရှား၊ မပျက်စီးနိုင်အောင် ခိုင်မြဲတဲ့ အဝေစ္ဆပသာဒဆိုတဲ့ အကောင်းဆုံး သဒ္ဓါတရားနှင့်

http://www.dhammadownload.com

ပြည့်စုံသွားတယ်။ အဲဒီ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှာ မလှုပ်ရှား မပျက်စီးနိုင်အောင် ခိုင်မြဲတဲ့ ယုံကြည်မှု (အဝေစ္စပသာဒ) သဒ္ဓါတရားသုံးပါးဆိုတဲ့ အရိယာဥစ္စာကို သောတာပတ္တိမဂ်က ရစေတာပဲ။ အဲဒီ **သဒ္ဓါတရားသုံးပါး**ဟာ သောတာပန်၏ **အင်္ဂါ**လေးပါးထဲမှာ ပါဝင်တဲ့ **အင်္ဂါသုံးပါး**ပဲ။

သောတာပန်၏ သီလ

နောက်ပြီးတော့ သီလခန်း၊ ကိုယ်ကျင့်သီလဆိုတဲ့ ဥစ္စာက တစ်ပါးတဲ့။ လူဝတ်ကြောင်မှာဆိုရင် ငါးပါးသီလ ပြည့်စုံစင်ကြယ်နေရင်ကို အပါယ်လေးပါးသို့ မကျရောက်ဘဲ သုဂတိဘဝများမှာသာ ဖြစ်ပြီး ကြီးပွားချမ်းသာသွားနိုင်ပါတယ်။ ရှစ်ပါးသီလ၊ ဆယ်ပါးသီလများနှင့် ပြည့်စုံနေရင်တော့ အထူးပြောစရာ မလိုပါဘူး။ ရှင် ရဟန်းများလည်း မိမိတို့နှင့်ဆိုင်တဲ့ သီလ ပြည့်စုံ စင်ကြယ်နေရင် အပါယ်မှ လွတ်မြောက်ပြီး ကြီးပွားချမ်းသာသွားနိုင်ပါတယ်။ သောတာပတ္တိမဂ် ဖိုလ် ရောက်သွားရင်တော့ အရိယကန္တ ဆိုတဲ့ ငါးပါးသီလဟာ ဘယ်တော့မှ မပျက်နိုင်အောင် ပြည့်စုံစင်ကြယ်သွားတယ်။ ဒီ အရိယကန္တသီလဆိုတဲ့ မပျက်စီးနိုင်တဲ့ ငါးပါးသီလဥစ္စာကို သောတာပတ္တိမဂ်က ရစေပါတယ်။ ဒီအရိယကန္တသီလနှင့် ပြည့်စုံတဲ့အတွက် သောတာပန်ဟာ အပါယ်လေးပါးမှ အစဉ်ထာဝရ လွတ်မြောက်သွားတာပါပဲ။

ဤ အရိယကန္တသီလနှင့်စပ်၍ ဝိပဿနာရှုနည်းကျမ်း၌ မဟာစည်ဆရာတော်ကြီး ရေးသားအပ်သည်တို့ကား မှတ်သားဖွယ် ကောင်းလှသဖြင့် ထုတ်နုတ်ဖော်ပြလိုက်ပါဦးမည်။ ဝိပဿနာရှုနည်းကျမ်း၌ အောက်ပါအတိုင်း ဖော်ပြထားပါသည်။

ဘဝတစ်ပါး၌ တည်သည်ဖြစ်၍ မိမိ၏အရိယာအဖြစ်ကို မသိ

http://www.dhammadownload.com

သည်သော်လည်းဖြစ်သော အရိယာသာဝကကို တစ်စုံတစ်ယောက်က 'ဤပိုးရွ ပုရွက်ဆိတ်ကို အသက်မှချ၍ (သတ်ဖြတ်၍) စကြဝဠာတစ်တိုက်လုံး၌ စကြဝတေးမင်းအဖြစ်ကို ပြုပါ' ဟု ဤသို့ အကယ်၍ ပြောဆိုစေကာမူ ထိုအရိယာသာဝကသည် ယင်းပိုးရွ ပုရွက်ဆိတ်ကို အသက်မှ မချနိုင်ရာ (မသတ်နိုင်ရာ)။

သို့မဟုတ် တစ်နည်းအားဖြင့်လည်း 'ဤပိုးရွ ပုရွက်ဆိတ်ကို အကယ်၍ သင် မသတ်ငြားအံ့၊ သို့ဖြစ်လျှင် သင်၏ဦးခေါင်းကို ငါတို့ ဖြတ်ကုန်အံ့' ဟု ဤသို့ ထိုအရိယာ သာဝကကို အကယ်၍ ဆိုကြစေကာမူ ထိုသို့ဆိုသောသူတို့သည် ထိုအရိယာသာဝကဏ္ဍ၏ ဦးခေါင်းကိုသာလျှင် ဖြတ်ရလေကုန်ရာ၏။ ထိုအရိယာ သာဝကသည်ကား ယင်း ပိုးရွ ပုရွက်ဆိတ်ကို မသတ်နိုင်လေရာတည်း။

(သမ္မောဟဝိနောဒနီ၊ ၄၀၆၊ ဥပရိပဏ္ဏာသအဋ္ဌကထာ၊ ၇၅၊ မြန်မာပြန်)

သူတစ်ပါးဥစ္စာကို ခိုးယူမှု၊ မဆိုင်သော မေထုန်ကာမတို့၌ ကျူးလွန်မှု၊ သူတစ်ပါး၏ အကျိုးမဲ့ဖြစ်အောင် လိမ်လည်မှု၊ သေအရက်ကို သောက်စားမှုတို့ကိုလည်း ပါဏာတိပါတ နည်းတူပင် အရိယာသည် မပြုလုပ်နိုင်သည်သာ ဖြစ်ရာ၏။ သူဌေးစည်းစိမ်၊ မင်းစည်းစိမ်၊ ကိုယ်ခန္ဓာ၊ အသက်တို့ထက်လည်း ငါးပါးသီလကို ခင်မင်မြတ်နိုးသည်သာလျှင် ဖြစ်ရာ၏။

ဤဆိုအပ်ပြီးသည်တို့ကား ဝိပဿနာရှုနည်းကျမ်းမှ ဖြစ်ပါသည်။

ဒါကြောင့် ခုတင်က ပြောခဲ့တဲ့ ဘုရား၊ တရား၊ သံဃာတို့၌ မလှုပ်ရှား မပျက်စီးနိုင်အောင် ယုံကြည်တဲ့ **အဝေစ္စပသာဒ**ခေါ်တဲ့ သဒ္ဓါဥစ္စာက သုံးပါး၊ အရိယကန္တဆိုတဲ့ ဒီသီလဥစ္စာက တစ်ပါး ဒီ ၄ ပါးဟာ သောတာပန်မှာ ပြည့်စုံမြဲဖြစ်တဲ့ အင်္ဂါလေးပါးပါပဲ။

http://www.dhammadownload.com

သောတာပန်၏ ဂုဏ်အင်္ဂါ ၄ ပါး

ဒီအင်္ဂါလေးပါးနှင့် ပြည့်စုံရင် မိမိကိုယ်ကို သောတာပန်ဖြစ်ပြီလို့ ဆုံးဖြတ်ပြောကြားနိုင်ကြောင်း မြတ်စွာဘုရားရှင်က ဓမ္မာဒါသဆိုတဲ့ တရားမှန်မှာ ဟောကြားထားပါတယ်။ ဓမ္မဆိုတာ တရားပဲ၊ အာဒါသဆိုတာက ကြည့်မှန်ပဲ။ ဒါကြောင့် ဓမ္မာဒါသဆိုတာ ကြည့်မှန်နဲ့တူတဲ့ တရားလို့ ဆိုလိုပါတယ်။ မှန်ထဲမှာကြည့်ပြီး ကိုယ့်အရိပ်ပုံကို မြင်ရရင် အချို့ကျ မကျ သိရသလိုပင် ဒီဓမ္မာဒါသဆိုတဲ့ တရားမှန်နဲ့ တိုက်ဆိုင်ကြည့်ပြီးတော့ အဲဒီဓမ္မာဒါသ ဂုဏ်အင်္ဂါလေးပါးနဲ့ ပြည့်စုံနေရင် မိမိကိုယ်တိုင်ပင် သောတာပန်ဖြစ်ကြောင်း ပြောကြားဆုံးဖြတ်နိုင်ပါတယ်တဲ့။ အဲဒီဓမ္မာဒါသ ဂုဏ်အင်္ဂါလေးပါးကို ဘုန်းကြီးက ဆောင်ပုဒ်စီထားပါတယ်။ အဲဒါကတော့ ဉာဏ်စဉ်တရားထဲမှာ ဟောနေကျမို့ တချို့ကနှုတ်တက်တောင် ရနေကြပါလိမ့်မယ်။ အဲဒါကို လိုက်ဆိုကြရမယ်။

(၁) ဗုဒ္ဓစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။

(၂) ဓမ္မစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။

(၃) သံဃစွမ်းရည်၊ တွေ့မြင်ပြီ၊ ယုံကြည်မြဲလှစွာ။

(၄) အရိယကန္တ၊ ငါးသီလ၊ လုံးဝပြည့်စုံရာ။

အဲဒါဟာ တရားမှန်လေးခုပဲ။ သောတာပန်၏အင်္ဂါလေးပါးဆိုတာလည်း ဒီလေးပါးပါပဲ။ သောတာပန်အစစ်ဖြစ်ရင် ဒီဂုဏ်အင်္ဂါလေးပါးနဲ့ ပြည့်စုံရတယ်။ ကဲ အဲဒါကို ဆိုကြရမယ်။

(၅) မြတ်သောတာပန်၊ တရားမှန်၊ လေးတန်စုံလင်ရာ။

(၆) ကိုယ့်ဉာဏ်အဆင့်၊ ကိုယ်တိုင်ချင့်၊ အသင့်ဆုံးဖြတ်ရာ။

သဒ္ဓါဥစွာနဲ့ သီလဥစွာ ၂ မျိုးအကြောင်းကတော့ နားလည်လောက်ပါပြီ။

http://www.dhammadownload.com

သောတာပန်၏ ဟိရီနှင့် ဩတ္တပ္ပ

နောက်ပြီးတော့ ဟိရီဩတ္တပ္ပိယံ ဓနံ၊ မကောင်းမှုမှ ရှက်တဲ့ ဟိရီဥစ္စာက တစ်ပါး၊ မကောင်းမှုမှ ကြောက်တဲ့ ဩတ္တပ္ပဥစ္စာက တစ်ပါးတဲ့။ ဒီဟိရီ ဩတ္တပ္ပနှင့် ပြည့်စုံတဲ့သူဟာ မကောင်းမှုပြုရမှာ ရှက်တယ်၊ ကြောက်တယ်၊ ဒါကြောင့် မကောင်းမှုမှ အမြဲတမ်း စင်ကြယ်နေတယ်။ လောကမှာလည်း ရာဇဝတ်ပြစ်မှုမှ ရှက်တဲ့လူ၊ ကြောက်တဲ့လူတွေဟာ ရာဇဝတ်မှုကို မပြုခဲ့ဘဲ ရှောင်ကြဉ်နေကြလို့ အမြဲတမ်း အပြစ်ကင်းနေကြသလိုပါပဲ။ သောတာပန်မှာတော့ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ ဒီအရိယဥစ္စာနဲ့ အမြဲပြည့်စုံနေတယ်၊ ဒါကြောင့် အကုသိုလ်ဒုစရိုက်တွေမှကင်းဝေးပြီး အမြဲတမ်း သီလစင်ကြယ်နေပါတယ်။

သောတာပန်၏ သုတ

နောက်ပြီးတော့ သုတဓနဉ္စ၊ အကြားအမြင် သုတဥစ္စာက တစ်ပါးတဲ့၊ တရားစကားကို သူတစ်ပါးထံမှ ကြားနာပြီးတော့ ဖြစ်စေ၊ စာအုပ်စာတမ်းကို ဖတ်ရှုပြီးတော့ဖြစ်စေ သိရတာက အာဂမသုတတဲ့။ အကြားသုတပေါ့၊ တရားအားထုတ်ပြီးတော့ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိရတာက အဓိဂမသုတတဲ့။ အမြင်သုတပေါ့။ အဲဒီ အကြားအမြင် သုတ ၂ ပါးဟာ အရိယဥစ္စာတစ်မျိုးပါပဲတဲ့။ သောတာပန်မှာတော့ တရားနာယူပြီး အကြားသုတနဲ့လည်း ပြည့်စုံတယ်၊ ကိုယ်တိုင် တွေ့သိမြင်တဲ့ အမြင်သုတနဲ့လည်း ပြည့်စုံတယ်။

သောတာပန်၏ စာဂ

နောက်ပြီးတော့ စာဂေါ စ၊ စွန့်လှူပေးကမ်းခြင်းက အရိယဥစ္စာတစ်ပါးတဲ့၊ ဒီ စွန့်လှူပေးကမ်းခြင်းဆိုတဲ့ ဥစ္စာကတော့ ဗုဒ္ဓဘာသာဝင်

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေမှာ ပြည့်စုံနေကြတာပဲ များပါတယ်။ အနည်းနှင့် အများ လောက်သာ ကွာခြားခြင်းရှိပါတယ်။ တတ်နိုင်သမျှတော့ ပေးကမ်း လှူဒါန်းနေကြတာချည်းပါပဲ။ သောတာပန်ဖြစ်သွားတယ်ဆိုရင်တော့ မိမိမှာရှိတဲ့ ပစ္စည်းများကို သီလရှိတဲ့ ပုဂ္ဂိုလ်မြတ်တွေအား အကန့်အသတ် မထားဘဲ ပေးလှူနိုင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံနေပါတယ်တဲ့။

သောတာပန်၏ ပညာ

နောက်ဆုံးဥစ္စာကတော့ ပညာ ဝေ သတ္တမံ ဓနံ၊ အသိဉာဏ် ပညာဆိုတဲ့ ခုနစ်ခုမြောက်ဥစ္စာက တစ်ပါးတဲ့၊ အသိဉာဏ်ပညာဆိုတာ ကြားနာမှတ်သားပြီး သိတဲ့ သုတမယပညာက တစ်မျိုး၊ (အဲဒါက ခုတင်က ပြောခဲ့တဲ့ သုတဥစ္စာထဲမှာ ပါဝင်သွားပါပြီ)၊ စဉ်းစားကြံဆပြီး သိတဲ့ စိန္တာမယပညာက တစ်မျိုး၊ ရှုမှတ်ပွားများပြီး ကိုယ်တိုင်တွေ့သိတဲ့ ဘာဝနာမယပညာက တစ်မျိုး၊ ဒီလို သုံးမျိုးရှိပါတယ်။ သောတာပန်မှာ ဒီပညာသုံးမျိုးလုံးနှင့် ထိုက်သည့်အားလျော်စွာ ပြည့်စုံနေပါတယ်။ အဲဒီမှာ သုတမယပညာနှင့် သုတဟာ ထပ်တူဖြစ်နေပေမဲ့ သုတအရာမှာ ကြားနာရခြင်းကို ပဓာနပြုပြီး ယူရမယ်၊ ပညာအရာမှာတော့ ထူးခြားတဲ့ အသိဉာဏ်ပညာကို ပဓာနပြုပြီး ယူရမယ်။

ဣတ္ထိယာ ပုရိသဿ ဝါ၊ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ။ ဴသဿ၊ အကြင်ပုဂ္ဂိုလ်မှာ။ ဧတေ ဓနာ အတ္ထိ၊ ဤဥစ္စာ ခုနစ်ပါးတို့ ရှိကြလျှင်။ တံ၊ ထိုပုဂ္ဂိုလ်ကို။ အဒလိဒ္ဒေါတိ၊ ဆင်းရဲနွမ်းပါးသူမဟုတ်၊ ချမ်းသာကြွယ်ဝသူဟူ၍။ အာဟု၊ ဘုရားအစရှိသော ပညာရှိတို့က ဆိုကြပေသည်။ တဿ ဧဝံဝိဓံ၊ ထိုပုဂ္ဂိုလ်၏ အသက်ရှင်ရခြင်းသည်။ အမောဃံ၊ အချည်းနှီးမဟုတ်ဘဲ အကျိုးများလှပါသည်တဲ့။

သောတာပန်ပုဂ္ဂိုလ်အား ယခုပြောခဲ့တဲ့ အရိယာ သူတော်

http://www.dhammadownload.com

ကောင်း ဥစ္စာ ၇ ပါးနှင့် ပြည့်စုံအောင် သောတာပတ္တိမဂ်က ပြုပေးပါတယ်တဲ့။ အဲဒါကို ဆောင်ပုဒ်စီထားတယ်။

(၅) အရိယဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာရစေသည်။

သုပ္ပဗုဒ္ဓ (လူနူ) ဝတ္ထု

အဲဒါနဲ့စပ်ပြီး သဒ္ဓါတရားစသည် တိုးပွားရအောင် သုပ္ပဗုဒ္ဓ ဝတ္ထုကို ထုတ်ဆောင်ပြီး ပြောရဦးမယ်။ မြတ်စွာဘုရားလက်ထက်တော် ကာလတုန်းက ရာဇဂြိုဟ်မြို့မှာ သုပ္ပဗုဒ္ဓဆိုတဲ့ ဆင်းရဲသားတစ်ယောက် ရှိခဲ့တယ်။ သူဆင်းရဲပုံကတော့ အမိဝမ်းထဲ ပဋိသန္ဓေနေကတည်းက ဆင်းရဲလာခဲ့တယ်။ အမိဝမ်းတွင်းကတည်းက နူနာရောဂါ စွဲကပ်လာခဲ့တယ်။ နှာခေါင်းနဲ့ နားရွက်တွေ ပျက်စီးလာခဲ့တယ်။ သူ့မိခင်လည်း သူ ပဋိသန္ဓေနေကတည်းက စားစရာ မပြည့်စုံဘဲ ဆင်းရဲဒုက္ခရောက်လာခဲ့ရတယ်။ မွေးဖွားပြီးတဲ့နောက်လည်း ဆင်းဆင်းရဲရဲနဲ့ သူ့ကို စောင့်ရှောက်လာခဲ့ရတယ်။ ခွက်လက်စွဲပြီး တောင်းရမ်းစားနိုင်လောက်တဲ့ အရွယ်ရောက်တဲ့အခါကျတော့ မိခင်ကလည်း သည်းမခံနိုင်တော့ဘူး၊ သူ့အား တောင်းရမ်းစားဖို့ ခွက်တစ်ခုပေးပြီး စွန့်ပစ်သွားတယ်။

အဲဒီကလေးအရွယ်ကတည်းက စောင့်ရှောက်မည့်သူမရှိဘဲ အလွန်ဆင်းရဲပင်ပန်းစွာနဲ့ တောင်းရမ်းစားသောက်ပြီး အသက်မွေးလာခဲ့ရတယ်။ နေစရာလည်း သူ့မှာမရှိဘူး၊ မြို့ထဲက လမ်းဘေးတစ်နေရာရာမှာ အိပ်ရတယ်၊ နူနာရောဂါကလည်း အပြင်းအထန် နှိပ်စက်လို့ အလွန်နာကျင်တဲ့အတွက် ညမှာလည်း ကောင်းကောင်း မအိပ်ရဘူး၊ ညည်းညူ မြည်တမ်းနေရတယ်။ အဲဒီညည်းညူ မြည်တမ်းသံကြောင့် အနီးအပါးအိမ်များက လူတွေလည်း ကောင်းကောင်း မအိပ်ရဘူး၊ နိုးနေကြရတယ်။ အဲဒီလိုဖြစ်ပုံကြောင့် သူ့ကို 'သုပ္ပဗုဒ္ဓ' လို့ ခေါ်ကြ

http://www.dhammadownload.com

တယ်။ (သု၊ ကောင်းစွာ + ပဗုဒ္ဓ၊ နိုးစေတယ်= သုပ္ပဗုဒ္ဓ၊ ကောင်းစွာ နိုးစေလျက် အိပ်ရေးပျက်စေတဲ့အကောင်လို့ ဆိုလိုပါတယ်။)

အဲဒီလို အတိဒုက္ခရောက်ရခြင်း၏ အကြောင်းကတော့ သူဟာ တစ်ခုသော ဘဝတုန်းက တဂရသိခီ အမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါကို 'အနာကြီးရောဂါသည်အဝတ်ကို ရုံပြီး လှည့်လည်နေတဲ့ လူနှကြီးဟာ ဘယ်သူလဲ' လို့ ဆဲရေးပြီး ပြစ်မှားခဲ့ဖူးတဲ့ အကုသိုလ်ကံကြောင့်တဲ့။ အဲဒီအကုသိုလ်ကံကြောင့် ငရဲကျပြီးတော့ ကြာမြင့်စွာ ဒုက္ခရောက်ခဲ့ရတဲ့အပြင် အဲဒီကံကြွင်းကြောင့် လူနှ လူဆင်းရဲဖြစ်ပြီး ဒုက္ခရောက်နေရရှာပါသတဲ့။

တစ်နေ့သောအခါမှာ မြတ်စွာဘုရားက ဆွမ်းခံကြွ၍ ဆွမ်းဘုဉ်းပေးပြီးနောက် မြို့ထဲတွင် သင့်လျော်တဲ့တစ်နေရာမှာ ခေတ္တနေစဉ် ရဟန်းတော်များနှင့် ဆွမ်းလှူတဲ့ ဒါယကာတွေ လာရောက်ပြီး စုဝေးမိတဲ့အခါ တရားတော်ကို ဟောကြားနေတော်မူတယ်။ အဲဒီအခါ သုပ္ပဗုဒ္ဓက အရပ်ထဲ လှည့်ပြီး တောင်းရမ်းနေရင်း လူထုပရိသတ်ကို တွေ့မြင်ရတော့ စားစရာ ဝေငှနေတယ်ထင်ပြီး တောင်းခံဖို့ရာ ချဉ်းကပ်လာတယ်။ ချဉ်းကပ်မိတဲ့အခါမှာ မြတ်စွာဘုရားရှင်၏တရားသံကို ကြားနာရပြီးတော့ အစွန်အဖျားကပင် ထိုင်ပြီး ရိုသေစွာ တရားနာနေတယ်၊ အဲဒီအခါ မြတ်စွာဘုရားက သုပ္ပဗုဒ္ဓ၏ ဥပနိဿယကို သိတော်မူတဲ့အတွက် သူနဲ့သင့်လျော်တဲ့တရားကို ဟောတော်မူပါတယ်။ အဲဒီတရားကို နာနေရင်း နှလုံးသွင်းရှုသိပြီး ဝိပဿနာဉာဏ်အစဉ်ဖြင့် သောတာပတ္တိမဂ်ဖိုလ်ကို ရောက်ပြီး သုပ္ပဗုဒ္ဓဟာ သောတာပန်ဖြစ်သွားပါသတဲ့။

သုပ္ပဗုဒ္ဓ သောတာပန်ဖြစ်ရာမှာ ပဓာနအကြောင်းက နှစ်ခုရှိတယ်။ တစ်ခုက မဂ်ဖိုလ်ရနိုင်လောက်တဲ့ ပါရမီဥပနိဿယပါပဲ။ အခြားတစ်ခုကတော့ ဆင်းရဲအကြောင်းပြုပြီး သံဝေဂစိတ်ဖြင့် တရားကို ရိုရိုသေသေနာပြီး ရိုရိုသေသေ တရားကို နှလုံးသွင်းတာပါပဲ။ လူတွေ

http://www.dhammadownload.com

ဟာ ချမ်းသာနေရင် အများအားဖြင့် သံဝေဂစိတ် မဖြစ်ဘဲ ရှိတတ်တယ်။ တရားနဲ့စပ်ပြီး သဒ္ဓါတရားလည်း မထက်သန်ဘဲ ရှိနေတတ်တယ်။ သုပ္ပဗုဒ္ဓမှာတော့ စားရမဲ့ သောက်ရမဲ့ ဖြစ်နေတာက တစ်ကြောင်း၊ နူနာရောဂါ အနှိပ်စက်ခံနေရတာကတစ်ကြောင်း၊ ဒီဆင်းရဲဒုက္ခရောက်နေတဲ့ အကြောင်းနှစ်ပါးကြောင့် သံဝေဂရပြီး သဒ္ဓါတရား ထက်သန်စွာ ဖြစ်တယ်။ ဒါကြောင့် တရားကို ရိုရိုသေသေ နာယူ နှလုံးသွင်းပြီး တရားနာနေစဉ်မှာပဲ သောတာပတ္တိမဂ်ဖိုလ်ကို ရသွားတယ်။ အဲဒီလို တရားထူးရပြီးတော့ မိမိရထားတဲ့ တရားထူးကို မြတ်စွာဘုရားအား လျှောက်ထားချင်တယ်၊ ဒါပေမဲ့ လူထုပရိသတ်ကြီးထဲ မဝင်ဝံ့တာနဲ့ မြတ်စွာဘုရားကျောင်းသို့ ပြန်ကြွသွားတဲ့အခါ လျှောက်ထားရန် မြတ်စွာဘုရား၏ကျောင်းတော်သို့ လိုက်သွားတယ်။

အဲဒီအခါ သိကြားမင်းက စုံစမ်းလိုတဲ့အတွက် လမ်းခုလတ်က ဆီးကြိုပြီး သုပ္ပဗုဒ္ဓအား မိမိ၏တန်ခိုး အရှိန်အဝါများကိုလည်း ပြပြီး ဒီလိုပြောတယ်၊ 'ဟေ့ သုပ္ပဗုဒ္ဓ၊ သင်ဟာ အင်မတန်ဆင်းရဲတယ်၊ ငါပြောတဲ့စကားကို လိုက်နာပြီး ပြုကျင့်ရင် သင့်အား ငါက မစမယ်၊ သင့်ရောဂါကိုလည်း ပျောက်စေမယ်၊ စည်းစိမ်ဥစ္စာတွေကိုလည်း ပေးမယ်' လို့ ပြောပြီးတော့ 'ဂေါတမဘုရားဟာ ဗုဒ္ဓ ဘုရား မဟုတ်ဘူး၊ ဂေါတမဘုရားဟောတဲ့ တရားဟာလည်း တရားစစ် မဟုတ်ဘူး၊ ဂေါတမဘုရား၏ တပည့်သံဃာဟာလည်း သံဃာအစစ် မဟုတ်ဘူး၊ ငါဟာ ဂေါတမဘုရားဖြင့် အလိုမရှိ၊ တရားဖြင့် အလိုမရှိ၊ သံဃာဖြင့် အလိုမရှိဘူးလို့ ကြော်ငြာပြောဆိုပါ၊ အဲဒီလို ကြော်ငြာပြောဆိုရင် သင့်အား အတိုင်းမသိ များစွာသောဥစ္စာကို ပေးမယ်'လို့ သိကြားမင်းက ပြောတယ်။

'ခင်ဗျားက ဘယ်သူလဲ' လို့ သုပ္ပဗုဒ္ဓက မေးတယ်။ 'ငါက သိကြားမင်းပဲ'လို့ သိကြားက ဖြေတယ်။ ဒီတော့ သုပ္ပဗုဒ္ဓက 'ခင်ဗျား

http://www.dhammadownload.com

ဟာ သိကြားမင်းဆိုပေမဲ့ မပြောသင့်တာတွေကို ပြောတယ်။ အန္ဓဇာလ၊ မိုက်ကန်းတဲ့သူ။ အဟိရိက၊ အရှက်မဲ့တဲ့သူပဲ။ ကျွန်ုပ်နှင့် စကားပြော ဖို့တောင် မထိုက်တန်ပါဘူး၊ နောက်ပြီးတော့ ခင်ဗျားက ကျွန်ုပ်ကို အင်မတန် ဆင်းရဲတဲ့သူလို့ ဆိုတယ်။ ကျွန်ုပ်ဟာ မြတ်စွာဘုရား၏ သြရသပုတ္တ၊ သားတော်အစစ်ဖြစ်ပါတယ်။ လူဆင်းရဲ လူမွဲမဟုတ်ပါ။ သဒ္ဓါ၊ သီလ၊ ဟိရီ၊ ဩတ္တပ္ပ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့ အရိယာ သူတော်ကောင်းဥစ္စာ ၇ ပါးတို့နှင့် ပြည့်စုံတဲ့သူကို ဆင်းရဲသူ မဟုတ်၊ ချမ်းသာကြွယ်ဝသူလို့ ဘုရားအစရှိသော ပညာရှိတို့က မိန့်ဆိုတော်မူကြပါတယ်။ အဲဒီ အရိယာသူတော်ကောင်းဥစ္စာ ၇ ပါး ကျွန်ုပ်မှာ ရှိနေပါတယ်' လို့ ချေပပြောဆိုလိုက်ပါသတဲ့။

သိကြားမင်းက မြတ်စွာဘုရားထံ အရင်သွားရောက်ပြီး အဲဒီ အကြောင်းအရာများကို လျှောက်ထားတယ်။ အဲဒီတော့ မြတ်စွာဘုရား က 'သုပ္ပဗုဒ္ဓကို ဘုရားမဟုတ်စသည်ဖြင့် ယူဆစေရန် ပြောဆိုစေရန် သင်သိကြားမင်းလို နတ်တွေ တစ်ရာလည်း မဖြားယောင်းနိုင်ဘူး၊ တစ်ထောင်လည်း မဖြားယောင်းနိုင်ဘူး'လို့ မိန့်တော်မူလိုက်ပါတယ်။ အဲဒါဟာ တရားအစစ်အမှန်ကို တကယ်တွေ့သိထားပြီး ဖြစ်လို့ပါပဲ။ သုပ္ပဗုဒ္ဓလည်း မြတ်စွာဘုရားထံ သွားရောက်ပြီးတော့ သူ ရသိထားတဲ့ တရားဂုဏ်များကို လျှောက်ထားတယ်၊ မြတ်စွာဘုရားကလည်း သင့်လျော်တဲ့စကားကို ဟောကြားတော်မူပါတယ်။ အဲဒီတရားစကားကို ရှိသေစွာ နာယူပြီး မြို့ဆီကို ပြန်လာတဲ့အခါ

အစိရပက္ကန္တံ၊ ဘုရားထံမှ ပြန်လာစဉ် မကြာမီပင်။ သုပ္ပဗုဒ္ဓ ကုဋ္ဌီး၊ သုပ္ပဗုဒ္ဓဆိုတဲ့ လူနာကို။ ဂါဝီ တရုဏဝစ္ဆာ၊ သားငယ်ရှိသော နွားမသည်။ အဓိပတိတွာ၊ ဝေ့၍။ ဇီဝိတာ ဝေါရောပေသိ၊ အသက်မှ ကျဉ်စေ သေစေသည်လို့ ဥဒါန်းပါဠိမှာ ပြဆိုထားပါတယ်။ ဒီပါဠိ အရဆိုရင် နွားမ ဝေ့သတ်လို့ သေတာပါပဲ။

http://www.dhammadownload.com

အဋ္ဌကထာများမှာတော့ တစ်ခုသောဘဝတုန်းက သေဋ္ဌေးသား လေးယောက်ဟာ အခစားလိုက်တဲ့ မိန်းမတစ်ယောက်ကို ဆိတ်ကွယ်တဲ့ အရပ်သို့ ခေါ်လာခဲ့ပြီး ကာမဂုဏ်ဖြင့် ပျော်ပါးကြတယ်။ ပျော်ပါးပြီးတော့ အဲဒီမိန်းမကိုသတ်ပြီး သူ့လက်ဝတ်လက်စား ပစ္စည်းတွေကို ယူကြတယ်။ အဲဒီတော့ အဲဒီမိန်းမက 'တယ်ဆိုးတဲ့လူတွေပဲ၊ ငါ့ကိုလည်း ခေါ်လာပြီး ပျော်ပါးကြတဲ့အပြင် ငါ့ကိုသတ်ပြီး ပစ္စည်းဥစ္စာတွေကိုလည်း ယူကြသေးတယ်၊ သူတို့က ငါ့ကို ဒီတစ်ကြိမ်သတ်တာ ရှိပါစေတော့၊ နောက်နောက် ဘဝတွေမှာ ငါက ဘီလူးမဖြစ်ပြီး သူတို့ကို အကြိမ်များစွာ သတ်ရပါစေ'လို့ ဆုတောင်းသွားသတဲ့။ အဲဒီဆုတောင်းအတိုင်း အဲဒီလူလေးယောက်ကို အဲဒီမိန်းမက ဘီလူးမအဖြစ်နဲ့ အကြိမ်ပေါင်းများစွာ လိုက်သတ်နေပါသတဲ့။

ဘုရားလက်ထက် နောက်ဆုံးဘဝမှာလည်း ပုက္ကုသာတိရယ်၊ ဒါရုစီရိယရယ်၊ တမ္ဗဒါဋ္ဌိကရယ်၊ သုပ္ပဗုဒ္ဓရယ် ဒီလေးဦးဟာ အဲဒီသူဋ္ဌေးသား လေးယောက်က ဖြစ်လာတဲ့ သူတွေလို့ ဆိုပါတယ်။ အဲဒီလေးဦးကို ဝေ့သတ်တဲ့နွားမဟာလည်း ဟိုတုန်းက အသတ်ခံရတဲ့ မိန်းမက ဖြစ်လာတဲ့ ဘီလူးမပဲလို့လည်း ဆိုပါတယ်။ အဲဒီဘီလူးမက ရန်ငြိုးရှိခဲ့တဲ့အတွက် နွားမယောင်ဖန်ဆင်းပြီး ဝေ့သတ်တယ်လို့လည်း ဆိုပါတယ်။ အဲဒီအဋ္ဌကထာအဆိုကို ယခုခေတ်လူငယ်တွေ တချို့က သဘောမကျဘဲ ရှိကောင်းရှိကြပေလိမ့်မယ်။ အဲဒီလို သဘောမကျရင် ဘီလူးမက နွားမကိုယ်မှာ ပူးကပ်ပြီး ဝေ့သတ်တယ်လို့လည်း ယူနိုင်ပါတယ်။ အဲဒါကိုလည်း သဘောမကျနိုင်ရင်တော့ ပါဠိတော်မှာ ရှိရင်း အတိုင်း နွားမကပဲ ဝေ့သတ်တယ်လို့ ယူရုံရှိတာပဲ။

ဒီနေရာမှာ အထူးသတိပြုစရာ အချက်တစ်ခု ရှိပါတယ်။ ဘာလဲဆိုတော့ ရန်ငြိုးထားပြီး လက်စားချေရန် ဆုတောင်းတာဟာ မိမိအတွက် အကျိုးမဲ့ နစ်နာဖို့သာ ဖြစ်တယ်ဆိုတာပါပဲ။ ဟို အသတ်ခံရတဲ့ မိန်းမ

http://www.dhammadownload.com

ဟာ ရန်ငြိုးဖွဲ့ပြီး လက်စားချေဖို့ ဆုတောင်းခဲ့တယ်။ ဘုရားလက်ထက်တော်က နောက်ဆုံးအကြိမ်ကျတော့ ရဟန္တာဖြစ်တဲ့ အရှင်ဒါရုစီရိယကို သတ်ရတယ်၊ အလွန်အပြစ်ကြီးမှာပေါ့။ အနာဂါမ်ဖြစ်တဲ့ ပုက္ကုသာတိကိုလည်း သတ်ရတယ်၊ ဒါလည်း အပြစ်ကြီးမှာပဲ။ တမ္ဗဒါဋ္ဌိကဆိုတာက တော့ ဝိပဿနာဉာဏ်လောက်သာ ရတဲ့ ပုထုဇဉ်ပါပဲ၊ အဲဒီ တမ္ဗဒါဋ္ဌိကကို သတ်တာလည်း သာမန်ပုထုဇဉ်သတ်တာထက်တော့ အပြစ်ကြီးမှာပဲ။ သေသွားရတဲ့သူတွေမှာတော့ ဘာမှမနစ်နာလှပါဘူး။ ဒါရုစီရိယက ပရိနိဗ္ဗာန်စံသွားတယ်။ ပုက္ကုသာတိက သုဒ္ဓါဝါသ ဗြဟ္မာဘုံကို ရောက်သွားတယ်။ တမ္ဗဒါဋ္ဌိက က တုသိတာနတ်ပြည် ရောက်သွားတယ်။ ယခုပြောနေတဲ့ သုပ္ပဗုဒ္ဓဟာလည်း သောတာပန်ပဲ၊ သောတာပန်သတ်တာလည်း အပြစ်ငယ်လှမယ် မဟုတ်ဘူး။ သုပ္ပဗုဒ္ဓ ဘက်ကနေကြည့်ရင် အမြတ်ထွက်တယ်လို့တောင် ဆိုနိုင်ပါသေးတယ်။

ဘာကြောင့်လဲဆိုတော့ သုပ္ပဗုဒ္ဓဟာ စားဝတ်နေရေးအတွက်ဆင်းရဲသည့်ပြင် နူနာရောဂါက အကြီးအကျယ် နှိပ်စက်နေတဲ့အတွက်လည်း အလွန်ပင် ဆင်းရဲနေပါတယ်။ နွားမက ဝေ့သတ်လို့ စုတိစိတ်ဖြင့် သေသွားသည်နှင့်တစ်ပြိုင်နက် တာဝတိံသာနတ်ပြည်မှာ ဘုံဗိမာန်နတ်သမီးများစွာ အခြွေအရံတွေနှင့်တကွ အိပ်ရာမှ နိုးလာတဲ့လူလိုပင် နတ်သားကြီးဖြစ်သွားတယ်၊ ရှေ့ဘဝမှ စုတိဆိုတဲ့ နောက်ဆုံးစိတ်ပြတ်သွားသည်နှင့် တစ်ပြိုင်နက် ပဋိသန္ဓေစိတ်ဆိုတဲ့ နတ်ဘဝ၌ အစဆုံးစိတ်ဖြင့် နတ်ဖြစ်သွားတာဟာ တစ်စက္ကန့်လောက်တောင် မကြာခင် ပြောင်းလဲသွားတာပဲ။ ရှေးဘဝက ရုပ်ပျက်ဆင်းပျက် နူနာရောဂါတွေလည်း ဘာမှမရှိတော့ဘူး၊ လူ့ရုပ်ကိုယ် အယုတ်အညံ့ထဲမှ နတ်ရုပ်ကိုယ် အမြင့်အမြတ်ထဲ ဝင်ရောက်ပြီး ဖြစ်ရသလိုပင် ချက်ချင်းပဲ ချမ်းသာသွားတယ်။ ဒါပေမဲ့ အများကထင်ကြသလို လူ့ဘဝအသက်ကောင်က နတ်ဘဝကိုယ်ထဲ ဝင်ရောက်သွားတာတော့ မဟုတ်ပါဘူး။

http://www.dhammadownload.com

လူ့ဘဝက စုတိစိတ် ချုပ်သွားတာနဲ့ နတ်ဘဝ ပဋိသန္ဓေစိတ် အသစ် ဖြစ်သွားတာပါပဲ။ အကယ်၍သာ နွားမက မဝေ့သတ်ရင် သုပ္ပဗုဒ္ဓဟာ လူ့ဘဝမှာ ဆင်းဆင်းရဲရဲနဲ့ နေရဖို့ ရှိပါတယ်။ နွားမက ဝေ့သတ်လိုက်တော့ အဲဒီလူ့ဘဝ ဆင်းရဲတွေမှ တစ်ခဏကလေးအတွင်း မှာပဲ လွတ်မြောက်သွားတယ်။ ဒါကြောင့် သုပ္ပဗုဒ္ဓဘက်ကနေကြည့်ရင် အမြတ်ထွက်တယ်လို့ ဆိုနိုင်တဲ့အကြောင်း ပြောခဲ့ပါတယ်။ အဋ္ဌကထာ များမှာလည်း အလွန်ယုတ်ညံ့တဲ့ သူ့ကိုယ်နဲ့ သောတာပန်အဖြစ်ဟာ မသင့်လျော်တဲ့အတွက် မြန်မြန်သေဖို့ အကြောင်းပေါ်လာရတဲ့သဘော ကို ပြဆိုထားကြပါတယ်။

သုပ္ပဗုဒ္ဓ လူနှစ်၏ နတ်ဖြစ်ကြောင်း ကုသိုလ်ကံ

ဒီနေရာမှာလည်း စဉ်းစားစရာ အချက်တစ်ခု ရှိတယ်။ ဘာလဲ ဆိုတော့ သုပ္ပဗုဒ္ဓဟာ စောစောပိုင်းက ပြောလောက် ဆိုလောက် ဘာကုသိုလ်မှ ရှိခဲ့ပုံမရဘူး၊ နတ်ပြည်၌ ဖြစ်ရတာ ဘယ်ကုသိုလ် ကြောင့်လဲလို့ စဉ်းစားစရာ ရှိပါတယ်။ အဲဒီအကြောင်းကို မြတ်စွာ ဘုရားရှင်က ဒီလို ဟောကြားတော်မူခဲ့ပါတယ်။

သော၊ ထိုသုပ္ပဗုဒ္ဓသည်။ တထာဂတပ္ပဝေဒိတံ၊ ဘုရားရှင် ဟော ကြားအပ်သော။ ဓမ္မဝိနယံ၊ တရားဝိနည်းဟူသော သာသနာတော်ကို။ အာဂမ္မ၊ လာရောက်စွဲမှီ၍။ သဒ္ဓံ သမာဒိယိ၊ သဒ္ဓါကို ခံယူဆောက်တည် ခဲ့ပြီ။ (ဝါ) သဒ္ဓါကိုပြည့်စုံစေခဲ့ပြီ။ သီလံ သမာဒိယိ၊ သီလကို ပြည့်စုံ စေခဲ့ပြီ။ သုတံ သမာဒိယိ၊ သုတကို ပြည့်စုံစေခဲ့ပြီ။ စာဂံ သမာဒိယိ၊ စာဂကို ပြည့်စုံစေခဲ့ပြီ။ ပညံ သမာဒိယိ၊ ပညာကို ပြည့်စုံစေခဲ့ပြီ။ သော၊ ထိုသုပ္ပဗုဒ္ဓသည်။ တထာဂတပ္ပ ဝေဒိတံ ဓမ္မဝိနယံ အာဂမ္မ၊ ဘုရားရှင် ဟောကြားအပ်သော သာသနာကို စွဲမှီ၍။ သဒ္ဓံ သမာဒိယိတွာ သီလံ စာဂံ ပညံ သမာဒိယိတွာ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊

http://www.dhammadownload.com

ပညာကို ပြည့်စုံစေပြီး၍။ ကာယဿ ဘေဒါ ပရံ မရဏာ၊ ခန္ဓာကိုယ် ပျက်စီး၍ သေသည်မှ နောက်၌။ သုဂတိ သဂ္ဂံ လောကံ၊ သုဂတိ နတ်ပြည်လောကသို့။ ဥပပန္နော၊ ကပ်ရောက်၍ ဖြစ်လေသည်တဲ့။

အဲဒါဟာ မြတ်စွာဘုရား ဟောထားတဲ့ ဥဒါန်းပါဠိတော်ပါပဲ။ အဲဒီမှာ သဒ္ဓါတရား ပြည့်စုံစေပုံစသည်ကို အဋ္ဌကထာက ဒီလိုဖွင့်ထားပါတယ်။ 'ဘုရားရှင်ဟာ သမ္မာသမ္ဗုဒ္ဓဘုရားအစစ်ပဲ၊ တရားတော်ဟာ သွာက္ခာတတရားအစစ်ပဲ၊ သံဃာတော်ဟာ သုပ္ပဋိပန္နဂုဏ်နှင့် ပြည့်စုံတဲ့ သံဃာတော်အစစ်ပဲ' လို့ ယုံကြည်တဲ့ ရှေးအဖို့သဒ္ဓါနှင့် လောကုတ္တရာ သဒ္ဓါဆိုတဲ့ သဒ္ဓါတရားနှစ်ပါးကို အပြီးအပိုင် ကောင်းစွာခံယူခဲ့ပြီ၊ မိမိ၏ စိတ်အစဉ် သန္တာန်၌ ဖြစ်စေခဲ့ပြီ။ 'သီလ' ဟူရာ၌ ရှေးအဖို့ သီလနှင့်တကွ မဂ်သီလ၊ ဖိုလ်သီလကို ဖြစ်စေခဲ့ပြီ။ 'သုတ' ဟူရာ၌ ပရိယတ္တိသုတနှင့် ပဋိဝေဓသုတ နှစ်ပါးလုံးကို ပြည့်စုံစေခဲ့ပြီ။ ပရိယတ္တိသုတကို တရားနာစဉ်က ပြည့်စုံစေခဲ့သည်။ 'စာဂ' ဟူရာ၌ သောတာပတ္တိမဂ်ဖြင့် ပယ်သတ်အပ်သော ကိလေသာနှင့် အဘိသင်္ခါရတို့ကို ပယ်စွန့်ခြင်းပင် ဖြစ်သည်။ ယင်းတို့ကို ပယ်လိုက်သဖြင့် အရိယာပုဂ္ဂိုလ်တို့သည် လှူဖွယ်ဝတ္ထုတို့၌ ငြိတွယ်ခြင်း မရှိဘဲ လွတ်လွတ်ပေးလှူနိုင်ကြပေသည်။ (ဤအဖွင့်ဖြင့် သုပ္ပဗုဒ္ဓမှာ ပေးလှူမှု မရှိသော်လည်း ပေးလှူနိုင်ကြောင်းနှင့် ပြည့်စုံနေသောကြောင့် စာဂနှင့်လည်း ပြည့်စုံသည်ဟု ဆိုအပ်ကြောင်း ပြဆို၏) ပညာဟူရာ၌ ဝိပဿနာပညာနှင့် မဂ်ပညာ ဖိုလ်ပညာကို ပြည့်စုံစေခဲ့ပြီဟု ဆိုလိုပါသတဲ့။

အဲဒီ ပါဠိနှင့်အဋ္ဌကထာတို့မှာ ပြဆိုထားတဲ့ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာဆိုတဲ့တရားငါးပါးဟာ သုပ္ပဗုဒ္ဓ၏ နတ်ဖြစ်ကြောင်း ကုသိုလ်ကံတွေပါပဲ။ ဒါပေမဲ့ မဂ်ဖိုလ်သဒ္ဓါစသည်တွေကတော့ ဘဝကို ဖြစ်စေတတ်တဲ့ တရားများ မဟုတ်ကြဘူး၊ ချုပ်သာချုပ်စေတတ်တဲ့ တရားများ ဖြစ်ကြတယ်။ ဒါကြောင့် မဂ်ကုသိုလ်ကို အဘိဓမ္မာ၌ အပစယဂါမိ တရားလို့ ဟောတော်မူထားပါတယ်။ လောကီ သဒ္ဓါ

http://www.dhammadownload.com

စသည်တွေမှာလည်း သဒ္ဓါကြောင့် နတ်ဖြစ်ရသလား စသည်ဖြင့် စိစစ်စရာ ရှိပါတယ်။ သဒ္ဓါကြောင့်ဆိုရင်လည်း ဘုရားကြည်ညိုတဲ့ သဒ္ဓါကြောင့်လား၊ တရား သံဃာကို ကြည်ညိုတဲ့ သဒ္ဓါကြောင့်လားစသည်ဖြင့် စိစစ်စရာ ရှိပါတယ်။

ဘုန်းကြီးသဘောကျတာကတော့ သဒ္ဓါစသည် အထောက်အပံ့များနှင့်တကွ ဝိပဿနာကုသိုလ်ကြောင့် သုပ္ပဗုဒ္ဓ နတ်ဖြစ်ရတယ်လို့ ဆိုချင်ပါတယ်။ ဘာကြောင့်တုံးဆိုရင် ကာမာဝစရကုသိုလ်တွေထဲမှာ ဝိပဿနာကုသိုလ်ဟာ အမြင့်အမြတ်ဆုံး၊ အားအကြီးဆုံးဖြစ်တဲ့အတွက်ကြောင့်ပါမဲ့။ 'ဝိပဿနာကုသိုလ်ဟာ ဘဝဆင်းရဲကို ချုပ်စေတတ်တယ်မဟုတ်ပါလား' လို့ မေးစရာရှိပါတယ်။ ဝိပဿနာကုသိုလ်က ဘဝဆင်းရဲကို ချုပ်စေတာ မှန်ပါတယ်၊ ဒါပေမဲ့ သူချုပ်စေပုံက ဒီလိုပါ။

ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တအနေဖြင့် အမှန်အတိုင်း သိရတဲ့ အာရုံတွေမှာ နိစ္စ၊ သုခ၊ အတ္တအနေဖြင့် စွဲလမ်းတဲ့ ကိလေသာ မဖြစ်နိုင်တော့ဘူး။ အဲဒါဟာ အာရမ္မဏာနုသယဆိုတဲ့ ကိလေသာကို ဝိပဿနာဉာဏ်ကုသိုလ်က ချုပ်စေတာပါပဲ။ နောက်ပြီးတော့ အဲဒီကိလေသာမှ ဆက်ပြီးဖြစ်မည့် ကုသိုလ်ကံ အကုသိုလ်ကံလည်း မဖြစ်ရတော့ဘူး။ အဲဒီကံများမှ ဆက်ပြီးဖြစ်မည့် ဘဝတွေလည်း မဖြစ်ရတော့ဘူး၊ အဲဒါတွေဟာ ကံနှင့်ဘဝတွေကို ဝိပဿနာက ချုပ်စေတာပါပဲ။ အဲဒီချုပ်ငြိမ်းသွားကြတဲ့ ကိလေသာတွေ၊ ကံနှင့်ဘဝတွေဟာ ဝိပဿနာဉာဏ်ဖြင့် အမှန်အတိုင်း သိရတဲ့အာရုံကို အကြောင်းပြုပြီး မဖြစ်ရတော့တဲ့ ချုပ်သွားကြတာတွေသာ ဖြစ်ပါတယ်။ ဝိပဿနာကုသိုလ်ထဲမှာ ပါဝင်တဲ့ ကုသိုလ်စေတနာကြောင့် ဖြစ်မည့်သုဂတိဘဝတွေကိုတော့ မချုပ်စေနိုင်ပါဘူး။ ဒါကြောင့် ဝိပဿနာကုသိုလ်တရားတွေကိုလည်း အဘိဓမ္မာ၌ အာစယဂါမိ တရား (အာစယမည်တဲ့ စုတိ၊ ပဋိသန္ဓေ၊ ဂတိ၊ ပဝတ္တ၊ ဘဝ သို့ရောက်စေတတ်သော တရား) လို့ ဟောတော်မူထားပါတယ်။

http://www.dhammadownload.com

ဂေါတြဘူ ကုသိုလ်ကတောင်
ဘဝကို ဖြစ်စေနိုင်သေး၏

နောက်ပြီးတော့ ပဋ္ဌာန်းပါဠိတော် (၃၊ ၃၇၅) မှာ 'မဂ်ဖိုလ် နိဗ္ဗာန်ဆိုတဲ့ အပွမာဏတရားကို အာရုံပြုတဲ့ ကုသိုလ်စေတနာက ကာမကို အာရုံပြုတဲ့ ဝိပါက်ခန္ဓာတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူး ပြုတယ်' လို့ ဟောထားပါတယ်။ အဲဒီမှာ အဋ္ဌကထာ (၄၈၉) က 'အပွမာဏကို အာရုံပြုတဲ့ စေတနာ' ဆိုတာ ဂေါတြဘူစေတနာ၊ ပစ္စဝေက္ခဏာ စေတနာကို ယူရမယ်လို့ ဖွင့်ပြထားပါတယ်။ ဒီပဋ္ဌာန်း ပါဠိ အဋ္ဌကထာတို့အရအားဖြင့် 'သုပွဗုဒ္ဓဟာ ဝိပဿနာကုသိုလ်ထဲက အမြတ်ဆုံးဖြစ်တဲ့ ဂေါတြဘူစေတနာကြောင့် နတ်ပြည်၌ ဖြစ်ရတယ်'လို့ ယူရင် အသင့်မြတ်ဆုံးဖြစ်ဖွယ် ရှိပါတယ်။

အဲဒီ သုပွဗုဒ္ဓနတ်သားဟာ တာဝတိံသာနတ်ဘဝ ရောက်တော့ သာသနာပကုသိုလ်ကြောင့် ဖြစ်နေနှင့်ကြတဲ့ နတ်ဟွေထက် ဘုန်းတန်ခိုး ကြီးနေပါသတဲ့။ ကိုယ်ရောင်ကိုယ်ဝါ အဆင်းအားဖြင့်လည်း အဲဒီအခြား နတ်တွေထက် သာနေတယ်။ အခြေအရံစည်းစိမ်ချမ်းသာ စသည်ဖြင့် လည်း သာနေပါသတဲ့။ ဒါကြောင့် အဲဒီအခြားနတ်တွေက သူ့ကို မနာလိုဖြစ်ပြီး ရှုတ်ချပြောဆိုကြတယ်။ ဒီသုပွဗုဒ္ဓဟာ လူ့ဘဝတုန်းက အလွန်ဆင်းရဲပြီး အောက်တန်းကျတဲ့ လူနှု လူစုတ် လူနတ်ကလေးပဲ၊ ယခုတော့ သူက ငါတို့ထက် သာနေတယ်စသည်ဖြင့် ရှုတ်ချပြောဆို ကြပါသတဲ့။ အဲဒီလို ပြောဆိုကြတာကို အကြောင်းပြုပြီးတော့ သိ ကြားမင်းက အဲဒီနတ်သားတွေအား သတိပေးတရားစကား ပြော ကြားပါတယ်။ 'အချင်းနတ်တို့၊ သုပွဗုဒ္ဓနတ်အား မနာလိုပြီး မရှုတ်ချ ကြနဲ့၊ သူဟာ လူ့ဘဝတုန်းက မြတ်စွာဘုရားသာသနာတော်မှာ သဒ္ဓါ တရားကို ဖြစ်ပွားစေခဲ့တယ်၊ သီလ၊ သုတ၊ စာဂ၊ ပညာကို ဖြစ်ပွား

http://www.dhammadownload.com

စေခဲ့တယ်။ အဲဒီလို ဖြစ်ပွားစေခဲ့တဲ့ သူ့ကံကြောင့် တန်ခိုးကြီးတဲ့နတ် ဖြစ်လာတာပဲ။ သူ့အား မနာလို မရှိကြနဲ့' စသည်ဖြင့် ဟောကြားပါသတဲ့။

ဒီသုပ္ပဗုဒ္ဓ၏ ဝိပဿနာကုသိုလ်ကြောင့် ထူးခြားတဲ့ တန်ခိုးကြီးနတ်ဖြစ်ပုံကို ဆင်ခြင်ကြည့်လျှင် ဝိပဿနာကုသိုလ်ကို ပွားများအားထုတ်နေကြရတာဟာ အလွန်ပင် အားတက်ဖွယ် ၁မ်းမြောက်ဖွယ် ကောင်းပါတယ်။

ယခုပြောခဲ့တဲ့ သုပ္ပဗုဒ္ဓဟာ စားစရာလည်း မရှိ၊ ဝတ်စရာလည်း မရှိ၊ နေစရာလည်း မရှိ၊ ကူညီစောင့်ရှောက်မည့်သူလည်း မရှိ၊ အပေါင်းအဖော် မိတ်ဆွေလည်း မရှိ၊ နူနာကလည်း စွဲကပ်နေတယ်၊ အဆင်းရဲဆုံး လူပါပဲ။ သူ့ထက်ဆင်းရဲတဲ့လူတော့ ရှိမှာမဟုတ်ပါဘူး၊ ဒါပေမဲ့ မြတ်စွာဘုရား၏တရားကို နာရင်း နှလုံးသွင်းရှုမှတ်ပြီး သောတာပတ္တိမဂ်ဖိုလ်ကို ရသွားတဲ့အခါကျတော့ သောတာပတ္တိမဂ်၏အစွမ်းကြောင့် သဒ္ဓါ၊ သီလအစရှိသော အရိယာဥစ္စာ ၇ ပါးနှင့် ပြည့်စုံသွားတယ်၊ အဲဒီလို ပြည့်စုံသွားတဲ့အတွက် သေသည်၏အခြားမဲ့မှာ (မဂ်ဖိုလ်ရပြီးနောက် တစ်နာရီလောက်အတွင်း ရှိမှာပေါ့၊ အဲဒီအခါ) တာဝတိံသာနတ်ပြည်၌ တန်ခိုးကြီးပြီး ချမ်းသာကြွယ်ဝတဲ့ နတ်ဖြစ်သွားတယ်။ အဲဒါဟာ 'အရိယာဥစ္စာ၊ ခုနစ်ဖြာ၊ ကောင်းစွာရစေသည်' လို့ ဆိုတဲ့အတိုင်း သောတာပတ္တိမဂ်က အရိယာဥစ္စာ ၇ ပါးနှင့် ပြည့်စုံတဲ့အတွက်ကြောင့်ပါပဲ။

ဗြဟ္မာမင်းကြီး ဖြစ်ရတာထက်တောင် မြတ်သေးတယ်

သောတာပန်ဖြစ်ရတာဟာ ဗြဟ္မာမင်းကြီး ဖြစ်ရတာထက်တောင် မြတ်တဲ့အကြောင်း မြတ်စွာဘုရားက ဒီလိုဟော တော်မူပါတယ်။

http://www.dhammadownload.com

ပထဗျာ ဇကရဇ္ဇေန၊ သဂ္ဂသ ဂမနေန ဝါ။
သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။

သောတာပတ္တိဖလံ၊ သောတာပန်အဖြစ် သောတာပတ္တိဖိုလ်သည်။ ပထဗျာ ဇကရဇ္ဇေန၊ တစ်မြေထောင်လုံးကို အစိုးရတဲ့ စကြဝတေးမင်း (အဖြစ်) စည်းစိမ်ချမ်းသာထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏။ သဂ္ဂသ ဂမနေန ဝါ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရသည် ထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏။ သဗ္ဗလောကာဓိပစ္စေန ဝါ၊ တစ်လောကလုံးကို အစိုးရတဲ့ မဟာဗြဟ္မာမင်းကြီးအဖြစ် ထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏တဲ့။

သောတာပန်ဖြစ်ရတာက
စကြဝတေးမင်းအဖြစ်ထက်လည်း မြတ်တယ်

လောကမှာ မင်းအဖြစ်ဆိုတာ ရမယ်ဆိုရင် လူတိုင်းလိုလိုပင် အလိုရှိကြတာပဲ။ မင်းအဖြစ် ထားလိုက်ပါဦးတော့ ရပ်ရွာထဲမှာ သူကြီးအဖြစ် လူကြီးအဖြစ်တောင် အင်မတန် လိုချင်ကြတာပဲ။ ဒါကြောင့် ဟိုရှေးခေတ်က အကြိတ်အနယ် အရွေးခံကြတာပဲ။ မင်းအဖြစ်ထဲမှာလည်း စော်ဘွားနယ်များမှာထက် တိုင်းပြည်တစ်ခုလုံး နိုင်ငံတစ်ခုလုံးကို အစိုးရတဲ့ မင်းအဖြစ်က သာပြီးမြင့်မြတ်တယ်၊ တိုင်းပြည်ငယ်ငယ်ထက် တိုင်းပြည်ကြီးကြီးကို အစိုးရတဲ့မင်းအဖြစ်က သာပြီးမြင့်မြတ်တယ်။ မြေတစ်စိတ်တစ်ဒေသလောက် အစိုးရတဲ့ ပဒေသရာဇ်မင်းအဖြစ်ထက် တစ်ကျွန်းလုံးကို အစိုးရတဲ့မင်းအဖြစ်က သာပြီးမြင့်မြတ်တယ်။ အဲဒါထက် လူ့လောက တစ်မြေထောင်လုံးကို အစိုးရတဲ့ စကြဝတေးမင်းအဖြစ်က သာပြီးမြင့်မြတ်တယ်။ လူ့လောကမှာတော့ စကြဝတေးမင်းစည်းစိမ်ဟာ အကောင်းအမြတ်ဆုံးပါပဲ။ ဘုန်းကံအလွန်ကြီးမားတဲ့ ပုဂ္ဂိုလ်မှ အဲဒီစကြဝတေးမင်းအဖြစ်ကို ရတယ်။

http://www.dhammadownload.com

အဲဒီစကြဝဠတေးမင်းက လက်နက်အင်အား စစ်အင်အားနဲ့ နယ်ချဲ့ရတာ မဟုတ်ဘူး၊ သူ့ဘုန်းကံအလျောက် စကြရတနာ၏အစွမ်း အာနုဘော်ကြောင့် လူ့လောကရှိ အခြားမင်းအားလုံးတို့က စကြဝဠတေး မင်း၏ အဆုံးအမ သြဝါဒကို ခံယူကြတယ်။ စကြဝဠတေးမင်း၏ ဘုန်းကံကြောင့် အဲဒီလိုအခါ လူ့လောကမှာ အစစအရာရာ ပေါများ ကြွယ်ဝပြည့်စုံနေတယ်။ လူတွေဟာလည်း အကြီးအကျယ် ကွဲပြားခြင်း မရှိဘဲ ညီညွတ်နေကြတယ်။ မတရားပြုလုပ်တဲ့ မှုခင်းကိစ္စတွေလည်း မရှိသလောက်ပင် နည်းပါးတယ်။ ဒါကြောင့် အုပ်ချုပ်ရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်တွေမှာ အလွယ်တကူနဲ့ စီမံခန့်ခွဲလို့ရတဲ့အတွက် မဆင်းရဲ မပင်ပန်းဘူး၊ ချမ်းသာတယ်။ အဲဒါကို ရှေးရှေးခေတ်များက နောက် နောက်ခေတ်များထက် ညီညွတ်ကြပုံ ချမ်းသာကြပုံနှင့် နှိုင်းစာကြည့်ရင် ယုတ္တိလည်း ရှိပါတယ်။

ဒါပေမဲ့ အဲဒီစကြဝဠတေးမင်း၏ စည်းစိမ်ချမ်းသာထက် သောတာပန်အဖြစ်က သာလွန်ကောင်းမြတ်တယ်တဲ့။ ဘာကြောင့်လဲဆိုရင် စကြဝဠတေးမင်းအဖြစ် ချမ်းသာတယ်ဆိုတာက အဲဒီ တစ်ဘဝထဲပဲ၊ စကြဝဠတေးမင်းဆိုတာဟာ သီလနှင့် မင်းကျင့်တရားနှင့်ပြည့်စုံတဲ့အတွက် နောက်ဘဝမှာ ကောင်းမြတ်တဲ့ သုဂတိဘဝ၌ ဖြစ်နိုင်ပေမဲ့ အပါယ် လေးပါးမှ အစဉ်ထာဝရ လွတ်ပြီလို့တော့ မဆိုနိုင်ပါဘူး။ စကြဝဠတေး မင်းအဖြစ်ကို အကြောင်းပြုပြီး နိဗ္ဗာန်သို့ ရောက်ပါလိမ့်မယ်လို့လည်း မဆိုနိုင်ဘူး။ သောတာပန်ဖြစ်ရင်တော့ အပါယ်လေးပါးမှလည်း အစဉ် ထာဝရ လွတ်ပြီ၊ သုဂတိဘဝမှာတောင် ခုနစ်ဘဝထက် ပိုလွန်ပြီး မဖြစ်တော့ဘူး။ အလွန်ဆုံး ခုနစ်ဘဝသာဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရမယ်။ ဒါကြောင့် သောတာပတ္တိဖိုလ်ဟာ စကြဝဠတေးမင်းစည်းစိမ်ချမ်းသာထက်လည်း သာလွန်မြင့်မြတ်တယ်လို့ မြတ်စွာဘုရားက ဟောတော်မူပါတယ်။ နောက်ပြီးတော့

http://www.dhammadownload.com

နတ်ဗြဟ္မာဖြစ်ရတာထက်လည်း မြတ်တယ်

သဂ္ဂဿ ဂမနေန ဝါ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ ရောက်ရခြင်းထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏။

သောတာပန်အဖြစ် သောတာပတ္တိဖိုလ်ဟာ စတုမဟာရာဇ်၊ တာဝတိံသာအစရှိတဲ့ နတ်ပြည် ၆ ထပ် ရောက်ရတာထက်လည်း မြင့်မြတ်တယ်၊ ဗြဟ္မာ့ပြည်တွေ ရောက်ရတာထက်လည်း မြင့်မြတ်ပါတယ်တဲ့။ မြင့်မြတ်ပုံကတော့ စတုမဟာရာဇ်နတ်ဘုံဆိုတာ လူ့ဘုံထက် အသက်တမ်းအားဖြင့်လည်း အများကြီးသာတယ်။ အဆင်း၊ အသုံးအဆောင်စသည်အားဖြင့်လည်း အများကြီးသာတယ်။ ဘယ်လိုလဲဆိုတော့ လူ့ပြည်က အနှစ် ၅၀ ဟာ စတုမဟာရာဇ်က တစ်ရက်နှင့် တူညီတယ်။ အဲဒီလို ရက်ပေါင်း ၃၀ မှာ တစ်လ၊ လပေါင်း ၁၂ လ မှာ တစ်နှစ်၊ အဲဒီလို နှစ်ပေါင်း ငါးရာဟာ စတုမဟာရာဇ်နတ်တို့၏ အသက်တမ်း ဖြစ်တယ်။ လူတို့၏နှစ်ဖြင့် ရေတွက်ရင် အနှစ်ကိုးသန်း ရှိတယ်။ လူ့သက်တမ်း အနှစ်တစ်ရာ၏ အဆပေါင်း ကိုးသောင်း ရှိတယ်။ အဲဒီလို အသက်တမ်းအားဖြင့် သာလွန်သလိုပင် အဆင်း၊ ချမ်းသာစသည်တို့ဖြင့်လည်း စတုမဟာရာဇ်နတ်တွေက လူ့ထက်သာလွန် မြင့်မြတ်ကြတယ်။

တာဝတိံသာနတ်တွေက စတုမဟာရာဇ်ထက် အသက်တမ်း သုံးဆသာတယ်။ လူတို့၏ နှစ်အရေအတွက်အားဖြင့် ကိုးသိန်းလေးလီသုံးဆယ့်ခြောက်သန်း ရှိတယ်။ ယာမာနတ်တို့၏ အသက်တမ်းက တာဝတိံသာ၏ လေးဆဖြစ်တယ်။ လူတို့၏ နှစ်အားဖြင့် ၁၄၄ သန်း ရှိတယ်။ တုသိတာနတ်တို့၏ အသက်တမ်းက ၅၇၆ သန်း ရှိတယ်။ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အသက်တမ်းက လူတို့၏နှစ်အားဖြင့် ၉၂၁၆ သန်း ရှိတယ်။ အသက်တမ်းအားဖြင့် သာလွန်သလိုပင် အဆင်း

http://www.dhammadownload.com

ချမ်းသာစသည်အားဖြင့်လည်း လူထက်အဆသန်းပေါင်းများစွာ သာလွန်မြင့်မြတ်ကြတယ်။

အဲဒီနတ်တွေ၏ စည်းစိမ်ချမ်းသာထက် သောတာပတ္တိဖိုလ်က သာလွန်မြင့်မြတ်တယ်။ ဘာကြောင့်လဲဆိုလျှင် အဲဒီနတ်တွေက သူတို့၏ အသက်တမ်းရှိသလောက်သာ ချမ်းသာကြတယ်။ အသက်တမ်းကုန်တဲ့အခါ အပါယ်လေးပါးလည်း ကျသွားနိုင်တယ်။ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရာလည်း အပိုင်းအခြား မရှိသေးဘူး။ သောတာပန်မှာတော့ အပါယ်လေးပါးမှလည်း လုံးဝလွတ်တယ်၊ အိုခြင်းအစရှိသော သံသရာဝဋ်ဆင်းရဲတွေကိုလည်း အများဆုံး ခုနစ်ဘဝသာ ခံစားရမယ်။ ခုနစ်ဘဝမြောက်မှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတော့မယ်။ ဒါကြောင့် သာလွန်မြင့်မြတ်တာပါပဲ။

နောက်ပြီးတော့ ဗြဟ္မာတွေဆိုတာက ကာမဂုဏ်ကို ခံစားလိုတဲ့စိတ် မရှိဘူး၊ အင်မတန်ချမ်းသာပါတယ်။ အသက်တမ်းကလည်း ကမ္ဘာနဲ့ချီပြီး ရေတွက်ရတယ်။ ကမ္ဘာ၏ သုံးပုံတစ်ပုံခန့်မှ ကမ္ဘာပေါင်းရှစ်သောင်းလေးထောင်အထိ အသက်ရှည်ကြတယ်။ အဲဒီဗြဟ္မာတွေမှာ ကိုယ်ဆင်းရဲလည်း မရှိဘူး၊ စိတ်ဆင်းရဲလည်း မရှိဘူး၊ အင်မတန်ချမ်းသာကြပါတယ်။ အဲဒီ ဗြဟ္မာ့ချမ်းသာထက်လည်း သောတာပန်အဖြစ်က သာလွန်မြင့်မြတ်တယ်။ ဘာကြောင့်လဲဆိုရင် အဲဒီဗြဟ္မာဟာ ပုထုဇဉ်ဆိုရင် သူ့အသက်တမ်းကုန်တဲ့အခါ ကာမဘဝ ပြန်ရောက်လာမှာပဲ။ ကာမဘဝ ရောက်တော့ မကောင်းမှုကို ပြုမိရင် အပါယ်လေးပါးလည်း ကျရောက်နိုင်သေးတာပဲ။ နောက်ပြီးတော့ မရေမတွက်နိုင်တဲ့ သံသရာဘဝတွေမှာ အိုခြင်း သေခြင်းအစရှိသော ဆင်းရဲဒုက္ခတွေကိုလည်း ခံစားနေရဦးမှာပဲ။ သောတာပန်ကတော့ အပါယ်လည်း မကျတော့ဘူး။ ခုနစ်ဘဝထက် ပိုလွန်ပြီးတော့လည်း သံသရာဝဋ်ဆင်းရဲတွေ

http://www.dhammadownload.com

ကို မခံစားရတော့ဘူး။ ခုနစ်ဘဝမြောက်မှာ ဆင်းရဲခပ်သိမ်းငြိမ်းတဲ့ အနုပါဒိသေသနိဗ္ဗာန်သို့ ဝင်စံရတော့မယ်၊ ဒါကြောင့် သာလွန်မြင့်မြတ်တာပါပဲ။ ဒါကြောင့်

သောတာပတ္တိဖလံ၊ သောတာပန်အဖြစ် သောတာပတ္တိဖိုလ်သည်။ ပထဗျာ ဇကရဇ္ဇေန ဝါ၊ တစ်မြေထောင်လုံးကို အစိုးရသော စကြဝတေးမင်းအဖြစ်ထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေ၏။ သဂ္ဂဿ ဂမနေန ဝါ၊ နတ်ပြည် ဗြဟ္မာ့ပြည်သို့ လားရောက်ရသည်ထက်လည်း။ ဝရံ၊ ကောင်းမြတ်လှပေ၏လို့ ဟောတော်မူတာပါပဲ။ နောက်ပြီးတော့

ဗြဟ္မာမင်းကြီးဖြစ်ရတာထက်လည်း မြတ်တယ်

သဗ္ဗ လောကာဓိပစ္စေန ဝါ၊ တစ်လောကလုံးကို အစိုးရတဲ့ မဟာဗြဟ္မာမင်းကြီး အဖြစ်ထက်လည်း။ ဝရံ၊ သာလွန်ကောင်းမြတ်လှပေသည်လို့လည်း ဟောတော်မူပါတယ်။

မဟာဗြဟ္မာမင်းကြီးဆိုတာ ခုတင်က ပြောခဲ့တဲ့ ဗြဟ္မာတွေထဲက အကြီးအမြတ်ဆုံးဖြစ်တဲ့ ဗြဟ္မာကြီးတွေပါပဲ။ အဲဒီဗြဟ္မာကြီးတွေလည်း ပုထုဇဉ်ဆိုရင် အပါယ်လေးပါးမှ မလွတ်သေးဘူး။ သံသရာဘဝဆင်းရဲတွေကိုလည်း အကန့်အသတ် အပိုင်းအခြားမရှိ ခံစားသွားရဦးမယ်။ သောတာပန်ကတော့ အပါယ်လေးပါးမှလည်း လွတ်ပြီ၊ သံသရာဘဝဆင်းရဲကိုလည်း အများဆုံး ခုနစ်ဘဝသာ ခံစားရမယ်။ ခုနစ်ခုမြောက် ဘဝမှာ ရဟန္တာဖြစ်ပြီး ဆင်းရဲခပ်သိမ်း ငြိမ်းရတော့မယ်။ ဒါကြောင့် သောတာပန်အဖြစ် သောတာပတ္တိမဂ်ဖိုလ်က အဲဒီ ဗြဟ္မာမင်းကြီးအဖြစ်ထက်လည်း မြတ်တာပါပဲ။

အဲဒီဂါထာဖြင့် သိစေလိုရင်းကတော့ အနာထပိဏ်သူဌေးကြီး

http://www.dhammadownload.com

၏သား မောင်ကာလဟာ စကြဝတေးမင်းစည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာ့စည်းစိမ်တို့ထက် သာလွန်မြင့်မြတ်တဲ့ သောတာပတ္တိဖိုလ်ကို ရနေပြီဖြစ်တဲ့အတွက် သူ့ဌေးကြီးက ပေးတဲ့ ငွေတစ်ထောင်ကို အလေးမပြု၊ အရေးမစိုက်တော့ဘဲ မလိုချင်တော့ဘဲ ဖြစ်နေတယ်ဆိုတာဟာ သိစေလိုရင်းပါပဲ။

လမ်းမှား ပယ်ရှားသည်

အဋ္ဌကထာ၊ အဂ်ိရှစ်ပါးရှိသော။ မိစ္ဆာမဂ္ဂ၊ လမ်းမှားကို။ ပဇဟတိ၊ သောတာပတ္တိမဂ်က ပယ်ပါတယ်တဲ့။ သောတာပန်ပုဂ္ဂိုလ်မှာ မိစ္ဆာမဂ် ဆိုတဲ့ လမ်းမှားကို မသွားမိအောင် သောတာပတ္တိမဂ်က ပယ်ထားပါတယ်တဲ့။ သိပ်ကောင်းတာပဲ၊ သောတာပန်ဟာ လမ်းမှားသွားမိမှာ မစိုးရိမ်ရတော့ဘူး။ သမ္မာမဂ်မှာ အဂ်ိရှစ်ပါးရှိသလိုပင် မိစ္ဆာမဂ်ဆိုတဲ့ လမ်းမှားကလည်း အဂ်ိရှစ်ပါးရှိတာပဲ။ ဘာတွေလဲဆိုရင် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပစသော သမ္မာမဂ်၏ အဂ်ိများလိုပင် မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိဆိုတဲ့ ဒီရှစ်ပါးပါပဲ။

သောတာပန်၏အယူ

'မိစ္ဆာဒိဋ္ဌိ' ဆိုတာ မှားသောအမြင် အယူအဆပဲ။ ရုပ်နာမ်အစုမျှကို အသက်ရှင်နေတဲ့ အတ္တကောင် ငါကောင်အနေဖြင့် ထင်မြင်မှားတဲ့ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိမှစပြီး သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ စသည်တွေဟာ မိစ္ဆာဒိဋ္ဌိပါပဲ။ ဒီမိစ္ဆာဒိဋ္ဌိအကြောင်းကိုတော့ ပြောရတာ များလှပါပြီ။ အဲဒါတွေထဲမှာ 'အတ္တကောင်ဟာ ဘယ်တော့မှ မပျက်ဘူး၊ အမြဲတမ်း တည်ရှိနေတယ်' လို့ ယူဆတာက သဿတဒိဋ္ဌိပဲ။

http://www.dhammadownload.com

ဒီဒိဋ္ဌခိုင်မြဲနေရင် ဝိပဿနာတရားကို အားမထုတ်နိုင်ဘူး၊ ဘာကြောင့်လဲ၊ 'အတ္တကောင်ရယ်လို့ မရှိဘူး၊ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်ကို မြင်ရင် ရုပ်နာမ်အစဉ် ချုပ်ငြိမ်းသွားတယ်' ဆိုတာကို အဲဒီသဿတအစွဲ ရှိတဲ့သူက မယုံကြည်တဲ့အတွက်ကြောင့် အားမထုတ်နိုင်တာပါပဲ။ ဒါကြောင့် ဒီလိုခိုင်မြဲတဲ့အယူကို 'မဂ္ဂန္တရာယ်၊ မဂ်ကို မရအောင် အန္တရာယ်ပြုတတ်တယ်' လို့ ဆိုတာပါပဲ။

'မသေခင်သာ ရှိတယ်၊ သေပြီးရင် ဘာမျှမရှိတော့ဘူး။ နောက်ဘဝရယ်လို့ မရှိဘူး' လို့ ယူတာက ဥစ္ဆေဒဒိဋ္ဌိပဲ။ ဒီအယူက နောက်ဘဝ မရှိဘူးလို့ ယူဆထားတဲ့အတွက် နောက်ဘဝအကျိုးကို ရည်မျှော်ပြီး ကုသိုလ်ကိုလည်း ပြုစရာ မလိုဘူး၊ အကုသိုလ်ကိုလည်း ရှောင်ကြဉ်စရာ မလိုဘူး။ ဒါကြောင့် ဥစ္ဆေဒအယူရှိတဲ့သူက 'ကုသိုလ်က်၊ အကုသိုလ်က် မရှိဘူး။ က်၏၊ အကျိုးလည်း မရှိဘူး' လို့ ယူဆထားတယ်။ အဲဒါက မိစ္ဆာဒိဋ္ဌိအကြီးစားပေါ့။

အဲဒီအတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ၊ က် က်၏၊ အကျိုး မရှိလို့ ယူတဲ့ဒိဋ္ဌိတွေကို သမ္မာဒိဋ္ဌိက ပယ်တယ်။ ပယ်ပုံကတော့ က် က်၏၊ အကျိုး ရှိတယ်လို့ သိမြင်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိက က် က်၏၊ အကျိုး မရှိလို့ ယူတဲ့ မိစ္ဆာဒိဋ္ဌိကို ပယ်တယ်။ 'ရုပ်နာမ်မျှသာ ရှိတယ်၊ အကြောင်းနှင့် အကျိုးမျှသာ ရှိတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲ' လို့ သိမြင်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိက အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေကို ပယ်တယ်။ ပယ် ဆိုတာကလည်း အမှန်အတိုင်း သိတဲ့အတွက် အမှားသိတွေ မဖြစ်တော့ဘဲ ကင်းသွားတာကို ဆိုတာပါပဲ။

မြင်ဆဲ၊ ကြားဆဲစသည်မှာ 'မြင်တယ်၊ ကြားတယ်' စသည်ဖြင့် ရှုမှတ်ပြီး သိသိသွားတာဟာ အမှန်သိတွေပဲ။ မမြင်ဘဲ မကြားဘဲနဲ့ 'မြင်တယ်၊ ကြားတယ်' လို့ သိတာမဟုတ်ဘူး၊ တကယ် မြင်တာ ကြားတာစသည်ကို ရှုပြီး သိလို့ အမှန်သိဖြစ်တာပဲ။ 'မြင်တယ်' လို့

http://www.dhammadownload.com

ရှုမှတ်တဲ့အခါ မျက်စိနဲ့အဆင်းက တခြား၊ မြင်သိတာ၊ မှတ်သိတာက တခြား ဒီလိုလည်း ခွဲခြားပြီး သိတယ်။ 'ကြားတယ်' စသည်ဖြင့် ရှုမှတ်တဲ့အခါတွေမှာလည်း နည်းတူပင် ခွဲခြားပြီး သိတယ်။ နောက်ပြီးတော့ 'မျက်စိနဲ့ အဆင်းရှိလို့ မြင်တယ်' စသည်ဖြင့်လည်း သိတယ်။ ကွေးချင်တဲ့စိတ်ရှိလို့ ကွေးမှုဖြစ်တယ်၊ 'သိစရာရှိလို့ သိတယ်' စသည်ဖြင့်လည်း သိတယ်။ အဲဒီလို ရုပ်နဲ့နာမ်မျှ၊ အကြောင်းနဲ့အကျိုးမျှ ရှိတာကို သိတဲ့အတွက် အတ္တကောင် မရှိဘူးဆိုတာ ကိုယ်ပိုင်ဉာဏ်ဖြင့် သိသွားတယ်။ အဲဒီလိုသိတော့ အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ကင်းသွားတယ်။ အထူးအားဖြင့်တော့ အကြောင်းရှိလို့ အသစ်အသစ်ဖြစ်ဖြစ်နေတာကို တွေ့ရရင် ဥစ္ဆေဒဒိဋ္ဌိ ကင်းတယ်၊ ပျက်ပျက်သွားတာကို တွေ့ရရင် သဿတဒိဋ္ဌိ ကင်းတယ်။

ဒါပေမဲ့ ဝိပဿနာကြောင့် ဒိဋ္ဌိကင်းတယ်ဆိုတာက တဒင်္ဂ်၊ ဝိက္ခမ္ဘနအနေဖြင့်သာ ကင်းတာပဲ။ အမြဲတမ်း လုံးဝကင်းတာတော့ မဟုတ်ဘူး။ သောတာပတ္တိမဂ်ရောက်မှ ဒိဋ္ဌိဟူသမျှ လုံးဝကင်းသွားတယ်။ ဒါကြောင့် သောတာပန်မှာ ယခုဘဝတွင်သာ မဟုတ်ဘူး၊ နောက်နောက် ဘဝတွေမှာလည်း မိစ္ဆာဒိဋ္ဌိဟာ မဖြစ်နိုင်တော့ဘူး။ အဲဒါဟာ သောတာပတ္တိမဂ် သမ္မာဒိဋ္ဌိက အမြစ်ပြတ် ပယ်လိုက်တဲ့အတွက်ကြောင့်ပါပဲ။ အဲဒီလိုပယ်ပုံကိုလည်း ရည်ပြီးတော့ သောတာပတ္တိမဂ်က မိစ္ဆာမဂ်ခေါ်တဲ့ လမ်းမှားကို ပယ်တယ်လို့ ဆိုတာပါပဲ။ မိစ္ဆာဒိဋ္ဌိ ကင်းရင် မိစ္ဆာသက်ပွစသော မိစ္ဆာမဂ္ဂင်တွေလည်း ကင်းတော့တာပါပဲ။

သောတာပန်၏အကြံ

မိစ္ဆာသက်ပွဆိုတာ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်ဆိုတဲ့ အကြံဆိုးသုံးပါးပါပဲ။ လိုချင်စရာတွေနဲ့စပ်ပြီး ကြံတာကို

http://www.dhammadownload.com

'ကာမဝိတက်' ခေါ်တယ်။ သောတာပန်မှာ ကာမဂုဏ်ခံစားမှုက မကင်းသေးဘူး၊ ဒါကြောင့် အပါယ်ကျစေနိုင်တဲ့ ကာမအကြံဆိုးကိုသာ သောတာပတ္တိမဂ်က ပယ်တယ်လို့ ယူရတယ်။ ဘယ်လိုအကြံတွေလဲ ဆိုရင် သူတစ်ပါးဥစ္စာကို ခိုးယူဖို့၊ လုယက်ဖို့၊ မတော်မတရား ပြုဖို့၊ လိမ်ဖို့စသည့် ကြဲစည်မှုတွေပါပဲ။ သောတာပန်မှာ အဲဒီလို အပါယ်ကျစေနိုင်တဲ့ လမ်းမှားအကြံမျိုးကို မကြဲဘူး၊ နောက်ပြီးတော့ သောတာပန်မှာ ဒေါသမကင်းသေးတဲ့အတွက် စိတ်ဆိုးမှုတော့ ရှိတန်သလောက် ရှိမှာပဲ။ ဒါပေမဲ့ သူတစ်ပါးအား သေပါစေလို့ ကြဲတဲ့ ဗျာပါဒဝိတက်ကိုတော့ သောတာပတ္တိမဂ်က ပယ်တယ်လို့ ယူရပါတယ်။ ညှဉ်းဆဲဖို့ ကြဲတဲ့ ဝိဟိသဝိတက်ကတော့ အကုန်လုံး ကင်းမှာမဟုတ်ပေဘူး။ နွား၊ မြင်းစသည်နှင့် အလုပ်လုပ်နေရရင် အဲဒီ နွား မြင်းစသည်ကို မောင်းနှင်ရမှုနှင့် စပ်ပြီးဖြစ်တဲ့ အကြံကတော့ မကင်းပေဘူး။ ဒါပေမဲ့ ဆင်းရဲအောင် သက်သက်နှိပ်စက်ဖို့ ကြဲတဲ့ ဝိဟိသဝိတက်မျိုးကတော့ ကင်းသင့်တာပါပဲ။

သောတာပန်၏စကား

ငါးပါးသီလ ဆောက်တည်ကျင့်သုံးတဲ့သူမှာ မုသာဝါဒါဝေရမဏိ သိက္ခာပဒံ သမာဒိယာမိလို့ ဆောက်တည်ပြီးတော့ လိမ်ပြောခြင်းမှ ကြဉ်ရှောင်ရတယ်။ မုသာဝါဒနှင့် အလားတူဖြစ်တဲ့ ကုန်းတိုက်တဲ့စကား၊ ဆဲဆိုစကား၊ အပြိန်အဖျင်းစကားများမှလည်း ကြဉ်ရှောင်ရတယ်။ ဒါကတော့ ဆောက်တည်တဲ့ သမ္မာဝါစာဖြင့် မိစ္ဆာဝါစာကို ပယ်ပုံပါပဲ။ အာဇီဝဋ္ဌမကသီလ ဆောက်တည်ကျင့်သုံးတဲ့သူမှာတော့ ဆောက်တည်ထားတဲ့အတိုင်း ဝစီဒုစရိုက် ၄ ပါးလုံးမှ ကြဉ်ရှောင်ရတယ်။ ဒါလည်း ဆောက်တည်တဲ့သမ္မာဝါစာဖြင့် မိစ္ဆာဝါစာကို ပယ်ပုံပါပဲ။ ဝိပဿနာရှုနေတဲ့ ယောဂီမှာတော့ ရှုမိတဲ့အာရုံတိုင်းနှင့် စပ်ပြီး

http://www.dhammadownload.com

မိစ္ဆာဝါစာကို ပြောဆိုနိုင်ခွင့် မရှိတော့ဘူး။ ဒါကတော့ ဝိပဿနာ သမ္မာဝါစာဖြင့် မိစ္ဆာဝါစာကို ပယ်ပုံပါပဲ။

ဒီလောကီသမ္မာဝါစာတွေကတော့ မိစ္ဆာဝါစာတွေကို အမြစ်ပြတ် မပယ်နိုင်ကြဘူး၊ တဒင်္ဂ၊ ဝိက္ခမ္ဘနအနေဖြင့်သာ ပယ်နိုင်ကြတယ်။ သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာဝါစာကတော့ အပါယ်ကျစေနိုင်တဲ့ မိစ္ဆာဝါစာတွေကို အမြစ်ပြတ်ပယ်သွားတယ်။ ဒါကြောင့် သောတာပန်မှာ အပါယ်ကျစေနိုင်တဲ့ လိမ်မှုစသော ဝစီဒုစရိုက်တွေ လုံးဝကင်းတယ်။ ဒါပေမဲ့ 'မိစ္ဆာသင်္ကပ္ပ၊ ပိသုဏဝါစာ၊ ဖရုသဝါစာတို့ကို အနာဂါမိမဂ်က အကြွင်းမဲ့ပယ်တယ်။ သမ္ဖပ္ပလာပ၊ မိစ္ဆာဝါယာမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိတို့ကို အရဟတ္တမဂ်က အကြွင်းမဲ့ပယ်တယ်'လို့ ဝိသုဒ္ဓိမဂ် (၃၊ ၃၂၅) မှာ ပြဆိုထားတဲ့အတွက် အပါယ်ကျစေနိုင်လောက်အောင် မဆိုးတဲ့ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပများကတော့ သောတာပန်မှာ ဖြစ်နိုင်သေးတယ်လို့ ယူရပါတယ်။

သောတာပန်၏အလုပ်

ငါးပါးသီလ ဆောက်တည်ကျင့်သုံးတဲ့သူမှာ သတ်မှုစသော ကာယဒုစရိုက်မှ ကြဉ်ရှောင်မှု၊ သမ္မာကမ္မန္တ ဝိရတီမဂ္ဂင်ဖြင့် သတ်မှု၊ ခိုးမှု၊ မတရား ကျူးလွန်မှုဆိုတဲ့ မိစ္ဆာကမ္မန္တကို ပယ်တယ်။ ဝိပဿနာယောဂီမှာတော့ ရှုမိတဲ့အာရုံတိုင်းနှင့်စပ်ပြီး သတ်မှုစသော ကာယဒုစရိုက်ကို ပြုနိုင်ခွင့် မရှိတော့ဘူး။ အဲဒါကတော့ ဝိပဿနာသမ္မာကမ္မန္တဖြင့် မိစ္ဆာကမ္မန္တကို တဒင်္ဂအလိုဖြင့် ပယ်တာပဲ။ သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာကမ္မန္တမဂ္ဂင်ကတော့ သတ်မှုအစရှိသော မိစ္ဆာကမ္မန္တ ကာယဒုစရိုက်ကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်သွားတယ်။ ဒါကြောင့် သောတာပန်မှာ သတ်ခြင်း၊ ခိုးယူလုယက်ခြင်း၊ မပိုင်မဆိုင်သော ကာမဂုဏ်တို့၌ မတရား ကျူးလွန်ခြင်းဆိုတာ လုံးဝမရှိတော့ဘူး။

http://www.dhammadownload.com

သောတာပန်၏အသက်မွေးမှု

သီလကို ရိုရိုသေသေ စောင့်ရှောက်နေတဲ့သူဟာ သတ်ခြင်း၊ ခိုးခြင်း၊ လိမ်ခြင်းစသော ကိုယ်အမှု နှုတ်အမှုများဖြင့် စီးပွားမရှာဘူး၊ တရားသဖြင့် ရှာကြံ၍ရသော စင်ကြယ်တဲ့ပစ္စည်းဖြင့်သာ အသက်မွေးတယ်။ အဲဒါဟာ ဆောက်တည်ကျင့်သုံးတဲ့ သမ္မာအာဇီဝသီလဖြင့် မိစ္ဆာအာဇီဝ ကင်းနေပုံပါပဲ။ ဝိပဿနာယောဂီမှာတော့ ရှုမိသော အာရုံတိုင်းနှင့်စပ်ပြီး မတရားသောနည်းဖြင့် စီးပွားရှာမှုဖြစ်ခွင့် မရှိတော့ဘူး။ အဲဒါကတော့ ဝိပဿနာ၌ ပါဝင်ပြီးစီးသော သမ္မာအာဇီဝဖြင့် မိစ္ဆာအာဇီဝ ကင်းပုံပါပဲ။ သောတာပတ္တိမဂ်မှာပါတဲ့ သမ္မာအာဇီဝမဂ္ဂင်ကတော့ မတရားသော ပစ္စည်းရှာမှု မိစ္ဆာအာဇီဝဟူသမျှကို အကြွင်းမဲ့ အမြစ်ပြတ် ပယ်သွားတယ်။ ဒါကြောင့် သောတာပန်မှာ မတရားသဖြင့် ပစ္စည်းရှာမှု လုံးဝကင်းတယ်။

ဒီနေရာမှာ ဒုစရိုက်နှင့် ဒုရာဇီဝကို ဒီလိုခွဲခြားရတယ်။ အသက်မွေးဝမ်းကျောင်းနှင့် မဆိုင်တဲ့ ကာယက်၊ ဝစီက် မကောင်းမှုကို ဒုစရိုက်လို့ခေါ်တယ်။ အဲဒီဒုစရိုက်မှ ကြဉ်ရှောင်တာကို သမ္မာကမ္မန္တ၊ သမ္မာဝါစာခေါ်တယ်။ အသက်မွေးဝမ်းကျောင်းနှင့် စပ်ဆိုင်တဲ့ ကာယက်၊ ဝစီက် မကောင်းမှုကို ဒုရာဇီဝ ခေါ်တယ်။ အဲဒီ ဒုရာဇီဝမှ ကြဉ်ရှောင်တာကို သမ္မာအာဇီဝခေါ်တယ်။ ဒုရာဇီဝဆိုတာ မကောင်းတဲ့ အသက်မွေးမှုပါပဲ။ မိစ္ဆာအာဇီဝ၊ မှားသော အသက်မွေးမှုလို့လည်း ခေါ်ပါတယ်။

သောတာပန်၏ အားထုတ်မှု

အကုသိုလ်နှင့် စပ်ဆိုင်တဲ့ အမှုကိစ္စတွေကို ကြဲတိုင်း၊ ပြောတိုင်း၊ ပြုတိုင်း 'မိစ္ဆာဝါယာမ' ဆိုတဲ့ မှားယွင်းစွာ အားထုတ်မှုပါတယ်။

http://www.dhammadownload.com

သူမပါရင် ဘယ်အကုသိုလ်အမှုမှ မဖြစ်နိုင်ဘူး၊ ကုသိုလ်နှင့် စပ်ဆိုင်တဲ့ အမှုကိစ္စတွေကို ကြဲတိုင်း၊ ပြောတိုင်း၊ ပြုတိုင်း သမ္မာဝါယာမဆိုတဲ့ မှန်စွာအားထုတ်မှု ပါတယ်။ အကုသိုလ်စိတ်တွေ ဖြစ်ခွင့်မရအောင် စာပေကြည့်ရှုခြင်း၊ မပြတ်ရှုမှတ်ခြင်းများကို ပြုလုပ်နေတဲ့အခါ သမ္မာဝါယာမဖြင့် မိစ္ဆာဝါယာမကို ပယ်နေတာပဲ။ အထူးအားဖြင့် ဝိပဿနာယောဂီမှာ ရှုမှတ်မှုဖြစ်အောင် ကြောင့်ကြစိုက်မှုဟာ မှတ်ချက်တိုင်း၌ ပါဝင်နေတယ်။ အဲဒီလို ကြောင့်ကြစိုက်မှု သမ္မာဝါယာမ မရှိရင် ရှုမှတ်မှုဟာ မဖြစ်နိုင်ဘူး၊ အဲဒီကြောင့်ကြစိုက်မှု လျော့နေတဲ့အခါ မရှုမိဘဲ လွတ်လွတ်သွားတတ်တယ်။ သူ အားကောင်းနေတဲ့အခါ မရှုမိတာရယ်လို့ မရှိဘဲ အကုန်လုံး ရှုမှတ်မိလျက်ချည်း ဖြစ်နေတယ်။ အဲဒီလို ရှုမိတိုင်း သမ္မာဝါယာမက မိစ္ဆာဝါယာမကို ပယ်နေတာပဲ။ အဲဒီလိုအခါမှာ ရှုတိုင်း ဖြစ်ပြီး အကုသိုလ်ကိုလည်း မဖြစ်အောင် အားထုတ်နေသည် မည်တယ်။ မဖြစ်သေးတဲ့ အကုသိုလ်လည်း မဖြစ်အောင် အားထုတ်နေသည် မည်တယ်။ မဖြစ်သေးတဲ့ ဘာဝနာကုသိုလ်နဲ့ မဂ်ကုသိုလ်ကိုလည်း ဖြစ်အောင် အားထုတ်နေသည် မည်တယ်။ ဖြစ်ပြီး ဘာဝနာကုသိုလ်ကို တည်တံ့အောင်၊ တိုးပွားအောင်၊ အရိယမဂ်အရောက် ပြည့်စုံသွားအောင် အားထုတ်နေသည်လည်း မည်တယ်။

သောတာပတ္တိမဂ်မှာ ပါတဲ့ သမ္မာဝါယာမကတော့ အပါယ်ကျစေနိုင်တဲ့ မိစ္ဆာဝါယာမကို ပယ်သွားတယ်။ ဒါကြောင့် သောတာပန်ဟာ အပါယ်ကျစေနိုင်တဲ့ သတ်မှု၊ ခိုးမှုစသည်တွေကို အားမထုတ်ဘဲ ရှိနေတာပဲ။

သောတာပန်၏ သတိ

'မိစ္ဆာသတိ' ဆိုတာ အကုသိုလ်အမှုတွေကို စိတ်ပါဝင်စားပြီး အမှတ်ရတဲ့ စေတသိက်အပေါင်းပါပဲ။ ရှေးက ပျော်ပါးခဲ့ ပြုလုပ်ခဲ့တဲ့

http://www.dhammadownload.com

အကုသိုလ်အမှုတွေကို အားရကျေနပ်တဲ့အနေနဲ့ အမှတ်ရတာဟာ မိစ္ဆာသတိပဲ။ ခင်မင်ရင်းနှီးတဲ့ သူတွေအကြောင်းကို ပြန်လည်သတိရတာလည်း မိစ္ဆာသတိပဲ။ အကုသိုလ်အမှုကို ပြုဖို့ရာ သတိရတာလည်း မိစ္ဆာသတိပဲ။ အဲဒီမိစ္ဆာသတိကို ကုသိုလ်ရေးရာမှာ အမှတ်ရတဲ့ သမ္မာသတိက ပယ်တယ်၊ ဘုရားဂုဏ်တော်စသည်ကို အမှတ်ရတဲ့ သမ္မာသတိကလည်း ပယ်တယ်။ ဝိပဿနာယောဂီမှာ မြင်မှု၊ ကြားမှု စသည်ကို ရှုမှတ်မိတိုင်း ပါဝင်တဲ့ သမ္မာသတိက အလွဲကို အမှတ်ရ အောက်မေ့မည့် မိစ္ဆာသတိကို ပယ်တယ်။ သောတာပတ္တိမဂ်မှာ ပါတဲ့ သမ္မာသတိကတော့ အပါယ်လေးပါး ကျစေနိုင်တဲ့ အကုသိုလ်ကိစ္စတွေ အမှတ်ရမည့် မိစ္ဆာသတိကို အမြစ်ပြတ် ပယ်သွားတယ်။ ဒါကြောင့် သောတာပန်မှာ အဲဒီလို အကုသိုလ်ကိစ္စတွေကို ပြုလုပ်ဖို့ အမှင်္ကမရှာဘဲ ရှိနေတယ်။ ဒါပေမဲ့ အပါယ်မကျစေနိုင်တဲ့ အကုသိုလ်ကိစ္စ အသေး အဖွဲများကိုတော့ ပြုဖို့ အမှတ်ရသေးတာပါပဲ။

သောတာပန်၏ သမာဓိ

'မိစ္ဆာသမာဓိ' ဆိုတာက ကာမဂုဏ်အရေး၊ သတ်ရေး၊ ခိုးရေး၊ ပျော်ရေးစသော အကုသိုလ်ဆိုင်ရာကိစ္စတွေ ကြံနေတဲ့အခါ၊ ပြောနေတဲ့အခါ၊ ပြုလုပ်နေတဲ့အခါ စိတ်တည်ကြည်မှုပါပဲ။ အဲဒီလို စိတ်တည်ကြည်မှု မရှိရင် ကြံမှု၊ ပြောမှု၊ ပြုမှုတွေ မပြီးမြောက်နိုင်ဘူး။ အဲဒီ မိစ္ဆာသမာဓိကို ကုသိုလ်ကိစ္စ၌ တည်နေတဲ့ သမ္မာသမာဓိက ပယ်တယ်။ ဘုရားဂုဏ်စသည်ကို အာရုံပြုနေတဲ့ သမ္မာသမာဓိကလည်း ပယ်တယ်။ ဝင်သက် ထွက်သက် အာရုံ၊ ကသိုဏ်းစသော သမထအာရုံ၌ တည်နေတဲ့ သမ္မာသမာဓိကလည်း ပယ်တယ်။ ဈာန်သမာဓိတွေကတော့ အဲဒီ မိစ္ဆာသမာဓိကို အဖြစ်ဝေးကွာသွားအောင်လည်း ပယ်တယ်။ ဝိပဿနာယောဂီမှာ ရှုမိတဲ့အာရုံ အခိုက်အတန့်မျှ တည်တည်နေတဲ့ ခဏိက

http://www.dhammadownload.com

သမာဓိကလည်း အဲဒီမိစ္ဆာသမာဓိကို ပယ်တာပဲ။ သောတာပတ္တိ မဂ်မှာ ပါတဲ့ သမ္မာသမာဓိကတော့ အပါယ်ကျစေနိုင်တဲ့ မိစ္ဆာသမာဓိ ဟူသမျှကို ပယ်တယ်။

ဒါကြောင့် 'အင္ဂဏိကံ၊ အဂ်ါရုစ်ပါးရှိသော။ မိစ္ဆာမဂ္ဂံ၊ လမ်းမှား ကို။ ပဇဟတိ၊ သောတာပတ္တိမဂ်က ပယ်သည်' လို့ ဝိသုဒ္ဓိမဂ်က ပြ ဆိုထားတာပါပဲ။ အဲဒါကို ဆောင်ပုဒ်စီထားတယ်။

(၆) အဂ်ါရုစ်ပါး၊ မဂ်လမ်းမှား၊ ပယ်ရှားသုတ်သင်သည်။

မိစ္ဆာမဂ်ဆိုတဲ့ မဂ်လမ်းမှားက ဘယ်ရောက်စေတတ်သလဲဆိုရင် အပါယ်လေးပါးလည်း ရောက်စေတယ်။ လူ့ဘဝ ရောက်လာရင်လည်း အသက်တိုခြင်း၊ အနာများခြင်း၊ စားဝတ်နေရေး မပြည့်စုံခြင်း စသည်ဖြင့် အတိဒုက္ခရောက်စေတတ်တယ်။ ဟိုတစ်နေ့က ပြောခဲ့တဲ့ သုပ္ပဗုဒ္ဓသူနု ဟာ တစ်ခုသောဘဝက ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို လူနှုတ်ကြီးလို့ ပြစ်မှား ခဲ့တဲ့ ဖရသဝါစာ မိစ္ဆာမဂ္ဂင်ကြောင့် ငရဲလည်းကျရောက်ခဲ့ရတယ်၊ အဲဒီ မိစ္ဆာဝါစာကို ပြောဆိုရာမှာ မိစ္ဆာသက်ပွဖြင့် မတော်ရာကြိမ္မ အကူအညီ လည်း ပါတယ်။ မတော်တဲ့စကားကို ပြောဆိုရန် အားထုတ်မှု၊ အမှတ်ရ မှု၊ စိတ်တည်မှုဆိုတဲ့ မိစ္ဆာဝါယာမ၊ သတိ၊ သမာဓိမဂ္ဂင် အကူအညီတွေ လည်း ပါတယ်။ အဲဒီ မိစ္ဆာမဂ္ဂင်များဖြင့် ဆဲရေးမိတဲ့အတွက် ငရဲကျပြီး တဲ့နောက် လူ့ဘဝရောက်လာတဲ့အခါ အလွန်ဆင်းရဲတဲ့ နုနာရောဂါသည် ကြီး ဖြစ်ရတယ်။ တစ်ခုသောဘဝက မိန်းမတစ်ယောက်ကို သတ်ခဲ့မိလို့ ဘဝများစွာမှာ အဲဒီမိန်းမ၏ အသတ် ခံရတယ်။ အဲဒါလည်း မိစ္ဆာသက်ပွ စသော အကူအညီများနှင့်တကွ မိစ္ဆာကမ္မဿကဆိုတဲ့ မဂ်လမ်းမှားကြောင့်ပဲ။

သောတာပန်မှာတော့ အဲဒီလို (အပါယ်ကျစေနိုင်တဲ့အပြင်၊ လူဆင်းရဲဘဝသို့လည်း ရောက်စေနိုင်တဲ့) မိစ္ဆာမဂ္ဂင်တွေကို သောတာ ပတ္တိမဂ်က ပယ်ပါတယ်။ ဒါကြောင့် (သောတာပန်မှာ အပါယ်လေးပါး သို့ မကျရောက်နိုင်သည့်အပြင် ဆင်းရဲတဲ့လူ့ဘဝ နတ်ဘဝဆိုတဲ့ ယုတ်

http://www.dhammadownload.com

ညံ့တဲ့ ဘဝများသို့လည်း မရောက်ရတော့ဘူး။ အင်မတန် ကောင်းတာပါပဲ) ယခု ယောဂီတွေ ရှုမှတ်နေကြရတာဟာ အဲဒီလို အင်မတန် ကောင်းတဲ့အဆင့်ကို ရောက်အောင် ရှုမှတ်နေကြရတာပဲ။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းစေသည်

နောက်ပြီးတော့ 'သဗ္ဗဝေရာဘယာနိ၊ အလုံးစုံသော ရန်ဘေးတို့ကို။ ဂူပသမေတိ၊ သောတာပတ္တိမဂ်က ငြိမ်းစေပါတယ်' တဲ့။ ဝေရ ဆိုတာ ရန်သူပဲ။ ဘယ ဆိုတာ ကြောက်ဖွယ်ဘေးပဲ။ အဲဒီရန်သူနဲ့ ဘေးကို သံယုတ်အဋ္ဌကထာ (၃၊ ၆၈) မှာ 'အတ္ထတောဇက်၊ အနက် အရအားဖြင့် အတူတူပဲ' လို့ ပြဆိုထားပါတယ်။ (၁) ပါဏာတိပါတ၊ သူ့အသက်သတ်ခြင်းက တစ်ပါး၊ (၂) အဒိန္နာဒါန၊ သူ့ဥစ္စာခိုးခြင်းက တစ်ပါး၊ (၃) ကာမေသုမိစ္ဆာစာရ၊ မပိုင်မဆိုင်သော မေထုန်ကာမတို့၌ ကျူးလွန်သည်က တစ်ပါး၊ (၄) မုသာဝါဒ၊ လိမ်ပြောခြင်းက တစ်ပါး၊ (၅) သုရာမေရယ မဇ္ဇပမာဒဋ္ဌာန၊ သေရည် အရက်စသည်ကို သောက်သုံးခြင်းက တစ်ပါး၊ ဒီငါးပါးပါပဲ။ ဝေရ၊ ရန်သူဆိုတာလည်း သတ်ခြင်း စသော ဒီအကုသိုလ်စေတနာ ငါးပါးပဲ။ ဘယ၊ ဘေးဆိုတာလည်း ဒီအကုသိုလ်စေတနာ ငါးပါးပဲ။ ဒါကြောင့် 'ဝေရာဘယ၊ ရန်ဘေးအားလုံးတို့ကို သောတာပတ္တိမဂ်က ငြိမ်းစေတယ်'ဆိုတဲ့ ဝိသုဒ္ဓိမဂ် စကားဟာ ဒီအကုသိုလ်စေတနာ ငါးပါးကိုပင် ရည်ရွယ်တယ်လို့ ယူသင့်ပါတယ်။ အဲဒီအဆိုကို ခိုင်ခိုင်မြဲမြဲ မှတ်ယူနိုင်အောင် အဂုံတွာရ ပါဠိကို ထုတ်ပြပါဦးမယ်။

ဂဟပတိ၊ အနာထပိဏ်သူဌေး။ ပဋ္ဌ၊ ငါးပါးကုန်သော။ ဘယာနိ၊ ဘေးတို့ကို။ ဝေရာနိ၊ ရန်သူတို့ကို။ အပ္ပဟာယ၊ မပယ်လျှင်။ ဒုဿီလော ဟုတိ၊ သီလမရှိသူဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိရယဋ္ဌ၊ ငရဲသို့လည်း။

http://www.dhammadownload.com

ဥပဓိတို၊ ရောက်၏။ ကတမာနိ ပဉ္စ၊ အဘယ်ငါးပါးတို့ကိုနည်း ဟူမူ။ ပါဏာတိပါတာ၊ သတ်ခြင်းကိုလည်းကောင်း။ အဒိန္နာဒါနံ၊ ခိုး ခြင်းကိုလည်းကောင်း။ ကာမေသုမိစ္ဆာစာရာ၊ မေထုန်ကာမတို့၌ မှားယွင်း ကျူးလွန်ခြင်းကိုလည်းကောင်း။ မုသာဝါဒံ၊ လိမ်ခြင်းကိုလည်းကောင်း။ သုရာမေရယ မဒ္ဇပမာဒဋ္ဌာနံ၊ မူးယစ်မေ့လျော့ကြောင်း သေရည်အရက် သောက်စားခြင်းကိုလည်းကောင်း။ ဣမာနိ၊ ဤငါးပါးတို့ကို မပယ်လျှင် ဟု ဆိုလို၏။

ဂဟပတိ၊ အနာထပိဏ်သူဌေး။ ပဉ္စ ဝေရာနိ ဘယာနိ ပဟာယ၊ ငါးပါးသော ရန်ဘေးတို့ကို ပယ်လျှင်။ သီလဝါ ဣတိ ဝုစ္စတိ၊ သီလ ရှိသူဟူ၍ ဆိုအပ်၏။ သုဂတိဥ္ဆ ဥပဓိတို၊ လူ့ဘဝ နတ်ဘဝဟူသော သုဂတိသို့လည်း ရောက်၏ စသည်ဖြင့်။

အင်္ဂုတ္တရပါဠိ (၃၊ ၁၈၀) မှာ ဟောထားပါတယ်။ သံယုတ် ပါဠိ (ပ၊ ၂၉၇) မှာလည်း ပဉ္စဝေရဘယသုတ်ဆိုတဲ့ အမည်ဖြင့် အလားတူပင် ဟောထားပါတယ်။ ပါဠိအနေအထား အနည်းငယ်မျှသာ ထူးခြားပါတယ်။

အဲဒီပါဠိအဖွင့်ကတော့ သံယုတ်အဋ္ဌကထာ (၃၊ ၆၈) မှာ အကျယ်ရှိပါတယ်။ ဘယံ ဝေရန္တိ အတ္ထတော ဧကံ ဟူ၍လည်း အဲဒီ အဋ္ဌကထာမှာ ဘေးနှင့်ရန် အရုတူပဲလို့ ပြဆိုထားပါတယ်။ ဒါကြောင့် သတ်ခြင်း၊ ခိုးခြင်း၊ ကာမတို့၌ မှားယွင်းကျူးလွန်ခြင်း၊ လိမ်ခြင်း၊ သေရည်အရက် သောက်စားခြင်းဆိုတဲ့ ဒီအကုသိုလ်စေတနာ ငါးပါးကို ပင် ဝေရ၊ ရန်သူလို့လည်း ဆိုတယ်။ ဘယ၊ ဘေးလို့လည်း ဆိုတယ်။ နောက်ပြီးတော့ အဲဒီအကုသိုလ်စေတနာငါးပါးကို ပယ်ပြီး ဖြစ်တဲ့သူကို သောတာပန်လို့လည်း အဲဒီသုတ်တွေမှာ ဟောထားပါတယ်။ ဒါကြောင့် 'ရန်ဘေးအားလုံးတို့ကို သောတာပတ္တိမဂ်က ငြိမ်းစေတယ်' လို့ ဆိုတဲ့ ဝိသုဒ္ဓိမဂ်စကားဟာ သတ်ခြင်းအစရှိသော ဒီအကုသိုလ် စေတနာ

http://www.dhammadownload.com

ငါးပါးကိုပင် ဆိုတယ်လို့ ယူသင့်ပါတယ်။ အဲဒီ ဝိသုဒ္ဓိမဂ် အဆိုကို 'ဘေးရန်ခပ်သိမ်း၊ ရောင်ခွာတိမ်း၊ ကင်းငြိမ်းစေပါသည်'လို့ ဆောင်ပုဒ် စီထားပါတယ်။

သတ္တဝါကို သတ်ခြင်းအစရှိသော သီလပျက်ကြောင်း အကုသိုလ်စေတနာ ငါးပါးဟာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဘဝများသို့လည်း ကျရောက်စေတတ်တယ်။ ကုသိုလ်ကံကြောင့် လူ့ဘဝ နတ်ဘဝ ရောက်တဲ့အခါလည်း အသက်တိုခြင်း၊ အနာများခြင်းစသည်ဖြင့် ဆင်းရဲစေတတ်တယ်။ ဒါကြောင့် ကြောက်စရာဘေးလည်း မည်တယ်။ ကိုယ်တွင်းရန်သူလည်း မည်တယ်။ အဲဒီကိုယ်တွင်းရန်သူနဲ့ ကြောက်စရာဘေးများကို သောတာပတ္တိမဂ်က ကင်းငြိမ်းစေပါတယ်တဲ့။ အဲဒါက တော့် ရှင်းနေပါပြီ။ ဒါပေမဲ့ မူလပဏ္ဏာသအဋ္ဌကထာ (ခု၊ ၂၂) အဂုံ၌ အဋ္ဌကထာ (တ၊ ၃၂) တို့မှာ အရဟတ္တမဂ်ဖိုလ်ဖြင့် သက္ကာယကို မပယ်ရသေးလျှင် (ပဋ္ဌဝိသတိမဟာဘယ) ဘေးကြီး ၂၅ ပါးတို့မှ မလွတ်သေးကြောင်း ပြဆိုထားချက် ရှိပါသေးတယ်။

အဲဒီမှာ အဖွင့်ဋီကာများက ယင်းဘေးကြီး ၂၅ ပါးကို 'ရာဇဘယ စသည်တို့ပင်'လို့ ဒါလောက်သာ ပြဆိုထားပါတယ်။ နောက်ပြီး တော့ ဝိသုဒ္ဓိမဂ်၏ အဖွင့်ဋီကာမှာလည်း (ပါဏာတိပါတာဒိ ပဋ္ဌဝေရာနိ စေဝ ပဋ္ဌဝိသတိ မဟာဘယာနိ စာတိ သဗ္ဗဝေရဘယာနိ) သတ္တဝါကို သတ်ခြင်းအစရှိသော ရန်ငါးပါးနှင့် ဘေးကြီး ၂၅ ပါးဟူသော ရန်ဘေးအားလုံးတို့ကို ငြိမ်းစေသည် လို့ ပြဆိုထားချက် ရှိပါတယ်။ အဲဒီအဋ္ဌကထာ၊ ဋီကာတို့မှာ ဘေး ၂၅ ပါး၏ သရုပ်ကို တော့ ပြဆိုထားချက် မရှိဘူး၊ ဒါကြောင့် ဒီဘေးကြီး ၂၅ ပါးဆိုတာက ဘာတွေလဲ၊ အဲဒီဘေးတွေကို သောတာပတ္တိမဂ်က ဘယ်လိုငြိမ်းစေသလဲ ဆိုတာ စိစစ်ပြဖို့ လိုပါသေးတယ်။

http://www.dhammadownload.com

ဘေးကြီး ၂၅ ပါး စိစစ်ချက်

မိလိန္ဒပဉှာကျမ်း (နှာ၊ ၁၉၄) မှာ ဗျသနင်းပါးနှင့် ဘေး ၂၀ တို့ကို တစ်ပေါင်းတည်း ပြထားတာ ရှိပါတယ်။ အဲဒီ ၂၅ ပါးကို ပင် ဘေး ၂၅ ပါး အဖြစ်ဖြင့် သံဝေဂဝတ္ထုဒီပနီကျမ်းမှာ ထုတ်ပြပြီး တော့ ပရိတ်ကြီးထဲမှ ရာဇတော ဝါ မှ ရက္ခသာဒီဟိ အထိ ဘေး ၂၈ ပါး [ယခုလက်ရှိ ပရိတ်ကြီးစာအုပ်တို့၌ (၂၉) ပါး ရှိနေသည်။ ထို့ကြောင့် မဏိသပ္ပ ယက္ခ ရက္ခသတို့ကို တူရာ၌ သွင်း၍ယူသော် လည်း (၂၆) ပါးပင် ရှိနေ၏။ ပိသာစတော ဟူသော တစ္ဆေ၊ မြေ ဘုတ် ဘေးကိုလည်း အမနုဿဘေးထဲမှာ သွင်းယူမှ ဘေး ၂၅ ပါး အတိအကျ ဖြစ်မည်] ရှိနေရာတွင် မဏိသပ္ပ၊ မြွေစိမ်းကို။ အဟိ၊ မြွေ၌သွင်း၍လည်းကောင်း၊ ယက္ခ ရက္ခသ၊ ဘီလူးနှင့် ရက္ခိုဿ်တို့ကို အမနုဿ၊ ဘီလူးဘေး၌ သွင်း၍လည်းကောင်း၊ ဘေး ၂၅ ပါးကို တစ်နည်းပြထားပါတယ်။ အဲဒီလို နှစ်နည်းပြထားရာမှာ မိလိန္ဒပဉှာ က ပြထားတဲ့ ဘေးများကို အဋ္ဌကထာ ဋီကာတို့က ရည်ရွယ်ခဲ့ဟန် ရှိပါတယ်။ နောက်ပြီးတော့ အဘိဓမ္မာဝိဘင်းပါဠိမှာ ပြဆိုချက်က သာ၍ခိုင်မာလိမ့်မည်လို့လည်း ထင်ပါတယ်။ အဲဒီပြဆိုချက်ဟာလည်း မိလိန္ဒပဉှာ ပြဆိုချက်နှင့် အများအားဖြင့် တူညီပါတယ်။ ဒါကြောင့် ဝိဘင်းပါဠိတော်မှ ပြဆိုချက်ကို အရင်းခံပြုပြီး ထုတ်ပြပါမယ်။

(၁) ဇာတိဘေး၊ (၂) ဇရာဘေး၊ (၃) ဗျာဓိဘေး၊ (၄) မရဏ ဘေး ဒီ ၄ ပါးကို ဘေး ၄ ပါးအနေဖြင့် ဝိဘင်းပါဠိမှာ ရှေးဦးစွာ ဟောထားပါတယ်။ သောတာပန်မှာ ခုနစ်ဘဝအထိ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ဘေး ၄ ပါးနှင့် တွေ့နိုင်သေးသောကြောင့် 'သောတာပတ္တိမဂ်က ဒီပထမ ဘေး ၄ ပါးကို လုံးဝပယ်တယ်'လို့ တော့ မဆိုနိုင်ပေဘူး။ 'ခုနစ်ဘဝထက် ပိုလွန်ပြီး တွေ့ရမည့် အဲဒီ ဘေး ၄ ပါးကို ပယ်တယ်' လို့ ယူရင်တော့ သင့်ဖွယ်ရှိပါတယ်။

http://www.dhammadownload.com

(၅) မင်းဘေး၊ (၆) ခိုးသူဘေး၊ (၇) မီးဘေး၊ (၈) ရေဘေး ဒီ ၄ ပါးကို ဒုတိယ ဘေး ၄ ပါးအနေဖြင့် ဟောထားပါတယ်။ ဒီ ၄ ပါးလည်း မျက်မှောက်ဘဝမှာ ငြိမ်းဖို့ကတော့ မသေချာပါဘူး။ သောတာပတ္တိမဂ်၏ အစွမ်းကြောင့် နောက်ဘဝများမှာ ကင်းတယ်လို့ ယူရင်လည်း သင့်စရာ ရှိပါတယ်။ သို့မဟုတ် ခုနစ်ဘဝထက် ပိုလွန်ပြီး ဖြစ်မည့်ဘဝများနှင့်စပ်၍ တွေ့ကြုံရမည့်ဘေးများ ကင်းတယ်လို့ ယူရင်လည်း သင့်စရာ ရှိပါတယ်။

(၉) လှိုင်းဘေး၊ (၁၀) မိကျောင်းဘေး၊ (၁၁) ဝဲဘေး၊ (၁၂) ငါးကြမ်းဘေး၊ ဒီ ၄ ပါးကို တတိယဘေး ၄ ပါးအနေဖြင့် ဟောထားပါတယ်။ အဲဒီဘေး ၄ ပါးကတော့ တိုက်ရိုက်အားဖြင့် မြစ်ရေ၊ ပင်လယ်ရေများသို့ ကူးသွားတဲ့သူများနှင့်သာ ဆိုင်ပါတယ်။ သို့သော်လည်း မြတ်စွာဘုရားအလိုတော်ကတော့ အဲဒီ ၄ ပါးကို ဥပမာအဖြစ် ထားပြီး ဟောတော်မူလိုရင်း ဖြစ်ပါတယ်။ ဘယ်လိုလဲဆိုတော့ကာ ဘဝအသစ်ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းစသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရန် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရား သာသနာတော်မှာ ရဟန်းပြုလာတယ်၊ အဲဒီလို ရဟန်းပြုလာတဲ့ပုဂ္ဂိုလ်အား ဆရာသမား ရဟန်းတော်များက နေရေး၊ ထိုင်ရေး၊ သွားလာရေး၊ သင်္ကန်းဝတ်ရုံရေး၊ စားသောက်ရေးမှစပြီး ကျင့်ဝတ်တွေကို သင်ပြပေးကြရတယ်။ အဲဒီလို သင်ပြပေးတဲ့ရဟန်းများက ခပ်ငယ်ငယ်လည်း ဖြစ်နေတတ်ပါတယ်။

ရဟန်းပြုလာခါစ **ရဟန်းအသစ်က** အရွယ်ကြီးသူ၊ လူ့ဘဝတုန်းက အဆင့်အတန်းမြင့်ခဲ့သူလည်း **ဖြစ်တတ်**ပါတယ်။ အဲဒီတော့ ရဟန်းသစ်က 'ငါတို့ဟာ လူ့ဘဝတုန်းက သူများတွေကို ဆုံးမညွှန်ကြားလာခဲ့တဲ့သူပဲ၊ ယခုတော့ ဘာမဟုတ်တဲ့ ကိုယ်တော်ကလေးတွေက ငါတို့အား ဆရာလုပ်ပြီး ညွှန်ကြားနေတယ်။ ဒီအတိုင်းဆိုရင်တော့ ရဟန်းဘဝ

http://www.dhammadownload.com

မနေချင်တော့ဘူး' လို့ သည်းမခံနိုင်တဲ့ ဒေါသစိတ်တွေဖြစ်ပြီး သာသနာတော်မှ လူထွက်သွားပါရော့တဲ့၊ အဲဒါဟာ ဘုရားလက်ထက်တော်ကာလက ဖြစ်ဖူးတဲ့ ပုံစံပါပဲ။ အဲဒီလို သည်းမခံနိုင်လို့ လူ့ဘောင်ပြန်ထွက်သွားတာဟာ မြစ်ထဲ ပင်လယ်ထဲက လှိုင်းဒဏ်မခံနိုင်လို့ နစ်မြုပ်ရတာနဲ့ တူပါတယ်တဲ့။ ဒါကြောင့် အဲဒါကို လှိုင်းဘေးလို့ တင်စားပြီး ဟောတော်မူပါတယ်။ ယခုကာလမှာလည်း ဒုလ္လဘရဟန်း ပြုကြရာမှာ ရဟန်းငယ်များ၏ ဆုံးမညွှန်ကြားချက်ကို သည်းမခံနိုင်လို့ ဒေါသဖြစ်ပြီး မူလက ရည်မှန်းထားတဲ့ ရက်မစေ့ခင် လူထွက်သွားရန် အဲဒီလှိုင်းဘေးသင့်တယ်လို့ ဆိုရမှာပဲ။

နောက်ပြီးတော့ သာသနာတော်မှာ ရဟန်းပြုလာခါစပုဂ္ဂိုလ်အား ဆရာသမားများက 'ဒီလိုဟာ မကောင်းဘူး၊ ဒီလိုအချိန် မစားကောင်းဘူး' စသည်ဖြင့် ဆုံးမညွှန်ကြားကြတယ်။ အဲဒီလို ဆုံးမညွှန်ကြားတာကို သဘောမကျတဲ့ ရဟန်းသစ်က ဒီလို ဆင်ခြင်မိတယ်။ 'ငါတို့ဟာ လူဘဝတုန်းက ဘာမဆို စားချင်တာကို စားနိုင်တယ်၊ ဘယ်အချိန်မဆို စားနိုင်တယ်၊ ယခုတော့ ဟိုဟာ မစားကောင်းဘူး၊ ဒီဟာ မစားကောင်းဘူး၊ ဒီအချိန် မစားကောင်းဘူးစသည်ဖြင့် အချုပ်အချယ်တွေ သိပ်များတယ်၊ မတတ်နိုင်ဘူး' လို့ ဆင်ခြင်ပြီး လူ့ဘောင်ပြန်သွားပါသတဲ့။ အဲဒါဟာ ဝမ်းရေးအကြောင်းပြုပြီး ပျက်စီးဆုံးရှုံးရတာ ဖြစ်တဲ့အတွက် အစားကြီးတဲ့မိကျောင်းနဲ့တူလို့ မိကျောင်းဘေးသင့်တာတဲ့။ ဒီလိုဟာလည်း ယခုအခါ အနည်းအကျဉ်းတော့ ရှိနိုင်တာပဲ။

နောက်ပြီးတော့ ရဟန်းဟာ စက္ခုန္ဒြေစသည်ကို မစောင့်ရှောက်ဘဲ မြို့ထဲ ရွာထဲကို သွားတဲ့အခါ သမီးခင်ပွန်း အစုံအလင်နှင့် ကာမဂုဏ် အာရုံတွေကို အလိုရှိတိုင်း သုံးဆောင်ခံစားလျက် ပျော်မွေ့နေတာကို တွေ့ရတတ်ပါတယ်။ အဲဒီလို တွေ့မြင်ရတော့ 'ငါ့မှာလည်း ပစ္စည်းဥစ္စာတွေ ရှိနေတာပဲ၊ ငါလည်း သူတို့လိုပင် ကာမဂုဏ်အာရုံတွေနဲ့

http://www.dhammadownload.com

ပျော်မွေ့နေနိုင်တာပဲ'လို့ မြင်တွေ့ရတာကို အားကျပြီး လူ့ဘောင်ကြန် ရောက်သွားပါသတဲ့။ အဲဒါဟာ ဝဲနဲ့တူတဲ့ ကာမဂုဏ်က ဆွဲငင်သွားတာ ဖြစ်ပါသတဲ့၊ အဲဒါကတော့ ရေဝဲစုပ်ပြီး နစ်မြုပ်ပျက်စီးသွားတာနဲ့ တူပါသတဲ့။ ဒါကတော့ ငယ်ရွယ်တဲ့ရဟန်းများနဲ့ ပိုပြီးသက်ဆိုင်ပါ တယ်။

နောက်ပြီးတော့ ခုတင်က ရဟန်းလိုပါပဲ၊ စက္ခုန္ဒြေစသည်ကို မစောင့်စည်းဘဲ မြို့ထဲ၊ ရွာထဲကို သွားတော့ ဝတ်ပုံဆီးပုံ နေရာမကျတဲ့ မာတုဂါမကို မြင်ရတွေ့ရတယ်၊ အဲဒီတော့ ကာမရာဂတွေ အပြင်းအထန် ဖြစ်ပေါ်လာတဲ့အတွက် ရဟန်းဘဝမှာ မနေနိုင်တော့ဘူး၊ လူ့ဘဝ ရောက်သွားရပါသတဲ့။ အဲဒါဟာ ငါးကြမ်းဘေးကြောင့် သေပျက်ရတာ နဲ့ တူပါသတဲ့။ ငါးကြမ်းဆိုတာ ဒီနေရာမှာ မာတုဂါမကို တင်စားပြီး ဟောထားပါတယ်တဲ့။ ဒါလည်း ရဟန်းငယ်များနဲ့ ပိုပြီးသက်ဆိုင်ပါ တယ်။

ယခုပြောခဲ့တဲ့ လှိုင်းဘေးစသည်ကတော့ သောတာပန်ရဟန်းမှာ ဖြစ်ဖွယ်မရှိဘူး။ ဒါကြောင့် သောတာပန်ရဟန်းမှာ သောတာပတ္တိမဂ်က လှိုင်းဘေး၊ မိကျောင်းဘေး၊ ဝဲဘေး၊ ငါးကြမ်းဘေးဆိုတဲ့ ဘေး ၄ ပါးကို ပယ်ပြီးဖြစ်တယ်လို့ ယူနိုင်ပါတယ်။ ဒီဘေးလေးပါးက လူ ဝတ်ကြောင် သောတာပန်နဲ့တော့ မဆိုင်ဘူးလို့ ဆိုရမှာပဲ။

(အင်္ဂုတ္တရ၊ ပ၊ ၄၃၈ စသည်မှာ ရှု)

စတုတ္ထဘေး ၄ ပါးကတော့ (၁၃) မိမိကိုယ်ကို မိမိကိုယ်တိုင် စွပ်စွဲသည့် အတ္တာနုဝါဒဘေး၊ ဒါကတော့ ကိုယ့်ဟာကိုယ် စွပ်စွဲတယ် ဆိုတာ ဟုတ်မှန်လို့ ဖြစ်မှာပဲ။ သောတာပန်မှာတော့ ကိုယ့်ဟာကိုယ် စွပ်စွဲလောက်အောင် သီလချွတ်ယွင်းမှု မရှိနိုင်ဘူး။ ဒါကြောင့် ဒီဘေးကို သောတာပတ္တိမဂ်က ပယ်ကြောင်း ထင်ရှားပါတယ်။ (၁၄) သူတစ်ပါး က စွပ်စွဲတဲ့ ပရာနုဝါဒဘေး၊ ဒီဘေးလည်း အမှန်ဖြင့် စွပ်စွဲခံရတာ

http://www.dhammadownload.com

သောတာပန်မှာ မရှိနိုင်ဘူး။ (၁၅) မင်းဒဏ်ဘေး၊ ဒါကတော့ မတရား စွဲချက်တင်ပြီး မင်းဒဏ်သင့်တာလည်း သောတာပန်မှာ မကင်းနိုင်ဘူး။ သို့ပေမယ့် နောက်ဘဝတွေမှာတော့ အရိယမဂ်၏အစွမ်းကြောင့် ဒီဘေး မျိုးလည်း ကင်းနိုင်ပါတယ်။ (၁၆) အပါယ်လေးပါး ကျရောက်ရတဲ့ ဒုဂ္ဂတိဘေး၊ ဒါကတော့ သောတာပန်မှာ လုံးဝကင်းကြောင်း ထင်ရှား နေပါပြီ။

ယခု ထုတ်ပြခဲ့တဲ့ ဘေး ၁၆ ပါးဟာ အဘိဓမ္မာဝိဘင်းပါဠိ (၃၉၀၊ ၃၉၁) မှာ အစဉ်အတိုင်း ရှိပါတယ်။ အဂုံတ္တရ စတုက္ကနိပါတ် ၄၃၆ စသည်မှာလည်း ရှိပါတယ်။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ မှာတော့ ဒီဘေး ၁၆ ပါးကို သောဋ္ဌသ မဟာဘယ ဘေးကြီး ၁၆ ပါးလို့ ပြဆိုထားပါတယ်။

နောက်ပြီးတော့ (၁၇) ဉာတိဗျသန၊ ဆွေမျိုးတို့၏ ပျက်စီးခြင်း၊ (၁၈) ဘောဂဗျသန၊ စီးပွားဥစ္စာတို့၏ ပျက်စီးခြင်း၊ (၁၉) ရောဂဗျသန၊ ရောဂါဆိုး နှိပ်စက်ဖျက်ဆီးခြင်း၊ (၂၀) သီလဗျသန၊ သီလပျက်စီးခြင်း၊ (၂၁) ဒိဋ္ဌိဗျသန၊ အယူပျက်စီးခြင်း၊ ဒီဗျသနငါးပါးကိုလည်း ဘေး အဖြစ်ဖြင့် ယူရတယ်။ ဒါတွေကတော့ သိသာထင်ရှားနေပါပြီ။ ဒီအထိ ဘေး ၂၁ ပါး ရှိသွားပြီ။ ၂၅ ပါးပြည့်ရန် ၄ ပါးပဲ လိုတော့တယ်။

အဲဒီကနောက် အကွန်တို၊ သည်းမခံခြင်း၏ အပြစ်ငါးပါးကို ပြပြီးသည်၏ အခြားမဲ့မှာ ဝိဘင်းပါဠိတော်၌ ဘေး ၅ ပါးကို ပြထား ပြန်ပါတယ်။ အဲဒီငါးပါးထဲမှာ မရဏဘေးနဲ့ ဒုဂ္ဂတိဘေးဆိုတာ ၂ ပါးကတော့ ရှေ့ပိုင်းက ဘေး ၂၀ ထဲမှာ ပြခဲ့ပြီး ဖြစ်နေပါတယ်။ ကျန်တဲ့ဘေး ၃ ပါးကတော့ (၂၂) အာဇီဝိကဘေး (၂၃) အသိ လောကဘေး။ (၂၄) ပရိသသာရဇ္ဇ ဘေးဆိုတဲ့ ဒီ ၃ ပါးပါပဲ။ အဲဒီ ၃ ပါးထဲက 'အာဇီဝိကဘေး'ဆိုတာ အသက်မွေးမြူမှုကို အစွဲပြုပြီး ဖြစ်တဲ့ ဘေးတဲ့။

http://www.dhammadownload.com

ဖြစ်ပုံကတော့ မတရားတဲ့နည်းဖြင့် ပစ္စည်းရှာပြီး အသက်မွေးတဲ့သူမှာ သေခါနီးကျတော့ အကုသိုလ်ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ထင်တဲ့အခါ ကြောက်ခြင်းဖြစ်ရတယ်။ အဲဒါကို အာဇီဝိကဘေးလို့ သမ္မောဟဝိနောဒနီစသည်မှာ ဖွင့်ပြထားပါတယ်။ ဒီဘေးကိုတော့ သောတာပတ္တိမဂ်က ပယ်ကြောင်း ထင်ရှားပါတယ်။ 'အသိလောကဘေး' ဆိုတာကတော့ အကဲ့ရဲ့ခံရလို့ ကြောက်ခြင်းပါပဲတဲ့။ ဒီဘေးလည်း ဟုတ်လို့ အကဲ့ရဲ့ခံရတာဆိုရင်တော့ သောတာပန်မှာ ကင်းသင့်တာပါပဲ။ 'ပရိသဿာရဇ္ဇဘေး' ဆိုတာကတော့ မကောင်းမှုရှိနေတဲ့သူမှာ ပရိသတ်ထဲဝင်ရမှာ ကြောက်တဲ့ဘေးလို့ ဖွင့်ပြထားပါတယ်။ ဒီဘေးလည်း သောတာပန်မှာ ကင်းသင့်ပါတယ်။

မဟာနိဒ္ဒေသပါဠိတော် ၂၈၉ မှာလည်း ဘေးတွေကို ဝိဘင်းပါဠိ၊ အဂုတ္တရပါဠိများနှင့် အတူပင် ပြထားပါတယ်။ အဲဒီဘေးတွေ ယခုပြောလာတာ ၂၄ ပါးတော့ ရှိသွားပြီ၊ တစ်ပါးပဲ လိုတော့တယ်။ အဲဒီတစ်ပါးအတွက် ဘာကိုယူရမလဲဆိုရင် မိလိန္ဒပဉ္ဉာပါဠိမှာ ယခုထုတ်ပြခဲ့တဲ့ ဘေး ၂၄ ပါးထဲက အမှတ် ၂၃ အသိလောကဘေးဆိုတာ မပါဘဲ ဝေရိဘေး၊ ဒုဇ္ဇိက္ခဘေးဆိုတဲ့ ဒီ ၂ ပါးလုံးနှင့်တကွ ဘေးက ၂၀ ဗျသနက ၅ ပါး ပြထားပါတယ်။ အဲဒီမှာ ပြထားတဲ့ ဝေရိဘေးနဲ့ ဒုဇ္ဇိက္ခဘေးဆိုတာ ၂ ပါးလုံး ထည့်ယူမယ်ဆိုရင် အသိလောကဘေးကို နုတ်ပယ်ရလိမ့်မယ်။ အဲဒီလို နုတ်ပယ်ရန်တော့ မသင့်ပေဘူး၊ ဘာကြောင့်လဲဆိုရင် အဲဒီ အသိလောကဘေးက အဂုတ္တရ၊ ဝိဘင်း၊ မဟာနိဒ္ဒေသ သုံးကျမ်းလုံးမှာ တညီတညွတ်တည်း ရှိနေသောကြောင့်ပါပဲ။

အဲဒီတော့ ဝေရိဘေးနဲ့ ဒုဇ္ဇိက္ခဘေး ဒီ ၂ ပါးထဲက တစ်ပါးပါးကိုသာ ယူသင့်တယ်၊ ဘယ်ဟာကို ယူရမလဲဆိုရင် ဒုဇ္ဇိက္ခ ဆိုတဲ့ အစာရှားပါးတဲ့ဘေးကို ယူမယ်၊ အဲဒီလိုဆိုတော့ ဝေရိဘေး ကျန်မနေဘူးလားလို့ မေးစရာရှိတယ်၊ မကျန်ဘူးလို့ပဲ ဆိုနိုင်ပါတယ်။ ဘယ်လိုလဲ

http://www.dhammadownload.com

ဆိုတော့ ဝေရိဝေရရန်ဆိုတာ အတွင်းရန်သူ၊ အပြင်ရန်သူ ၂ မျိုးရှိတယ်။ သတ်ခြင်းစသော အကုသိုလ်စေတနာ ငါးပါးကို အတွင်းရန်သူဖြစ်ကြောင်း ရှေ့နားက ပြဆိုခဲ့ပါပြီ။ အဲဒီအတွင်းရန်သူကို မှီပြီး အပြင်ရန်သူ ဖြစ်ပွားပုံကို ဝေရသုတ် အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။ ယခု ပြဆိုခဲ့တဲ့ ဘေးတွေထဲမှာ သီလဗျသနဆိုတာ ပါတယ်။ အဲဒီ သီလပျက်မှု သီလဗျသနဟာ အတွင်းရန်သူပဲ။ အဲဒီ သီလဗျသနဆိုတဲ့ အတွင်းရန်သူကို သောတာပတ္တိမဂ်က ပယ်လိုက်ရင် အပြင်ရန်သူဆိုတဲ့ ဝေရိဘေးလည်း ကင်းနိုင်တော့တာပါပဲ။ ဒါကြောင့် ဝေရိဘေးကို သီလဗျသနထဲမှာ ထည့်သွင်းပြီးတော့ ဒီမှာလိုနေတဲ့ ၂၅ ခုမြောက် ဘေးအရာမှာ ဒုဿီလ္ယဘေးကို ထည့်ယူသင့်တယ်လို့ ဘုန်းကြီးက သဘော ကျနေပါတယ်။

ဒါကြောင့် ရှေ့နားက ပြထားခဲ့တဲ့ ဘေး ၂၄ ပါးထဲမှာ ၂၅ ဒုဿီလ္ယ အစာရှားပါးတဲ့ အငတ်ဘေးကို ထည့်သွင်းယူရမယ်။ ဒါပေမဲ့ ဒီအငတ်ဘေးကတော့ သောတာပန်ဖြစ်ရုံနဲ့ မျက်မှောက်ဘဝတွင် ဇကန်ကင်းငြိမ်းမယ်လို့ မဆိုနိုင်ပေဘူး၊ ဘာကြောင့်လဲဆိုရင် မြတ်စွာဘုရား လက်ထက်တော် ကာလတုန်းက အရှင်လောသကတိဿမထေရ်ဆိုတာဟာ ရှေးအကုသိုလ်ကံ၏ အကျိုးဝိပါကဝဋ်ကြောင့် လိုက်လာလို့ ရဟန္တာဖြစ်ပြီးသည့်တိုင်အောင် ဆွမ်းမပြည့်စုံဘဲ ရှိနေခဲ့ပါသတဲ့၊ နောက်ဆုံး ပရိနိဗ္ဗာန်စံမည့်နေ့မှာတောင် ဆွမ်းမဘုဉ်းပေးရဘဲ ရှိနေရာမှာ အရှင် သာရိပုတ္တရာမထေရ်က စတုမဓုရဆေး အလှူခံကျွေးလို့ အဲဒီတစ်ကြိမ်ပဲ စတုမဓုကို ဝဝလင်လင် ဘုဉ်းပေးရပါသတဲ့၊ ဒါကြောင့်ပါပဲ။ သို့ပေမယ့် သောတာပတ္တိမဂ်၏ အစွမ်းကြောင့် နောက်နောက်ဘဝတွေအတွက်ကတော့ ဒီဒုဿီလ္ယဘေးလည်း လုံးဝကင်းတယ်လို့ ယူနိုင်ပါတယ်။

သောတာပတ္တိမဂ်က ရန်ဘေးအားလုံးကို ငြိမ်းစေတယ်ဆိုရာမှာ ဘေးကြီး ၂၅ ပါးအကြောင်း စိစစ်ပြောနေရတာနဲ့ အချိန်အတော်ကုန်သွားပြီ၊ ကဲ သူ့ဆောင်ပုဒ်ကို ထပ်ပြီးဆိုကြဦးစို့။

http://www.dhammadownload.com

(၇) ဘေးရန်ခပ်သိမ်း၊ ရောင်ခွာတိမ်း၊ ကင်းငြိမ်းစေပါသည်။

ဓမ္မစကြာ မဟာဋီကာသစ်ကျမ်းကြီးမှာတော့ သံဝေဂဝတ္ထုဒီပနီမှာ ပြထားတဲ့ ၂ နည်းထဲမှ ဒုတိယနည်းအရ ပရိတ်ကြီးထဲက ရာဇတော ဝါ စသည်ကိုသာ ဘေး ၂၅ ပါးအဖြစ် ထုတ်ပြထားပါတယ်။ အဲဒါဟာ (ရာဇဘယာဒီနိ ပဉ္စဝီသတိမဟာဘယာနိ) လို့ ဖွင့်ပြထားတဲ့ ဋီကာများနှင့် ညီညွတ်သလိုလို ရှိပေမဲ့ အဲဒီဘေး ၂၅ ပါးထဲမှာ အလွန်သေးနုတ်တဲ့ (ခါဏုက၊ သစ်ငုတ်ဘေး။ စဏ္ဍကုက္ကုရ၊ ခွေးကြမ်းဘေး။ စဏ္ဍဝိဇ္ဇိက၊ ကင်းမြီးကောက်၊ ကင်းပုစွန်ကြမ်းဘေး အစရှိတဲ့) ဘေးများလည်း ပါဝင်နေတဲ့အတွက် အရိယမဂ်က ပယ်တယ်လို့ဆိုရာမှာ ဂုဏ်မြောက်ဖွယ် မရှိသောကြောင့် ဒီနေရာမှာ မသင့်ဘူးလို့ ထင်ပါတယ်။ နောက်ပြီးတော့ အဲဒီအသေးအနုတ်ဘေးတွေဟာ မဟာဘယဆိုတဲ့ အမည်နှင့်လည်း မဟပ်မိဘူးလို့ ထင်ပါတယ်။

ဘုရားသားတော်အစစ်

နောက်ပြီးတော့ သမ္မာသမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သြရသ ပုတ္တဘာဝံ၊ ရွှေရင်တော်နှစ် သားတော်စစ်အဖြစ်သို့။ ဥပနေတိ၊ ဆောင်ပို့တတ်ပေသည်တဲ့။ မြတ်စွာဘုရားကို ဘယ်လို လေးလေးစားစား ယုံကြည်ကိုးကွယ်နေပေမယ်လို့ သောတာပတ္တိ မဂ်ဖိုလ် မရောက်သေးဘဲ ပုထုဇဉ်အဖြစ်နဲ့ဆိုရင် မြတ်စွာဘုရား၏ သားတော် သမီးတော်အစစ် မဖြစ်သေးဘူး၊ သောတာပတ္တိမဂ်ဖိုလ်ရောက်လို့ သောတာပန်ဖြစ်မှ မြတ်စွာဘုရား၏ သားတော် သမီးတော်အစစ် ဖြစ်တယ်။ ဒါကြောင့် သောတာပတ္တိမဂ်က မြတ်စွာဘုရား၏ ရွှေရင်တော်နှစ် သားတော်စစ် သမီးတော်စစ်အဖြစ်သို့လည်း ရောက်စေပါတယ်တဲ့။

မြတ်စွာဘုရားကို အလွန်လေးစားကြည်ညိုနေပါလျက် ပုထုဇဉ်ဟာ ဘုရား၏ သားတော်စစ် သမီးတော်စစ် ဘာကြောင့်မဖြစ်ပါသလဲလို့

http://www.dhammadownload.com

ဆိုတော့ ပုထုဇဉ်ဆိုတာ ဆရာများတယ်၊ ယခုဘုရားစစ် ဘုရားမှန်လို့ ယုံကြည်ကိုးကွယ်နေပေမယ်လို့ နောက်တစ်ချိန်မှာ ဘုရားအတုတွေ ဂိုဏ်းဆရာတွေကို ယုံကြည်ကိုးကွယ်သွားတာလည်း ရှိနိုင်တယ်။ ယခုဘဝမှာ မပြောင်းလဲပေမယ်လို့ နောက်နောက်ဘဝတွေကျတော့ ပြောင်းလဲသွားနိုင်သေးတယ်။ ဒါကြောင့်ပါပဲ၊ သောတာပန်ဖြစ်သွားရင်တော့ ဘုရားစစ်ကို ယုံကြည်မှု၊ ကြည်ညိုမှု၊ ကိုးကွယ်မှုဟာ မပျက်နိုင်တော့ဘူး၊ ဘုရားဟောထားတဲ့ တရားတော်ကို ကိုယ်တိုင်တွေ့ပြီး ယုံကြည်မှု ခိုင်မြဲနေတော့တာပဲ။ အဲဒီလို ဘုရားရွှေရင်တော်မှ ထုတ်ပြီး ဟောတဲ့တရားကို သိပြီး ခိုင်ခိုင်မြဲမြဲ ယုံကြည်တဲ့အတွက် ရွှေရင်တော်နှစ် သားတော်စစ် သမီးတော်စစ်ဖြစ်တယ်လို့ ဆိုရတယ်။ အဲဒီလို ရွှေရင်တော်နှစ် သားတော်စစ်အဖြစ်သို့လည်း ရောက်စေပါတယ်တဲ့။ အဲဒါကို ဆောင်ပုဒ်စီထားတယ်။

(၈) ရွှေရင်တော်နှစ်၊ သားတော်ဖြစ်၊ စင်စစ်ရောက်စေသည်။

သားတော်အဖြစ်လို့ ဆိုသင့်ရာမှာ သံပေါက်လက်စပ်နည်းနှင့်ညီအောင် သားတော်ဖြစ်လို့ စီထားပါတယ်။ အမျိုးသမီး သောတာပန်အတွက်ဆိုရင်တော့ သမီးတော်ဖြစ်လို့ ပြင်ဆိုရုံပါပဲ။ မြတ်စွာဘုရား၏ သားတော်အဖြစ် သမီးတော်အဖြစ်သို့ သောတာပတ္တိမဂ်က ရောက်စေတယ်ဆိုတော့ အမြင့်ဆုံးအဆင့်သို့ ရောက်စေတာပေါ့။ အင်မတန်အားတက်စရာကောင်းပါတယ်။

အကျိုးအာနိသင်များစွာကိုလည်း ရစေသည်

နောက်ပြီးတော့ အညေသံ၊ ဆိုခဲ့ပြီးများမှ တစ်ပါးကုန်သော။ အနေကသတာနံ အာနိသံသာနံ ပဋိလာဘာယ စ၊ ရာပေါင်းများစွာသော အကျိုးအာနိသင်တို့ကို ရခြင်းငှာလည်း။ သံဝတ္တတိ၊ ဖြစ်ပါတယ်တဲ့။

http://www.dhammadownload.com

အဲဒါတွေက ဘယ်လိုအကျိုးအာနိသင်တွေလဲလို့ဆိုတော့ ရတနာတွေယေ နိဝိဋ္ဌသဒ္ဓါဒီနံ၊ ရတနာသုံးပါးအပေါင်း၌ သက်ဝင်သော သဒ္ဓါစသော အကျိုးအာနိသင်တွေပါပဲလို့ ဦးကာက ဖွင့်ပြထားပါတယ်။ သောတာပန် ဖြစ်သွားရင် ဘုရား၊ တရား၊ သံဃာ အစစ်အမှန်မှာ ယုံကြည်မှု ခိုင်မြဲသွားတယ်။ ဒါကြောင့် ဟိုဆရာ ဒီဆရာတွေကို မေ့ကြည့်နေဖို့ မလိုတော့ဘူး။ တရားအသစ် ရှာနေဖို့ မလိုတော့ဘူး။ အခြားဆရာတွေ၊ အခြားဘာသာတရားတွေကို မော့မကြည့်ရတော့ဘူး။ ငုံ့ကြည့်ရတဲ့ အနေရောက်နေပါတယ်။ အဲဒါဟာ တရားအမှန်ကို သိထားလို့ ချမ်းသာနေတာပါပဲ။ နောက်ပြီးတော့ သောတာပန်ဟာ ကာမဘဝမှာ အများဆုံး ခုနစ်ဘဝအတွင်း အရဟတ္တမဂ်ဖိုလ်ရောက်ပြီး ရဟန္တာ ဖြစ်ရမယ်။ ရဟန္တာမဖြစ်သေးမီအတွင်းမှာလည်း ကိုယ့်တရားနဲ့ကိုယ် ခိုင်လုံတဲ့ အားကိုးစရာအမြဲရှိနေတယ်။ ယုတ်ညံ့တဲ့ဘဝမှာ မဖြစ်ရဘူး၊ ပြည့်စုံချမ်းသာတဲ့ဘဝကောင်း ဘဝမြတ်များမှာသာ ဖြစ်ရတယ်စသည် ဖြင့် ဒီလိုအကျိုးအာနိသင်တွေကိုလည်း သောတာပတ္တိမဂ်က ရစေပါ တယ်။ အဲဒါကို ဆောင်ပုဒ်စီထားတယ်။

(၉) ရာပေါင်းများစွာ၊ နိသံသာ၊ သောတာမဂ်က ပေးပါသည်။

ပစ္စဝေက္ခဏာဉာဏ် ၂ မျိုး

သောတာပတ္တိမဂ်က ပေးတဲ့ အကျိုးအာနိသင်တွေကို ဝိသုဒ္ဓိမဂ် မှာပြထားတဲ့အတိုင်း ဟောလာတာ ပြည့်စုံသွားပါပြီ။ ယခု ပစ္စဝေက္ခဏာ ဉာဏ်အကြောင်းကို ဆက်ဟောရမယ်။

ပစ္စဝေက္ခဏာဆိုတာ (၁) တွေ့သိခဲ့ရတဲ့ မဂ်ဖိုလ်နိဗ္ဗာန်စသည်ကို ပြန်လှည့်၍ ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာက တစ်မျိုး၊ (၂) မိမိ၏အခြေ အနေကို စူးစမ်းဆင်ခြင်တဲ့ ပစ္စဝေက္ခဏာက တစ်မျိုး၊ ဒီလို ၂ မျိုး ရှိပါတယ်။

http://www.dhammadownload.com

(၁) ဖြစ်မြဲ ပစ္စဝေက္ခဏာ

ထိသိမှု၊ ကြဲသိမှု၊ ကြားမှု၊ မြင်မှုစသည်ကို မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ သဘောတရားတွေကို သိနေရင်းပင် သိစရာအာရုံရော ရှုသိမှုရော ပြတ်စဲချုပ်ငြိမ်းတဲ့ သဘောထဲကို ကျရောက်သွားတယ်။ အဲဒီလို ကျရောက်သွားတာဟာ ဂေါတြဘူ၊ မဂ်၊ ဖိုလ်ခေါ်တဲ့ တရားထူးတွေပဲ။ ချုပ်ငြိမ်းတာကတော့ နိဗ္ဗာန်ပဲ။ ဒါကြောင့် ဒီလိုကျရောက်သွားတဲ့အခါ ချက်ချင်းပင် ပြန်လှည့်ပြီး ဆင်ခြင်မိတယ်၊ ဆင်ခြင်ပုံကတော့ မပြတ်ဖြစ်ပျက်နေတဲ့ သဘောတွေကို ရှုသိနေရင်းထဲက ချုပ်ငြိမ်းရာ ရောက်သွားပုံကိုလည်း ဆင်ခြင်မိတယ်။ အဲဒါဟာ လာခဲ့ရာလမ်းကို ပြန်လှည့်ပြီး ကြည့်တာလိုပင် မဂ်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာပဲ။

ချုပ်ငြိမ်းရာမှာ ခေတ္တမျှ တည်ပုံကိုလည်း ဆင်ခြင်မိတယ်။ အဲဒါက အကျိုးဖိုလ်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာပဲ။ ဒီပစ္စဝေက္ခဏာကတော့ ဖလသမာပတ်ရောက်ပြီးတဲ့အခါမှာမှ ပိုပြီး ထင်ရှားတယ်။ ချုပ်ငြိမ်းရာ ရောက်နေဆဲတွင် ဖြစ်ပျက်တဲ့သဘော ကင်းဆိတ်နေပုံကိုလည်း ဆင်ခြင်မိတယ်။ အဲဒါက ချုပ်ငြိမ်းတဲ့နိဗ္ဗာန်ကို ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာပဲ။ ဒီဆင်ခြင်ပုံ ၃ မျိုးကတော့ မဂ်ဖိုလ်ရောက်တဲ့ပုဂ္ဂိုလ်တိုင်းမှာ ဧကန်ဖြစ်စမြဲပါပဲ။ ဥပမာအားဖြင့် လမ်းလျှောက်နေရင်း ချိုင့်ထဲကျသွားရင် ဆင်ခြင်မိတာလိုပါပဲ၊ ဒါကြောင့် ပရမတ္ထဝိနိစ္ဆယကျမ်းမှာ

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ အဝသံ ပစ္စဝေက္ခတိ

လို့ ပြဆိုထားပါတယ်။ မဂ္ဂံ၊ မဂ်ကိုလည်းကောင်း။ ဖလဉ္စ၊ ဖိုလ်ကိုလည်းကောင်း။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကိုလည်းကောင်း။ အဝသံ၊ မချွတ်ဧကန်။ ပစ္စဝေက္ခတိ၊ ပြန်လှည့်၍ ဆင်ခြင်မြဲပါပဲတဲ့။ ပယ်ပြီး ငြိမ်းပြီး ကိလေသာနဲ့ မပယ်ရသေး မငြိမ်းရသေးတဲ့ ကိလေသာများကို ဆင်ခြင်တာ

http://www.dhammadownload.com

ကတော့ အဲဒီကိလေသာတွေနဲ့ စပ်ပြီး ကြားနာ မှတ်သားဖူးတဲ့ သုတ ရှိသူများမှာသာ ဖြစ်တယ်။ သုတမရှိတဲ့ သူများမှာတော့ မဖြစ်ဘဲလည်း ရှိတတ်ပါတယ်။ ဒါကြောင့် အဲဒီ ပရမတ္ထဝိနိစ္ဆယကျမ်းနှင့် အဘိမ္မာ သင်္ဂဟကျမ်းမှာ

ဟီနေ ကိလေသေ သေသေ စ၊

ပစ္စဝေက္ခတိ ဝါ နု ဝါ လို့ ပြဆိုထားကြပါတယ်။

ဟီနေ၊ ပဟီနေ ကိလေသေ၊ ပယ်အပ်ပြီး ကိလေသာတို့ကိုလည်း ကောင်း။ သေသေ စ၊ မပယ်ရသေးဘဲ ကြွင်းကျန်သော ကိလေသာတို့ကို လည်းကောင်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်သည်လည်း ရှိ၏။ နု ပစ္စဝေက္ခတိ ဝါ၊ မဆင်ခြင်သည်လည်း ရှိ၏တဲ့။

'သကဒါဂါမိမဂ်က မည်သည့်ကိလေသာများကို ပယ်တယ်' ဆိုတာ မကြားဖူး မမှတ်သားဖူးတဲ့အတွက် သကဒါဂါမ်ဖြစ်တဲ့ မဟာ နမ်မင်းဟာ သူ့သန္တာန်မှာကင်းတဲ့ကိလေသာနဲ့ မကင်းတဲ့ကိလေသာတွေ ကို မဆင်ခြင်မိဘူး၊ မဆင်ခြင်မိတဲ့အတွက် သူ့သန္တာန်မှာ ရံခါရံခါ ဖြစ်ပေါ်လာကြတဲ့ လောဘ၊ ဒေါသ၊ မောဟတွေဟာ ဘာကြောင့် ဖြစ်ပေါ်ကြပါသလဲလို့ မြတ်စွာဘုရားကို မေးလျှောက်တယ်။ မြတ်စွာ ဘုရားက အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေဟာ မပယ်ရသေးလို့ ဖြစ်ကြတာပဲလို့ မိန့်ကြားတော်မူပါတယ်။

(၂) စူးစမ်းဆင်ခြင်တဲ့ ပစ္စဝေက္ခဏာ

သောတာပန်၏ စွမ်းရည်ဂုဏ်များကို စူးစမ်းဆင်ခြင်ကြည့်ရန် မူလပဏ္ဏာသပါဠိတော် ကောသမ္မိယသုတ်မှာ မြတ်စွာဘုရားရှင်က ၇ မျိုး ဝေဖန်ပြီး ဟောထားပါတယ်။ အဲဒီဆင်ခြင်ပုံတွေဟာ ဖြစ်မြဲ ပစ္စဝေက္ခဏာထက် ကျယ်ပြန့်တဲ့အတွက် မဟာပစ္စဝေက္ခဏာလို့လည်း ခေါ်ပါတယ်။ အကျယ်ကိုတော့ ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်

http://www.dhammadownload.com

စာအုပ်မှာ နောက်ဆက်တွဲအနေနဲ့ ဖော်ပြထားပြီးရှိနေပါတယ်။ ဒါပေမဲ့ ဒီသီလဝန္တသုတ်တရားကို ဟောစဉ်ကတည်းက ထည့်သွင်းပြီး အကျယ် ဟောထားခဲ့တဲ့အတွက် ဒီနေရာမှာ အကျဉ်းချုပ်တော့ ပြရဦးမှာပဲ။

ပထမ မဟာပစ္စဝေက္ခဏာ

ဘိက္ခဝေ၊ ရဟန်းတို့။ ကွာ၊ ဤသာသနာတော်၌။ ဘိက္ခု၊ သောတာပန် ရဟန်းသည်။ ဝါ သောတာပန်ပုဂ္ဂိုလ်သည်။ အရညဂတော ဝါ၊ တောအရုပ်သို့ ကပ်ရောက်လျက်ဖြစ်စေ။ ဥက္ခမူလဂတော ဝါ၊ သစ်ပင်ရင်း သစ်ပင်အောက်သို့ ကပ်ရောက်လျက်ဖြစ်စေ။ သုညာဂါရဂတော ဝါ၊ လူသူဆိတ်သည့် ကမ္မဋ္ဌာန်းကျောင်းသို့ ကပ်ရောက်လျက် ဖြစ်စေ။ ကွာတိ ပဋိသဉ္စိက္ခတိ၊ ဤပုံဤနည်းဖြင့် ရှုဆင်ခြင်ကြည့်၏။ (ရှုဆင်ခြင်ပုံကတော့) ယေန ပရိယုဋ္ဌာနေန၊ အကြင်ဖြစ်ပေါ်လျက် လွှမ်းမိုးတတ်သော (ပရိယုဋ္ဌာန်) ကိလေသာက။ ပရိယုဋ္ဌိတစိတ္တော၊ စိတ်ကိုလွှမ်းမိုးလျက် ဖြစ်နေသောကြောင့်။ အဟံ၊ ငါသည်။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ ဝါ၊ တကယ်ဖြစ်ပေါ်နေသည့် ရုပ်နာမ်သဘောကို။ နပွဇာနေယျံ နု ပသေယျံ၊ မသိနိုင် မမြင်နိုင်ဘဲ ရှိရာ၏။ မေ အစ္ဆရိတ္တံ၊ ငါ၏ကိုယ်ထဲ၌။ အပွဟီနံ၊ မပယ်ရသေး မကင်းသေးသော။ တံ ပရိယုဋ္ဌာနံ၊ ထိုသို့သော **ပရိယုဋ္ဌာန် ကိလေသာသည်**။ အတ္ထိ နုခေါ၊ ရှိသေးသလော။ ကွာတိ ပဋိသဉ္စိက္ခတိ၊ ဤသို့ဆင်ခြင်ကြည့်၏။

ပုထုဇဉ်ပုဂ္ဂိုလ်မှာ တရားနှလုံးသွင်း ရှုမှတ်တဲ့အခါ (ကာမစ္ဆန္ဒ အစရှိသော) စိတ်ကူးကြံစည်မှု (ပရိယုဋ္ဌာန်ကိလေသာ) တွေက မကြာခဏ ဖြစ်ပေါ်နေလို့ ဒုါရ ၆ ပါးက တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်ကို အမှန်အတိုင်း မသိနိုင်ဘဲ ရှိနေတတ်တယ်။ အဲဒီလို ထကြွလွှမ်းမိုးပြီး ဖြစ်ပေါ်နေတဲ့ (ပရိယုဋ္ဌာန်) စိတ်ကူးကိလေသာတွေများ ရှိသေးသလား

http://www.dhammadownload.com

လို့ သောတာပန်က ဆင်ခြင်ကြည့်ပါတယ်တဲ့။ ဒါပေမဲ့ သက်သက် ဆင်ခြင်ကြည့်ရုံနဲ့တော့ အမှန်အတိုင်း မသိနိုင်ဘူး။ မြင်မှု၊ ကြားမှု စသော ဖြစ်ခိုက်ရုပ်နာမ်တွေကို ရှုမှတ်ရတဲ့ ဝိပဿနာ ရှုနည်းဖြင့် ရှုမှတ်လျက် ဆင်ခြင်ကြည့်ရတယ်။ အဲဒီလို ရှုမှတ်ဆင်ခြင်ကြည့်တဲ့အခါ ကာမစ္ဆန္ဒ အစရှိသော အလွတ်စိတ်ကူးကြဲစည်မှုတွေ လုံးလုံးမဖြစ်ဘဲ ရင်လည်း ရှိရမယ်။ တစ်ရံတစ်ခါ ဖြစ်လာရင်လည်း ချက်ချင်းပင် မှတ်သိနိုင်ပြီး ကင်းပျောက်သွားစေနိုင်ရမယ်။ နာရီဝက်ခန့်ဖြစ်စေ၊ တစ်နာရီဖြစ်စေ၊ ထို့ထက်အလွန်ဖြစ်စေ တကယ်ဖြစ်ပျက်တဲ့ ရုပ်နာမ်တွေကို အမှန်အတိုင်း မပြတ်ရှုသိပြီး နေနိုင်ရမယ်။ အဲဒီလို သိနေရင် အမှန်အတိုင်း မသိနိုင်အောင် လွှမ်းမိုးတဲ့ ပရိယုဋ္ဌာန်စိတ်ကူးတွေ ကင်းငြိမ်းနေတာပဲ။ အဲဒီလို ကင်းငြိမ်းနေတာကို တွေ့ပြီး ဒီလိုဆုံးဖြတ်နိုင်ရမယ်တဲ့။ အဲဒီဆုံးဖြတ်ပုံကို ဒီလိုဟောထားပါတယ်။

သော၊ ထိုသို့ရှုမှတ်လျက် ဆင်ခြင်ကြည့်သော ထိုသောတာပန်ရဟန်းသည်။ မေ အဇ္ဈတ္တံ၊ ငါ၏ကိုယ်ထဲ၌။ အပ္ပဟီနံ၊ မပယ်ရသေးသော။ တံ ပရိယုဋ္ဌာနံ၊ အမှန်အတိုင်း မသိနိုင်အောင် လွှမ်းမိုးလျက် ဖြစ်ပေါ်သော ထိုပရိယုဋ္ဌာန် စိတ်ကူးမျိုးသည်။ နတ္ထိ၊ မရှိတော့ပေ။ သစ္စာနံ ဗောဓာယ၊ သစ္စာလေးပါး အမှန်တရားတို့ကို ထိုးထွင်းသိရန် အတွက်။ မေ မာနသံ၊ ငါ၏စိတ်ကို။ သုပ္ပဏိဟိတန္တိ၊ ကောင်းစွာ ထားအပ်ပေပြီဟု။ ပဇာနာတိ၊ သိမြင်ဆုံးဖြစ်ပါတယ်တဲ့။ အဲဒါကို ဘုန်းကြီးက ဆောင်ပုဒ်များ စီထားတယ်၊ အဲဒါတွေကို လိုက်ဆိုကြရမယ်။

(က) ဆိတ်ငြိမ်ရာတွင် ချဉ်းကပ်ဝင်၍၊ ဆင်ခြင်ရှုကြည့်၊ ဖြစ်ပျက်မိ၊
အသိရှင်းသည်သာ။

အဲဒီမှာ ဆိတ်ငြိမ်ရာတွင် ချဉ်းကပ်ဝင်၍ ဆိုတာကတော့ ရှုမှတ် ဆင်ခြင်ကြည့်ဖို့ရာ သင့်လျော်တဲ့အရပ်ကို ညွှန်ပြတာပါပဲ။ တော

http://www.dhammadownload.com

အရပ်၊ သစ်ပင်အောက်၊ ဆိတ်ငြိမ်ရာဆိုတဲ့ ဒီအရပ်သုံးပါးထဲက တစ်ပါးပါးကို ညွှန်ပြတာပါပဲ။ လိုရင်းကတော့ ဖြစ်ခိုက်ရပ်နာမ်တွေ ရှုကြည့်တဲ့အခါ အဖြစ်အပျက်ကို ရှင်းလင်းစွာ သိရတယ်ဆိုတာက လိုရင်းပါပဲ။ ကဲ ဆက်ပြီး ဆိုကြရမယ်။

(ခ) ယထာဘူတ၊ မသိရအောင်၊ ထကြွလွှမ်းမိုး၊ ကိလေဆိုး၊ ဖြစ်ရိုးမရှိပါ။

(ဂ) ဤသို့သိရ၊ ပထမ၊ ပစ္စဝေက္ခဏာ။

ဖြစ်ခိုက်ရပ်နာမ်တွေကို မရှုနိုင် မသိနိုင်အောင် လွှမ်းမိုးပြီးဖြစ်တဲ့ ပရိယုဋ္ဌာန်စိတ်ကူးကြံစည်မှုတွေ ကိလေသာကြမ်းတွေ မရှိဘူးလို့ သိရတယ်။ အဲဒါဟာ ပထမ မဟာပစ္စဝေက္ခဏာပါပဲ။ ဒါကြောင့်

ဏ္ဍဒံ၊ ဤဆင်ခြင်ဉာဏ်သည်။ အဿ အဓိဂတံ၊ ထိုသောတာပန် ရသော။ ပထမံ ဉာဏံ၊ ပထမ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်ပေသည်။ အရိယဲ လောကုတ္တရံ၊ လောကုတ္တရာ အရိယမဂ်ကို မှီ၍ ဖြစ်သောဉာဏ်ပေတည်း။ အသာဓာရဏံ ပုထုဇ္ဇနေဟိ၊ ပုထုဇဉ်တို့နှင့် မဆိုင်သော ဉာဏ်ပေတည်းလို့ နိဂုံးချုပ်ပြီး ဟောထားပါတယ်။

ဘယ်နည်းနဲ့ပဲ အားထုတ်သည်ဖြစ်စေ မိမိကိုယ်ကို သောတာပန်ဖြစ်ပြီလို့ ယုံကြည်ယူဆထားတဲ့အတိုင်း ဒီပထမ ပစ္စဝေက္ခဏာနည်းဖြင့် ရှုဆင်ခြင်ကြည့်သင့်ပါတယ်။ သောတာပန် မဟုတ်သေးရင်တော့ မရှုသိနိုင်ဘဲ စိတ်ကူးအကြံတွေက လွှမ်းမိုးနေတာကို တွေ့ရမှာပဲ။ သောတာပန်အစစ် ဖြစ်နေရင်တော့ ပလိဗောဓ မရှိဘဲ ရှုမှတ်နေတဲ့အခါ အလွတ်စိတ်ကူး အကြံတွေ လုံးဝမဖြစ်လာဘဲ ကင်းငြိမ်းနေတာကိုရင်လည်း တွေ့ရမယ်။ ဖြစ်လာရင်လည်း ချက်ချင်း မှတ်သိနိုင်တဲ့အတွက် အနှောင့်အယှက်မရှိဘဲ ရှုမှတ်နိုင်ပြီး တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ရှင်းလင်းစွာ သိသိနေတာကိုရင်လည်း တွေ့ရမယ်။

http://www.dhammadownload.com

ဒုတိယ ပစ္စဝေက္ခဏာ

ဒီကနောက်တော့ ပါဠိအနက်ကို မရွတ်တော့ဘဲ ဆောင်ပုဒ်ကို ဆိုပြီး ရှင်းပြသွားမယ်။ ပါဠိအနက်ကို အလိုရှိရင်တော့ ရှစ်ဖြာမဂ္ဂင် နိဗ္ဗာန်ဝင် တရားတော်စာအုပ်မှာ နောက်ဆက်တွဲ မဟာပစ္စဝေက္ခဏာ တရားတော်ကို ကြည့်ကြပေတော့။ ကဲ လိုက်ဆိုကြရမယ်။

(က) မင်္ဂသိပြီးဟန်၊ ဝိပသ်ဉာဏ်၊ ဖန်ဖန်မှီဝဲကာ။

(ခ) အကြမ်း အနု၊ ကိလေစု၊ ငြိမ်းမှုထင်ရှားရာ။

သောတာပန်မှာ မင်္ဂဉာဏ်ဖြင့် ချုပ်ငြိမ်းတဲ့သဘောကို တွေ့မြင်ပြီးတော့ မြင်မှု၊ ကြားမှု စသည်မတွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှပဲလို့ သိတဲ့ဉာဏ်အမြင်ဟာ ခိုင်မြဲသွားတယ်။ ထပ်ခါထပ်ခါ ရှုမှတ်တိုင်း အဲဒီမင်္ဂအသိအမြင်ကို မှီဝဲပွားများနေသည် မည်ပါတယ်။ ဒါကြောင့် အဲဒီလိုရှုမှတ်ပြီး မှီဝဲပွားများနေတဲ့အတွက် ကိလေသာငြိမ်းမှုကို ရ မရ ဆင်ခြင်ကြည့်ပါတယ်။ အဲဒီဆင်ခြင်ပုံ ပါဠိထဲမှာ '(ပစ္စတ္တံ သမထံ) မိမိစိတ်၌ နိဝရဏကိလေသာကို ငြိမ်းစေတဲ့ သမာဓိကို ရပါရဲ့လား)' လို့ဆင်ခြင်တာက 'ရှုမှတ်နေစဉ်မှာ စိတ်ကူးကြဲစည်မှု ကိလေသာတွေ ကင်းလောက်အောင် သမာဓိကောင်းပါရဲ့လား' လို့ ဆင်ခြင်တာပါပဲ။ အဲဒါကို ဆောင်ပုဒ်ထဲမှာ အကြမ်းကိလေသာငြိမ်းမှု ထင်ရှားရမယ်လို့ ဆိုထားတယ်။ ပရိယုဋ္ဌာန်ခေါ်တဲ့ စိတ်ကူးကိလေသာတွေကို ကိလေသာကြမ်းတွေလို့ ဆိုတာပါပဲ။ အရိယမဂ် မရမီကဆိုရင် အဲဒီလို အပြင်ထွက်တဲ့ စိတ်ကူးတွေကို မပယ်နိုင်တဲ့အခါလည်း ရှိတယ်။

သောတာပန်မှာ ဆိုရင်တော့ ပလိဗောဓ ကြောင့်ကြစရာ မရှိဘဲ အေးအေးဆေးဆေး ရှုမှတ်နေတဲ့အခါ အဲဒီလို စိတ်ကူးကိလေသာတွေကို ပယ်ခွာနိုင်တာကပဲ များရမယ်။ အဲဒီလို ပယ်ခွာနိုင်တဲ့သမာဓိကို ရပါရဲ့လားလို့ ဆင်ခြင်ပုံပါပဲ။ '(ပစ္စတ္တံ နိဗ္ဗုတိ) မိမိစိတ်၌ ကိလေသာ

http://www.dhammadownload.com

ငြိမ်းခြင်းကို ရပါရဲ့လား' လို့ ဆင်ခြင်တာကတော့ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ စသောကိလေသာ ကင်းငြိမ်းပါရဲ့လား လို့ ဆင်ခြင်တာပါပဲ။ အဲဒါကတော့ ပယ်ပြီးကိလေသာ ဆင်ခြင်တာနဲ့လည်း ခပ်တူတူပါပဲ။ အဲဒီ သက္ကာယဒိဋ္ဌိ စသည်ကတော့ အနုသယခေါ်တဲ့ သိမ်မွေ့သော ကိလေသာများဖြစ်တဲ့အတွက် ဆောင်ပုဒ်ထဲမှာ အနုစား ကိလေသာအနေဖြင့် ပြထားပါတယ်။

ရှုမှတ်ပြီး အဲဒီလိုဆင်ခြင်ကြည့်ရင် ရှုမှတ်နေဆဲမှာ စိတ်ကူးကိလေသာအကြမ်းတွေ မဖြစ်လာဘဲ ငြိမ်းနေတာကို တွေ့ရမယ်။ ရှုမိတဲ့ အာရုံတိုင်းနှင့် စပ်ပြီး မြဲတယ် ချမ်းသာတယ်စသည်ဖြင့် ထင်မှတ်မည့် အနုသယကိလေသာ ငြိမ်းနေတာလည်း ထင်ရှားရမယ်။ သက္ကာယဒိဋ္ဌိ အစရှိသော ကိလေသာတွေ လုံးဝမဖြစ်နိုင်တာကိုလည်း ထင်ရှားတွေ့ရမယ်။ အဲဒီလို တွေ့ရတဲ့အတွက် ဒီလိုဆုံးဖြတ်ချက် ရလာရမယ်။ မှတ်သိစရာရော မှတ်သိမှုရော ချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်သွားပြီး ကတည်းက ရှုမှတ်ဆဲမှာလည်း စိတ်ကူးကိလေသာတွေ ငြိမ်းနေတယ်။ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာစသည်လည်း ရှေးကလို မရှိတော့ဘူးလို့ ဒီလိုသိမြင်ဆုံးဖြတ်နိုင်ရမယ်။ အဲဒါဟာ ဒုတိယ မဟာပစ္စဝေက္ခဏာပါပဲ။

တတိယ ပစ္စဝေက္ခဏာ

မြင်မှု၊ ကြားမှုစသည်ကို ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု သိလျက် မဂ္ဂင်ရှစ်ပါးကို ပွားစေရတဲ့ ဤသာသနာတော်မှ အပြင်ဘက်မှာ ချုပ်ငြိမ်းတဲ့ သဘောတိုင်အောင် သိမြင်တဲ့ ဒီအသိအမြင်မျိုးနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ရှိနိုင်သေးသလားလို့ သောတာပန်က ဆင်ခြင်ကြည့်ရင် အဲဒီလို ပုဂ္ဂိုလ်ဟာ ဒီသာသနာမှ အပြင်ဘက်၌ မရှိနိုင်ဘူးလို့ သိမြင်ဆုံးဖြတ်နိုင်ရမယ်။ အဲဒီလို သိမြင်ဆုံးဖြတ်တာဟာ တတိယ မဟာပစ္စဝေက္ခဏာပါပဲ။ ဆောင်ပုဒ်များကို ဆိုကြရမယ်။

http://www.dhammadownload.com

(က) ရှုမှတ်သိရ၊ ဤလမ်းမှ၊ ပြင်ပ တခြားမှာ။

(ခ) ကိလေဋ္ဌိမ်းဘိ၊ မြတ်အရိ၊ မရှိဆုံးဖြတ်ရာ။

'ဥပါဒါနက္ခန္ဓာ ငါးပါးကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုရမယ်၊ အဲဒီလို ရှုနေရင်း သောတာပတ္တိဖိုလ်သို့ ရောက်ပြီး သောတာပန်ဖြစ်တယ်'လို့ ဟောထားတဲ့ ဒီသီလဝန္တသုတ်စသည်နှင့်အညီ 'မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာ ဒုက္ခသစ္စာကို မရှုသိဘဲ မဂ္ဂင်ရှစ်ပါးကို မပွားစေဘဲ တခြားနည်းဖြင့် တရားထူးမရနိုင်ဘူး'ဆိုတာ ကိုယ်တွေ့အားဖြင့် သဘောကျနေတဲ့အတွက် 'ဒီသာသနာ ဒီနည်းလမ်းမှ အပြင်ဘက်၌ ကိလေသာငြိမ်းတဲ့ အရိယာ မရှိဘူး' လို့ ဆုံးဖြတ်နိုင်ပါတယ်တဲ့။

စတုတ္ထ ပစ္စဝေက္ခဏာ

နောက် ဆင်ခြင်ပုံတစ်ခုကတော့ အရိယဉာဏ်အမြင်နှင့် ပြည့်စုံတဲ့ သောတာပန်မှာ ပြည့်စုံမြဲဖြစ်တဲ့ ဓမ္မတာသဘောဆိုတာ ရှိတယ်၊ အဲဒီ ဓမ္မတာသဘောနှင့် ငါ့မှာပြည့်စုံပါရဲ့လားလို့ ဆင်ခြင်ကြည့်ရမယ်တဲ့။ အဲဒီဓမ္မတာက ဘယ်လိုဟာလဲဆိုရင် အရိယာမှာ သင့်နိုင်တဲ့ အာပတ်ဆိုတာ ရှိတယ်၊ ကုစားပြုပြင်လို့ ရနိုင်တဲ့ အာပတ်ပါပဲ။ လောကဝဇ္ဇမဟုတ်တဲ့ ပဏ္ဏတ္တိဝဇ္ဇအာပတ်ထဲကပါပဲ။ အဲဒီအာပတ်တွေထဲမှာလည်း မသိနားမလည်လို့ဖြစ်စေ၊ စိတ်မပါဘဲဖြစ်စေ သင့်တဲ့ အာပတ်ပါပဲ။ လူသာမဏေများနှင့် သုံးညှဉ့်ထက်အလွန် အမိုးအကာတူတဲ့ အဆောက်အအုံအတွင်းမှာ လျောင်းအိပ်ခြင်း၊ တိစီဝရိုက် အဓိဋ္ဌာန် တင်ထားတဲ့သင်္ကန်းနှင့် အရုဏ်တက်ချိန်၌ ကင်းကွာနေခြင်းစသည်ကြောင့် သင့်တဲ့အာပတ်မျိုးပါပဲ။ အဲဒီလို အာပတ် မတော်တဆ သင့်ခဲ့လျှင် လျင်မြန်စွာ ဒေသနာပြောကြားပြီး ကုစားပါတယ်တဲ့။

လျင်မြန်ပုံ ဥပမာကတော့ ကလေးသူငယ်ဟာ လက်ဖြင့်

http://www.dhammadownload.com

မီးကျီးခဲကို ထိမိရင် ချက်ချင်း လက်ကိုပြန်ရုပ်သိမ်းသလိုပါပဲတဲ့။ လူကြီးဆိုရင် ရတ်တရက် မပူသေးတဲ့အတွက် လက်ကိုပြန်ရုပ်သိမ်းတာ ဖင့်နှေးနိုင်တယ်၊ ကလေးသူငယ်ကတော့ အသားကနလို့ မြန်မြန်ပူပြီး မြန်မြန်ရုပ်သိမ်းတယ်။ အဲဒီလိုပဲ အာပတ်ကို အမြန်ကုစားတယ်၊ နောင်လည်း အဲဒီအာပတ်မျိုး မသင့်ရအောင် ရိုသေစွာ စောင့်ရှောက်သွားတယ်။ အဲဒါဟာ သောတာပန်ရဟန်းမှာ ပြည့်စုံမြဲမမွတာပါပဲ။ လူဝတ်ကြောင် သောတာပန်များမှာလည်း အပါယ်ကျလောက်အောင် မကြီးကျယ်တဲ့ သာမန်ပြောမှား ပြုမှားတာကလေးများ ရှိရင် အဲဒါမျိုးကို နောင်မဖြစ်စေရတော့ဘူးလို့ ဆောက်တည်ကျင့်သုံးသွားဖို့ လိုပါတယ်။ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်များကို ဆိုကြရမယ်။

(က) ကုစားနိုင်ကောင်း၊ အာပတ်ပေါင်း၊
တိမ်းစောင်း ရောက်သေးရာ။

(ခ) မဖုံးကွယ်ဘဲ၊ ကုစားမြဲ၊ နောင်လည်းစောင့်ရိုးပါ။

မိမိ၏အပြစ်ကို မဖုံးကွယ်ဘဲ ကုစားရမယ်၊ နောင်လည်း အဲဒီအပြစ်မျိုး မဖြစ်ရအောင် ရိုရိုသေသေ စောင့်ရှောက်သွားရမယ်။ အဲဒါဟာ သောတာပန်မှာ ပြည့်စုံမြဲမမွတာပဲ။ အဲဒီဓမ္မတာနှင့် ပြည့်စုံသည်၊ မပြည့်စုံသည်ကို ဆင်ခြင်ကြည့်ရမယ်။ သောတာပန်အစစ်မှာဆိုရင် အဲဒီဓမ္မတာနှင့် ပြည့်စုံနေကြောင်း တွေ့ရပါလိမ့်မယ်တဲ့။

သာမန်ပုထုဇဉ်တွေက ကာမဂုဏ်ခံစားမှုမျိုးကို အကုသိုလ်ဖြစ်မှန်း မသိကြဘူး၊ အပြစ်မမြင်ကြဘူး၊ အမြတ်တနိုး အားရဝမ်းသာနဲ့ ခံစားလေ့ရှိကြတယ်။ သောတာပန်မှာတော့ ကာမရာဂ မကင်းသေးလို့ ကာမဂုဏ်အာရုံတွေကို ခံစားသုံးဆောင်နေရပေမဲ့ နှစ်သက်သာယာမှု ရာဂကိလေသာ ဖြစ်ကြောင်း၊ အပြစ်ရှိတဲ့ အကုသိုလ်ဖြစ်ကြောင်း သိကြတယ်။ စွမ်းနိုင်ရင် ပယ်ရမယ့် အကုသိုလ်ဖြစ်ကြောင်းလည်း သိကြတယ်။ ဥပမာအားဖြင့် အသန့်အပြန့်ကြိုက်တဲ့ ဗြာဟ္မဏလူမျိုးဟာ

http://www.dhammadownload.com

မုန်ယစ်နေတဲ့ဆင်ကြီးကို ကြောက်လို့ တိမ်းရှောင်ရတဲ့အခါ မစင်တွေ ရှိရာအရပ်သို့လည်း ချဉ်းကပ်ရသလိုပါပဲတဲ့။ အဲဒါဟာ သာမန်ပုထုဇဉ်နှင့် သောတာပန် ထူးခြားပုံပါပဲ။

ပဉ္စမ ပစ္စဝေက္ခဏာ

သောတာပန်မှာ ပြည့်စုံမြဲဖြစ်တဲ့ အခြားဓမ္မတာတစ်ခုလည်း ရှိပါသေးတယ်။ အဲဒါက ဘာလဲဆိုရင် မလွဲမရှောင်သာလို့ ကိစ္စကြီးငယ်တွေကို ဆောင်ရွက်နေရပေမဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်ကို ကျင့်လိုတဲ့စိတ်ကတော့ ထက်သန်စွာရှိတဲ့ သဘောဓမ္မတာပါပဲ။ အထူးအားဖြင့်တော့ သမာဓိ၊ ပညာအကျင့်ကို ကျင့်ဖို့ လိုလားတဲ့ဆန္ဒ ထက်သန်စွာရှိတဲ့ သဘောပါပဲ။ ဒါကြောင့် ဘုန်းကြီးတို့တပည့် ယောဂီအချို့ဟာ စားဝတ်နေရေး လောကရေးအတွက် မလွဲမရှောင်သာလို့ စီးပွားရေးအလုပ်တွေကို လုပ်ကိုင်နေရပေမဲ့ အဲဒီအလုပ်တွေမှာ စိတ်က သိပ်ပြီး မပျော်မွေ့ဘဲ၊ ရှုမှတ်နေဖို့ရာသာ စိတ်ဝင်စားနေကြတာပါပဲ။ ဒါကြောင့် အချိန်ရသလောက်တော့ မမေ့မလျော့ဘဲလည်း ရှုမှတ်အားထုတ်နေတတ်ကြပါတယ်။ ဥပမာအားဖြင့် မွေးပြီးခါစ သားငယ်ကလေးရှိတဲ့ နွားမကြီးဟာ မလွဲမရှောင်သာလို့ မြက်ကိုစားနေသော်လည်း သားငယ်ကလေးကိုတော့ ပစ်မထားဘူး၊ တစေ့တစောင်း ကြည့်ရှုနေရသလိုပါပဲတဲ့။ အဲဒီဓမ္မတာနဲ့ဆိုင်တဲ့ ဆောင်ပုဒ်ကို ဆိုကြရမယ်။

(က) ရှောင်လွဲမရ၊ မှုကိစ္စ၊ ပြုရလေသောခါ။

(ခ) သိက္ခာသုံးပါး၊ ကျင့်ရန်ကား၊ စိတ်အားသန်မြဲသာ။

သောတာပန်မှာ မလွဲမရှောင်သာတဲ့ ကိစ္စကြီးငယ်ကို ဆောင်ရွက်နေရပေမဲ့ သိက္ခာသုံးပါးကို လွတ်လွတ်လပ်လပ် တင်းတင်းရင်းရင်း ကျင့်လိုတဲ့စိတ်ဆန္ဒက ထက်သန်နေမြဲပဲဆိုတဲ့ ဓမ္မတာသဘောနဲ့

http://www.dhammadownload.com

ပြည့်စုံရဲ့လားလို့ ဆင်ခြင်ကြည့်ရင် ပြည့်စုံနေကြောင်း သိရ တွေ့ရပါလိမ့်မယ်တဲ့။ ဒါကတော့ အထူးတောင် မဆင်ခြင်ရဘဲနဲ့ တွေ့နေရတာတော်ပါတယ်။

ဆဋ္ဌမ ပစ္စဝေက္ခဏာ

နောက်ပစ္စဝေက္ခဏာတစ်ခုကတော့ သောတာပန်၏ ခွန်အားနဲ့ ပြည့်စုံပါရဲ့လားလို့ ဆင်ခြင်ကြည့်တဲ့ ပစ္စဝေက္ခဏာပါပဲ။ ဘယ်လို ခွန်အားနဲ့ ပြည့်စုံရမလဲဆိုတော့ မြတ်စွာဘုရား ဟောထားတဲ့ တရားတော်ကို ကြားနာရတဲ့အခါ ရိုရိုသေသေ လေးလေးစားစား နာတဲ့ ခွန်အားနဲ့ ပြည့်စုံဖို့ပါပဲ။ ဟောကြားတဲ့ တရားစကားလုံးတွေကို တစ်လုံးမျှ လွတ်မသွားရအောင် စူးစူးစိုက်စိုက် နာရမယ်တဲ့။ ဥပမာအားဖြင့် စီးပွားအလုပ် လုပ်ကိုင်ရာမှာ တစ်ပြားတစ်ချပ်မျှ မဆုံးရှုံး မနစ်နာရအောင် ကြောင့်ကြစိုက်သလိုပင် စိတ်တိုင်း စိတ်တိုင်းဖြင့် စူးစိုက်ပြီး နာယူရမယ်တဲ့။ အဲဒါဟာ အရိယာ၏ ခွန်အားပဲ။ ဒါကြောင့် ဆောင်ပုဒ်မှာ 'ဗုဒ္ဓဟောထား၊ မြတ်တရား၊ နာကြားရသောအခါ၊ လုံးစုံမကြွင်း၊ နှလုံးသွင်း၊ နာခြင်း အားကောင်းစွာ' လို့ ဆိုထားတယ်။ အဲဒါကို ဆိုကြရမယ်။

(က) ဗုဒ္ဓဟောထား၊ မြတ်တရား၊ နာကြားရသောခါ။

(ခ) လုံးစုံမကြွင်း၊ နှလုံးသွင်း၊ နာခြင်းအားကောင်းစွာ။

ဒီနေရာမှာ ပိုပြီးသဘောပေါက်သွားအောင် ပုထုဇဉ်၏ ခွန်အားကိုလည်း ပြောရဦးမယ်၊ ဘယ်လိုလဲဆိုတော့ တရားနဲ့အလှမ်းဝေးနေတဲ့ ပုထုဇဉ်တွေက တရားနာတဲ့အခါ ဟောတဲ့တရားကို ဂရုမစိုက်ဘဲနဲ့ ဟိုဟိုဒီဒီ လျှောက်ပြီးစိတ်ကူးကြဲစည်နေတတ်တယ်။ အချင်းချင်း စကားလည်း ပြောနေတတ်တယ်။ သင်္ဂါယနာအမေးအဖြေကို အသံလွှင့်ဌာနက အဲဒီဣန္ဒြိအမေးအဖြေ တရားသံကို ဖြန့်လွှင့်ပေးတယ်။ သဒ္ဓါတရား

http://www.dhammadownload.com

ရှိတဲ့သူတွေက ဝမ်းမြောက်ဝမ်းသာနဲ့ ရိုရိုသေသေ နာကြတယ်။ ဗုဒ္ဓ တရားတော်ကို မနာဖူးသေးတဲ့သူတွေ တချို့ကတောင် ရိုရိုသေသေနဲ့ နာနေကြသတဲ့။ ဒါပေမဲ့ ဗုဒ္ဓဘာသာဝင်အမည်ခံ အမျိုးသမီးကြီး တစ် ယောက်ကတော့ အဲဒီ သင်္ဂါယနာ အမေးအဖြေသံကို ကြားရရင် 'ဟဲ့၊ ရေဒီယိုကို ပိတ်လိုက်၊ ယံ တေနကြီး လာနေပြီ၊ တယ် နားပူ တယ်' လို့ ဆိုသတဲ့။ အဲဒါဟာ ပုထုဇဉ်ရဲ့ခွန်အားပါပဲ။ သောတာပန် အစစ်ကတော့ ဆင်ခြင်ကြည့်ရင် ခုတင်က ပြောခဲ့တဲ့အတိုင်း ဟောတဲ့ တရားတော်ကို တစ်လုံးတစ်ပါဒမျှ မလွတ်ရအောင် စိတ်တိုင်းစိတ်တိုင်း ဖြင့် စူးစိုက်ပြီး နာယူတဲ့ခွန်အားနှင့် ပြည့်စုံနေကြောင်း တွေ့ရပါတယ်။ အဲဒါဟာ ဆဋ္ဌမ (၆) ခုမြောက် ပစ္စဝေက္ခဏာပါပဲ။

သတ္တမ ပစ္စဝေက္ခဏာ

သတ္တမပစ္စဝေက္ခဏာကလည်း အရိယာခွန်အားနဲ့ ပြည့်စုံရဲ့လား လို့ ဆင်ခြင်တာပါပဲ။ ဘယ်လိုခွန်အားလဲဆိုတော့ မြတ်စွာဘုရား ဟော ထားတဲ့ တရားကို နာကြားရတဲ့အခါ နှစ်သက်သဘောကျပြီး ဝမ်း မြောက်ဝမ်းသာ ပီတိတွေဖြစ်တဲ့ ခွန်အားပါပဲ။ ဒီနေရာမှာလည်း ပုထု ဇဉ်တို့၏ ခွန်အားကတော့ အလွမ်းအဆွေးတွေပါတဲ့ ဝတ္ထုကြောင်း တရားကို ကြိုက်တယ်၊ ရယ်စရာ ပြက်လုံးတွေကို ကြားရရင် တဟား ဟားနဲ့ ရယ်မောပြီး သဘောကျနေတယ်။ အလွမ်းအဆွေး ရယ်စရာ ပြက်လုံးတွေ မပါတဲ့တရားရိုးရိုးကို နာရတဲ့အခါကျတော့ ပျင်းရိငြီးငွေ့ပြီး တသမ်းသမ်း တဝေဝေရင်လည်း ဖြစ်နေတတ်တယ်။ အိပ်ငိုက်ရင်လည်း နေတတ်တယ်။ တရားက ရှည်လိုက်တာ ပြီးခဲလိုက်တာလို့ စိတ်ဖြင့် ညည်းညူပြီးတော့လည်း နေတတ်တယ်။ ဘုန်းကြီးတို့ ဟောနေတဲ့ ဝိပဿနာသက်သက်တရားဆိုရင်တော့ သူတို့က သာပြီးမကြိုက်တာမဲ့။ အဲဒါဟာ တရားနာမှုနဲ့စပ်ပြီး အညံ့စားပုထုဇဉ်တွေရဲ့ ခွန်အားပါပဲ။

http://www.dhammadownload.com

သောတာပန်ကတော့ ဘုရားဟောတဲ့ တရားကို ပါဠိအနက် ရိုးရိုးကလေး ဟောနေပေမယ်လို့ သဘောကျပြီး ပီတိတွေ ဖြစ်နေတတ်တယ်။ ဘုန်းကြီးတို့ဟောနေတဲ့ ဝိပဿနာတရားကို နာနေကြတဲ့ ယောဂီတွေဆိုရင် ပါဠိရွတ်သံကြားရရုံနဲ့လည်း ကိုယ်ထဲမှာ ဖျိုးဖျိုးဖျဉ်းဖျဉ်းနဲ့ ပီတိတွေ ဖြစ်တတ်ကြတာပဲ။ အနက်အဓိပ္ပာယ်တွေကို သဘောကျပြီးတော့လည်း ပီတိတွေ ဖြစ်တတ်ကြတာပဲ။ အဲဒီလို ဒေသနာကို သဘောကျပြီးတော့ ပီတိဖြစ်တာ၊ အနက်ကို သဘောကျပြီးတော့ ပီတိဖြစ်တာတွေဟာ အရိယာတို့၏ ခွန်အားပဲ။ အဲဒီခွန်အားနဲ့ ငါ့မှာ ပြည့်စုံပါရဲ့လားလို့ ဆင်ခြင်ကြည့်ရင် သောတာပန်မှာ ပြည့်စုံနေကြောင်း တွေ့ရပါတယ်တဲ့။ အဲဒါဟာ သတ္တမ မဟာပစ္စဝေက္ခဏာပဲ။ အဲဒါနဲ့ ဆိုင်တဲ့ဆောင်ပုဒ်များကို ဆိုကြရမယ်။

(က) ဗုဒ္ဓဟောထား၊ မြတ်တရား၊ နာကြားရသောခါ။

(ခ) အနက်သိမြင်၊ စိတ်ကြည်ရွှင်၊ ကိုယ်တွင်သိမ့်သိမ့်ဖြာ။

(ဂ) ဤသို့ သိရ၊ သတ္တမ၊ ပစ္စဝေက္ခဏာ။

အဲဒီ ပစ္စဝေက္ခဏာ ၇ ပါးနှင့် ပြည့်စုံရင် သောတာပန်အစစ်ပဲလို့ ကိုယ့်ဟာကိုယ်ပင် ဆုံးဖြတ်နိုင်ပါတယ်တဲ့။ အဲဒါနဲ့ဆိုင်တဲ့ ဆောင်ပုဒ်များကိုလည်း ဆိုကြရမယ်။

(က) ပစ္စဝေက္ခဏာ၊ ခုနစ်ဖြာ၊ ညီစွာဖြစ်ပါမူ။

(ခ) အရိယာမှန်၊ သောတာပန်၊ ဧကန်ဆုံးဖြတ်ယူ။

သီလဝန္တသုတ်မှာ 'ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စစသော အခြင်းအရာတို့ဖြင့် ရှုနေရင်း သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုပြီး သောတာပန်ဖြစ်နိုင်တယ်' လို့ ဟောထားတဲ့ စကားရပ်နှင့် စပ်ပြီးတော့ 'သောတာပတ္တိမဂ်က မဖောက်ခဲ့ဖူးခဲ့တဲ့ ကိလေသာအစုအခဲကို ဖောက်ခဲ့ခြင်း' အစရှိသော အရိယာမဂ်၏ စွမ်းရည်ဂုဏ်တွေကိုလည်း ဟောခဲ့ပြီ၊ သောတာပန်ပုဂ္ဂိုလ်တိုင်း ဆင်ခြင်မြဲဖြစ်သော သာမန်မစ္စဝေက္ခဏာများကို

http://www.dhammadownload.com

လည်း ဟောခဲ့ပြီ၊ စူးစမ်းဆင်ခြင်တဲ့ ပစ္စဝေက္ခဏာခုနစ်ပါးကိုလည်း ဟောခဲ့ပြီ၊ အလွန်နက်နဲတဲ့တရားတွေပါပဲ။ သိနားလည်ရန် မှတ်ထားရန် အလွန်ကောင်းတဲ့တရားတွေလည်း ဖြစ်ပါတယ်။ အဲဒါတွေ ပြည့်စုံတန်သလောက် ပြည့်စုံသွားပါပြီ။

သောတာပန် သုံးပါး

သောတာပန်ပုဂ္ဂိုလ်ဆိုတာ (၁) သတ္တက္ခတ္တုပရမ သောတာပန်၊ (၂) ကောလံကောလသောတာပန်၊ (၃) ဧကဗီဇီသောတာပန် သုံးပါး ရှိတယ်။ အဲဒီသုံးပါးထဲက သတ္တက္ခတ္တုပရမသောတာပန်အကြောင်းကို အဘိဓမ္မာ ပုဂ္ဂလပညတ်ပါဠိတော်မှာ ဒီလိုဟောထားပါတယ်။

ကျမ၊ ဤသာသနာတော်၌။ ဧကစ္စော ပုဂ္ဂလော၊ အချို့ပုဂ္ဂိုလ်သည်။ တိဏ္ဏံ သံယောဇနာနံ၊ (ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ဟူသော) သံယောဇဉ်သုံးပါးတို့၏။ ပရိက္ခယာ၊ လုံးဝကုန်ခြင်းကြောင့်။ သောတာပန္နော ဟောတိ၊ သောတာပန်ဖြစ်၏။ အဝိနိပါတဓမ္မော၊ အပါယ်ဘုံသို့ ကျခြင်းသဘောမရှိပေ။ နိယတော၊ မြဲသောဂတိဉာဏ်ရှိ၏။ သမ္ဗောဓိပရာယဏော၊ ကိုယ်တိုင် သိအပ်သော အထက်မဂ်ဉာဏ်လျှင် လားရောက်ရာရှိ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဒေဝေ စ၊ နတ်လောကဌ်လည်းကောင်း။ မာနုသေစ၊ လူ့လောကဌ်လည်းကောင်း။ သတ္တက္ခတ္တုံသန္ဓာဝိတ္တာ သံသရိတ္တာ၊ ခုနစ်ကြိမ် ပြေးသွားကျင်လည်ပြီး၍။ ဒုက္ခဿန္တံ၊ ဆင်းရဲ၏အဆုံးကို။ ကရောတိ၊ ပြု၏။ အယံ ပုဂ္ဂလော၊ ဤပုဂ္ဂိုလ်ကို။ သတ္တက္ခတ္တုပရမော၊ သတ္တက္ခတ္တုပရမ သောတာပန်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်သည်တဲ့။

အင်္ဂုတ္တရပါဠိ (ပ၊ ၂၃၄) မှာလည်း အလားတူ ပါဠိရှိပါတယ်။ သတ္တက္ခတ္တု၊ ခုနစ်ကြိမ်+ ပရမ၊ အတိုင်းအရှည်၊ သတ္တက္ခတ္တုပရမ=

http://www.dhammadownload.com

ဘဝခုနစ်ကြိမ် ခုနစ်ဘဝ အတိုင်းအရှည်ရှိတဲ့ သောတာပန်လို့ ဆိုလိုပါတယ်။ ကောလံကောလ သောတာပန်ကိုတော့

ဒွေ ဝါ တီဏိ ဝါ ကုလာနိ၊ ၂ ဘဝ၊ ၃ ဘဝတို့သို့။ သန္ဓာဝိတွာ သံသရိတွာ၊ ပြေးသွားကျင်လည်ပြီး၍။ ဒုက္ခသန္တံ ကရောတိ၊ ဆင်းရဲ၏ အဆုံးကို ပြုတယ်လို့ ဟောထားပါတယ်။ အဲဒီမှာ ၂ ဘဝ၊ ၃ ဘဝ ဆိုတာက သာမန်ပြဆိုတဲ့ ဒေသနာမှုဖြစ်ကြောင်း၊ ၆ ဘဝအထိ ကျင်လည်ပြီး ရဟန္တာဖြစ်တဲ့ သောတာပန်လည်း ကောလံကောလပင် မည်ကြောင်း အဋ္ဌကထာများမှာ ဖွင့်ပြထားပါတယ်။ အမျိုးကြီးအမျိုးမြတ် ဘဝတစ်ခုမှ အမျိုးကြီး အမျိုးမြတ် ဘဝတစ်ခုသို့ သွားရောက်တတ်သောကြောင့် ကောလံကောလမည်သည်။ သောတာပန်ဖြစ်သည်မှစ၍ ယုတ်ညံ့သောအမျိုး၌ မဖြစ်၊ စီးပွားဥစ္စာပေါများသော အမျိုးကြီး အမျိုးမြတ်တို့၌သာလျှင် ဖြစ်သည်ဟု ဆိုလိုကြောင်းကိုလည်း ထိုအဋ္ဌကထာတို့မှာ ဖွင့်ပြထားပါတယ်။

ဧကဗီဇီ ဆိုတာကတော့ တစ်ခုသောခန္ဓာမျိုးစေ့ (ပဋိသန္ဓေဝိညာဏ်) တစ်ခုသော ဘဝသာ ဖြစ်ဖို့ရှိတဲ့ သောတာပန်လို့ ဆိုလိုပါတယ်။ သောတာပန်ဖြစ်ပြီးတဲ့နောက် လူ့လောကမှာဖြစ်စေ၊ နတ်လောကမှာဖြစ်စေ တစ်ဘဝသာ ဖြစ်ပြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံမည့် သောတာပန်ကို ဧကဗီဇီ ခေါ်တယ်။ ၂ ဘဝဖြစ်စေ၊ ၃ ဘဝ၊ ၄ ဘဝ၊ ၅ ဘဝဖြစ်စေ၊ ၆ ဘဝဖြစ်စေ ဖြစ်ပြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်ဝင်စံမည့် သောတာပန်ကို ကောလံကောလခေါ်တယ်။ အဲဒီတော့ ၂ ဘဝသာရှိတဲ့ ကောလံကောလ၊ ၃ ဘဝသာရှိတဲ့ ကောလံကောလ စသည်ဖြင့် ကောလံကောလ သောတာပန် ၅ ပါး ရှိတယ်လို့ ဆိုရမှာပေါ့။ သတ္တက္ခတ္တုံ ပရမ သောတာပန်ကတော့ လူ့လောက၊ နတ်လောကမှာ (၇ ဘဝ) အထိ ဖြစ်ပြီး ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရမည့် သောတာပန်ပဲ။

http://www.dhammadownload.com

ဒီသောတာပန် ၃ ပါးဟာ နောက်ဆုံးဘဝအထိ သောတာပန်အဖြစ်မှာသာ တည်နေတယ်။ ကြားထဲမှာ သကဒါဂါမ်၊ အနာဂါမ်မဖြစ်ဘူး၊ နောက်ဆုံးဘဝကျမှ အထက်မဂ်ဖိုလ် သုံးဆင့်လုံးကို တက်ရောက်ပြီး ရဟန္တာဖြစ်တယ်။ အဲဒီလို သောဘာပန်သုံးမျိုး ကွဲပြားခြင်း၏ အကြောင်းက ဘာလဲဆိုရင် အထက်မဂ်ဖိုလ်ရအောင် အားထုတ်မှု ဝိပဿနာ ထက်သန်ခြင်းနှင့် မထက်သန်ခြင်းပဲလို့ အဋ္ဌကထာမှာ ဆုံးဖြတ်ထားပါတယ်။ အထက်မဂ်ဖိုလ်ရအောင် အားထုတ်မှု ဝိပဿနာ ထက်သန်အားကောင်းရင် ဇကဗီဇီ ဖြစ်တယ်။ လူ့လောကဘဲဖြစ်စေ၊ နတ်လောကဘဲဖြစ်စေ တစ်ဘဝမျှဖြစ်ပြီး အဲဒီဘဝမှာပဲ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရတယ်။ အဲဒီလောက် မထက်သန်ရင် ကောလံကောလဖြစ်တယ်။ အဲဒီကောလံကောလ ၅ ပါးထဲမှာလည်း ဝိပဿနာ အထက်သန်ဆုံး ပုဂ္ဂိုလ်မှာ ၂ ဘဝသာဖြစ်ပြီး ရဟန္တာဖြစ်မယ်၊ အညဲ့ဆုံးပုဂ္ဂိုလ်မှာ ၆ ဘဝအထိ ဖြစ်ပြီး အဲဒီနောက်ဆုံးဘဝမှာ ရဟန္တာဖြစ်မယ်။ အဲဒီကောလံကောလထက် ဝိပဿနာညဲ့ရင် သတ္တက္ခတ္တုပရမ သောတာပန်ပဲ။ ခုနစ်ဘဝအထိ ဖြစ်ပြီး အဲဒီနောက်ဆုံးဘဝမှာ ရဟန္တာဖြစ်၍ ပရိနိဗ္ဗာန်စံရမယ်။ အဲဒီတော့ သောတာပန်ဖြစ်ပြီးတဲ့နောက် မြန်မြန် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်သို့ မြန်မြန်ရောက်ချင်ရင် အထက်မဂ်ဖိုလ်များကို ရအောင် ဝိပဿနာအလုပ်ကို ကြိုးကြိုးစားစား ထက်သန်စွာ အားထုတ်ရုံပါပဲ။

ဝိပဿနာက အလွန်ထက်သန်ရင်တော့ မျက်မှောက်ဘဝတွင်ပဲ သကဒါဂါမ်လည်း ဖြစ်နိုင်တယ်၊ အနာဂါမ်လည်း ဖြစ်နိုင်တယ်၊ ရဟန္တာလည်း ဖြစ်နိုင်တယ်။ အဲဒီလို အထက်မဂ်ဖိုလ်အဆင့်များ ရောက်သွားရင်တော့ သောတာပန်လို့ မခေါ်ရတော့ဘူး၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလို့သာ ခေါ်ရတယ်။ တချို့မှာ ဝိပဿနာ ထက်သန်တဲ့အတွက် တစ်ထိုင်တည်းအတွင်း တစ်ခဏအတွင်းမှာပင် ဒုဃက်မဂ်ဖိုလ်များသို့

http://www.dhammadownload.com

ရောက်သွားကြတယ်။ ဘုရားလက်ထက်တော် ကာလတုန်းက အဲဒီလို ပုဂ္ဂိုလ်ထူးတွေ များစွာပင် ရှိခဲ့ပါတယ်။

ဘုံစဉ်စံ သောတာပန်

တချို့သောတာပန်ကတော့ ဒုတိယဘဝ၊ တတိယဘဝစသည်မှာ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ပြီးတော့ သုဒ္ဓါဝါသဘုံမှာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံကြတယ်၊ အဲဒီလို သောတာပန်ကတော့ ခုတင်က ပြောခဲ့တဲ့ သောတာပန်သုံးပါးထဲမှာ မပါဝင်ဘူး။ ရှေးရှေးမြန်မာဆရာ မထေရ်မြတ်တို့က အဲဒီလိုသောတာပန်ကို 'ဘုံစဉ်စံ သောတာပန်' လို့ ခေါ်ဝေါ်ရေးသားကြတယ်။ အဲဒီလိုပုဂ္ဂိုလ်တွေကို 'ဝဋ္ဋဇ္ဈာသယ၊ ဝဋ်၌လိုလားသူ၊ ဝဋ္ဌာဘိရတ၊ ဝဋ်၌ပျော်မွေ့သူ'လို့လည်း အဋ္ဌကထာများမှာ ပြဆိုထားပါတယ်။ ပြဆိုပုံကတော့

၎ကစ္ဆော သောတာပန္နော၊ အချို့သောတာပန်သည်။ ဝဋ္ဋဇ္ဈာသယော၊ ဝဋ်၌လိုလားခြင်းရှိသည်။ ဝဋ္ဌာဘိရတော၊ ဝဋ်၌ပျော်မွေ့သည်။ ဟောတိ၊ ဖြစ်၏။ ဝဋ္ဋသို့ယေဝ၊ ဝဋ်ထဲ၌သာလျှင်။ ပုနပ္ပုနံ၊ အဖန်ဖန် အထပ်ထပ်။ ဝိစရတိ၊ ကျက်စား၏။ သန္ဒိဿတိ၊ ထင်၏။ အနာထပိဏ္ဍိကော သေဋ္ဌိ၊ ပ၊ နာဂဒတ္တော ဒေဝပုတ္တောတိ၊ အနာထပိဏ်သူဌေး၏ ဝိသာခါဒါယိကာမကြီး၊ စူဠရထနတ်သား၊ မဟာရထနတ်သား၊ အနေကဝဏ္ဏနတ်သား၊ သိကြားနတ်မင်း၊ နဂဒတ္တနတ်သားဟု ဆိုအပ်ကုန်သော။ ဣမေ ဇတ္တကာဇနာ၊ ဤမျှသော ဤပုဂ္ဂိုလ်တို့သည်။ ဝဋ္ဋဇ္ဈာသယာ ဝဋ္ဌာဘိရတာ၊ ဝဋ်၌လိုလားခြင်း ရှိကြ၏။ ဝဋ်ထဲ၌ ပျော်မွေ့ကြ၏။ အာဒိတော ပဋ္ဌာယ၊ အစမှစ၍။ ဆ ဒေဝလောကော၊ ကာမာဝစရနတ်ပြည် ၆ ထပ်တို့ကို။ သောမေတ္တာ၊ စင်ကြယ်ကုန်၍။ ဝါ၊ ထိုဘုံတို့ဆိုင်ရာ စည်းစိမ်ချမ်းသာတို့ကို ခံစားသောအားဖြင့် တင့်တယ်စေကုန်၍။ (ထိုဘုံတို့၌ တန်ခိုးကြီးသော နတ်များ

http://www.dhammadownload.com

ဖြစ်ကြလျက် ထိုနတ်ပြည်တို့ကို သန့်စင်စေကြသည်၊ ဂုဏ်ကျက်သရေ ရှိစေကြသည်ဟု ဆိုလို၏) အကနိဋ္ဌ ဌဝတွာ၊ အကနိဋ္ဌဘုံ၌ တည်ကုန်လျက်။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန် ပြုကုန်လတ္တံ့။ ဣမေပိ၊ ဤ အနာထပိဏ်စသော ပုဂ္ဂိုလ်တို့ကိုလည်း။ ဣဒ၊ ဤသောတာပန်သုံးပါး အရာ၌။ န ဂဟိတာ၊ မယူအပ်ကုန်လို့ ပုဂ္ဂလပညတ်အဋ္ဌကထာ ၄၇၊ သံယုတ်အဋ္ဌကထာ (တတိယ ၂၇၁) တို့၌ ပြဆိုထားပါတယ်။

အနာထပိဏ်သူဌေးအစရှိတဲ့ ဝဋ်ကြွိုက်ပုဂ္ဂိုလ်တွေဟာ ကာမာဝစရနတ်ပြည် ၆ ထပ်မှာ ဖြစ်ပြီးတော့ နောက်ဆုံး သုဒ္ဓါဝါသ ငါးဘုံထဲက အမြင့်မြတ်ဆုံးဖြစ်တဲ့ အကနိဋ္ဌဘုံမှာ ဖြစ်ကြမယ်။ အဲဒီဘုံကျတော့မှ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံကြမယ်။ အဲဒီပုဂ္ဂိုလ်တွေဟာ နောက်ဆုံးဘဝကျအောင် သောတာပန်အဖြစ်ဖြင့် တည်နေကြတာ မဟုတ်ဘူး၊ ကြားထဲမှာ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ပြီးတော့ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း တက်ပြီး နောက်ဆုံး အကနိဋ္ဌဘုံမှာ ရဟန္တာဖြစ်ကြမယ်။ ဒါကြောင့် အဲဒီပုဂ္ဂိုလ်တွေကို သတ္တက္ခတ္တုံပရမ စသော သောတာပန်သုံးပါးထဲ ထည့်မယူရကြောင်း ပြဆိုထားပါတယ်။ အဲဒီလိုသောတာပန်ကို ဘယ်လိုခေါ်ရမလဲဆိုတော့ မြန်မာဆရာတော်များက ပြဆိုထားတဲ့အတိုင်း ဘုံစဉ်စံလို့ ခေါ်ရုံရှိတာပါပဲ။ ဘယ်လိုဘုံစဉ်စံသလဲဆိုတော့ (ဆ ဒေဝလောကေ သောဓေ တွာ စသည်ဖြင့်) ဆိုထားတဲ့အတိုင်း 'ကာမာဝစရနတ်ပြည် ၆ ထပ် ဘုံစဉ်အတိုင်း သုဒ္ဓါဝါသငါးဘုံ အစဉ်အတိုင်း ဖြစ်ပြီး စံသွားလို့ 'ဘုံစဉ်စံ' ခေါ်တယ်လို့ တချို့က ယူဆကြပါတယ်။ ဘုန်းကြီးသဘောကျတာကတော့ သောတာပတ္တိဖိုလ်ဘုံအဆင့်မှ သကဒါဂါမ်မိဖိုလ်ဘုံအဆင့်၊ အနာဂါမိဖိုလ်ဘုံအဆင့်များသို့ တစ်ဘဝချင်းရောက်ပြီး နောက်ဆုံးဘဝကျမှ အရဟတ္တဖိုလ်ဘုံအဆင့်သို့ ရောက်လျက် ပရိနိဗ္ဗာန်စံသွားတဲ့အတွက် 'ဘုံစဉ်စံ' ခေါ်တယ်'လို့ သဘောကျပါတယ်။ အဲဒီဘုံစဉ်စံ ယူပုံကတော့ ဓမ္မသင်္ဂဏီပါဠိတော်မှာ ပဌမာယ

http://www.dhammadownload.com

ဘူမိယာ၊ ဒုတိယာယ ဘူမိယာစသည်ဖြင့် ဖိုလ်လေးပါးကို ဘုံလေးပါး အဖြစ် ဟောထားတဲ့စကားနှင့် အညီပါပဲ။ ရှင်းလည်း ရှင်းပါတယ်။

ကာမာဝစရနတ်ဘုံ ၆ ထပ် အစဉ်အတိုင်း တက်တယ်ဆိုတာကတော့ မသေချာပါဘူး။ ဘာကြောင့်လဲဆိုတော့ သက္ကပဉ္ဉသုတ်အဖွင့် အဋ္ဌကထာ ၃၃၂ မှာ 'သိကြားမင်းဟာ လူ့ဘဝ၌ဖြစ်ပြီး သကဒါဂါမ်ဖြစ်မည့်အကြောင်း၊ တစ်ဖန် သိကြားမင်းဖြစ်ပြီး အနာဂါမ်ဖြစ်မည့် အကြောင်း၊ အဲဒီသိကြားမင်းအဖြစ်မှ သုဒ္ဓါဝါသငါးဘုံ၌ အစဉ် အတိုင်း ဖြစ်သွားမည့်အကြောင်းများကို' ပြဆိုထားသောကြောင့်ပါပဲ။ အဲဒါဟာလည်း အဋ္ဌကထာသက်သက် မဟုတ်ပါဘူး။ သက္ကပဉ္ဉသုတ် ပါဠိတော်မှာပင် ဂါထာများဖြင့် ပြဆိုချက် ရှိပါတယ်။ အဋ္ဌကထာ ပြဆိုပုံကတော့

အယ်၊ ဤသိကြားမင်းသည်။ တတော သက္ကတ္တတ္တဘာဝတော၊ လူ့ဘဝမှ ပြန်လာ၍ဖြစ်သော ထိုဒုတိယအကြိမ် သိကြားအဖြစ်မှ။ စုတော၊ စုတေလတ်သော်။ တသ္မိံ အတ္တဘာဝေ၊ ထိုသိကြားအတ္တဘော သိကြားဘဝ၌။ အနာဂါမိမဂ္ဂဿ ပဋိလဒ္ဓတ္တာ၊ အနာဂါမိမဂ်ကို ရခဲ့ခြင်းကြောင့်။ ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ ဟုတ္တာ၊ အထက်သို့ ဆန်တက်လျက် အကနိဋ္ဌဘုံသို့ သွားရောက်မည့်ပုဂ္ဂိုလ်ဖြစ်၍။ အဝိဟာဒီသုနိဗ္ဗတ္တန္တော၊ အဝိဟာဘုံစသည်တို့၌ဖြစ်လျက်။ အဝသာနေ အကနိဋ္ဌေ၊ နောက်ဆုံး အကနိဋ္ဌဘုံ၌၊ နိဗ္ဗတ္တိဿတိ ကိရ၊ ဖြစ်လိမ့်မည်တဲ့။ တံ၊ ထိုသို့ဖြစ်မည်ကို။ သန္ဓာယ၊ ရည်ရွယ်၍။ ဧဝံ အာဟ၊ နောက်ဆုံးဘဝ၌ ထိုအကနိဋ္ဌဘုံသည် နေရာဖြစ်လိမ့်မည်ဟူသော ဤစကားကို ဆိုပေသည်။ ဧသ၊ ဤသိကြားမင်းသည်။ အဝိဟေသု၊ အဝိဟာဗြဟ္မာတို့၌။ ဝါ၊ အဝိဟာဘုံ၌။ ကပ္ပသဟဿံ ဝသိဿတိ ကိရ၊ ကပ္ပါတစ်ထောင် နေရလိမ့်မည်တဲ့။ အတပ္ပေသု ဒွေ ကပ္ပသဟဿာနိ၊ အတပ္ပါဘုံ၌ ကပ္ပါ ၂ ထောင် နေရလိမ့်မည်တဲ့။ သုဒဿေသု စတ္တာရိ ကပ္ပသ

http://www.dhammadownload.com

ဟသ္သာနိ၊ သုဒဿာဘုံ၌ ကပ္ပါ ၄ ထောင် နေရလိမ့်မည်တဲ့။ သုဒဿီသုအဋ္ဌ၊ သုဒဿီဘုံ၌ ကပ္ပါ ၈ ထောင် နေရလိမ့်မည်တဲ့။ အကနိဋ္ဌသုသောဠသ၊ အကနိဋ္ဌဘုံ၌ ကပ္ပါ ၁၆၀၀၀ နေရလိမ့်မည်တဲ့။ ဣတိ၊ ဤသို့လျှင်၊ ဧကတိံသ ဂဝပ္ပသဟဿာနိ၊ ကပ္ပါ ၃၁၀၀၀ ပတ်လုံး၊ ဗြဟ္မအာယုံ၊ ဗြဟ္မာ့အသက်ကို။ အနုဘဝိဿတိ ကိရ၊ ခံစားရလိမ့်မည်တဲ့။ သက္ကော ဒေဝရာဇာ၊ အနာထပိဏ္ဍိကော ဂဟပတိ၊ ဝိသာခါ မဟာဥပါသိကာတိ၊ သိကြားနတ်မင်း၊ အနာထပိဏ်သူဌေး၊ ဝိသာခါဒါယိကာမကြီးဟု ဆိုအပ်ကုန်သော။ တယောပိ ဣမေ၊ ဤသုံးဦးတို့သဲ့သည်။ ဧကပ္ပမာဏာအာယုကာ ဧဝ၊ အသက်အတိုင်းအရှည် တူကြပါသည်တဲ့။

ဒီအဲဒီအဋ္ဌကထာစကားထဲမှာ 'သိကြားမင်းဟာ သိကြားဘဝမှာပင် အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသဗြဟ္မာဘုံ ရောက်သွားမယ်'လို့ ပြဆိုထားတဲ့အတွက် တာဝတိံသာမှတစ်ပါး အခြားနတ်ပြည်တွေမှာ မဖြစ်ရတော့ကြောင်း ထင်ရှားပါတယ်။ အနာထပိဏ်၊ ဝိသာခါတို့လည်း သူတို့ဖြစ်ဆဲနေရာ တုသိတာနှင့် နိမ္မာနရတီဘုံများမှာပင် အနာဂါမ်ဖြစ်ပြီး သုဒ္ဓါဝါသသို့ သိကြားမင်းလိုပင် ဖြစ်သွားဖွယ်ရှိပါတယ်။ ဒါကြောင့် နတ်ပြည် ၆ ထပ် အစဉ်အတိုင်း ဖြစ်တယ်ဆိုတာကတော့ မသေချာဘူး၊ သုဒ္ဓါဝါသငါးဘုံမှာ အစဉ်အတိုင်း ဖြစ်တယ်ဆိုတာကတော့ သေချာပါတယ်။ ဒါပေမဲ့ 'အရိယ ဖိုလ်လေးပါးဆိုတဲ့ ဘုံလေးပါးကို တစ်ဆင့်ချင်း တက်သွားလို့ ဘုံစဉ်စံခေါ်တယ်' ဆိုတာက ပိုပြီး အသင့်ယုတ္တိရှိပါတယ်။

နောက်ပြီးတော့ လူ့ဘဝမှာ သောတာပန်ဖြစ်ပြီးတော့ လူ့လောကတွင်ပဲ ခုနစ်ကြိမ်တိုင်အောင် ဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်၊ နတ်ဘဝမှာ သောတာပန်ဖြစ်ပြီးတော့ နတ်လောကတွင်ပဲ ခုနစ်ကြိမ်တိုင်အောင်ဖြစ်ပြီး နောက်ဆုံးဘဝမှာ ရဟန္တာဖြစ်တဲ့ပုဂ္ဂိုလ်=

http://www.dhammadownload.com

ဒီပုဂ္ဂိုလ် ၂ မျိုးကိုလည်း သတ္တကၠတ္တု ပရမလို့ မဆိုရဘူးတဲ့၊ ရံခါ လူ့ဘုံမှာ ဖြစ်လိုက်၊ ရံခါ နတ်ဘုံမှာဖြစ်လိုက်နဲ့ ခုနစ်ကြိမ်တိုင်အောင် ပြောင်းလဲဖြစ်တဲ့ သောတာပန်ကိုသာ သတ္တကၠတ္တုပရမ ခေါ်တယ်တဲ့။ ကောလံကောလမှာလည်း နည်းတူပါပဲ။

ဘဝရေတွက်ပုံ

တစ်ဘဝ၊ နှစ်ဘဝ စသည်ယူရာမှာ ပဋိသန္ဓေဖြင့် ပိုင်းခြားပြီး ယူရပါသလား၊ လို့ဆိုတော့ အဲဒီလိုမဟုတ်ဘူး၊ အမျိုးကွဲဘဝဖြင့်သာ ပိုင်းခြားပြီး ယူရတယ်။ အဲဒီလို ယူရကြောင်းကို ဓမ္မသင်္ဂဏီမူလဋီကာ ၁၁၇ မှာ

ဧကံ ဘဝန္တိ၊ တစ်ခုသောဘဝကို ဟူရာ၌။ တတ္ထေဝ၊ ထိုရူပဘဝ၊ အရူပဘဝ၌သာလျှင်။ အနေကက္ခတ္တုဉ္စ ဥပပဇ္ဇနဿ၊ အကြိမ်များစွာ ဖြစ်ခြားသော်လည်း။ အနာဂါမိနော၊ အနာဂါမ်ပုဂ္ဂိုလ်၏။ ဟေဋ္ဌာ အနာဂမနဝသေန၊ အောက်ကာမဘုံသို့ မလာသည်၏ အစွမ်းအားဖြင့်။ ဧကော ဘဝေါတိ ဂဟေတွာ၊ တစ်ခုသော ရူပဘဝ (ဝါ၊ အရူပဘဝ) ဟု ယူ၍။ ဝုတ္တံ၊ ဆိုအပ်ပေသည်လို့ ဖွင့်ပြထားပါတယ်။

အဲဒါဟာ 'သကဒါဂါမ်မှာလို နှစ်ဘဝမဖြစ်ရဘူး၊ တစ်ဘဝသာ ဖြစ်ရတယ်'လို့ ဆိုထားတဲ့ အဋ္ဌကထာမှာ စောဒနာစရာရှိလို့ ဖွင့်ပြတဲ့ မူလဋီကာပါပဲ။ စောဒနာဖွယ် ရှိပုံကတော့ အနာဂါမ်ဟာ သုဒ္ဓါဝါသ ငါးဘုံမှာ ငါးဘဝအထိ ဖြစ်နိုင်တယ်။ အရူပဘုံမှာဆိုရင်လည်း လေးဘဝ အထိ ဖြစ်နိုင်တယ်။ သို့ဖြစ်ပါလျက် တစ်ဘဝကို ချန်ထား၍ ထို့ထက် အလွန် ဒုတိယဘဝ၌ မဖြစ်နိုင်တော့ဘူးလို့ ဆိုရာမှာ ဘယ်လိုယူဆ၍ ဆိုပါသလဲလို့ စောဒနာဖွယ် ရှိပါတယ်။ အဲဒီ စောဒနာဖွယ်ကို ဖြေရှင်းပြတာပါပဲ။ ဆိုလိုတာကတော့ အနာဂါမ်မှာ သုဒ္ဓါဝါသ၌ ငါးကြိမ်အထိ၊

http://www.dhammadownload.com

အရှုပဘုံ၌ လေးကြိမ်အထိ ပဋိသန္ဓေအစွမ်းဖြင့် ဖြစ်သော်လည်း အောက်ကာမဘုံ၌ ပြန်၍မဖြစ်သောကြောင့် ရူပဘဝတစ်ပါးတည်းသာ ဖြစ်တယ်၊ သို့မဟုတ် အရှုပဘဝ တစ်ပါးတည်းသာဖြစ်တယ်။ အဲဒီလို ကာမဘဝနှင့် မရောဘဲ ရူပဘဝသက်သက်၊ သို့မဟုတ် အရှုပဘဝ သက်သက်သာ ဖြစ်သောကြောင့် တစ်ဘဝဟု ဆိုတယ်လို့ ဆိုလိုပါတယ်။ အဲဒီမှာ ပဋိသန္ဓေ အလိုအားဖြင့် ငါးဘဝ၊ လေးဘဝ ရှိငြားသော်လည်း အခြားဘဝနှင့်မရောသောကြောင့် တစ်ဘဝလို့သာ ယူရသလို 'သောတာပန်မှာ ခုနစ်ဘဝ၊ သကဒါဂါမ်မှာ နှစ်ဘဝ'လို့ ဆိုရာများမှာလည်း ပဋိသန္ဓေဖြင့် မပိုင်းခြားဘဲ ဘဝမျိုးကွဲဖြင့်သာ ပိုင်းခြား၍ ယူသင့်ကြောင်း အနုဋ္ဌီကာ ပ၊ ၁၂၄ မှာ ဒီလို ပြဆိုထားပါတယ်။

ဧကော ဘဂဝေါတိ ဂဟေတွာ ဝုတ္တန္တိ၊ တစ်ခုသော ရူပဘဝ (ဝါ၊ အရှုပဘဝ) ဟု ယူ၍ ဆိုအပ်ပေသည်ဟူသော။ ဧတေန၊ ဤဖွင့်ပြချက်ဖြင့်။ သတ္တ ဘဝေ ဒွေ ဘဝေတိ ဣဒမ္မိ၊ ခုနစ်ဘဝတို့ကို၊ နှစ်ဘဝတို့ကို (ချန်ထား၍) ဟူသော ဤစကား ၂ ရပ်ကိုလည်း။ အဓိပ္ပါယဝသေန နေတဗ္ဗံ၊ ဆိုလိုသော အနက်၏အစွမ်းဖြင့် ဆောင်၍ သိအပ်၏။ နယထာရုတဝသေနာတိ၊ တိုက်ရိုက်ဆိုထားသည့် အနက်၏ အစွမ်းအားဖြင့် မယူအပ်၊ မသိအပ်ဟူ၍။ ဒဿေတိ၊ ပြတော်မူ၏။ (ဒီစကားဖြင့် ပဋိသန္ဓေအရ ခုနစ်ဘဝတိတိ၊ နှစ်ဘဝတိတိ မယူအပ်ကြောင်းကို ပြသည်) တတ္ထ၊ ထိုစကားရပ်၌။ အယံ အဓိပ္ပါယော၊ ဤသည်ကား ဆိုလိုသောအနက်ဖြစ်သည်။ ဧကဝါရံ ကာမာဝစရဒေဝေသု ဧကဝါရံ မနုဿေသူတိ၊ ကာမာဝစရနတ်ဘုံတို့၌ တစ်လှည့်၊ လူတို့၌ တစ်လှည့်ဟူ၍။ ဧဝံ ဝိမိဿိတုပပတ္တိဝသေန၊ ဤသို့ရောနှောသော ပဋိသန္ဓေ၏ အစွမ်းအားဖြင့် (ခုနစ်ဘဝ၊ နှစ်ဘဝတို့ကိုဆောင်၍ သိအပ် ၏)။ တေသု၊ ထိုနတ်ဘုံ၊ လူ့ဘုံတို့၌။ ဧကိဿာ ဧဝဉပပတ္တိယာ၊ တစ်ခုတည်းသာဖြစ်သော ပဋိသန္ဓေ၏ အစွမ်းအားဖြင့်။ အယံ ပရိစ္ဆေ

http://www.dhammadownload.com

ဒေါ၊ ခုနစ်ဘဝ၊ နှစ်ဘဝဟူသော ဤအပိုင်းအခြားကို။ နှ (နေတဇော)၊ မသိအပ်၊ မယူအပ်ပေတဲ့။ (နာယံ၊ ဟူသော ရှေးမူသာ သင့်သည်)။

အဲဒီမှာ ဆိုလိုတာကတော့ နတ်လောကဌ် ဆက်တိုက်ဖြစ်နေလျှင် ဘဝပေါင်းမည်မျှပင် ရှိစေကာမူ လူ့ဘဝနှင့် မရောသောကြောင့် တစ်ဘဝဟူ၍သာ ယူရမယ်။ လူ့လောကဌ်လည်း ဆက်တိုက်ဖြစ်နေလျှင် ဘဝပေါင်းမည်မျှပင် ရှိစေကာမူ နတ်ဘဝနှင့်မရောသောကြောင့် တစ်ဘဝဟူ၍သာ ယူရမယ်။ အဲဒီလို အပြောင်းအလဲမရှိလျှင် တစ်ဘဝဟူ၍သာ ယူပြီးတော့ ပြောင်းလဲသွားတဲ့အခါကျမှ နှစ်ဘဝ၊ သုံးဘဝ စသည်ဖြင့် ယူရမယ်လို့ ဆိုလိုပါတယ်။ အဲဒီလို ယူပုံဟာ ကာမဘဝနှင့် မရောသော ရူပဘဝ ငါးခုကို၊ အရူပဘဝ လေးခုကို တစ်ဘဝလို့ ယူပုံနှင့်ထပ်တူပါပဲ။ တချို့ကတော့ နတ်ဘဝမှ သေရင် လူဖြစ်လိုက်၊ လူ့ဘဝမှသေရင် နတ်ဖြစ်လိုက်နဲ့ တစ်ဘဝချင်း တစ်လှည့်စီဖြစ်ပုံကို ယူလိုကြတယ်။ အဲဒီလို တစ်လှည့်စီ အတိအကျ ဖြစ်နိုင်ဖို့ကတော့ ခဲယဉ်းပါလိမ့်မယ်။ အဲဒီလိုဆိုရင် အနာဂါမ်၏ ရူပဘဝ ငါးခုနှင့် အရူပဘဝ လေးခုကို တစ်ဘဝဟု ယူပုံနှင့်လည်း မဟပ်မိပါဘူး၊ အဲဒါ အထူးသတိပြုစရာပါပဲ။ နောက်ပြီးတော့ ကဿပမြတ်စွာဘုရား လက်ထက်တော်က သောတာပန်တွေဟာ ယခု ဂေါတမမြတ်စွာဘုရား လက်ထက်တော် အထိ နတ်ပြည်လောကဌ် ရှိနေကြတာကို ထောက်ဆကြည့်ရင်လည်း ပဋိသန္ဓေဖြင့် မပိုင်းခြားဘဲ အမျိုးကွဲဘဝဖြင့်သာ ပိုင်းခြားပြီး ယူတာက ပိုပြီးသင့်ကြောင်း ထင်ရှားပါတယ်။

ဖိုလ်ဝင်စားပုံ

သောတာပန်သုံးပါးအကြောင်းကိုတော့ နားလည်လောက်ပါပြီ၊ ယခု သောတာပန်ပုဂ္ဂိုလ်၏ ဖိုလ်ဝင်စားပုံကို ပြောရမယ်။ ဒါကတော့

http://www.dhammadownload.com

ဝိသုဒ္ဓိမဂ်မှာ ထင်ရှားပြထားပြီး ရှိနေပါတယ်။ ဝိသုဒ္ဓိမဂ် မြန်မာပြန် စတုတ္ထတွဲ (နှာ ၅၀၄ စသည်) မှာ ကြည့်ရှုနိုင်ပါတယ်။ အဲဒီမှာတော့ ကျမ်းဂန်ဝေါဟာရတွေနဲ့ ပြထားတယ်။ ယခု ဒီမှာတော့ ယောဂီများ၏ ကိုယ်တွေ့ဖြင့် သိလွယ်အောင် အရပ်သုံး မြန်မာစကားဖြင့် ပြောရမယ်။

သောတာပတ္တိဖိုလ်ဆိုတာ အရိယမဂ်ရောက်ခဲ့စဉ်က တွေ့ခဲ့ရပြီး ဖြစ်တဲ့ အငြိမ်းဓာတ်သို့ ပြန်ရောက်နေတဲ့သဘောပါပဲ။ အဲဒီလို ရောက်အောင် ဘယ်လိုလုပ်ရသလဲဆိုရင် ဝိပဿနာ ရှုမှတ်နေကျအတိုင်း ဒွါရ ၆ ပါးက ဖြစ်ပေါ်နေတဲ့ မြင်မှု၊ ကြားမှုစသော ရုပ်နာမ် ဥပါဒါနက္ခန္ဓာတွေကို ရှုမြဲ ရှုမှတ်နေရုံပါပဲ။ ရုပ်နာမ်တွေ ချုပ်ငြိမ်းရာသို့ ရောက်ပါစေလို့ စိတ်ညွှတ်ပြီးတော့ ရှုမှတ်နေကျအတိုင်း ရှုမှတ်နေရုံပါပဲ။ အဲဒီလို ရှုမှတ်နေရင် အဖြစ်အပျက်ကိုသိတဲ့ ဥဒယဗ္ဗယဉာဏ်က စပြီးဖြစ်တယ်။ ဒါကတော့ အထူးအဆန်းမဟုတ်ပါဘူး။ အရိယမဂ်ဖိုလ် ရောက်ပြီး ပုဂ္ဂိုလ် ဝိပဿနာရှုရင် ဥဒယဗ္ဗယဉာဏ်ကချည်း စဖြစ်တာပါပဲ။ အဲဒီလို ရှုသိနေရင်း ဝိပဿနာဉာဏ်တွေ အစဉ်အတိုင်းဖြစ်ပြီး မကြာမီပင် သခ်ါရုပေက္ခာဉာဏ် ရောက်တယ်။ ရှုမှတ်မှု အလေ့အလာ အရှိန်ရနေတဲ့ ပုဂ္ဂိုလ်မှာဆိုရင် တစ်မိနစ်၊ နှစ်မိနစ်လောက်အတွင်းလည်း သခ်ါရုပေက္ခာဉာဏ် ရောက်နိုင်တယ်။ လေး ငါး ဆယ်ချက်လောက် ရှုမှတ်ရုံနဲ့လည်း သခ်ါရုပေက္ခာဉာဏ် ရောက်နိုင်တယ်။

သခ်ါရုပေက္ခာဉာဏ်က အားရှိလာရင် ရှုသိ ရှုသိနေရင်းပင် ချုပ်ငြိမ်းရာသို့ ရှေ့ကလိုပင် ရောက်သွားတယ်။ အဲဒီလို ချုပ်ငြိမ်းရာ ရောက်သွားတာဟာ သောတာပတ္တိဖိုလ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုတာပါပဲ။ မဂ်၏အခြားမဲ့မှာ ဖြစ်ခဲ့တဲ့ဖိုလ်က စိတ်ခဏ နှစ်ကြိမ်၊ သုံးကြိမ်ဆိုတော့ ဘာမှမကြာဘူး၊ ယခု သမာပတ်ဝင်တဲ့ဖိုလ်ကတော့ ကြာရှည်စွာလည်း တည်နေနိုင်တယ်။ နှစ်မိနစ်၊ သုံးမိနစ်ဖြစ်စေ၊ ငါး

http://www.dhammadownload.com

မိနစ်၊ ဆယ်မိနစ်ဖြစ်စေ၊ ထိုထက်အလွန်ဖြစ်စေ သိစရာ ရုပ်နာမ်လည်း မပေါ်၊ ရှုသိမှုလည်း မဖြစ်ဘဲ ငြိမ်းတဲ့သဘောမှာသာ တည်နေတတ်တယ်။ အဲဒါဟာ ချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက်ပြုလျက် ဖိုလ်စိတ်အစဉ် ဖြစ်နေတာပါပဲ။

အဲဒီ ဖိုလ်စိတ်အစဉ် ပြတ်သွားတဲ့အခါ ပြန်လှည့်ပြီး ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဆိုတာကတော့ ဖြစ်ရိုးပါပဲ။ အဲဒီလို ဆင်ခြင်ပြီး ရှုမှတ်မြဲ ရှုမှတ်လျက် ဖြစ်နေတယ်။ အဖြစ်အပျက်ကို သိမြဲသိနေတယ်။ အဲဒါက ဥဒယဗ္ဗယဉာဏ်ပဲ၊ အဲဒီကနောက် ဆက်ပြီးရှုမှတ်နေလျှင် မကြာမီပင် သခ်ါရပေက္ခာဉာဏ် ရောက်ပြန်တယ်၊ အဲဒီ သခ်ါရပေက္ခာဉာဏ်က အားကောင်းပြန်ရင် ချုပ်ငြိမ်းရာသို့လည်း ရောက်သွားတတ်တယ်။ အဲဒီ ချုပ်ငြိမ်းရာသို့ အမြန်ရောက်အောင်လည်း လေ့လာရတယ်။ ဒဲဒီ ချုပ်ငြိမ်းရာမှာ ဆယ်မိနစ်ခန့်၊ မိနစ်နှစ်ဆယ်ခန့်၊ နာရီဝက်ခန့်၊ တစ်နာရီခန့်စသည်ဖြင့် ကြာရှည်စွာ တည်နေအောင်လည်း အဓိဋ္ဌာန်ပြုပြီး ရှုမှတ်အားထုတ်ရတယ်။ သမာဓိအား ရှိတဲ့သူမှာဆိုရင် ချုပ်ငြိမ်းရာသို့ အမြန်လည်း ရောက်တယ်၊ တစ်နာရီ၊ နှစ်နာရီစသည်ဖြင့် အလိုရှိသည့်အတိုင်း အဓိဋ္ဌာန်ပြုထားသည့်အတိုင်းလည်း တည်နေနိုင်တယ်။ အချို့ထူးခြားတဲ့ပုဂ္ဂိုလ်မှာတော့ မဂ်ဖိုလ်ရောက်ပြီးကာတည်းက ချုပ်ငြိမ်းရာသို့ ခဏခဏလည်း ရောက်နေတယ်၊ ဘာမျှ အထူးမလေ့လာရတော့ဘဲ ကြာရှည်စွာလည်း တည်နေတယ်။

သကဒါဂါမိမဂ်ဖိုလ်ရောက်အောင် အားထုတ်ပုံ

အဲဒီလို အမြန်ရောက်အောင်၊ ကြာရှည်စွာတည်အောင် လေ့လာသင့်သမျှ လေ့လာပြီးတော့ မပယ်ရသေးတဲ့ ကိလေသာတွေကို ပယ်နိုင်အောင်၊ မရောက်သေးတဲ့ မရသေးတဲ့ ဉာဏ်ထူးတရားများကို ရောက်

http://www.dhammadownload.com

အောင် ရအောင်လည်း အားထုတ်ရတယ်။ ဘယ်လိုအားထုတ်ရသလဲ ဆိုတော့ အဲဒီကိစ္စအတွက် ဒီသီလဝန္တသုတ်မှာ အရှင်မဟာကောဋ္ဌိက မထေရ်က မေးလို့ အရှင်သာရိပုတ္တရာမထေရ်က ဖြေရှင်းမိန့်ကြားထားပြီး ရှိနေပါတယ်။ မေးပုံကတော့

သောတာပန္နေန ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ မဗ္ဘာ ယောနိသော မနသိ ကာတဗ္ဘာ တဲ့။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ သောတာပန္နေန ပန ဘိက္ခုနာ၊ သောတာပန်ရဟန်းသည်ကား။ ကတမေဓမ္မာ၊ အဘယ်တရားတို့ကို။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ဝါ၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကာတဗ္ဘာ၊ နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းလို့ မေးပါတယ်။ ဖြေပုံကတော့

သောတာပန္နေနပိ ဧဓေါ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ
ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ ပ။
အနတ္တတော ယောနိသော မနသိ ကာတဗ္ဘာ

စသည်ဖြင့် ဖြေရှင်းမိန့်ကြားတော်မူပါတယ်။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင် ကောဋ္ဌိက။ သောတာပန္နေနပိ ဘိက္ခုနာ၊ သောတာပန်ရဟန်းသည်လည်း။ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု၊ (ပါဠိပြရာမှာ ။ပ။ ဆိုတာ ပေယျာလလို့ ဆိုလိုပါတယ်။ ပေယျာလဆိုတာ ရှေးက ပြခဲ့ပြီး စကားရပ်များကို သိနိုင်လောက်လို့ မပြတော့ဘဲ ချန်ထားတယ်၊ အလိုရှိရင် ရှေးကအတိုင်းပင် ဖော်ထုတ်နိုင်တယ်လို့ ဆိုလိုတာပါပဲ) အနတ္တတော၊ အစိုးမရ၊ အတ္တကောင်မဟုတ်၊ သဘောတရားမျှဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ **မနသိ ကာတဗ္ဘာ၊ နှလုံးသွင်းအပ် ရှုအပ်ကုန်၏တဲ့။**

အဲဒီဖြေကြားချက်ကို သေသေချာချာ သတိပြုပြီး ဆင်ခြင်

http://www.dhammadownload.com

ကြည့်ရမယ်။ သောတာပတ္တိဖိုလ်ရောက်အောင် ပုထုဇဉ်၏ရှုပုံကို ပြတဲ့ ပါဠိနဲ့ သောတာပန်၏ရှုပုံကို ပြတဲ့ ယခု ပါဠိဟာ ဘာထူးခြားသေးသလဲ၊ ရှုပုံခြင်း ဘာမျှမထူးဘူး။ ပုထုဇဉ်ရှုပုံမှာလည်း ဥပါဒါနက္ခန္ဓာ ငါးပါးပဲ။ ယခု သောတာပန်ရှုပုံမှာလည်း ဥပါဒါနက္ခန္ဓာ ငါးပါးပဲ။ ပုထုဇဉ်ရှုပုံမှာလည်း အနိစ္စစသော အခြင်းအရာ ၁၁ ပါးပဲ။ ယခု သောတာပန်ရှုပုံမှာလည်း အဲဒီအခြင်းအရာ ၁၁ ပါးပဲ။ ဒါကြောင့် ဘုန်းကြီးက အဲဒီအမေးအဖြေများကို အတိုချုံးပြီး ဆောင်ပုဒ်စီထားတယ်။

သောတာပန်လည်း ပုထုဇဉ်တုန်းကလို ရှုရတာပဲ

(၁) သောတာပန်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) သောတာပန်လည်း၊ ခန္ဓာပဲ၊ ရှုမြဲနည်းတူသည်။

သောတာပန်လည်း ရှေးနည်းတူပင် ဥပါဒါနက္ခန္ဓာ ငါးပါးကို ရှုရတယ်။ ရှုတော့လည်း အနိစ္စ အစရှိသော ၁၁ ပါးသော အခြင်းအရာတို့ဖြင့်ပင် နည်းတူရှုရတယ်လို့ ဆိုလိုပါတယ်။ အလွန်ပင် ရှင်းလင်းပြတ်သားပါတယ်။ ပုထုဇဉ် ရှုရတဲ့တရားနဲ့ သောတာပန်ရှုရတဲ့တရားဟာ အတူတူပါပဲ။ မြင်ဆဲ၊ ကြားဆဲစသည်မှာ ထင်ရှားတဲ့ ဥပါဒါနက္ခန္ဓာတရားတွေချည်းပဲ။ ပုထုဇဉ်မှာ မရှုမိလို့ အမှန်အကိုင်း မသိရင် တဏှာဒိဋ္ဌဖြင့် နိစ္စ၊ သုခ၊ အတ္တလို့ စွဲလမ်းနိုင်တဲ့တရားတွေကို ရှုသိရတာပဲ။

သောတာပန်မှာတော့ ဒိဋ္ဌဖြင့် မစွဲလမ်းနိုင်ဘူး၊ ဒါပေမဲ့ တဏှာဖြင့် သာယာပြီးတော့ စွဲလမ်းနိုင်တယ်။ မာနဖြင့်လည်း အသို့၊ ငါဖြစ်တယ်၊ ငါ တတ်တယ်၊ သိတယ်စသည်ဖြင့် တက်ကြွထောင်လွှားပြီး စွဲလမ်းမှု ရှိနေသေးတယ်။ အဲဒီမာနဒိဋ္ဌနှင့် ခပ်တူတူဖြစ်နေလို့ သူ့ကို ဒိဋ္ဌမာနလို့လည်း ခေါ်တယ်။ ဒိဋ္ဌမာနခေါ်တဲ့ အဲဒီအသို့မာနကို ပယ်နိုင်ရန်အတွက် သောတာပန်ဖြစ်ပြီးတဲ့ ပဋ္ဌဝဂ္ဂီရဟန်းငါးပါးကို မြတ်စွာ

http://www.dhammadownload.com

ဘုရားက အနတ္တလက္ခဏသုတ်တရားကို ဟောကြားတော်မူခဲ့တာပဲ။ ဒါကြောင့် ပုထုဇဉ်မှာ အနိစ္စစသည်ဖြင့် ရှုသိရသလိုပင် သောတာပန်က လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တအခြင်းအရာတို့ဖြင့် ရှုသိရတာပဲ။ ရှုအပ်တဲ့ တရားရော၊ ရှုသိပုံရော ပုထုဇဉ်နှင့် သောတာပန်ဟာ အတူတူပါပဲ။

ဒါကြောင့် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ရှေးက လိုပင် ရူမြဲဆက်ပြီး ရှုနေရတယ်။ ဒါပေမဲ့ ရပြီးတရား ပြန်ရောက် အောင် အားထုတ်ရာမှာလို မလွယ်ကူလှဘဲ ရှိနေတတ်တယ်။ ရောက် နေကျဖြစ်တဲ့ ချုပ်ငြိမ်းရာရောက်အောင် ရှုမှတ်ရင်တော့ လွယ်တယ်၊ မကြာမီပင် အမှတ်အသိကောင်းပြီး ရောက်နေကျ ချုပ်ငြိမ်းရာ ရောက် ရောက်သွားတတ်တယ်။ ချုပ်ငြိမ်းရာကို မရောက်တောင် ငြိမ်သက် သိမ်မွေ့ပြီး ရှုသိလို့ကောင်းနေတဲ့ သခါရပေကွာကိုတော့ အလွယ်တကူ ပင် ရောက်နေတာပဲ။ ဒါပေမဲ့ မရသေးတဲ့ ဉာဏ်ထူး တရားထူးအတွက် ယခု အားထုတ်တဲ့အခါကျတော့ ရှုမှတ်လို့ မကောင်းဘဲ ခပ်ခက်ခက် ဖြစ်နေတတ်တယ်။

ကိုယ်ထဲက အခံရခက်တဲ့ ဒုက္ခဝေဒနာတွေကိုလည်း တွေ့နေရ တတ်တယ်။ မရှုမမှတ်မိတဲ့ လွတ်လွတ်သွားတဲ့ စိတ်ကူးကြဲစည်မှုမျိုးကို လည်း အချို့ပုဂ္ဂိုလ်မှာ တွေ့ရတတ်တယ်။ အာရုံနဲ့အမှတ် အစဉ်မကျဘဲ ဖြစ်နေတာကိုလည်း တွေ့ရတတ်တယ်။ အဲဒီလို အခက်အခဲတွေကို တွေ့ရတာဟာ ဘာကြောင့်လဲဆိုရင် မရသေးတဲ့တရားအတွက် သမ္မပဓာန်လုံ့လဖြင့် အထူးအားပေးပြီး ရှုမှတ်ရလို့ပါပဲ။ ရပြီး ဖိုလ်တရား အတွက်ဆိုတော့ နှုတ်တက်ရပြီးစာကို ရွတ်ဆိုရတာ လွယ်ကူသလိုပင် ရှုမှတ်ရတာ လွယ်တယ်။ သမ္မပဓာန်လုံ့လဖြင့် အထူးအားပေးစရာ မလိုဘူး၊ ဒါကြောင့် တရားဟောင်းအတွက် လွယ်ပြီးတော့ တရားသစ် အတွက် မလွယ်ဘဲ ခပ်ခက်ခက် ဖြစ်နေတယ်လို့ ဆိုရမှာပဲ။

ဒါပေမဲ့ ပထမစပြီး အားထုတ်ခါစတုန်းက ရှုရတာလောက်

http://www.dhammadownload.com

တော့ မခက်ပါဘူး။ တစ်နာရီ၊ နှစ်နာရီစသည်အတွင်းမှာပင် အမှတ် ကောင်းပြီးတော့ အထက်ပိုင်းဉာဏ်များသို့ ရောက်သွားတတ်ပါတယ်။ သခ်ါရပေက္ခာဉာဏ်သို့လည်း ရောက်သွားတတ်ပါတယ်။ အဲဒီသခ်ါ ရပေက္ခာဉာဏ် ရောက်တဲ့အခါကျတော့ ကွန္ဒြေမရင့်ကျက်သေးရင် ရှေ့သို့မတိုးဘဲ အမှတ်အသိ ကောင်းရုံမျှသာ ဖြစ်နေတတ်တယ်၊ အရင် က ငါးမိနစ်၊ ဆယ်မိနစ်အတွင်း ချုပ်ငြိမ်းရာသို့ ရောက်နေကျ ဖြစ် ပေမဲ့ ယခု တရားသစ်အတွက်ဆိုတော့ နာရီပေါင်းများစွာ ကြာသော် လည်း ချုပ်ငြိမ်းရာသို့မရောက်ဘဲ ဖြစ်နေတာလည်း ရှိတယ်။ ရက်ပေါင်း များစွာ ကြာသော်လည်း မရောက်ဘဲ ဖြစ်နေတာလည်း ရှိတယ်။ အဲဒီလိုအခါမှာ ရောက်နေကျတရားသို့ ရောက်ဖို့ စိတ်ညွှတ်လိုက်ရင် မကြာမီပင် ချုပ်ငြိမ်းရာသို့ အလွယ်တကူ ရောက်ရောက်သွားတတ် တယ်။

http://www.dhammadownload.com

အပိုင်း (၃)

သကဒါဂါမ်တို့၏သဘော

သကဒါဂါမ်ဖြစ်သွားပုံ

အထက်မဂ်ဖိုလ်ရောက်ဖို့ ကွန္ဒေရင့်ကျက်ပြည့်စုံရင်တော့ အနိစ္စစသော အခြင်းအရာဖြင့် ထင်ရှားသိမြင်နေတဲ့ သခ်ါရပေကွာဉာဏ်ရင့်သန်တဲ့အခါ ထူးခြားလျင်မြန်ထက်သန်တဲ့ အသိများ ဖြစ်ပေါ်လာပြီးတော့ သိစရာနှင့် သိမှုဆိုတဲ့ သခ်ါရအားလုံး ချုပ်ငြိမ်းတဲ့သဘောထဲသို့ ကျရောက်လျက် သကဒါဂါမိမဂ်ဖိုလ်များ ဖြစ်ပေါ်သွားတယ်။ အဲဒီလို ဖြစ်ပုံကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဆက်လက်ပြီး ဒီလို မိန့်ကြားတော်မူပါတယ်။

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သောတာပန္နော ဘိက္ခု ကွမေ ပဗ္ဗုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော၊ ပ၊ အနတ္တတော ယောနိသော မနသိ ကရောန္တော သကဒါဂါမိဖလံ သစ္ဆိကရေယျတဲ့။

အာဝုသော၊ ငါ့ရှင် ကောင်္ဒိက။ သောတာပန္နော ဘိက္ခု၊ သောတာပန်ရဟန်းသည်။ ကွမေ ပဗ္ဗုပါဒါနက္ခန္ဓေ၊ မြင်မှု၊ ကြားမှု

http://www.dhammadownload.com

စသော ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု၊ ပ၊ အနတ္တတော၊ အနတ္တဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကရောန္တော၊ နှလုံးသွင်း ရှုမှတ်နေစဉ်။ သကဒါဂါမိဖလံ၊ သကဒါဂါမိဖိုလ်ကို။ ယံ သစ္ဆိကရေယျ၊ အကြင် မျက်မှောက်ပြုရာ၏။ ဧတံ ဌာနံ၊ ဤသို့ မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်။ ဝိဇ္ဇတိ၊ ရှိပါပေ၏ လို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်က မိန့်ကြားတော်မူပါတယ်။

အဲဒီမိန့်ကြားချက်ကို ဘုန်းကြီးကဆောင်ပုဒ်စီထားတယ်။

(၂) သောတာပန်လည်း၊ ခန္ဓာပဲ၊ ရှုမြဲနည်းတူသည်။

(၃) သို့ ရှုမြင်သန်၊ သကဒါဂါမ်၊ အမှန်ဖြစ်နိုင်သည်။

အဲဒီလို သကဒါဂါမိမဂ်ဖိုလ်သို့ ရောက်ပြီးရင် ထူးခြားတဲ့ ရှူသိခဲ့ပုံများနှင့်တကွ ချုပ်ငြိမ်းရာရောက်သွားပုံ၊ ချုပ်ငြိမ်းနေပုံများကိုလည်း ပြန်လှည့်ပြီး ဆင်ခြင်တယ်။ ပယ်ပြီး ကင်းငြိမ်းပြီး ကိလေသာနှင့် မပယ်ရသေး၊ မကင်းငြိမ်းသေးတဲ့ ကိလေသာများကို ဆင်ခြင်တာက တော့ သုတရှိတဲ့ပုဂ္ဂိုလ်များမှာသာ ဖြစ်တတ်တယ်လို့ ဆိုပါတယ်။ အဲဒီအကြောင်းအရာကို မဟာနာမ်မင်း ဝတ္ထုဖြင့် နားလည်နိုင်ပါတယ်။

မဟာနာမ်မင်း ဝတ္ထု

မြတ်စွာဘုရား၏ခမည်းတော် သုဒ္ဓေါဒနမင်းကြီးမှာ သုက္ကောဒန၊ သက္ကောဒန၊ ဓောတောဒန၊ အမိတောဒနဆိုတဲ့ ညီလေးယောက် ရှိတယ်။ အဲဒီလေးယောက်ထဲက သုက္ကောဒနမှ မဟာနာမ်နှင့် အနုရုဒ္ဓါ မထေရ်တို့ ဖြစ်ပွားခဲ့ကြတယ်။ အရှင်အာနန္ဒာက အမိတောဒန၏ သားဖြစ်တယ်။ (သော ဘဂဝတော ကနိဋ္ဌောလို့) ဆိုတဲ့အတိုင်း အရှင်အာနန္ဒာက မြတ်စွာဘုရားအောက် ငယ်တယ်။ (မဟာနာမော မဟာသုက္ကတရော သကဒါဂါမီ ရိယသာဝကော လို့) ဆိုထားတဲ့အတိုင်း

http://www.dhammadownload.com

မဟာနာမ်က မြတ်စွာဘုရားထက်ကြီးတယ်။ သကဒါဂါမ် အရိယာ သာဝကပါပဲ။ အဲဒီမဟာနာမ်မင်းက မြတ်စွာဘုရားကို ဒီလိုမေးလျှောက်ပါတယ်။

'လောဘ၊ ဒေါသ၊ မောဟတွေဟာ စိတ်၏အညစ်အကြေး၊ စိတ်ကို ပူလောင်စေတတ်တဲ့တရားတွေပဲလို့ တပည့်တော် သိနားလည် သဘောပေါက်နေတာ ကြာပါပြီ၊ ဒီလို သိနေပါလျက် ရံခါရံခါမှာ လောဘ၊ ဒေါသ၊ မောဟတရားတွေက ကုသိုလ်စိတ်ကို ကုန်ပျောက်စေလျက် လွှမ်းမိုးပြီး တည်နေကြပါတယ်၊ အဲဒါဟာ ဘာကြောင့်ပါလဲ'တဲ့။

ဒီမဟာနာမ်မင်းက 'သကဒါဂါမိမဂ်ဖြင့်ပင် လောဘ၊ ဒေါသ၊ မောဟတွေကို အကြွင်းမဲ့ ပယ်တယ်'လို့ ထင်မှတ်ထားတယ်။ သို့ပေမယ့် 'မပယ်ရသေးတာ ရှိတယ်' လို့လည်း သူက သိတယ်။ 'မပယ်ရသေးတာကို စွဲမှီပြီး ပယ်ပြီးကိလေသာက တစ်ဖန် နောက်မှပြန်လာတယ်' လို့လည်း ထင်ပါသတဲ့။ (ပုန ပဋိသန္ဓေတော ဝါ ဝတ္တာတိတိ သညီ ဟောတိ ဟု ရှိသော ဃခုလက်ရိုပါဠိနှင့်အညီ ဖော်ပြသည်) အဲဒီနေရာမှာ အဋ္ဌကထာက ဒီလိုစိစစ်ပြပါတယ်။

အရိယသာဝကဿ၊ အရိယာတပည့်အား။ ဇဝံ သန္ဒေဟော၊ ဤသို့သော ယုံမှားသည်။ ဥပ္ပဇ္ဇတိတိ၊ ဖြစ်တတ်ပါသလော ဟူမူ။ အာမ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်သည် မှန်ပေ၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ ပဏ္ဏာတ္တိယာ အကောဝိဒတ္တာ၊ ဒေသနာပညတ်၌ မကျွမ်းကျင်သောကြောင့်ပင်။ ဟိ၊ ချဲ့၍ပြရလျှင်။ အယံ ကိလေသော အသုက မဂ္ဂဝဇ္ဈောတိ၊ ဤကိလေသာကို ဤမည်သောမဂ်က ပယ်သတ်အပ်သည်ဟု ပြဆိုသော။ ဣမိဿာ ပဏ္ဏာတ္တိယာ၊ ဤဒေသနာပညတ်၌။ အကောဝိဒဿ၊ မကျွမ်းကျင်လျှင်။ အရိယသာဝကဿပိ၊ အရိယာတပည့်တော်အားသော်လည်း။ ဇဝံ ဟောတိ၊ ဤသို့ ယုံမှားဖြစ်တတ်ပေ၏။ ကိံ တဿ ပစ္စဝေက္ခဏာ နတ္ထိ တိ၊ ဘယ့်နယ်လဲ ထိုအရိယာ

http://www.dhammadownload.com

မှာ ပစ္စဝေက္ခဏာ မရှိသလောဟူမူ။ အတ္ထိ၊ ရှိပေ၏။ ပန၊ ရှိပင်ရှိငြား သော်လည်း။ သာ၊ ထိုပစ္စဝေက္ခဏာသည်။ သဗ္ဗေသံ၊ အရိယာ့အားလုံး တို့မှာ။ နု ပရိပုဏ္ဏာ ဟောတိ၊ အပြည့်အစုံချည်း ဖြစ်သည်ကား မဟုတ်ပေ။ ဟိ၊ မပြည့်ပုံမှာ။ ဧကော ပဟီနကိလေသမေဝ ပစ္စဝေက္ခတိ၊ အရိယာတစ်ပါးသည် ပယ်ပြီးကိလေသာကိုသာ ဆင်ခြင်၏။ ဧကော အဝသိဋ္ဌ ကိလေသ မေဝ၊ တစ်ပါးသော အရိယာကမူ ကြွင်းသော ကိလေသာကိုသာ ဆင်ခြင်၏။ ဧကော မဂ္ဂမေဝ၊ တစ်ပါးက မဂ်ကို သာ ဆင်ခြင်၏။ ဧကော ဖလမေဝ၊ တစ်ပါးက ဖိုလ်ကိုသာ ဆင်ခြင်၏။ ဧကော နိဗ္ဗာနမေဝ၊ တစ်ပါးက နိဗ္ဗာန်ကိုသာ ဆင်ခြင်၏။ ဣမာသု ပန ပဉ္စသု ပစ္စဝေက္ခဏာသု၊ ဤပစ္စဝေက္ခဏာငါးပါးတို့တွင်။ ဧကံ ဝါ ဒွေ ဝါ၊ တစ်ပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ။ နော လဒ္ဓုံ နု ဝဋ္ဋန္တိ၊ မရရန် မသင့်ကြသည် မဟုတ်၊ သင့်ကြသည်ပင်။ ဣတိ ယသ္မာ ပစ္စဝေက္ခဏာ နု ပရိပုဏ္ဏာ၊ တသ္မာ၊ ဤဆိုခဲ့သည့်အတိုင်း ပစ္စဝေက္ခဏာ မပြည့်စုံသော အရိယာမှာ။ မဂ္ဂဝဇ္ဈ ကိလေသ၊ ပဏ္ဏတ္တိယံ၊ မဂ်ဖြင့် ပယ်သတ်အပ်သည့် ကိလေသာကို ပြသည့် ဒေသနာပညတ်၌။ အကောဝိဒတ္တာ၊ မကျွမ်းကျင်သောကြောင့်။ ဧဝံ ဟောတိ၊ ဤသို့ ယုံမှားဖြစ်တတ်ပေ၏ တဲ့။ အဲဒါဟာ မူလပဏ္ဏာသ အဋ္ဌကထာ (ပ၊ ၃၃၆) ၌ စိစစ်ပြဆိုချက်ပါပဲ။

ဒီအဋ္ဌကထာမှာ 'အရိယာတစ်ပါးသည် ပယ်ပြီးကိလေသာကိုသာ ဆင်ခြင်တယ်' စသည်ဖြင့် ပြဆိုထားပေမဲ့ 'ပယ်ပြီးကိုသာ ဆင်ခြင်တယ်။ မပယ်ရသေးတဲ့ ကိလေသာနှင့် မဂ်ဖိုလ်နိဗ္ဗာန်ကိုတော့ မဆင်ခြင်ဘူး' လို့ ဒီလိုတော့ မယူရဘူး၊ ရှေးပဉ္စမပိုင်းတုန်းက နှာ ၂၄၄ မှာ ထုတ်ပြခဲ့တဲ့အတိုင်း 'မဂ်ဖိုလ်နိဗ္ဗာန်ကို ဧကန်မုချ ဆင်ခြင်တယ်။ ပယ်ပြီးနှင့် မပယ်ရသေးတဲ့ ကိလေသာကိုတော့ ဒေသနာပညတ်၌ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်များသာ ဆင်ခြင်နိုင်တယ်'လို့ ဒီလိုသာ မှတ်ယူရ

http://www.dhammadownload.com

မယ်။ ဒါကြောင့် ဝိသုဒ္ဓိမဂ်မှာလည်း 'ပဟီနာဝသိဋ္ဌကိလေသပစ္စဝေက္ခဏာ၊ ပယ်ပြီးကိလေသာ၊ မပယ်ရသေးတဲ့ ကိလေသာတို့ကို ဆင်ခြင်ခြင်းသည်။ သောကွာနမွိ၊ သေက္ခပုဂ္ဂိုလ်တို့အားလည်း။ ဟောတိ ဝါ၊ ဖြစ်သည်လည်း ရှိ၏။ နု ဝါ၊ မဖြစ်သည်လည်း ရှိ၏'လို့ မိန့်ဆိုထားပါတယ်။

သကဒါဂါမိမဂ်က ဘာကိုပယ်သလဲ

သောတာပတ္တိမဂ်က သက္ကာယဒိဋ္ဌိ အစရှိတဲ့ မိစ္ဆာဒိဋ္ဌိဟူသမျှကို ပယ်တယ်။ ယုံမှားမှု ဝိစိကိစ္ဆာကိုလည်း ပယ်တယ်။ သီလဗ္ဗတပရာမာသ ဆိုတဲ့ ဘာသာရေးအကျင့် အယူမှားကိုလည်း ပယ်တယ်။ အပါယ်ကျရောက်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟစသော ကိလေသာတို့ကိုလည်း ပယ်တယ်။ အဲဒီလို ပယ်တဲ့အတွက် သောတာပန်မှာ အပါယ်လေးပါးသို့လည်း မကျရောက်နိုင်ဘူး၊ ကာမသုဂတိဌ်လည်း ခုနစ်ဘဝထက် ပိုလွန်ပြီး မဖြစ်ရတော့ဘဲ ဆင်းရဲခပ်သိမ်းငြိမ်းရာ နိဗ္ဗာန်သို့ ဝင်စံရတယ်။ အဲဒါကတော့ ရှေ့ပိုင်းများက ပြောခဲ့လို့ ထင်ရှားနေပါပြီ။

သကဒါဂါမိမဂ်ကတော့ ဘယ်ကိလေသာများကို အကြွင်းမဲ့ပယ်ပါသလဲဆိုရင် အကြွင်းမဲ့ပယ်တဲ့ သီးခြားကိလေသာရယ်လို့တော့ မရှိဘူး။ ကာမရာဂ၊ ဗျာပါဒဆိုတဲ့ အကြမ်းစား ကိလေသာတွေကို ပယ်ပါတယ်။ အကြမ်းစားဆိုပေမဲ့ ပုထုဇဉ်မှာ ဖြစ်နေတဲ့ ကာမရာဂ၊ ဗျာပါဒတို့လောက်တော့လည်း မကြမ်းပါဘူး။ ပုထုဇဉ်မှာတော့ အဲဒီ ကာမရာဂ၊ ဗျာပါဒတွေက အလွန်ကြမ်းပါတယ်။ အမိ အဖကို သတ်နိုင်သည်အထိ ကြမ်းတမ်းပါတယ်။ ဒါကြောင့် အဇာတသတ်မင်းဟာ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်နိုင်တာပဲ။ အရှင်ဒေဝဒတ်ဟာလည်း ဗုဒ္ဓမြတ်စွာဘုရားကိုတောင် သတ်ဖို့ အားထုတ်နိုင်တာပဲ။ သော

http://www.dhammadownload.com

တာပန်မှာတော့ အဲဒီအကြမ်းစား ကိလေသာတွေကို ပယ်ပြီးဖြစ်တဲ့ အတွက် ပိုးမွှားသတ္တဝါကလေးများကိုတောင် မသတ်နိုင်တော့ဘူး။ သူတစ်ပါးဥစ္စာကိုလည်း မလုယက် မခိုးယူနိုင်တော့ဘူး။ မပိုင်မဆိုင်သော ကာမဂုဏ်တို့ခံလည်း မမှားယွင်း မကျူးလွန်နိုင်တော့ဘူး။ မူးယစ်စေတတ်တဲ့ သေရည်အရက်စသည်ကိုလည်း မသောက်စားနိုင်တော့ဘူး။ သူတစ်ပါးအား အကျိုးမဲ့ဖြစ်အောင် လိမ်မပြောနိုင်တော့ဘူး။

ဒါပေမဲ့ သကဒါဂါမ်မှာ ကျန်ရှိနေတဲ့ ကာမရာဂစသည်နှင့် နှိုင်းယှဉ်ကြည့်ရင် သောတာပန်မှာ မပယ်ရသေးတဲ့ ကာမရာဂစသည် တွေက ကြမ်းတမ်းတယ်လို့ပဲ ဆိုရတယ်။ အဲဒီလို ကြမ်းတဲ့ ကာမ ရာဂ၊ ဗျာပါဒတွေကို သကဒါဂါမိမဂ်က ပယ်ပါတယ်တဲ့။ 'ပယ်' ဆိုပေမဲ့ လုံးဝငြိမ်းစေတာတော့ မဟုတ်ဘူး။ အဲဒီ ကာမရာဂ၊ ဗျာပါဒ တွေကို အားနည်းစေရုံမျှပါပဲ။ ဒါကြောင့် (ကာမရာဂ၊ ဗျာပါဒါနံ တနုဘာဝါယ) ကာမရာဂ၊ ဗျာပါဒတို့၏ သေးငယ်ခြင်း၊ ပါးခြင်းအကျိုး ငှာ သကဒါဂါမိမဂ်ကို ဖြစ်စေတယ်စသည်ဖြင့် ဓမ္မသင်္ဂဏိပါဠိတော်မှာ ပြဆိုထားပါတယ်။ အဲဒီပါဠိ၏ အဖွင့်အဋ္ဌကထာမှာလည်း ဒီလို ဖွင့်ပြ ထားပါတယ်။

အဓိစ္စုပ္ပတ္တိယာ စ၊ ရုံခါဖြစ်ခြင်းဖြင့်လည်းကောင်း။ ပရိယုဋ္ဌာန မန္ဒတာယ စ၊ ထကြွဖြစ်ပေါ်မှု အားနည်းခြင်းဖြင့်လည်းကောင်း။ ဒွီဟိ ကာရဏေဟိ၊ ဤအကြောင်း ၂ ပါးတို့ဖြင့်။ တနုဘာဝေါ၊ သေးငယ် သည်၏ အဖြစ်၊ ပါးသည်၏အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ချဲ့၍ပြရလျှင်။ သကဒါဂါမိဿ၊ သကဒါဂါမ်၏သန္တာန်၌။ ဝဋ္ဋာ နုသာရိမဟာဇနဿေဝ၊ ဝဋ်သို့ အစဉ်လိုက်နေသော ပုထုဇဉ်လူများစု မှာကဲ့သို့။ ကိလေသာ အဘိဏှံ နုပ္ပဒ္ဒန္ဓိ၊ ကိလေသာတို့ ထပ်တလဲလဲ အမြဲမဖြစ်ကုန်။ ကဒါစိ ကဒါစိ ဥပ္ပဒ္ဒန္ဓိ၊ ရုံခါ ရုံခါသာဖြစ်ကုန်၏။ ဥပ္ပဒ္ဒန္တာပိ၊ ဖြစ်ကုန်သော်လည်း၊ ဝါ၊ ဖြစ်သောအခါ၌လည်း။ ဝိရဠာ

http://www.dhammadownload.com

ကာရာ ဟုတွာ ဥပဓိန္တိ၊ ကျဲကျဲပါးပါး အခြင်းအရာရှိလျက် ဖြစ်ကုန်၏။ ဝိရဠ ဝါပိတ ခေတ္တေ အက်ိုရာ ဝိယ၊ ကျဲကျဲစိုက်ပျိုးထားသော လယ်ယာထဲ၌ ပေါက်လာကြသည့် အညောင့်အညွန့်များကဲ့သို့ပင်တည်း။ စ၊ ဆက်၍ပြောရလျှင်။ ဥပဓိမာနာပိ၊ ဖြစ်ဆဲကိလေသာတို့သည်လည်း။ ဝဠာနုသာရိ မဟာဇနဿေဝ၊ ဝဠ်သို့ အစဉ်လိုက်နေသော ပုထုဇဉ် လူများစုမှာကဲ့သို့။ မဒ္ဒန္တာ ဖရန္တာ ဆာ-ဒေန္တာ၊ ဖိနှိပ်ကြ၊ ပုံ့.နှံ့.ကြ၊ ဖုံးလွှမ်းကြလျက်။ အန္ဓကာရံ ကရောန္တာ၊ မှောင်မိုက်စေကုန်လျက်။ နုပဓိန္တိ၊ ဖြစ်သည်မဟုတ်ပါ။ ပန၊ စင်စစ်သော်ကား။ ဒွီဟိ မဂ္ဂေဟိ ပဟီနတ္တာ၊ ၂ ပါးသောမဂ်တို့ဖြင့် ပယ်အပ်ပြီးဖြစ်သောကြောင့်။ မန္ဒမန္ဒာ ဥပဓိန္တိ၊ နုန့်.နုန့်.နဲ့.နဲ့.သာ ဖြစ်ကုန်၏။ တနုကာရာ ဟုတွာ ဥပဓိန္တိ၊ ပါးလွှာသော အခြင်းအရာ ရှိကုန်လျက် ဖြစ်ကုန်၏။ အဇ္ဈပဠလံ ဝိယ၊ ပါးသောတိမ်လွှာကဲ့သို့လည်းကောင်း။ မက္ခိကာပတ္တံ ဝိယ စ၊ ယင်ကောင်၏အတောင်ကဲ့သို့လည်းကောင်း ဖြစ်ပေသည်တဲ့။

သကဒါဂါမ်တွေ မေထုန်မှု ပြုသေးသလား

အဲဒါဟာ အဋ္ဌကထာဆရာများ၏ သဘောကျပြဆိုချက်ပဲ၊ ဆိုလို ရင်း အတိုချုပ်ကတော့ သကဒါဂါမ်ပုဂ္ဂိုလ်မှာ ကာမဂုဏ်ကို နှစ်သက် သာယာတဲ့ ကာမရာဂနှင့် စိတ်ပျက်စိတ်ဆိုးတတ်တဲ့ ဗျာပါဒဒေါသတွေ ဟာ ဖြစ်ခဲတယ်၊ တစ်ရံတစ်ခါလောက်သာ ဖြစ်တယ်၊ ဖြစ်ပြန်တော့လည်း အားမကြီးဘူး၊ မထက်သန်ဘူး၊ ပါးပါးတိမ်လွှာလို ယင်၏အတောင်လို ပါးပါးကလေးသာ ဖြစ်ပါတယ်တဲ့။ အဲဒါ ဆိုလိုတဲ့ အတိုချုပ်ပါပဲ။ စိတ်ဆိုးတဲ့အခါ ဘယ်အထိ ဖောက်ပြန်သလဲ၊ မျက်နှာ ပျက်ရုံလောက်ပဲလား၊ ဝိသဘာဂအာရုံနှင့် စပ်ပြီး ကြည့်ရှုရုံလောက်ပဲ လား၊ ထိတွေ့ရုံလောက်ပဲလား၊ မေထုန်အမှုကို မပြုတော့ဘူးလား စသည်

http://www.dhammadownload.com

ဖြင့် အတိအကျ သိဖို့ကတော့ ဖော်ပြချက်မရှိဘူး။ ဒါပေမဲ့ ထိတွေ့ရုံ လောက်ပဲ၊ မေထုန်မှုပြုသည်အထိ မရောက်ဘူးလို့တော့ ဆိုလိုဟန်ရှိ ပါတယ်။ ဒါကြောင့် ကေစိဝါဒကို ထုတ်ပြပြီးတော့ ဒီလိုပယ်သွားပါ တယ်။

တတ္ထ၊ **ထိုအရာ၌။ ကေစိ** ထေရာ ဝဒန္တိ၊ အချို့မထေရ်တို့က ဆိုကြသည်မှာ။ **'သကဒါဂါမိဿ** ကိလေသာ၊ သကဒါဂါမ်ပုဂ္ဂိုလ်၏ သန္တာန်၌ ကိလေသာတို့သည်။ ကိဉ္စာပိ စိရေန ဥပ္ပဇ္ဇန္တိ၊ ကြာမြင့်မှ ဖြစ်ကြသည်ကား မှန်ပေ၏။ ပန၊ သို့သော်လည်း။ ဗဟလာဝ ဟုတ္ဝာ ဥပ္ပဇ္ဇန္တိ၊ ဖြစ်သောအခါ ထူထဲအားကောင်းစွာသာ ဖြစ်ကုန်၏။ တထာ ဟိ၊ ထိုစကား မှန်ပေ၏။ အဿ၊ ထိုသကဒါဂါမ်ပုဂ္ဂိုလ်၏။ ပုတ္တာ စ ဓီတရော စ ဒိဿန္တိ၊ သားတွေ သမီးတွေကို တွေ့မြင်နေကြရသော ကြောင့်ပင်တည်း'၊ ဣတိ၊ ဤသို့ဆိုကုန်၏။ ဧတံ ပန၊ ဤသားသမီး များ ရှိနေခြင်းသည်ကား။ အပ္ပမာဏံ၊ ခိုင်လုံသော သာဓကမဟုတ်ပါ။ ဟိ၊ မှန်ပေ၏။ ပုတ္တ ဓီတရော၊ သားသမီးတို့သည်။ အင်္ဂပစ္စင်္ဂပရာမသန မတ္တေနပိ၊ အင်္ဂါကြီးငယ်ကို ထိပါးသုံးသပ်ရုံမျှဖြင့်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏ စသည်ဖြင့် ပယ်ပြီးတော့ ပြခဲ့တဲ့ အဋ္ဌကထာဝါဒကိုပင် ထပ်ပြီးအတည်ပြုသွားပါတယ်။

ဒါကြောင့် မေထုန်မှုပြုနိုင်လောက်အောင် ကာမရာဂ ထက် ထက်သန်သန် မဖြစ်ဘူးလို့ အဋ္ဌကထာဆရာတို့က ဆိုလိုပါတယ်။ ဒါပေမဲ့ ယခုခေတ်အနောက်တိုင်းဆရာဝန်များ၏ အဆိုကို ကြိုက်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သကဒါဂါမ်မှာ သုံးသပ်ထိပါးရုံနဲ့ သားသမီးတွေ ရတယ်ဆိုတာကိုတော့ လက်ခံလိုကြမယ် မထင်ပါဘူး။ အကြောင်းက တော့ မြင်ရုံ၊ ကြားရုံ၊ ထိပါးရုံမျှဖြင့် ပဋိသန္ဓေရတာက အလွန်ရှားပါ လိမ့်မယ်။ တစ်သိန်းတစ်သောင်းမှ တစ်ယောက်တောင် ရှိဖို့ရာ ခဲယဉ်း မည့်လက္ခဏာပါပဲ။ နောက်ပြီးတော့ ကာမာဝစရ နတ်ပြည် ၆ ထပ်မှာ

http://www.dhammadownload.com

ကာမရာဂကင်းတဲ့ အနာဂါမ်များ မတည်နေနိုင်ကြဘူးလို့လည်း ဆိုပါတယ်။ သကဒါဂါမ်နတ်သား နတ်သမီးတွေတော့ ရှိနေကြတယ်လို့လည်း ဆိုပါတယ်။ သိကြားမင်းဟာ လူ့ဘဝမှာဖြစ်ပြီးတော့ သကဒါဂါမ်ဖြစ်မယ်၊ အဲဒီဘဝမှ စုတေတော့ တစ်ဖန် သိကြားမင်းပဲ ပြန်ဖြစ်မယ်လို့ ပြောဆိုလိုချက်လည်း ရှိပါတယ်။ အဲဒီ သကဒါဂါမ်နတ်သား နတ်သမီးတွေနဲ့ သိကြားမင်းက ကိုယ်လက်ဖြင့် သုံးသပ်ထိပါးပေးရုံမျှဖြင့် သကဒါဂါမ်မဟုတ်တဲ့ သူ့အခြွေအရံ နတ်သမီး၊ နတ်သားတွေက ကျေနပ်မှု ရှိပါ့မလားလို့လည်း စဉ်းစားစရာ ရှိပါတယ်။ ဒါကြောင့် ကေစိမထေရ်တို့၏ ဝါဒကိုလည်း သတိပြုသင့်ပါတယ်။

ဒါပေမဲ့ ရာဂ၊ ဒေါသတွေ အားနည်းသွားတာကတော့ ထင်ရှားပါတယ်။ သကဒါဂါမိ မဂ်ဖိုလ်သို့ ရောက်သွားတဲ့ပုဂ္ဂိုလ်ဟာ သောတာပန် ဖြစ်ခိုက်က ရာဂ၊ ဒေါသဖြစ်ပုံနှင့် နှိုင်းစာကြည့်ရင် ရာဂ၊ ဒေါသ အားနည်းသွားပုံ ထင်ရှားရမှာပဲ။ အဲဒီလို အားနည်းသွားတဲ့အတွက် သောတာပန်လို ကာမသုဂတိမှာ ခုနစ်ဘဝထိအောင် မဖြစ်ရတော့ဘဲ ခုနစ်ဘဝမျှသာဖြစ်ပြီး ရဟန္တာဖြစ်နိုင်တာပဲ။ လူ့ဘဝမှာ သကဒါဂါမ်ဖြစ်ရင် နတ်ဘဝ၌ဖြစ်ပြီးနောက် လူ့ဘဝသို့ ပြန်လာတဲ့အခါ ရဟန္တာဖြစ်မယ်၊ အဲဒီလိုဖြစ်ပုံကို အကြောင်းပြုပြီးတော့ 'သကဒါဂါမိ၊ သကဒါဂါမ်' လို့ ခေါ်ရတာပဲ။ သကိ၊ တစ်ကြိမ်+ အာဂါမိ၊ ပြန်လာမည်= သကဒါဂါမိ၊ တစ်ကြိမ်ပြန်လာမည့်ပုဂ္ဂိုလ်' လို့ ဆိုလိုပါတယ်။ နတ်ဘဝမှာ သကဒါဂါမ်ဖြစ်ရင်လည်း လူ့ဘဝမှာဖြစ်ပြီးနောက် နတ်ဘဝသို့ ပြန်လာပြီး ရဟန္တာဖြစ်တယ်။

ယခုပြောခဲ့တာဟာ သကဒါဂါမ်နှင့်စပ်ပြီး သိမှတ်စရာ တော်တော်စုံသွားပါပြီ။ ဒါကြောင့် ရှေ့သို့တိုးပြီး အားထုတ်ပုံနှင့် အနာဂါမ်ဖြစ်ပုံအကြောင်းကို ပြောရမယ်။

http://www.dhammadownload.com

အပိုင်း (၄)

အနာဂါမ်တို့၏သဘော

အနာဂါမိမဂ်ရောက်အောင် အားထုတ်ပုံ

သကဒါဂါမိဖိုလ်ကို မြန်မြန်ရောက်အောင် ကြာကြာတည်အောင် လေ့လာပုံကတော့ ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်းပေါ့၊ အဲဒီလို လေ့လာပြီးတော့ မပယ်ရသေးတဲ့ ကာမရာဂနှင့် ဗျာပါဒအကြွင်းအကျန်များကို အကြွင်းမဲ့ ပယ်နိုင်အောင်၊ မရသေးတဲ့ဉာဏ်ထူး တရားထူးတွေကို ရအောင် အားထုတ်ရတယ်။ အားထုတ်ပုံကတော့ နည်းတူပါပဲ။ ဒါကြောင့် အဲဒီအားထုတ်ပုံနှင့် စပ်ပြီးတော့ အရှင်မဟာကောဋ္ဌိက မထေရ်က ဒီလိုမေးပါတယ်။

သကဒါဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ
ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ၊ တဲ့။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ သကဒါဂါမိနာ ပန ဘိက္ခုနာ၊ သကဒါဂါမ် ရဟန်းသည်ကား။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့ကို။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ဝါ နည်းမှန် လမ်းမှန်အားဖြင့်။ မနသိ ကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှု

http://www.dhammadownload.com

အပ်ကုန်ပါသနည်းတဲ့။ အဲဒီအမေးကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလို ဖြေကြားတော်မူပါတယ်။

သကဒါဂါမိနာပိ အာဝုသော ကောဋ္ဌိက ဘိက္ခုနာ ဏ္ဍမေ ပဉ္စုပါဒါနက္ခန္ဓေ- အနိစ္စတော ဒုက္ခတော၊ ပ၊ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာစသည်ဖြင့် ဖြေကြားတော်မူပါတယ်။

အာဝုသော ကောဋ္ဌိက၊ ငါရှင် ကောဋ္ဌိက။ သကဒါဂါမိနာပိ ဘိက္ခုနာ၊ သကဒါဂါမ်ရဟန်းသည်လည်း။ ဏ္ဍမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ ပ၊ အနတ္တတော၊ အနတ္တဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ကုန်၏။ တဲ့။

အဲဒီအမေးအမဖြဲ ၂ ရပ်ကို ဆောင်ပုဒ်စီထားတယ်။

(၁) သကဒါဂါမ်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) သကဒါဂါမ်လည်း၊ ခန္ဓာပဲ၊ ရှုမြဲနည်းတူသည်။

ပုထုဇဉ်၊ သောတာပန်များရှုပုံနှင့် သကဒါဂါမ်ရှုပုံ ဘာထူးသေးသလဲ၊ ဘာမျှမထူးပါဘူး။ သကဒါဂါမ်ဖြစ်အောင် ရှုပုံမှာလိုပင် မရောက်သေး မရသေးတဲ့ အနာဂါမိမဂ်ဖိုလ်သို့ ရောက်ဖို့ရာ စိတ်ညွှတ်ပြီးတော့ မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာတရားတွေကို မပြတ်ရှုနေရုံပါပဲ။ အဲဒီလို ရှုရာမှာလည်း ရောက်ပြီးတရား ရောက်ဖို့ကတော့ ရှုမှတ်လို့လွယ်တယ်၊ မရောက်သေးတဲ့တရားကို ရောက်ဖို့ရှုတော့ အစမှာ နည်းနည်း ခက်နေတတ်တယ်။ ဒါပေမဲ့ မကြာခင်ဘဲ အမှတ်အသိကောင်းပြီးတော့ သခ်ါရပေက္ခာဉာဏ်အထိ ရောက်သွားပါတယ်။ အဲဒီ ဉာဏ် ရောက်တော့ အမှတ်အသိကောင်းရုံမျှသာ ကောင်းပြီး ရှေ့သို့မတိုးတက်နိုင်ဘဲ ရှိနေတတ်တယ်။

http://www.dhammadownload.com

သီလအဆင့်နှင့် သမာဓိအဆင့်

သောတာပန်က သကဒါဂါမိဖိုလ်ရောက်ဖို့ရာထက် သကဒါဂါမ်က အနာဂါမိဖိုလ်ရောက်ဖို့ရာက သာပြီးခက်ခဲကြန့်ကြာနေတတ်တယ်။ အဲဒါ ဘာကြောင့်လဲဆိုရင်

သောတာပန်နှင့် သကဒါဂါမ်ကို 'သီလေသု ပရိပူရကာရီ၊ သီလတို့၌ အပြည့်အစုံကျင့်သူ'လို့ ဟောထားတယ်။ အနာဂါမ်ကိုတော့ 'သမာဓိသို့ ပရိပူရကာရီ၊ သမာဓိ၌ အပြည့်အစုံကျင့်သူ'လို့ ဟောထားတယ်။ အဲဒီလို ဟောထားတဲ့အတိုင်း သီလအဆင့်ချင်းတူတဲ့ သကဒါဂါမိဖိုလ်သို့ ရောက်ဖို့က လွယ်တယ်။ သီလနှင့် အဆင့်အတန်းချင်းမတူတဲ့ သမာဓိအဆင့် အနာဂါမိဖိုလ်သို့ ရောက်ဖို့က မလွယ်ဘဲ ရှိနေတယ်လို့ မှတ်ယူရမှာပဲ။ အဲဒီလိုဖြစ်ပုံဟာ ဘုရားလက်ထက်တော် ကာလတုန်းက အရိယာမဂ်ဖိုလ်ကို ရကြတဲ့ အရိယာပုဂ္ဂိုလ်များ၏ အရေအတွက်နှင့် နှိုင်းယှဉ်ကြည့်ရင်လည်း အတော်အတန်တော့ ထင်ရှားပါတယ်။ ဘယ်လိုလဲဆိုတော့ကာ

မြတ်စွာဘုရားဟာ တစ်ချိန်က ဝေသာလီမြို့နယ်ထဲက နာတိကာဆိုတဲ့ရွာ အုတ်တိုက်ကျောင်းမှာ သီတင်းသုံး စံနေတော်မူတယ်။ အဲဒီအခါတုန်းက ကွယ်လွန်သွားကြတဲ့ နာတိကာရွာသား ဥပါသကာ ၅၀ ကျော်က အနာဂါမ်ဖြစ်သွားကြကြောင်း၊ ဥပါသကာ ၉၀ ကျော်က သကဒါဂါမ် ဖြစ်သွားကြတဲ့အကြောင်း၊ ဥပါသကာ ၅၀၀ ကျော်က သောတာပန် ဖြစ်သွားကြတဲ့အကြောင်း မြတ်စွာဘုရားက ထုတ်ဖော်ဟောကြားတော်မူပါတယ်။ အဲဒီဟောကြားချက်ထဲမှာ သောတာပန်က အများဆုံးပဲ။ သကဒါဂါမ်က အလယ်အလတ်ပဲ၊ အနာဂါမ်က အနည်းဆုံးပဲ။ အဲဒါဟာ ဥပါသကာတွေအကြောင်းပဲ။ ဥပါသိကာတွေလည်း အဲဒီအရေအတွက်ထက် နည်းမှာမဟုတ်ဘူး။ တစ်ရွာတည်းက အရိယာ

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေ ဒါလောက်များတယ်ဆိုတော့ အလွန်ပင် အားရစရာကောင်းတာပဲ။ ဒါပေမဲ့ ယခုနေအခါမှာ တစ်လကျော်၊ နှစ်လစသည် တရားအားထုတ်လို့ တရားထူး ရသွားကြတယ်ဆိုတာကို တချို့က ကဲ့ရဲ့ရွတ်ချပြီး ပြောတတ်ကြတယ်။ 'ရလွယ်တယ်၊ များလွန်းတယ်'လို့ ပြောတတ်ကြတယ်။ ကိုယ်တိုင်ကတော့ ဘာတရားမှ ထိထိရောက်ရောက် အားမထုတ်ဘဲ ဒီလိုပြောဆိုကြတာကတော့ သူတော်ကောင်းလက္ခဏာ မဟုတ်ပါဘူး။

ယခုပြောခဲ့တဲ့ အရိယာအရေအတွက်တွေ ခြားနားနေပုံဟာ အထက်အထက် မဂ်ဖိုလ်သို့ရောက်ဖို့ မလွယ်ဘူးဆိုတာ နှိုင်းယှဉ်ပြီး သတ်မှတ်ဖို့ပါပဲ။ ဒါပေမဲ့ ဣန္ဒြေရင့်တဲ့ပုဂ္ဂိုလ်ကတော့ အဲဒီလို ရှုသိနေရင်းပင် အနာဂါမိမဂ်ဖိုလ်ဖြင့် ချုပ်ငြိမ်းတဲ့သဘောကို မျက်မှောက်ပြုသွားပါတယ်။ အဲဒီလို မျက်မှောက်ပြုနိုင်ပုံကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဆက်လက်ပြီး ဒီလိုမိန့်ကြားတော်မူပါတယ်။

ဌာနံ ခေါ ပနေတံ အာဝုသော ဝိဇ္ဇတိ၊ ယံ သကဒါဂါမိဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော၊ ပ၊ အနတ္တတော ယောနိသော မနသိ ကရောန္တော အနာဂါမိဖလံ သစ္ဆိကရေယျ တဲ့။

အာဝုသော၊ ငါ့ရှင်ကောဋ္ဌိက။ သကဒါဂါမီဘိက္ခု၊ သကဒါဂါမ်ရဟန်းသည်။ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ ပ၊ အနတ္တတော၊ အနတ္တဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကရောန္တော၊ နှလုံးသွင်းရှုမှတ်နေစဉ်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်ကို။ ယံ သစ္ဆိကရေယျ၊ အကြင်မျက်မှောက်ပြုရာ၏။ ဧတံ ဌာနံ၊ ဤသို့မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်။ ဝိဇ္ဇတိ၊ ရှိပေ၏တဲ့။

အဲဒီမိန့်ကြားချက်ကို ဆောင်ပုဒ်စီထားတယ်။

http://www.dhammadownload.com

(၂) သကဒါဂါမ်လည်း၊ ခန္ဓာပဲ၊ ရူပြိုနည်းတူသည်။
(၃) သို့ရူမြင်သန်၊ အနာဂါမ်၊ အမှန်ဖြစ်နိုင်သည်။

အနာဂါမ်မှာ ကင်းငြိမ်းတဲ့ကိလေသာများ

အနာဂါမိမင်္ဂက ကာမရာဂနဲ့ ဗျာပါဒကို အကြွင်းမဲ့ ပယ်တယ်။ ဒါကြောင့် အနာဂါမ်မှာ ကာမဂုဏ်အာရုံတွေကို နှစ်သက်တပ်မက်တဲ့ ကာမရာဂ လုံးဝကင်းငြိမ်းသွားတယ်။ အဖိုအမ ဝိသဘာဂ အာရုံတွေနဲ့ စပ်ပြီး တပ်မက်သာယာမှု လုံးဝမရှိတော့ဘူး။ ဝိသဘာဂဖြစ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အာရုံတွေကို အလိုမရှိတော့ဘူး။ အင်မတန် ကောင်းတာပဲ။ ယခုလူအများတွေမှာ ဒီကာမရာဂ ရှိနေတဲ့ အတွက် ဆင်းရဲဒုက္ခအမျိုးမျိုးနဲ့ တွေ့ကြုံခံစားနေကြရတယ်။ အဲဒီ ကာမရာဂ လုံးဝကင်းသွားတဲ့အတွက် အလွန်ချမ်းသာသွားတာပဲ။

ဥဂ္ဂါသူကြွယ်ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်ကာလက ဝေသာလီပြည်က ဥဂ္ဂါဆိုတဲ့သူကြွယ်ဟာ အနာဂါမိမဂ်ဖိုလ်ရောက်ပြီး အနာဂါမ် ဖြစ်သွားတဲ့အခါ သူဇနီးလေးယောက်ကို ဒီလိုပြောပါသတဲ့။

'(ဘဂိနိယော) နှမတို့၊ ငါဟာ ဗြဟ္မစရိယခေါ်တဲ့ အကျင့်မြတ်လျှင် ငါးခုမြောက်ရှိတဲ့ သိက္ခာပုဒ်များကို ဆောက်တည်လိုက်ပြီ၊ (မေထုန်အမှုကို မပြုတော့ဘူးလို့ သိစေလိုရင်းပါပဲ) ဒီအိမ်မှာပဲ စည်းစိမ်ဥစ္စာတွေကို သုံးမြဲသုံးနေလိုက နေနိုင်တယ်၊ ကောင်းမှုများကိုလည်း ပြုနေနိုင်တယ်။ အကယ်၍ ခင်ပွန်းယောကျ်ား အလိုရှိရင် ဘယ်သူ့ထံပို့ပေးရမည်လဲ'လို့ ပြောသတဲ့။ အဲဒီတော့ အကြီးဆုံးဇနီးက မည်သူ့ထံပို့အပ်ပေးပါလို့ ပြောတယ်။ အဲဒီလိုပြောတဲ့အတိုင်း ဥဂ္ဂါသူကြွယ်က

http://www.dhammadownload.com

အဲဒီယောကျ်ားကိုခေါ်ယူပြီးတော့ သူဇနီးကို ရေကရားဖြင့် ရေသွန်းချပြီး ပေးအပ်လိုက်ပါသတဲ့။ အဲဒီလို အပျိုစင်အရွယ်ဇနီးကို ပေးအပ်ရာမှာ စိတ်ထဲတွင် တစ်မျိုးတစ်မည် ထူးထူးခြားခြား ဘာမျှမဖြစ်ပါဘူးတဲ့။ အဲဒါဟာ ကာမရာဂ လုံးဝကင်းနေပုံ သာဓကတစ်ခုပါပဲ။

ဝိသာခသူဌေးဝတ္ထု

နောက်ပြီးတော့ မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့ ပထမ ကြွရောက်စဉ်က မဂဓတိုင်းပြည်ရှင် ဘုရင်ဗိမ္ဗိသာရမင်းက လူထုပရိသတ် တစ်သိန်းနှစ်သောင်းနှင့်တကွ ကြိုဆိုကန်တော့တယ်။ အဲဒီအခါ မြတ်စွာဘုရားက သင့်လျော်တဲ့တရားကို ဟောတော်မူတဲ့အတွက် ဘုရင်ဗိမ္ဗိသာရမင်းနှင့်တကွ တစ်သိန်းတစ်သောင်းသော လူထုဟာ သောတာပတ္တိမဂ်ဖိုလ်ရောက်ပြီး သောတာပန်ဖြစ်သွားကြတယ်။ အဲဒီအထဲမှာ ဝိသာခသူဌေးကြီးဆိုတာလည်း ပါတယ်။ အဲဒီ ဝိသာခသူဌေးကြီးဟာ သောတာပန်ဖြစ်ပြီးကတည်းက မြတ်စွာဘုရားကျောင်းတော်သို့ သွားရောက်ပြီး တရားနာလေ့ရှိပါတယ်။ ပစ်နေ့သောအခါမှာတော့ တရားနာရင်း နှလုံးသွင်းပြီး အနာဂါမိမဂ်ဖိုလ် ရောက်လျက် အနာဂါမ်ဖြစ်သွားတယ်။ ကျောင်းတော်မှပြန်လာချိန်မှာ သူဌေးကတော် ဓမ္မဒိန္နာက ပြတင်းပေါက်ကနေပြီး သူဌေးကြီး လာမည့်လမ်းဘက်ကို မျှော်ကြည့်နေတယ်။ ဝိသာခသူဌေးကြီးက အခါတိုင်းဆိုရင် သူဌေးကတော်ရှိရာ ပြတင်းပေါက်ဆီကို ကြည့်ရင်း လာတယ်။ မျက်နှာချင်းဆိုင် ဆုံမိတဲ့အခါ နှစ်ဦးစလုံး အပြုံးဖြင့် နူတ်ဆက်ကြသတဲ့။ အနာဂါမ်ဖြစ်လာတဲ့နေ့မှာတော့ ဝိသာခသူဌေးကြီးက ဘယ်ကိုမျှမကြည့်ဘဲ စက္ခုန္ဒြေကို ချပြီး တည်ကြည်တဲ့ကွန္ဒြေကြီးနဲ့ လာနေသတဲ့။

အဲဒီလို ကွန္ဒြေကြီးနဲ့ လာနေတာကို မြင်ရတော့ ဓမ္မဒိန္နာက

http://www.dhammadownload.com

'အခါတိုင်းနဲ့မတူဘူး၊ ဘာဖြစ်လာလို့ပါလိမ့်'လို့ စိုးရိမ်စိတ်နဲ့ စဉ်းစားပြီးတော့ အခါတိုင်းလိုပင် ကြိုနေကျအတိုင်း တိုက်အိမ်လေကားရင်းသို့ ဆင်းပြီးကြိုတယ်။ တူနှစ်ကိုယ်လက်တွဲပြီး အိမ်ပေါ်တက်ရန် လက်ကို ကမ်းလှမ်းပေးတယ်၊ သူဌေးကြီးက မိမိလက်ကို အတွင်းဘက်တွန့်ဆုတ်ခဲ့ပြီး တစ်ယောက်တည်း လှေကားပေါ်တက်သွားတယ်။ ဒီတော့ ဓမ္မဒိန္နာက 'အင်း အခါတိုင်းလို မဟုတ်ဘူး၊ ဘာဖြစ်လာလို့ပါလိမ့်၊ နံနက်စာထမင်းစားတဲ့အခါ သိရမှာပေါ့လေ'လို့ စဉ်းစားပြီး နောက်က တက်လိုက်လာရတယ်။ ထမင်းပွဲကို ပြင်ဆင်ပြီး သူဌေးကြီးကို ကျွေးတယ်။ အခါတိုင်းဆိုရင် သူဌေးကြီးဟာ သူဌေးကတော်နှင့်အတူတူ စကားတပြောပြောနဲ့ ထမင်းစားတယ်။ ဒီတစ်ခါတော့ ဓမ္မဒိန္နာကို စောင်းငဲ့တောင် မကြည့်ဘဲ ယောဂီရဟန်းလိုပင် သူတစ်ယောက်တည်း စားနေပါသတဲ့။ ဘုန်းကြီးတို့ သတိပဋ္ဌာန်ယောဂီတွေ အမှတ်နဲ့စားနေတာမျိုးဖြစ်မှာပေါ့။

ဓမ္မဒိန္နာက ညဉ့်ကျတော့ သိရမှာပေါ့လို့ စဉ်းစားမိတယ်။ ဝိသာခသူဌေးကြီးက အဲဒီညဉ့်မှာ ဓမ္မဒိန္နာနှင့် အတူအိပ်နေကျအခန်းကို မဝင်တော့ဘဲ အခြားအခန်းမှာ သင့်တော်တဲ့ ခုတင်ကိုပြင်ပြီး တစ်ယောက်တည်း အိပ်တယ်။ ဒီတော့ 'ဘယ့်နယ်လဲ၊ သူ့မှာ တခြားမိန်းမကို တောင့်တမှုများ ရှိနေသလား၊ သို့မဟုတ် တစ်ယောက်ယောက်က ကုန်းတိုက်ထားလေသလား၊ သို့မဟုတ် ငါ့မှာ အပြစ်ရှိနေသလား'လို့ ကြံတွေးပြီး အကြီးအကျယ်စိတ်ပူနေရှာပါသတဲ့။ ဒါပေမဲ့ နှစ်ရက်သုံးရက်လောက်တော့ စောင့်ကြည့်ဦးမှပဲလို့ ဆင်ခြင်ပြီး အောင့်နေခဲ့တယ်။

နှစ်ရက် သုံးရက်ကြာတော့လည်း အခြေအနေက မထူးခြားဘူး။ ဒါကြောင့် ဓမ္မဒိန္နာက မအောင့်နိုင်တော့တဲ့အတွက် ဝိသာခသူဌေးကြီးထံ ဝင်ရောက်ပြီး လက်အုပ်ချီရှိခိုးလျက် တည်နေတယ်။ 'ဟဲ့ ဓမ္မဒိန္နာ

http://www.dhammadownload.com

အချိန်အခါမဟုတ်ဘဲ ဘာကြောင့်လာသလဲ' လို့ ဝိသာခသူဌေးကြီးက မေးတယ်။ 'အရှင်သူဌေးကြီး လာရပါသော်ကော၊ အရှင်သူဌေးကြီးက အရင်ကလိုမှ မဟုတ်တော့ဘဲဟာကိုး၊ ဘယ်နယ်လဲ တခြားမိန်းမကိုများ တောင့်တနေသလား' လို့ မေးတယ်။ 'အဲဒီလို တောင့်တမှု မရှိပါဘူး ဓမ္မဒိန္နာရယ်' လို့ ဖြေတယ်။ 'သူများက ကုန်းတိုက်ထားသလား' လို့ မေးပြန်တယ်။ 'အဲဒီလို ကုန်းတိုက်တာလည်း မရှိပါဘူးကွယ်' လို့ ဖြေတယ်။ 'ဒီလိုဆိုရင် ကျွန်မမှာ အပြစ်ရှိလို့ ဖြစ်မှာပေါ့' လို့ ဓမ္မဒိန္နာက ဆိုတယ်။ 'သင့်မှာလည်း အပြစ်မရှိပါဘူး ကွယ်' လို့ ဝိသာခသူဌေးကြီးက ပြောတယ်။ 'ဒါဖြင့် အရှင်သူဌေးကြီးဟာ ကျွန်မနှင့် ဘာကြောင့် အရင်ကလို စကားကိုတောင်မပြောဘဲ နေပါသလဲ' လို့ ဓမ္မဒိန္နာက မေးတယ်။

အဲဒီတော့ ဝိသာခသူဌေးကြီးက 'လောကုတ္တရာ တရားထူးဆိုတာ အလွန်အလေးပြုသင့်တဲ့ တရားပဲ၊ မဖော်ပြသင့်တဲ့တရားပဲ။ ဒါပေမဲ့ ငါက အကြောင်းမှန်ကို ထုတ်ဖော်မပြောရင် ဓမ္မဒိန္နာဟာ နှလုံးသားကွဲပြီး သေရာလိမ့်မယ်' လို့ စဉ်းစားပြီးတော့ ဓမ္မဒိန္နာအား ငဲ့ညှာသောအားဖြင့် ဒီလို ထုတ်ဖော်ပြီး ပြောပြလိုက်တယ်။ 'ဓမ္မဒိန္နာရေ ငါဟာ မြတ်စွာဘုရား၏ တရားတော်ကို နာကြားပြီးတော့ ဒီလို လောကုတ္တရာ တရားထူးကို ရလာတယ်ကွဲ့၊ အဲဒီတရားထူးကို ရလာကတည်းက သမီး ခင်ပွန်းအဖြစ်ဖြင့် အရင်ကလို ဆက်ဆံမှုမျိုးကို မပြုနိုင်တော့ဘူးကွဲ့၊ ဒီအိမ်မှာ သင့်ဥစ္စာက ကုဋေလေးဆယ်၊ ငါ့ဥစ္စာက ကုဋေလေးဆယ်၊ ပေါင်း ကုဋေရှစ်ဆယ် ရှိပါတယ်။ အဲဒီဥစ္စာတွေကို သင်က အပိုင်အုပ်ချုပ်ပြီးတော့ သင်က မိခင်လို၊ နှမရင်းလို သဘောထားပြီး ဒီအိမ်မှာပဲ နေလိုလျှင် နေပါ၊ သင်ပေးသမျှ ကျွေးသမျှဖြင့် ငါက မျှတနေပါမယ်။ အကယ်၍ အိမ်ထောင်အသစ် ပြုချင်ရင် ဒီဥစ္စာတွေကိုယူပြီး သင့်မိဘအိမ် ပြန်သွားပါ။ အဲဒီလို မဟုတ်ရင်လည်း

http://www.dhammadownload.com

ဒီအိမ်မှာ နေမြဲနေပါ။ ငါက သင့်ကို နှမရင်း သမီးအရင်းအရာမှာ ထားပြီး ကျွေးမွေးစောင့်ရှောက်သွားပါမယ်'လို့ ပွင့်ပွင့်လင်းလင်း ပြောလိုက်ပါတယ်။

အဲဒီတော့ ဓမ္မဒိန္နာက စဉ်းစားဆင်ခြင်မိတယ်။ 'ပကတိ ယောကျ်ားဆိုရင် ဒီလိုစကားကို မပြောနိုင်ဘူး၊ တကယ်ကောင်းတဲ့ လောကုတ္တရာတရားထူးကို ရလာတယ်ဆိုတာ ဇော်န်ဟုတ်ပေလိမ့်မယ်၊ သားမယား စည်းစိမ်ဥစ္စာတွေကို မတွယ်တာဘဲ စွန့်နိုင်တဲ့တရားဟာ တကယ်ကောင်းတဲ့တရားပဲ။ ဒီတရား ဂို ယောကျ်ားများသာ ရနိုင်သလား၊ မိန်းမများတော့ မရနိုင်ဘူးလား'လို့ ဆင်ခြင်ပြီးတော့ အဲဒီအကြောင်းကို မေးတယ်။ ဒီတော့ ကျားမ မရွေး ကျင့်သူတိုင်း ရနိုင်ကြောင်း ဝိသာခသူဌေးကြီးက ပြောပြတယ်။ အဲဒီအခါ ဓမ္မဒိန္နာက ရဟန်းမပြုပြီး တရားကျင့်လိုကြောင်း ခွင့်တောင်းတဲ့အတွက် ဝိသာခသူဌေးကြီးက ခွင့်ပြုပြီးတော့ အခမ်းအနားနှင့်တကွ ဘိက္ခုနီကျောင်းသို့ပို့ပြီး ရဟန်းမပြုစေပါတယ်။ ဓမ္မဒိန္နာလည်း ရဟန်းမပြုပြီး မကြာမီမှာပင် တရားကျင့်ပြီး အာသဝေါကုန်ခန်းတဲ့ ရဟန္တာမ ဖြစ်သွားပါတယ်။ နောက်တစ်ချိန်၌ ဓမ္မဒိန္နာကို မြတ်စွာဘုရားက ဓမ္မကထိက အရာ၌ ဧတဒဂ်ဂုဏ်ထူးဖြင့် ချီးကျူးချီးမြှောက်တော်မူပါတယ်။

ယခုပြောခဲ့တဲ့ ဝိသာခသူဌေးနှင့် ဓမ္မဒိန္နာအကြောင်းအရာထဲမှာ သိစေလိုရင်းကတော့ ဝိသာခသူဌေးကြီးဟာ အနာဂါမ်ဖြစ်သွားတဲ့အခါကာမရာဂ လုံးဝကင်းတဲ့အတွက် သူဌေးကတော် ဓမ္မဒိန္နာနှင့်တကွ ကုဋေရှစ်ဆယ်သော ဥစ္စာတွေကို တပ်မက်တွယ်တာမှု ကင်းငြိမ်းပုံပါပဲ။

ယခုခေတ် ယောဂီမတစ်ဦး၏ထူးခြားပုံ

လွန်ခဲ့သော ရှစ်နှစ် ကိုးနှစ်လောက်က ယောဂီအမျိုးသမီး တစ်ယောက်၏ ထူးခြားပုံကိုလည်း ဒီနေရာမှာ ပဋိပတ္တိသာသနာတော်

http://www.dhammadownload.com

ကို ချီးမြှောက်တဲ့အနေဖြင့် ထုတ်ဖော်ပြောချင်ပါတယ်။ အရွယ်ကတော့ အသက်လေးဆယ်ကျော် ငါးဆယ်အတွင်းလောက် ရှိပါလိမ့်မယ်။ အဲဒီ အမျိုးသမီးက တရားအားထုတ်ပြီးတဲ့အခါ ကာမအာရုံတွေမှာ တပ်မက်မှု ကင်းနေပုံကို ပြောပြတယ်။ သူ့မှာ ယောကျ်ား၏ကိုယ်နှင့် ထိရုံမျှဖြင့် ပူလောင်ပြီး အခံခက်နေပါသတဲ့။ ဒါကြောင့် သူ့ခင်ပွန်းကို သူ့ညီမနှင့် လက်ဆက်ပေးပြီးတော့ သူက လူလွတ်အဖြစ်နဲ့ နေပါသတဲ့။ သူ့အိမ်ထောင်စုကလည်း ဆင်းရဲတဲ့အိမ်ထောင်စု မဟုတ်ပါဘူး။ အတော် အတန် ပြည့်စုံတဲ့ အိမ်ထောင်စုပါပဲ။ အဲဒီအမျိုးသမီးမှာ သူ့ခင်ပွန်းနှင့် အာလယပြတ် ကင်းကွာနေနိုင်တာရယ်၊ သူ့ညီမနှင့် လက်ဆက်ပေးနိုင်တာရယ်၊ ဒီအချက်များဟာ သာမန်အနေဖြင့် မဖြစ်နိုင်ပေဘူး၊ တရားသဘောကြောင့်ပဲ ဆိုတာကတော့ ထင်ရှားပါတယ်။ ဒါကြောင့် ရှေးကသာ မဟုတ်ဘူး၊ ယခုနေအခါလည်း တကယ်အားထုတ်ရင် ကာမအာရုံတွေကို မငဲ့ကွက်ဘဲ ဖွန့်လွှတ်နိုင်သည်အထိ ထူးခြားချက်ကို တွေ့နိုင်တယ်ဆိုတာကို ဒီနားလည်ထားကြဖို့ပါပဲ။

ဆေးလိပ်၊ ကွမ်းကြိုက်တာလည်း ကင်းသင့်တယ်

ဝိသဘာဂ ကာမအာရုံတွေမှာသာ မဟုတ်ဘူး၊ အဝတ်အဆင်တန်ဆာအာရုံငွေ့၊ ပျော်ပွဲရွှင်ပွဲအာရုံတွေ၊ အိပ်ရာနေရာတွေ၊ အစားအသောက်တွေ ဒီလိုကာမအာရုံတွေမှာလည်း တပ်မက်သာယာမှု ကင်းတယ်၊ ဒီလို အသားဟင်းကလေးကို စားချင်လိုက်တာ ဆိုတာမျိုးဟာ အနာဂါမ်မှာ မရှိသင့်ဘူး။ ဆေးလိပ်ကြိုက်တာ၊ ကွမ်းကြိုက်တာ ဒီလိုဟာတွေလည်း အရဟာအာရုံ ကာမဂုဏ်၌ တပ်မက်သာယာမှုတွေပဲ။ ဘိန်း၊ အရက်များ ကြိုက်တဲ့တဏှာ ကင်းတာလိုပင် အဲဒီ ဆေးလိပ် ကွမ်းကြိုက်တဲ့ ကာမတဏှာလည်း ကင်းသင့်တာပဲ။

http://www.dhammadownload.com

နောက်ပြီးတော့ အနာဂါမ်မှာ စိတ်ဆိုးစိတ်ပျက်တဲ့ ဗျာပါဒ ဒေါသလည်း ကင်းတယ်။ နှလုံးမသာတာ၊ ဝမ်းနည်းတာ၊ စိုးရိမ်တာ၊ စိတ်ပူတာ ဒီလို စိတ်မချမ်းသာမှု ဒေါမနဿတွေလည်း ဒေါသအထူးတွေပဲ။ အဲဒါတွေလည်း ကင်းသင့်တယ်။ ဣဿာ၊ မနာလိုမှု၊ မစ္ဆရိယ၊ ဝန်တိုမှုဆိုတာတွေကတော့ သောတာပန်မှာပင် ကင်းငြိမ်းကြောင်း အဋ္ဌကထာများမှာ ပြဆိုထားကြပါတယ်။ အဲဒီ မနာလိုမှု၊ ဝန်တိုမှုတွေက ဒေါသနှင့်တွဲဖြစ်တဲ့ တရားတွေပဲ။ ဒါကြောင့် အနာဂါမ်မှာတော့ အဲဒီ မနာလိုမှု၊ ဝန်တိုမှု ကင်းငြိမ်းကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။ နောက်ပြီးတော့ ကုက္ကုစ္စ၊ နောင်တပူပန်မှုဆိုတာလည်း ဒေါသမရှိတဲ့အတွက် လုံးဝကင်းငြိမ်းတယ်။

အဲဒီလို ကာမရာဂနှင့် ဗျာပါဒတွေ လုံးဝကင်းငြိမ်းနေတဲ့အတွက် အထူးအားဖြင့် ကာမအာရုံကို သာယာမှု လုံးဝမရှိတော့တဲ့အတွက် အနာဂါမ်ပုဂ္ဂိုလ်ဟာ ကာမဘဝမှ စုတေလျှင် ရူပဘုံ၊ အရူပဘုံသို့ ရောက်တယ်။ အထူးအားဖြင့် သုဒ္ဓါဝါသခေါ်တဲ့ ရူပါဝစရဘုံသို့ ရောက်တယ်။ အဲဒီဗြဟ္မာဘုံမှ ကာမဘုံသို့ ပြန်မလာတော့ဘူး။ အဲဒါကြောင့် 'နှ+ အာဂါမီ= အနာဂါမီ၊ ပြန်လာမည့်သူမဟုတ်'လို့ ခေါ်ဆိုပါတယ်။ အဲဒါက အနာဂါမ်အစစ်ပါပဲ။

ဈာနအနာဂါမ်

သောတာပန်၊ သကဒါဂါမ်ပုဂ္ဂိုလ်များက ရူပ၊ အရူပဗြဟ္မာဘုံများကို ရောက်သွားရင်လည်း အဲဒီဘုံများမှာပင် အထက်မဂ်ဖိုလ်များကို ရပြီးတော့ အဲဒီရူပ၊ အရူပဗြဟ္မာဘုံမှာပင် ပရိနိဗ္ဗာန်စံကြတယ်။ အဲဒါကိုတော့ 'ဈာနအနာဂါမီပုဂ္ဂိုလ်' လို့ ခေါ်တယ်။ ဈာန်၏အစွမ်းကြောင့် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာတဲ့ အရိယာပုဂ္ဂိုလ်လို့ ဆိုလိုပါ

http://www.dhammadownload.com

တယ်။ အဲဒီအကြောင်းအရာကို ဥဏ္ဏာဘပုဏ္ဏားအကြောင်းပြုပြီး မိန့်ကြားတော်မူတဲ့ စကားတော်ကိုဖြင့် ထင်ရှားသိရပါတယ်။

အခါတစ်ပါးမှာ ဥဏ္ဏာဘဆိုတဲ့ ပုဏ္ဏားဟာ မြတ်စွာဘုရားထံ၌ တရားနာရင်း နလုံးသွင်းပြီး သောတာပန်ဖြစ်သွားတယ်။ လောကီပထမဈာန်ကိုလည်း ရသွားတယ်။ အဲဒါကိုအကြောင်းပြုပြီးတော့ မြတ်စွာဘုရားက ဒီလိုမိန့်ကြားတော်မူပါတယ်။

ဣမမှိ စေ ဘိက္ခဝေ သမယေ ဥဏ္ဏာဘော ဗြာဟ္မဏော ကာလံ ကရေယျ၊ နတ္ထိ တံ သံယောဇနံ၊ ယေန သံယောဇနေန သံယုတ္တော ဥဏ္ဏာဘော ဗြာဟ္မဏော ပုန ဣမံ လောကံ အာဂစ္ဆေယျ တဲ့။ (သံ၊ တ၊ ၁၉၂)

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမမှိ သမယေ၊ တရားနာရာမှ ပြန်သွားခါစ ယခုအချိန်ကာလ၌။ ဥဏ္ဏာဘော ဗြာဟ္မဏော၊ ဥဏ္ဏာဘပုဏ္ဏားသည်။ စေ ကာလံ ကရေယျ၊ အကယ်၍ သေဆြားအံ့။ (သူ့အိမ်ပြန်မရောက်မီအတွင်း သေသွားရင်လို့ ဆိုလိုပါတယ်။ သူ့အိမ်ပြန်ရောက်တဲ့အခါကျတော့ သားမယားအာရုံတွေကြောင့် ရထားတဲ့ လောကီစျာန်က ပျက်သွားနိုင်တယ်။ အဲဒီစျာန် ပျက်သွားရင်တော့ ဗြဟ္မာ့ လောကကိုလည်း မရောက်နိုင်ဘူး၊ ကာမဘုံတွင်သာ ဖြစ်ရမှာပဲ။ ဒါကြောင့် ပြန်သွားခါစ ယခုအချိန်ကာလဖြင့် ပိုင်းခြားကန့်သတ်ပြီး မိန့်တော်မူတာပါပဲ။) ဇဝံ သတိ၊ ဤသို့ ယခုလောလောဆယ်တွင် သေခဲ့ပါမူ။ ဥဏ္ဏာဘော ဗြာဟ္မဏော၊ ဥဏ္ဏာဘပုဏ္ဏားသည်။ ယေန သံယောဇနေန၊ အကြင် သံယောဇဉ်နှင့်။ သံယုတ္တော၊ ယှဉ်အပ်၊ ချည်နှောင်အပ်သည် ဖြစ်၍။ ဣမံ လောကံ၊ ဤကာမလောကသို့။ ပုန အာဂစ္ဆေယျ၊ တစ်ဖန် ပြန်လာရာ၏။ တံ သံယောဇနံ၊ ထိုသို့ပြန်လာကြောင်းဖြစ်သော သံယောဇဉ် ချည်နှောင်ကြိုးသည်။ နတ္ထိ၊ မရှိပေတဲ့။

သောတာပန်မျှပင် ဖြစ်သော်လည်း ရထားတဲ့ စျာန်မပျက်ဘဲ

http://www.dhammadownload.com

သေသွားရင် ဗြဟ္မာ့ဘုံသို့ ရောက်တဲ့အခါ ကာမရာဂ၊ ဗျာပါဒဆိုတဲ့ သံယောဇဉ် ကိလေသာတွေဖြစ်ခွင့်မရှိတဲ့အကွက် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် ပြန်မလာတော့ဘူး။ အဲဒီလိုပုဂ္ဂိုလ်ကို စျာနအနာဂါမ် ခေါ်ကြောင်း အဋ္ဌကထာမှာ ပြဆိုထားပါတယ်။ အဲဒီလိုပုဂ္ဂိုလ်ဟာ ပထမစျာန်ဘုံ၌ ရဟန္တာမဖြစ်သေးရင် ဒုတိယစျာန်ဘုံ၊ တတိယစျာန်ဘုံတွေမှာ ရဟန္တာဖြစ်နိုင်တယ်။ အဲဒီဘုံတွေမှာ မဖြစ်သေးရင်တော့ ဝေဟပ္ဖိုလ်ဘုံမှာ ဖြစ်ပြီးတော့ ဇကန်ပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ဝင်စံရတယ်။

အနာဂါမိမဂ်ဖြင့် ကာမရာဂ၊ ဗျာပါဒတွေကို အကြွင်းမဲ့ပယ်ပြီးဖြစ်တဲ့ အနာဂါမ်အစစ်ကတော့ ကာမဘုံမှ စုတေပြီး အဝိဟာဆိုတဲ့ အောက်ဆုံး သုဒ္ဓါဝါသဘုံမှာဖြစ်တယ်။ အဲဒီဘုံမှာ ရဟန္တာမဖြစ်သေးရင် အတပ္ပါဘုံစသည်မှာ ဖြစ်ပြီးတော့လည်း ပရိနိဗ္ဗာန်ဝင်စံနိုင်တယ်။ အောက် လေးဘုံမှာ ရဟန္တာမဖြစ်သေးရင် နောက်ဆုံး အကနိဋ္ဌဘုံမှာ ဖြစ်ရတယ်။ အဲဒီအကနိဋ္ဌဘုံကျတော့ ဇကန်ပင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် ဝင်စံရတော့တာပဲ။ အဲဒီလို အနာဂါမ်ကို ဥဒ္ဓံသောတအကနိဋ္ဌဂါမီ အနာဂါမ်လို့ ခေါ်တယ်။ သုဒ္ဓါဝါသငါးဘုံကို အစဉ်အတိုင်း တက်ပြီး အကနိ့်ရောက်တဲ့ အနာဂါမ်လို့ ဆိုလိုပါတယ်။ အဲဒီလို အနာဂါမ်မှာ ပဋိသန္ဓေဘဝအားဖြင့် ငါးဘဝ ရှိတယ်။ ဒါပေမဲ့ ကာမဘဝနှင့် မရောဘဲ ရူပဘဝချည်း ဖြစ်တဲ့အတွက် တစ်ဘဝလို့သာ ခေါ်ရတယ်။ အနာဂါမ်မှာ တစ်ဘဝထက် ပိုလွန်တဲ့ဘဝဆင်းရဲတွေ အကုန်ချုပ်ငြိမ်းတယ်ဆိုရာမှာ 'တစ်ဘဝ' ဆိုတာဟာ ဒီလို ရူပဘဝ၊ သို့မဟုတ် အရူပဘဝကို ရည်ပြီး ဆိုတာပဲ။ သကဒါဂါမ်မှာ နှစ်ဘဝသာ ရှိတယ်။ သောတာပန်မှာ အများဆုံး ခုနစ်ဘဝသာ ရှိတယ်ဆိုတာတွေလည်း ဒီနည်းအတိုင်း ယူရမယ်။ ပဋိသန္ဓေဖြင့် ပိုင်းခြားတဲ့ဘဝ မဟုတ်ဘူးလို့ မူလဋီကာ၊ အနုဋီကာတို့မှာ ပြဆိုထားကြပါတယ်။

http://www.dhammadownload.com

အနာဂါမ်မှာ ကာမရာဂ၊ ဗျာပါဒကင်းငြိမ်းပုံများကိုလည်း ဟော ခဲ့တယ်။ အနာဂါမ်မှာ မကင်းသေးတဲ့ ကိလေသာများကိုတော့ မပြော ခဲ့ရသေးဘူး၊ ဒီကနေ့ အဲဒီကိလေသာတွေကို ပယ်ရန် အားထုတ်ပုံက စပြီး ပြောရမယ်။

အနာဂါမ်မှာ မကင်းသေးတဲ့ကိလေသာများ

အနာဂါမ်မှာ

(၁) ရူပရာဂ၊ ရူပဗြဟ္မာဘဝ၌ တပ်မက်သာယာခြင်း၊

(၂) အရူပရာဂ၊ အရူပဗြဟ္မာဘဝ၌ တပ်မက်သာယာခြင်း၊

(၃) မာန၊ နှိုင်းပြန် မာန်တက်ခြင်း၊

(၄) ဥဒ္ဓစ္စ၊ ပျံ့လွင့်ခြင်း၊

(၅) အဝိဇ္ဇာ၊ ရူပဘဝစသည်၌ အကောင်းအမြတ် ထင်နေသေးခြင်း၊ ဆိုတဲ့ ဒီသံယောဇဉ်ငါးပါးက အကုန်မကင်းငြိမ်းသေးဘူး၊ အချို့ ကျန်နေသေးတယ်။

အဲဒီ သံယောဇဉ်ငါးပါးထဲမှာ ရူပရာဂ၊ အရူပရာဂ မကင်းသေး တဲ့အတွက် ရူပဗြဟ္မာဘုံ၊ အရူပဗြဟ္မာဘုံများ၌ ဖြစ်နေရသေးတယ် ဆိုတာကတော့ ထင်ရှားနေပါပြီ။ အထူးပြောစရာ မလိုပါဘူး။ မာန ဆိုတာ ဘယ်လိုမာနလဲဆိုရင် မဟုတ်တဲ့ဂုဏ်နဲ့ အထင်ကြီးပြီး ထောင် လွှားတဲ့ (အယာထာဝ) မာနကတော့ သောတာပန်မှာကတည်းက ပယ်ခဲ့ပြီး ကင်းငြိမ်းပြီး ဖြစ်နေပါတယ်။ ဟုတ်မှန်တဲ့ဂုဏ်ဖြင့် နှိုင်းပြိုင် တဲ့ ယာထာဝမာနသာ ရှိပါတယ်။ ဒီမာနဟာလည်း သကဒါဂါမိမဂ်၊ အနာဂါမိမဂ်တို့၏အစွမ်းကြောင့် အားနည်းတန်သလောက်တော့ အား နည်းနေဖွယ် ရှိပါတယ်။ သို့သော်လည်း အကြွင်းအကျန်ကတော့ ရှိနေပါသေးတယ်။ အဲဒါကို အသို့မာနလို့ ခေါ်ဆိုရပါတယ်။ ဒိဋ္ဌ မရှိတော့တဲ့အတွက် အတ္တကောင်အနေဖြင့် ထင်မြင်စွဲလမ်းမှု မရှိပေမယ့်

http://www.dhammadownload.com

'ငါသိတယ်၊ ငါတတ်တယ်၊ ငါက သူ့ထက် မြတ်တယ်' စသည်ဖြင့် အမှန်အတိုင်း နှိုင်းပြိုင်မှုကတော့ လုံးဝမကင်းသေးဘဲ ရှိနေသေးတာပဲ၊ ဒါကြောင့် အနာဂါမ်ဖြစ်တဲ့ အရှင်ခေမကထေရ်က မဟာထေရ် ၆၀ အား ဒီလိုရှင်းပြပါတယ်။

မဟာထေရ် ၆၀ နှင့် အရှင်ခေမက

အခါတစ်ပါးမှာ မဟာထေရ် ၆ ကျိပ်က အရှင်ဒါသကကို စေလွှတ်ပြီး ပြဿနာများကို မေးစေပါတယ်။ မှာလိုက်သည့်အတိုင်း အရှင်ဒါသကက မေးလျှောက်တဲ့အခါ အရှင်ခေမကထေရ်က 'မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အတ္တကောင်ကိုသော်လည်းကောင်း၊ အတ္တ၏ဥစ္စာကိုသော်လည်းကောင်း တစ်စုံတစ်ခုမျှ မမြင်ပါဘူး' လို့ ဖြေကြားပါတယ်။ အဲဒီအခါ 'ဒီလိုဆိုရင် အရှင်ခေမကဟာ ရဟန္တာဖြစ်နေပြီပေါ့' လို့ လျှောက်တယ်။ ဒီတော့ အရှင်ခေမကထေရ်က 'ငါဟာ ရဟန္တာ မဖြစ်သေးပါဘူး၊ ဥပါဒါက္ခန္ဓာငါးပါးတို့၌ (အသို့တိ အဓိဂတံ) ငါဖြစ်သည်ဟု အသိအထင်ကိုတော့ ရရှိနေပါသေးတယ်၊ သို့သော်လည်း 'ဒါက ငါဖြစ်သည်' လို့တော့ မရှုမမြင်ပါဘူး'လို့ ဖြေရှင်းပြလိုက်ပါတယ်။ အဲဒီအခါ မထေရ် ၆ ကျိပ်က 'အသို့၊ ငါဖြစ်သည်လို့ ဆိုတာက ဘာကိုဆိုတာလဲ၊ ရုပ်ကို ဆိုတာလား၊ ရုပ်မှ အခြားတစ်ပါးကို ဆိုတာလား၊ ဝေဒနာကို ဆိုတာလား၊ သညာကို ဆိုတာလား၊ သင်္ခါရတို့ကို ဆိုတာလား၊ ဝိညာဏ်ကို ဆိုတာလား၊ ဝိညာဏ်မှ အခြားတစ်ပါးကို ဆိုတာလား' လို့ တစ်ဖန်မေးစေပါတယ်။

အဲဒီလို မေးစေတဲ့အခါ အရှင်ခေမကထေရ်က မဟာထေရ် ၆ ကျိပ်ထံ လာရောက်ပြီး ဒီလိုရှင်းပြပါတယ်။

http://www.dhammadownload.com

အရှင်ခေမက၏ ရှင်းပြချက်

'ငါ့ရှင်တို့၊ ငါဟာ ရုပ်ကိုလည်း အသိမလို့ မဆိုပါ၊ ရုပ်မှ အခြားတစ်ပါးကိုလည်း မဆိုပါ၊ ဝေဒနာကိုလည်း မဆိုပါ၊ သညာကို လည်း မဆိုပါ၊ သင်္ခါရတို့ကိုလည်း မဆိုပါ၊ ဝိညာဏ်ကိုလည်း အသိ လို့ မဆိုပါ။ ဝိညာဏ်မှ အခြားတစ်ပါးကိုလည်း မဆိုပါ။ သို့သော်လည်း ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အသိ၊ ငါဖြစ်သည်လို့ အသိအထင်ကိုတော့ ရရှိနိုင်ပါသေးတယ်။ ဒါက 'ငါဖြစ်သည်' လို့တော့ မရှုမမြင်ပါဘူး။ (အဲဒီစကားဖြင့် 'ဥပါဒါနက္ခန္ဓာ တစ်ခုခုကို ကွက်ပြီး အသိမလို့ ထင်တာ မဟုတ်ဘူး၊ ဥပါဒါနက္ခန္ဓာငါးပါးလုံး၌ တစ်ပေါင်းတည်း သာမန်အသိ အထင်ကလေး ရှိနေသေးတယ်'လို့ ဆိုလိုပါတယ်။ အသိ၊ ငါ ဖြစ်သည် ဆိုတဲ့စကားက 'ငါ သိတတ်သူ၊ ငါ တတ်သူ၊ ငါ မြတ်သူ၊ ငါ စင်ကြယ်သူဖြစ်သည်' စသည်ဖြင့် မှန်ကန်တဲ့ဂုဏ်ကို မှီ၍ မာနဖြစ်ပုံကို ပြတယ်။ 'အဲဒီလို မာနကတော့ မကင်းသေးဘူး ရှိနေသေးတယ်'လို့ ဆိုပါတယ်။ ဥပမာအားဖြင့် ပြရလျှင် ကြာပန်း၏အနံ့ကို ပွင့်ဖတ်၏ အနံ့ပဲ၊ အညာ၏အနံ့ပဲ၊ ဝတ်ဆံ၏ အနံ့ပဲလို့ မခွဲခြားနိုင်၊ ပန်းနံ့လို့သာ ဆိုရသကဲ့သို့ ရုပ်သက်သက်ကိုလည်း အသိမလို့ မဆိုပါ၊ ပ ဝိညာဏ် သက်သက်ကိုလည်း အသိမလို့ မဆိုပါ။ ဝိညာဏ်မှ အခြားတစ်ပါးကို လည်း အသိမလို့ မဆိုပါ။ သို့သော်လည်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အသိမလို့ အသိအထင်ကိုတော့ ရရှိနေပါသေးသည်။ 'ဒါက ငါဖြစ်သည်' လို့တော့ မရှုမမြင်ပါဘူး။

ငါ့ရှင်တို့၊ အရိယာတပည့်မှာ (သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ၊ ကာမရာဂ၊ ပဋိဃ ဆိုတဲ့) အောက်ဝိုင်း သံသရာ၌ ကျင်လည်စေတတ်တဲ့ သံယောဇဉ်ငါးပါးကို ပယ်ပြီးဖြစ်သော်လည်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ ငါဖြစ်သည်ကို ထင်တဲ့ သိမ်မွေ့သော

http://www.dhammadownload.com

အသို့မာန၊ သိမ်မွေ့သော အသို့ဆန္ဒအလို၊ ကိန်းနေတဲ့ အနုသယမာန ကိုတော့ မပယ်သတ်ရသေးပါ။ ယင်းအရိယာတပည့်သည် နောင် တစ်ချိန်မှာ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကို ရှုနေလျှင် ယင်းသိမ်မွေ့သော မာန၊ ဆန္ဒ၊ အနုသယဟာ အကြွင်းမဲ့ပယ်အပ်ပြီး ဖြစ်သွားပါတယ်။

'ငါ့ရှင်တို့၊ ဥပမာပြရလျှင် ခဝါသည်ဟာ ညစ်ပေနေသော အဝတ်ကို ပြာရည်၊ ဆပ်ပြာရည်၊ နွားချေးရည်၌ နှင်းနယ်ပြီးနောက် ရေကြည်ဖြင့် ဖွပ်လျှော်လိုက်လျှင် ထိုအဝတ်ဟာ ဖြူစင်သွားပါတယ်။ ဒါပေမဲ့ ပြာရည်နဲ့စသည်ကတော့ ရှိနေသေးတယ်။ အဲဒီအဝတ်ကို နံ့သာ အမွှေးအကြိုင်တို့ဖြင့် ထုံထားတဲ့ ကြုတ်သေတ္တာထဲ ထည့်ထား သောခါ အဲဒီပြာရည်နဲ့စသည်ဟာ ကင်းပျောက်သွားသလိုပင် ဥပါဒါ နက္ခန္ဓာ ငါးပါးတို့၌ အဖြစ်အပျက်ကို ရှုနေလျှင် ထိုသိမ်မွေ့သော အသို့မာန၊ ဆန္ဒ၊ အနုသယဟာ လုံးဝကင်းပျောက်သွားပါတယ်'လို့ အရှင်ခေကမထေရ်က ရှင်းပြပါတယ်။

အဲဒီလို ရှင်းပြရင်း နှလုံးသွင်း ရှုမှတ်သွားတဲ့အတွက် အရှင် ခေမကထေရ်နှင့်တကွ မဟာထေရ် ၆ ကျိပ်ဟာ အရဟတ္တမဂ်ဖိုလ်သို့ ရောက်ပြီး ရဟန္တာဖြစ်တော်မူကြပါသတဲ့။ ပါရမီထူးရှိတဲ့ပုဂ္ဂိုလ်တွေမှာ တော့ တယ်လွယ်တာပဲ၊ ယခု တရားနာပရိသတ်တွေလည်း အားမငယ် ကြနဲ့၊ ယခု မပြည့်စုံသေးပေမဲ့ နောင်တစ်ချိန်မှာ ဒီလိုပင် လွယ်လွယ် ကူကူနဲ့ အထက်မဂ်ဖိုလ်တွေကိုလည်း ရသွားနိုင်ပါတယ်။

အနာဂါမ်မှာ မကင်းသေးတဲ့ ဥဒ္ဓစ္စနှင့် အဝိဇ္ဇာ

အနာဂါမ်မှာ မကင်းသေးတဲ့ ဥဒ္ဓစ္စဆိုတာကတော့ အသေးအဖွဲ လေးက် ဖြစ်ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ အနာဂါမ်ပုဂ္ဂိုလ်ကို 'သမာဓိသို့' ပရိပူရကာရီ၊ သမာဓိသိက္ခာမှာ အပြည့်အစုံ ပြုကျင့်သူ'

http://www.dhammadownload.com

လို့ ဟောထားပါတယ်။ သမာဓိအရာမှာ ပြည့်စုံနေတယ်ဆိုတော့ စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စဟာ အကြီးအကျယ် ဖြစ်နိုင်စရာမရှိပါဘူး။ ဒါကြောင့် အနာဂါမ်ပုဂ္ဂိုလ်ဟာ စောစောပိုင်းက **ဈာန်**မရခဲ့ပေမဲ့ စုတေခါနီးမှာ ဈာန်ကိုရပြီး ဗြဟ္မာ့လောက ရောက်သွားနိုင်တာပဲ။

နောက်ပြီးတော့ အနာဂါမ်မှာ **မကင်းသေးတဲ့** အဝိဇ္ဇာကလည်း ဖြစ်ရာနယ်ပယ် သိပ်မကျယ်တော့**ပါဘူး၊ ဝိပလ္လာသ** ၁၂ ပါး ရှိတဲ့ အနက်က ၂ ပါးသာ ရှိပါတော့တယ်။ **အဲဒီ ၂ ပါး**က ဘယ်ဟာတွေလဲ ဆိုရင် ရူပဘဝ၊ အရူပဘဝနှင့်စပ်ပြီး **ချမ်းသာတယ်**၊ ကောင်းတယ်လို့ အမှတ်မှား၊ အသိမှားတဲ့ သညာဝိပလ္လာ**သနှင့်** စိတ္တဝိပလ္လာသ ဒီ ၂ ပါးပါပဲ။ ဒါကြောင့် အနာဂါမ်မှာ **အမှန်အတိုင်း**မသိဘဲ အလွဲသိနေတဲ့ အဝိဇ္ဇာဆိုတာဟာ အဲဒီရူပဘဝ၊ **အရူပဘဝ**ဆိုင်ရာ ရုပ်နာမ်တွေကို ချမ်းသာတဲ့အနေ၊ ကောင်းတဲ့**အနေဖြင့် ထင်**နေသေးတဲ့ သဘောပါပဲ။

အနာဂါမ်ပုဂ္ဂိုလ်ဟာ အဲဒီမကင်းသေးတဲ့ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာဆိုတဲ့ သံယောဇဉ်ငါးပါးကို ပယ်နိုင်ဖို့ရာ၊ မရသေးတဲ့ အရဟတ္တမဂ်ဖိုလ် ဥာဏ်ထူးများကို ရဖို့ရာ အားထုတ်ရတယ်၊ အားထုတ်ပုံကတော့ ဌေးက ရှုမှတ်**အား**ထုတ်ခဲ့တဲ့အတိုင်းပင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုမှတ်ပြီး သိရတာပါပဲ။ အဲဒီလို အားထုတ်ရ**ကြောင်း**ကို ထင်ရှားသိမှတ်ကြရအောင် အရှင်မဟာကောဋ္ဌိကမထေရ် မေးလို့ အရှင်သာရိပုတ္တရာမထေရ်မြတ်က ဖြေရှင်းပြထားပြီး ရှိပါတယ်။ **မေး**ပုံကတော့

သီလဝန္တသုတ်မှ အမေး အဖြေ

အနာဂါမိနာ ပနာဝုသော သာရိပုတ္တ ဘိက္ခုနာ ကတမေခမ္မာ ယောနိသော မနသိ ကာတဗ္ဗာ တဲ့။

http://www.dhammadownload.com

အာဝုသော သာရိပုတ္တ၊ ငါ့ရှင်သာရိပုတ္တရာ။ အနာဂါမိနာ ပန ဘိက္ခုနာ၊ အနာဂါမ်ရဟန်းသည်ကား။ ကတမေ ဓမ္မာ၊ အဘယ် တရားတို့ကို။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်၊ ဝါ၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်းတဲ့။

အဲဒီအမေးကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလိုဖြေကြားပါတယ်။

အနာဂါမိနာပိ အာဝုသော ကောဠိက ဘိက္ခုနာ
ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော ဒုက္ခတော။ ပ။
အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ တဲ့။

အာဝုသော ကောဠိက၊ ငါ့ရှင်ကောဠိက။ အနာဂါမိနာပိ ဘိက္ခုနာ၊ အနာဂါမ်ရဟန်းသည်လည်း။ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ ပ၊ အနတ္တတော၊ အနတ္တဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။

အဲဒါဟာ အနာဂါမ်ပုဂ္ဂိုလ်က ရဟန္တာဖြစ်အောင် အားထုတ်ပုံပါပဲ။ ပုထုဇဉ်စသည်က သောတာပန်စသည်ဖြစ်အောင် ရှုပုံ အားထုတ်ပုံနှင့် တစ်ထပ်တည်း အတူတူပါပဲ။ ရှုတဲ့အခါ သိမြင်ပုံချင်းကတော့ ကွဲပြားပေလိမ့်မယ်။ ပုထုဇဉ်က ရှုတဲ့အခါမှာ သက္ကာယဒိဋ္ဌိစသည်ကို ပယ်နိုင်လောက်ရုံပဲ အနိစ္စစသော အခြင်းအရာများကို သိပေလိမ့်မယ်။ သောတာပန်က ရှုတဲ့အခါမှာ ကာမရာဂ ဗျာပါဒအကြမ်းကွေကို ပယ်နိုင်လောက်ရုံပဲ သိပေလိမ့်မယ်။ သကဒါဂါမ်က ရှုတဲ့အခါမှာ အဲဒီကာမရာဂနှင့် ဗျာပါဒတွေကို အကြွင်းမဲ့ ပယ်နိုင်လောက်ရုံ သိမြင်ပေလိမ့်မယ်။ ယခု အနာဂါမ်က ရှုတဲ့အခါမှာတော့ ရူပရာဂ အစရှိတဲ့ သံယောဇဉ် ကိလေသာဟူသမျှကို အကြွင်းမဲ့ ပယ်နိုင်လောက်အောင်

http://www.dhammadownload.com

အပြည့်အစုံ သိမြင်ပေလိမ့်မယ်၊ အထူးအားဖြင့် ရုပ်နာမ်သခ်ါရဟူသမျှကို ဆင်းရဲချည်းပဲလို့ အပြည့်အစုံ သိမြင်ပေလိမ့်မယ်။ အဲဒီလို သိမြင်ပုံချင်းကတော့ ထူးခြားရမှာပဲ။ အဲဒီလို ဝိပဿနာအသိအမြင်က ထူးခြားတဲ့ အတွက်ကြောင့် ထူးခြားတဲ့ အထက်အထက် မဂ်ဖိုလ်ဉာဏ်တွေ ဖြစ်ပေါ်လာကြတာပဲ။

ဒါပေမဲ့ ရှုပုံအခြင်းအရာကိုတော့ ယခု ဟောနေတဲ့ သီလဝန္တ သုတ်မှာရော၊ ဒီတရားတော် စတုတ္ထပိုင်း၏ အစဉ် ထုတ်ဆောင်ပြခဲ့တဲ့ စာနသုတ်စသည်မှာရော ၁၁ ပါးသော အခြင်းအရာအားဖြင့် ထပ်တူပင် ပြထားပါတယ်။ ဒါကြောင့် ဘုန်းကြီးကလည်း ယခုရွတ်ပြခဲ့တဲ့ အမေးအဖြေ ၂ ရပ်ကို နည်းတူပင် ဆောင်ပုဒ်စီထားပါတယ်။

(၁) အနာဂါမ်ကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) အနာဂါမ်လည်း၊ ခန္ဓာပဲ၊ ရှုမြဲနည်းတူသည်။

http://www.dhammadownload.com

အပိုင်း (၅)

ရဟန္တာတို့၏သဘော

အနာဂါမ်က အဲဒီလိုရှုတော့ ရဟန္တာဖြစ်သွားပုံကို အရှင် သာရိပုတ္တရာ မထေရ်မြတ်က ဒီလိုဆက်ပြီး မိန့်ကြားတော်မူပါတယ်။

အနာဂါမ်က ရဟန္တာဖြစ်သွားပုံ

ဌာနံ ခေါ ပနတံ အာဝုသော ဝိဇ္ဇတိ၊ ယံ အနာဂါမိ ဘိက္ခု ဣမေ ပဉ္စုပါဒါနက္ခန္ဓေ အနိစ္စတော ဒုက္ခတော၊ ပ၊ အနတ္တတော ယောနိသော မနသိ ကရောန္တော အရဟတ္တဖလံ သစ္ဆိကရေယျ တဲ့။

အာဝုသော်၊ ငါ့ရှင် ကောဋ္ဌိက။ အနာဂါမိ ဘိက္ခု၊ အနာဂါမ် ရဟန်းသည်။ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု။ ပ၊ အနတ္တတော၊ အနတ္တဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကရောန္တော၊ နှလုံးသွင်း ရှုမှတ်နေစဉ်။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်ကို။ ယံ သစ္ဆိကရေယျ၊ အကြင်မျက်မှောက်ပြုရာ၏။ ဧတံ ဌာနံ၊ ဤသို့ မျက်မှောက်ပြုနိုင်ခြင်း၏ အကြောင်းအခွင့်သည်။ ဝိဇ္ဇတိ၊ ရှိပါပေ၏ တဲ့။

http://www.dhammadownload.com

အဲဒီမိန့်ကြားချက်ကိုလည်း ဆောင်ပုဒ်စီထားတယ်။

(၂) အနာဂါမ်လည်း၊ ခန္ဓာပဲ၊ ရှုမြဲ နည်းတူသည်။

(၃) သို့ ရှုမြင်သန်၊ အရဟံ၊ အမှန်ဖြစ်နိုင်သည်။

အနာဂါမ်ပုဂ္ဂိုလ်လည်း မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို ရှုရတယ်။ ရှုနေတဲ့အခါလည်း အနိစ္စ၊ ဒုက္ခစသော အခြင်းအရာတို့ဖြင့် နည်းတူပင် ရှုရတာပဲ။ အဲဒီလိုရှုလို့ သခါရပေက္ခာဉာဏ် ရင့်သန်တဲ့အခါ (ဓမ္မရာဂ၊ ဓမ္မနန္ဒီ ဆိုတဲ့) ဝိပဿနာ၌ သာယာတဲ့တဏှာကို ပယ်နိုင်ရင် အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်များဖြစ်ပြီး ရုပ်နာမ်သင်္ခါရ ချုပ်ငြိမ်းတဲ့ သဘောသို့ အရဟတ္တမဂ်ဖိုလ်ဉာဏ်ဖြင့် ဆိုက်ရောက်ပြီး ရဟန္တာဖြစ်သွားတယ်။

ဒီစကားရပ်ထဲမှာ ဝိပဿနာ၌ သာယာတဲ့ တဏှာကို ပယ်နိုင်ရင် ဆိုတဲ့ (ပရိကပ္ပ) ကြိုဆမှု ခြွင်းချက်စကားကို ထည့်ပြီး ပြောရခြင်း၏အကြောင်းကတော့ ဒီသီလဝန္တသုတ်တရားတော် စတုတ္ထပိုင်းအစမှာ ထုတ်ပြခဲ့တဲ့ ဗျာနသုတ်မှ ဟောထားပုံကိုလည်း မှတ်သားရအောင်လို့ ထည့်ပြီး ပြောရခြင်း ဖြစ်ပါတယ်။ အဲဒီသုတ်မှာ အရဟတ္တဖိုလ်ရောက်ပုံကို ဟောပြီးတော့ ဒီလိုလည်း ဆက်ဟောထားပါတယ်။

ဓမ္မရာဂကြောင့် အရဟတ္တမဂ်ဖိုလ် မရောက်ဘဲ ရှိတတ်ကြောင်း

သော၊ ထိုယောဂီ ရဟန်းသည်။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ရာ အရဟတ္တဖိုလ်သို့။ နော စေ ပါပုဏာတိ တေနေဝ ဓမ္မရာဂေန တာယေဝ ဓမ္မနန္ဒိယာ၊ ဓမ္မ ရာဂ၊ ဓမ္မနန္ဒီ ခေါ်သည့် သမထ၊ ဝိပဿနာတရား၌ တပ်စွဲနှစ်သက်မှုကြောင့်ပင် အကယ်၍ မရောက်ဘဲ ရှိငြားအံ့။ ဧဝံ သတိ၊ ဤသို့ အရဟတ္တဖိုလ်သို့

http://www.dhammadownload.com

မရောက်နိုင်သည်ရှိသော်။ ပဉ္စန္နံ သြရမ္ဘာဂိယာနံ သံယောဇနာနံ၊ အောက်ပိုင်းသံသရာ၌ ကျင်လည်စေတတ်သော သံယောဇဉ် ငါးပါးတို့၏။ ပရိက္ခယာ၊ ကုန်ခြင်းကြောင့်။ သြပပါတိကော ဟောတိ၊ ဗြဟ္မာ့လောက၌ ကပ်ရောက်၍ ဖြစ်၏။ တသ္မာ လောကာ၊ ထိုဖြစ်ရာ ဗြဟ္မာ့လောကမှ။ အနဝတ္တိ ဓမ္မော၊ ကာမဘုံသို့ ပြန်မလာခြင်း သဘောရှိသည်ဖြစ်၍။ တတ္ထပရိနိဗ္ဗာယီ၊ ထိုဗြဟ္မလောက၌ ပရိနိဗ္ဗာန် စံဝင်ရလေတော့၏တဲ့။

အဲဒါဟာ အဂုံတ္တရပါဠိ နဝကနိပါတ် စျာနသုတ် စသည်မှာ ဟောထားတဲ့မြတ်စွာဘုရားစကားတော်ပါပဲ။ အဲဒီမှာ သမထ၊ ဝိပဿနာတို့၌ တပ်စွဲနှစ်သက်မှုကို မပယ်နိုင်လျှင် အရဟတ္တမဂ်ဖိုလ်သို့ မရောက်ဘူး။ အနာဂါမ်လောက်သာ ဖြစ်တယ်လို့ ပြဆိုထားပါတယ်။ 'သမထ' ဆိုတာကတော့ အဲဒီသုတ်မှာ ပါဒကစျာန်အဖြစ်ဖြင့် ဝင်စားခဲ့တဲ့ သမထပါပဲ။ 'ဝိပဿနာ' ဆိုတာကတော့ အမြတ်ဆုံး အကောင်းဆုံးဖြစ်တဲ့ သခ်ါရပေက္ခာဉာဏ်ပါပဲ။ ယခုဟောနေတဲ့ သီလဝန္တသုတ်မှာတော့ သမထစျာန်ကို အခြေခံပြခဲ့တာ မဟုတ်လို့ ဝိပဿနာမှာပဲ တပ်စွဲနှစ်သက်မှု ဖြစ်စရာ ရှိပါတယ်။

ဒါကြောင့် ဥပါဒါနက္ခန္ဓာငါးပါးကို စပြီးရှုဟဲ့ အနာဂါမ်ပုဂ္ဂိုလ်ဟာ သခ်ါရပေက္ခာဉာဏ်၌ နှစ်သက်သာယာနေရင် အရဟတ္တမဂ်ဖိုလ် ရောက်အောင် မတိုးတက်နိုင်ဘဲ ဖြစ်နေတတ်တယ်ဆိုတာကို အထူးမှတ်သားထားကြဖို့ပါပဲ။ ဒီသခ်ါရပေက္ခာဉာဏ်က အလွန်သိမ်မွေ့ပြီး အလွန်ကောင်းပါတယ်။ လောကီဉာဏ်တွေထဲမှာ နှစ်သက်သာယာဖွယ် အကောင်းဆုံးလို့ ဆိုရမှာပေါ့။ အနုလောမဉာဏ်၊ ဂေါတြဘူဉာဏ်တွေက ပိုပြီးသာယာဖွယ် မကောင်းဘူးလားလို့ မေးစရာရှိပါတယ်။ အဲဒီဉာဏ်တွေကတော့ အရိယမဂ်ဉာဏ်ရအောင် တစ်ဟုန်တည်းတက်သွားတဲ့ ဉာဏ်တွေဖြစ်တဲ့အတွက် အဲဒါတွေကိုတော့ နှစ်သက်သာယာမှု ဖြစ်ခွင့်မရှိတော့ပါဘူး။ ဒါကြောင့် သခ်ါရပေက္ခာဉာဏ်၌ နှစ်သက်

http://www.dhammadownload.com

သာယာတာကိုပင် ဒီနေရာမှာ 'ဓမ္မရာဂ၊ ဓမ္မနန္ဒီ' ခေါ်တယ်လို့ ဆိုရပါတယ်။

အဲဒီဓမ္မရာဂ၊ ဓမ္မနန္ဒီခေါ်တဲ့ နှစ်သက်သာယာမှုကိုလည်း ရှုမှတ်ပြီး ပယ်ရတာပဲ။ အဲဒါကို ပယ်နိုင်ရင်တော့ ရုပ်နာမ်သခ်ါရ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို အရဟတ္တမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြုပြီး ရဟန္တာအစစ် ဖြစ်သွားတော့တာပါပဲ။

ရဟန္တာ၏ ပစ္စဝေက္ခဏာ

အဲဒီလို ရဟန္တာဖြစ်ပြီးလျှင်ပြီးချင်း ပြန်လှည့်ပြီး ဆင်ခြင်တဲ့ ပစ္စဝေက္ခဏာဉာဏ်များ ဖြစ်ပေါ်ကြတယ်။ ဖြစ်ပေါ်ပုံကတော့ ထင်ရှားဖြစ်ပေါ်နေတဲ့ ဥပါဒါနက္ခန္ဓာတွေကို ရှုသိနေရင်းထဲက ထူးခြားတဲ့အသိတွေ ဖြစ်လာပြီး ချုပ်ငြိမ်းရာ ရောက်သွားပုံကိုလည်း ဆင်ခြင်မိတယ်။ အဲဒီလို ရောက်နေခိုက်မှာ ဖြစ်ခဲ့တဲ့ သခ်ါရတွေ ချုပ်ငြိမ်း ကင်းဆိတ်နေပုံကိုလည်း ဆင်ခြင်မိတယ်။ အဲဒီနှစ်မျိုးက မဂ်ဖိုလ်နှင့် နိဗ္ဗာန်ကို ဆင်ခြင်ပုံပဲ။ နောက်ပြီးတော့ ဘဝသစ်ဖြစ်မှုကင်းပုံ စသည်ကိုလည်း ဆင်ခြင်မိတယ်။ အဲဒါကတော့ ပယ်ပြီးကိလေသာကို ဆင်ခြင်ပုံပါပဲ။ အဲဒီဆင်ခြင်ပုံကိုတော့ သုတ်ပေါင်းများစွာမှာ ဒီလို ပြထားပါတယ်။

ဇာတိ၊ ဘဝအသစ် ဖြစ်မှုသည်။ ခီဏာ၊ ကုန်ပေပြီ။ ဗြဟ္မစရိယံ၊ အကျင့်မြတ်ကို။ ဝုသိတံ၊ ကျင့်သုံးအပ်ပြီ။ ဝါ၊ ကျင့်သုံးခြင်းကိစ္စပြီးပေပြီ။ ကရဏီယံ၊ ပြုဖွယ်ကိစ္စဟူသမျှကို။ ကတံ၊ ပြုအပ်ပြီ။ ဝါ ပြုပြင်ခြင်းကိစ္စ ပြီးပေပြီ။ ဏ္ဍတ္ထတ္တာယ၊ ဤကိစ္စအလို့ငှာ။ နာပရံ၊ အခြားပြုဖွယ် မရှိတော့ပြီ။ ဏ္ဍတိ ပဇာနာတိ၊ ဤသို့ဆင်ခြင်၍ သိလေတော့သည် လို့ ပြဆိုထားပါတယ်။

အဲဒါဟာ ပယ်ပြီးကိလေသာကို ဆင်ခြင်ပုံပါပဲ။ ကိုယ့်ဘဝကိုယ့်ကိုယ်မှစပြီး မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို နှစ်သက်

http://www.dhammadownload.com

သာယာတဲ့ ကိလေသာရှိနေရင် ဘဝအသစ်ဖြစ်ဖြစ် နေရမှာပဲ။ အဲဒီလို နှစ်သက်သာယာတဲ့ ကိလေသာ လုံးဝမရှိတော့တာကို သိရတဲ့အတွက် ဘဝသစ်ဖြစ်မှု ကုန်ပြီလို့ သိမြင်ဆင်ခြင်မိတာပဲ။ မြင်တိုင်း၊ ကြားတိုင်း စသည်ဖြင့် ဒွါရ ၆ ပါးက ပေါ်လာသမျှ ရုပ်နာမ်တွေကို မပြတ်ရှုမှတ်ပြီး အနိစ္စ၊ ဒုက္ခစသော အခြင်းအရာဖြင့် သိသိနေရတာ၊ အဲဒီလို သိအောင် ရှုမှတ်နေရတာဟာ အဲဒီနှစ်သက်သာယာမှုအစရှိတဲ့ ကိလေသာတွေကို ပယ်ဖို့ကင်းငြိမ်းစေဖို့ပဲ။ ယခု အဲဒီကိလေသာတွေ မဖြစ်နိုင်တာ၊ မရှိတော့တာကို သိရတဲ့အတွက် အကျင့်မြတ်ကျင့်သုံးခြင်း ကိစ္စ ပြီးပြီစသည်ဖြင့် ဆင်ခြင်ဆုံးဖြတ်တာပဲ။

ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ ရှိသိလာခဲ့ပုံနှင့် ချုပ်ငြိမ်းရာရောက်ပုံကို ဆင်ခြင်တာက လာခဲ့ရာလမ်းဆိုတဲ့ မဂ်ကို ဆင်ခြင်ပုံပဲ။ အဲဒါဟာ ရှေ့ပိုင်းက ပြခဲ့တဲ့ ငါးဖမ်းသမား ဥပမာထဲမှာ မြွေဆိုးကြီးကို လွှတ်လိုက်ပြီးတော့ လွတ်လောက်ရာသို့ ပြေးသွားခဲ့ပြီး ပြန်လှည့်ကြည့်ပုံမျိုးပါပဲ။ ချုပ်ငြိမ်းရာမှာ တစ်ခဏမျှ တည်နေပုံကို ဆင်ခြင်တာက ဖိုလ်ကို ဆင်ခြင်ပုံပဲ၊ ဒါကတော့ ဖိုလ်ဝင်စားပြီး ဖလသမာပတ်က ထတဲ့အခါကျမှ ပိုပြီးထင်ရှားတယ်။ ချုပ်ငြိမ်းရာရောက်နေခိုက်မှာ ရုပ်နာမ်သခ်ါရအားလုံး ချုပ်ငြိမ်း ကင်းဆိတ်နေပုံကို ဆင်ခြင်တာက နိဗ္ဗာန်ကိုဆင်ခြင်ပုံပဲ။ အဲဒီမဂ်ဆင်ခြင်မှု၊ ဖိုလ်ဆင်ခြင်မှု၊ နိဗ္ဗာန်ဆင်ခြင်မှုတို့နှင့်တကွ ပယ်ပြီးကိလေသာဆင်ခြင်မှုဆိုတဲ့ ဒီ ၄ ပါးဟာ ရဟန္တာဖြစ်ပြီးခါစ၌ ဖြစ်မြဲ ပစ္စဝေက္ခဏာတွေပါပဲ။ ရဟန္တာမှာ မပယ်ရသေးတဲ့ ကိလေသာ မရှိတော့တဲ့အတွက် မပယ်ရသေးတဲ့ ကိလေသာ ဆင်ခြင်တာကတော့ ဖြစ်ခွင့်မရှိတော့ဘူး။

အောက်မဂ်ဖိုလ် သုံးဆင့်၏အခြားမဲ့မှာတော့ အပြည့်အစုံဆိုရင် မပယ်ရသေးတဲ့ ကိလေသာ ဆင်ခြင်မှုနှင့်တကွ ပစ္စဝေက္ခဏာ ငါးပါးစီ ဖြစ်နိုင်ပါတယ်။ အဲဒီငါးပါး သုံးလီ တစ်ဆယ့်ငါးပါးနဲ့ ရဟန္တာ၏

http://www.dhammadownload.com

ပစ္စဝေက္ခဏာလေးပါးကို ပေါင်းလိုက်ရင် ပစ္စဝေက္ခဏာ ဆယ့်ကိုးပါး ဖြစ်တယ်။ ရဟန္တာမှာ အဲဒီပစ္စဝေက္ခဏာ ဆယ့်ကိုးပါးလုံး ပြည့်စုံသွားကြောင်းကို အင်္ဂကထာများမှာ (ဧကူနဝီသတိ) တစ်ခု ယုတ် နှစ်ဆယ်သော ပစ္စဝေက္ခဏာဉာဏ်များ ပြည့်စုံတယ်လို့ ဖော်ပြလေ့ရှိပါတယ်။ ဒါကတော့ ဗဟုသုတအဖြစ် မှတ်သားဖို့ ထည့်သွင်းပြောရတာပါပဲ။

ယခုလို အနာဂါမ်က ရဟန္တာဖြစ်အောင် ရှုပုံတွေကို ဟောရတာကလည်း လူဝတ်ကြောင်များအတွက်ဆိုရင်တော့ ယခုနေအခါမှာ ဗဟုသုတဖြစ်ရုံလောက် ရှိမှာပါပဲ။ ဘာကြောင့်လဲဆိုတော့ လူဝတ်ကြောင်အဖြစ်နဲ့ ရဟန္တာဖြစ်ဖို့ဆိုတာ ဘုရားလက်ထက်တော်ကတောင် မလွယ်ပါဘူး။ လူဝတ်ကြောင်ဘဝနဲ့ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံရတယ်ဆိုတာ အလွန်နည်းပါတယ်။ သုဒ္ဓါဒနမင်းကြီး၊ သန္တတိအမတ်ကြီးစသည် အနည်းငယ်သာ ထင်ရှားပါတယ်။ ဒါကြောင့်ပါပဲ၊ ယခု ရဟန္တာဖြစ်ပုံအထိ ဟောရတာကတော့ ဒေသနာ အစဉ်အရအားဖြင့်လည်း ပြည့်စုံအောင်၊ ရဟန္တာ၏ဂုဏ်တွေကို သိပြီး ကြည်ညိုကြရအောင် ဟောရတာပဲ။ ယခု ရဟန္တာ၏ ကြည်ညိုဖွယ်ဂုဏ်များ ထင်ရှားသိရအောင် ရဟန္တာ၏ ခွန်အားများကို ထုတ်ဖော်ပြီး ဟောရဦးမယ်။

ခီဏာသဝဗလသုတ် (အံ၊ တ၊ ၃၉၆)

အခါတစ်ပါးမှာ မြတ်စွာဘုရားရှင်က အရှင်သာရိပုတ္တရာကို ဒီလိုမေးတော်မူပါတယ်။

သာရိပုတ္တ၊ သာရိပုတ္တရာ။ ယေဟိ ဗလေဟိ၊ အကြင်ခွန်အားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍၊ ဝါ ပြည့်စုံသော။ ခီဏာသဝေါ ဘိက္ခု၊ အာသဝေါကုန်ပြီးသော ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါကုန်ပြီဟူ၍။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဋိ ဇာနာတိ၊ ဝန်ခံ၏။ ခီဏာသဝဿ ဘိက္ခုနော၊

http://www.dhammadownload.com

အာသဝေါကုန်ပြီးသော ရဟန္တာရဟန်း၏။ တာနိ ဗလာနိ၊ ထိုခွန်အားတို့သည်။ ကတိ၊ အဘယ်မျှ ရှိကုန်ပါသနည်း လို့ မေးတော်မူပါတယ်။

အဲဒီအမေးကို အရှင်သာရိပုတ္တရာက ဒီလိုဖြေကြား လျှောက်ထားပါတယ်။

ဘန္တေ၊ မြတ်စွာဘုရား။ ယေဟိ ဗလေဟိ၊ အကြင်ခွန်အားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသည်ဖြစ်၍။ ဝါ ပြည့်စုံသော ခီဏာသဝေါ ဘိက္ခု၊ အာသဝေါကုန်ပြီးသော ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝါ၊ ငါ့မှာ အာသဝေါကုန်ပြီဟူ၍။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ ခီဏာသဝဿ ဘိက္ခုနော၊ အာသဝေါကုန်ပြီးသော ရဟန္တာရဟန်း၏။ တာနိ ဗလာနိ၊ ထိုခွန်အားတို့သည်။ ဒသ၊ ဆယ်ပါးတို့ ရှိကြပါသည်လို့ အကျဉ်းချုပ် လျှောက်ထားပြီးတော့။ ကတမေ ဒသ၊ အဘယ်ဆယ်ပါးတို့လဲဆိုလျှင် စသည်ဖြင့် အသေးစိတ်အကျယ်ကို ဒီလိုလျှောက်ကြားသွားပါတယ်။

(၁) ရဟန္တာ၏ ပထမခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ဣဓ၊ ဤသာသနာတော်၌။ ခီဏာသဝဿ ဘိက္ခုနော၊ အာသဝေါကုန်ပြီးသော ရဟန္တာရဟန်းအား။ ဝါ ရဟန္တာရဟန်းသည်။ သဗ္ဗေ သခ်ါရာ၊ အလုံးစုံသော သခ်ါရတရားတို့ကို။ အနိစ္စတော၊ မမြဲဟု။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မှန်စွာသိသော ဝိပဿနာပညာ အရဟတ္တမဂ်ပညာဖြင့်။ သုဒိဋ္ဌာ၊ ကောင်းစွာမြင်အပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကြပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဒမ်ပိ၊ အလုံးစုံသော သခ်ါရတရားတို့ကို မမြဲဟု ဤမှန်စွာမြင်ခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ ဗလံ ဟောတိ၊ ခွန်အားတစ်ပါး ဖြစ်ပါပေသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကို ရောက်၍။ ဝါ၊ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊

http://www.dhammadownload.com

ရဟန္တာ ရဟန်းသည်။ ခီဏာမေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟူ၍။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဇ္ဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရားတဲ့။

ယခုခေတ်အသုံးနဲ့ဆိုရင် စကားထပ်နေတယ်လို့ ထင်စရာရှိတဲ့ ပုဒ်တချို့ကို ချန်ထားတယ်။ အတိုချုပ် ဆိုလိုတာကတော့ ရဟန္တာ ပုဂ္ဂိုလ်မှာ ရုပ်နာမ်သခ်ါရအားလုံးကို မမြဲတာတွေချည်းပဲလို့ အမှန်အတိုင်း သိမြင်နေပါတယ်။ အဲဒီလို သိမြင်နေရတာဟာ ရဟန္တာ၏ခွန်အားတစ်ခုပါပဲ။ အဲဒီခွန်အားကို စွဲမှီပြီးတော့ အာသဝေါကုန်ကြောင်း ဝန်ခံပြောဆိုနိုင်ပါတယ် တဲ့။

အဲဒီမှာ အလုံးစုံသော ရုပ်နာမ်သခ်ါရတရားတွေ မမြဲဘူးလို့ သိမြင်တာကို ရဟန္တာ၏ခွန်အားလို့ဆိုတော့ ရဟန္တာမဖြစ်သေးတဲ့ အခြားအရိယာတွေမှာ ဒီလို အသိအမြင် မပြည့်စုံသေးဘူးဆိုတာ ထင်ရှားနေပါတယ်။ အဲဒီအချက်ကို စိစစ်ပြောပြဖို့ လိုပါတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်လည်း ဝိပဿနာရှုနေရင် ဘင်္ဂဉာဏ်စသည် ထက်သန်တဲ့ ဝိပဿနာဉာဏ် ဖြစ်နေတဲ့အခါမှာ သခ်ါရတရားဟူသမျှကို အနိစ္စ၊ မမြဲဘူးလို့ သိမြင်နေပါတယ်။ ဒါပေမဲ့ ထက်သန်တဲ့ ဝိပဿနာဉာဏ် ဖြစ်နေခိုက်မှာသာ ကောင်းကောင်းသိမြင်နိုင်တယ်။ ဝိပဿနာဉာဏ် မထက်သန်တဲ့အခါ၊ မရှုနိုင်တဲ့အခါတွေမှာတော့ အဲဒီလို မသိနိုင်ဘူး။ ဒါကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်၏ အသိအမြင်ကတော့ ရဟန္တာ၏အသိအမြင်နဲ့ အများကြီး ကွာခြားနေပါတယ်။

သောတာပန်ပုဂ္ဂိုလ်မှာ မြဲတယ်လို့ ထင်တဲ့ သညာဝိပလ္လာသ၊ စိတ္တဝိပလ္လာ၊ ဒိဋ္ဌိဝိပလ္လာသ ဒီသုံးပါးလုံး အကုန်ကင်းနေတယ်လို့ ဝိသုဒ္ဓိမဂ်မှာ ပြဆိုထားပါတယ်။ အဲဒီအဆိုအရအားဖြင့် 'သောတာပန်မှာလည်း မြဲတယ်လို့ ထင်မှား၊ သိမှားတဲ့ ဝိပလ္လာသ မရှိဘူး' ဆိုတော့ သခ်ါရအားလုံးကို မမြဲဘူးလို့ သိမြင်နေတယ်လို့ ဆိုရမှာပဲ။ ဒီလိုဆိုတော့

http://www.dhammadownload.com

သောတာပန်မှာလည်း မမြဘူးလို့ သိမြင်တဲ့ခွန်အား ပြည့်စုံနေရာ ရောက်ပါတယ်။ ဒါပေမဲ့ သောတာပန်မှာ မာနလည်းရှိနေတယ်၊ **မာန** ဆိုတာ မြဲတဲ့အနေနဲ့ အထင်အစွဲရှိမှ ဖြစ်တာပဲ။ ခဏမစဲ ပျက်နေတာ ချည်းပဲ။ မမြဲတာချည်းပဲလို့သာ သိမြင်နေရင် မာနဖြစ်ဖွယ် မရှိပေဘူး။ ဒါကြောင့် အသို့မာနကို ပယ်ရန်အတွက် အနိစ္စသညာကို ပွားစေရမယ် ဆိုတာကို မြတ်စွာဘုရားက အရှင်မေဃိယအား ဒီလိုဟောထားတာ ရှိပါတယ်။

အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂါတာယ၊
အနိစ္စ သညိနော မေဃိယ အနတ္တသညာ သဏ္ဌာဟိ၊
အနတ္တသညီ အသ္မိမာနသမုဂါတံ ပါပုဏာတိ၊
ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။

အသ္မိမာနသမုဂါတာယ၊ ငါဖြစ်သည် ငါတတ်သည်စသည်ဖြင့် ထောင်လွှားသော အသ္မိမာနကို ပယ်နုတ်ရန်အတွက်။ အနိစ္စသညာ၊ မမြဲဟု မှတ်သားမှုသညာကို။ ဝါ၊ မမြဲဟုသိသောပညာကို။ ဘာဝေတဗ္ဗာ၊ ပွားစေအပ်၏။ မေဃိယ၊ မေဃိယရဟန်း။ အနိစ္စသညိနော၊ မမြဲဟု အမှတ်သညာရှိသောသူအား။ အနတ္တသညာ၊ အနတ္တဟု မှတ်သားမှု သညာသည်။ ဝါ၊ အနတ္တဟု သိသော ပညာသည်။ **သဏ္ဌာတိ**၊ ကောင်းစွာ တည်၏။ ဝါ၊ သူ့အလိုလိုပင် **ဖြစ်လေတော့၏**။ **အနတ္တသညီ**၊ **အနတ္တဟု အမှတ်ရှိသောသူသည်။ အသ္မိမာနသမုဂါတံ**၊ **အသ္မိမာန ပယ်နုတ်ခြင်း ကင်းခြင်းသို့။ ပါပုဏာတိ**၊ **ရောက်၏**။ **ဒိဋ္ဌေဝ ဓမ္မေ**၊ **မျက်မှောက်အတ္တဘော၊ မျက်မှောက်ဘဝ၌ပင်လျှင်**။ **နိဗ္ဗာနံ**၊ ဆင်းရဲငြိမ်း သည့် **နိဗ္ဗာန်သို့လည်း ရောက်၏ တဲ့**။

အဲဒါဟာ မာနကင်းအောင် အနိစ္စသညာပွားစေဖို့ ဟောတော်မူ တာပါပဲ။ မာနဟာ မြဲတည်နေတယ်လို့ ထင်ပြီး ဖြစ်တတ်တာပဲ။ ယခုပဲ သေရတော့မယ်ဆိုရင် မာနဟာ ကျသွားတတ်တာပဲ၊ 'ခဏမစဲ

http://www.dhammadownload.com

ပျက်နေတာချည်းပဲ၊ ဘယ်ဟာမှ မမြဲဘူး'လို့ အမှန်အတိုင်း သိမြင်နေရင် မာနဟာ ဖြစ်နိုင်ဖွယ် မရှိပါဘူး။ အတ္တကောင်အနေဖြင့် စွဲလမ်းတာက လည်း တစ်ဘဝလုံး အသက်ရှင်ပြီး တည်နေတယ်ထင်ပြီး စွဲလမ်းတာပဲ။ ခဏမစဲ ပျက်နေတာချည်းပဲ၊ မမြဲတာချည်းပဲလို့ တကယ်သိမြင်ရင် အဲဒီအတ္တစွဲလည်း မဖြစ်နိုင်တော့ဘူး။ ဒါကြောင့် ('အနိစ္စသညိနော အနတ္တသညာ သဏ္ဌာတိ) မမြဲဘူးလို့ မှတ်သိနေသူမှာ အတ္တမဟုတ် သဘောတရားမျှပဲလို့ အသိဉာဏ်ပညာ အလိုလိုဖြစ်ပြီး တည်တယ်'လို့ ဟောတော်မူတာပါပဲ။ ဒီနေရာမှာ အဋ္ဌကထာက

အနိစ္စလက္ခဏော၊ မမြဲဟု မှတ်သိရကြောင်း အနိစ္စလက္ခဏာကို။ ဒိဋ္ဌေ၊ မြင်အပ်ပြီးလတ်သော်။ အနတ္တလက္ခဏံ၊ အနတ္တဟု မှတ်သိရကြောင်း အနတ္တလက္ခဏာသည်။ ဒိဋ္ဌမေဝ ဟောတိ၊ မြင်အပ်ပြီးသာ ဖြစ်လေတော့၏။ ဟိ၊ မှန်ပေ၏။ ဧတေသု တီသု လက္ခဏေသု၊ ဤသုံးပါးသော အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာတို့တွင်။ ဧကသ္မိံ ဒိဋ္ဌေ၊ တစ်ပါးကိုမြင်လျှင်။ ဣတရဒွယံ၊ အခြားလက္ခဏာ ၂ ပါးသည်။ ဒိဋ္ဌမေဝ ဟောတိ၊ မြင်အပ်ပြီးသာ ဖြစ်လေတော့သည်လို့ ဖွင့်ပြထားပါတယ်။

ယခုထုတ်ပြခဲ့တဲ့ ပါဠိ၊ အဋ္ဌကထာတို့ အရအားဖြင့်လည်း အနိစ္စ၊ မမြဲဘူးလို့ ကောင်းကောင်း အပြည့်အစုံ သိမြင်နေရင် မာနလည်း ဖြစ်ဖွယ်မရှိဘူး။ သောတာပန်မှာတော့ **မာနကလည်း မကင်းသေးဘူး၊ သောတာပန်မှာသာ မဟုတ်သေးဘူး၊ အနာဂါမ်မှာတောင် ဒီအသွိမာန** ဆိုတာက ရှိနေသေးတာပဲ။ ဒါကြောင့် **သောတာပန်မှာ မြဲတယ်လို့** အမှတ်မှား၊ အသိမှား၊ အမြင်မှားတဲ့ ဝိပလ္လာသတရားတွေ **အကုန်ကင်း** တယ်ဆိုတာ ဘယ်လိုကင်းတာလဲလို့ စဉ်းစားစရာ ရှိပါတယ်။ သောတာပန်မှာ ဒိဋ္ဌိကိုပယ်ပြီးဖြစ်တဲ့အတွက် ဒိဋ္ဌိဝိပလ္လာသ ကင်းတာကိုတော့ ယုံမှားဖွယ် မရှိပါဘူး။ သညာဝိပလ္လာသနှင့် စိတ္တဝိပလ္လာသ ကင်းပုံက

http://www.dhammadownload.com

တော့ တမင်စဉ်းစားဆင်ခြင်မိတဲ့အခါဖြစ်စေ၊ ရှုမှတ်နေတဲ့အခါဖြစ်စေ ပုထုဇဉ်အဖြစ်တုန်းကလို မြဲတဲ့အနေဖြင့် စွဲလမ်းမှုမရှိတာကို ဆိုလိုတယ်လို့ ယူသင့်ပါတယ်။ မြင်တိုင်း၊ ကြားတိုင်း အခါခပ်သိမ်း မမြဲတဲ့သဘော ထင်နေတယ်၊ မမြဲတာကို သိနေတယ်လို့တော့ မယူသင့်ပေဘူး။ အဲဒီလိုသာ သိမြင်နေရင်တော့ မာနလည်း ဖြစ်ဖွယ်မရှိတော့ဘူး။ ကာမအာရုံတွေလည်း နှစ်သက်သာယာဖွယ် မရှိတော့ဘူး။ ဘဝနှင့်စပ်ပြီးတော့လည်း နှစ်သက်သာယာမှု ဖြစ်ဖွယ်မရှိတော့ဘူး။

ယခု ရဟန္တာမှာ အနိစ္စတော သုဒိဋ္ဌာ၊ မမြဲဘူးလို့ ကောင်းစွာမြင်တယ်ဆိုတာကတော့ ဘယ်အချိန်မဆို မြဲတဲ့အရိပ်အယောင် မထင်ဘဲ မမြဲတဲ့အနေဖြင့်သာ ထင်ရှားသိမြင်နေတဲ့သဘောပါပဲ။ အဲဒါကလည်း အရဟတ္တမဂ်ရောက်အောင် အားထုတ်စဉ်ကတည်းက ဝိပဿနာဖြင့် ကောင်းစွာမြင်လာခဲ့ပြီးတော့ အရဟတ္တမဂ်ဉာဏ်ဖြင့် အပြီးအပြတ် အပြည့်အစုံ သိမြင်လာခဲ့တာပဲ။ ဒါကြောင့် သမ္မပ္ပညာယ ပုဒ်ကို အဋ္ဌကထာတို့၌ 'သဟဝိပဿနာယ မဂ္ဂပညာယ၊ ဝိပဿနာနှင့်တကွသော အရိယမဂ်ပညာဖြင့် ကောင်းစွာမြင်သည်'လို့ ဖွင့်ပြထားပါတယ်။ အဲဒီစကားဖြင့် မဂ်ပညာဟာ ဝိပဿနာမပါဘဲ မဖြစ်နိုင်ဘူး။ ဝိပဿနာနှင့်တကွသာ ဖြစ်တယ်ဆိုတာကို သိစေပါတယ်။ အဲဒီဝိပဿနာနှင့်တကွ အရဟတ္တမဂ် ဉာဏ်အမြင်၏အစွမ်းကြောင့် ရဟန္တာမှာ ဘယ်အချိန်အခါမျှ မြဲတဲ့အရိပ်အယောင် မထင်တော့ဘူး။ ရုပ်နာမ်သစ္စာရဟူသမျှကို မမြဲတဲ့အနေဖြင့်သာ သိမြင်နေပါတယ်။ ဒါကြောင့် မြင်တဲ့အနေဖြင့် ထင်ပြီးဖြစ်တဲ့ အသွီမာနဟာလည်း လုံးဝကင်းနေတယ်။ ရူပဘဝ၊ အရူပဘဝနှင့်စပ်ပြီးတော့ဖြစ်တဲ့ ဘဝရာဂလည်း လုံးဝကင်းနေတယ်။

အနိစ္စတော သုဒိဋ္ဌာ၊ မမြဲဟု ကောင်းစွာမြင်တယ်ဆိုရာမှာ ဒုက္ခ၊ ဆင်းရဲချည်းပဲလို့ သိမြင်ပုံလည်း အတွင်းဝင်ပြီး ပါသွားပါတယ်။

http://www.dhammadownload.com

အနတ္တ၊ အတ္တကောင်မဟုတ်ဘူး၊ သဘောတရားမျှချည်းပဲလို့ သိမြင်ပုံလည်း အတွင်းဝင်ပြီး ပါသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ခဏမစဲ ပျက်ပျက်သွားလို့ မမြဲတာချည်းပဲလို့ သိမြင်ရင် အဲဒီမမြဲတာတွေကို ချမ်းသာတယ်၊ ကောင်းတယ်လို့ မထင်တော့ပါဘူး။ တစ်ဘဝလုံး အသက်ရှင်နေတဲ့ အတ္တကောင်လို့လည်း မထင်တော့ပါဘူး။ ဒါကြောင့် မမြဲဘူးလို့ သိမြင်တာထဲမှာ အတွင်းဝင်သွားကြတာပါပဲ။ အဲဒီလို အတွင်းဝင်တဲ့အတွက် ရဟန္တာမှာ သခ်ါရတရားဟူသမျှကို ဒုက္ခဆင်းရဲချည်းပဲလို့လည်း ကောင်းစွာသိမြင်တယ်။ အနတ္တလို့လည်း ကောင်းစွာ သိမြင်တယ်။ အဲဒီလို သိမြင်နေသောကြောင့် မြဲတဲ့အနေ၊ ချမ်းသာတဲ့အနေ၊ အတ္တကောင်အနေဖြင့် အလွဲအမှားကို သိတဲ့ အဝိဇ္ဇာသဝဆိုတာလည်း ဖြစ်ခွင့်မရှိတော့ဘူး၊ ဒါကြောင့် ဒီအနိစ္စ သိမြင်တဲ့ ခွန်အားကို စွဲမှီပြီးတော့ ငါ့မှာ အာသဝေါတရားတွေ ကုန်ပြီလို့ ရဲရဲရင့်ရင့် ဝန်ခံပြောကြားနိုင်တာပါပဲ။

ကာမာသဝကင်းတာကတော့ အနာဂါမ်အဖြစ်ကတည်းက ထင်ရှားလာခဲ့ပါတယ်။ ယခု ဆက်ပြီးဟောရမည့် ဒုတိယခွန်အား၏ အစွမ်းဖြင့် ပိုပြီးထင်ရှားပါတယ်။ ဒိဋ္ဌာသဝကတော့ သောတာပန်ကတည်းက ကင်းလာခဲ့လို့ အထူးပြောစရာ မလိုပါဘူး။ ရဟန္တာမှာတော့ ဒိဋ္ဌမာနလို့ခေါ်တဲ့ အသိမာနတောင် ဖြစ်ခွင့်မရှိအောင် အနတ္တအသိအမြင်က စင်ကြယ်နေပါတယ်။ ဒါကြောင့် ရဟန္တာပုဂ္ဂိုလ်မှာ မြင်မှု၊ ကြားမှုစသော သခ်ါရအားလုံးဟာ အနိစ္စ၊ မမြဲတာချည်းပဲလို့ ကောင်းစွာမြင်ပြီးတော့ ဒုက္ခ၊ ဆင်းရဲချည်းပဲ၊ အနတ္တ၊ အတ္တကောင်မဟုတ်တဲ့ သဘောတရားမျှချည်းပဲလို့ ကောင်းကောင်းသိမြင်တဲ့ ဉာဏ်ပညာအထူးကို အာသဝေါကုန်ပြီလို့ ဝန်ခံနိုင်ခြင်း၏အကြောင်းဖြစ်တဲ့ ရဟန္တာခွန်အားတစ်ပါး ဖြစ်ပါတယ်လို့ အရှင်သာရိပုတ္တရာမထေရ်က မြတ်ဘုရားအား လျှောက်ထားတာပါပဲ။

http://www.dhammadownload.com

(၂) ရဟန္တာ၏ ဒုတိယခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ **အပရံ၊** တစ်ပါး သော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ **အာသဝေါကုန်ပြီးသော** ရဟန္တာရဟန်းအား။ ဝါ၊ ရဟန္တာရဟန်းသည်။ **ကာမာ၊ နှစ်သက်လိုချင်** စရာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့နှင့် **အသုံးအဆောင်ဟူသော** ကာမဂုဏ်တို့ကို။ အင်္ဂါရကာသူပမာ၊ **မီးကျီးတွင်း မီးကျီးစုလိုပင်** ကြောက်ဖွယ်ကောင်းကြသည်ဟု။ ယထာဘူတံ၊ **ဟုတ်တိုင်းမှန်စွာ**။ သမ္မပ္ပညာယ၊ မှန်စွာသိသော ဝိပဿနာ အရဟတ္တမဂ်**ပညာဖြင့်**။ သုဒိဋ္ဌာ၊ ကောင်းစွာမြင်အပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်**ကြပါကုန်**သည်။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဒမ်ပိ၊ ကာမဂုဏ်တို့ကို **မီးကျီးတွင်း မီးကျီးစုပမာ** ကြောက်စရာကောင်းသည်ဟု ဤမှန်စွာ မြင်ခြင်းသည်လည်း။ ခီဏာ သဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ ဗလံ ဟောတိ၊ ခွန်အားတစ်ပါး ဖြစ်ပါပေသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကို ရောက်၍၊ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟူ၍။ အာသဝါနံ ခယံ၊ အာသဝေါ တရားတို့၏ ကုန်ခြင်းကို။ ပဇ္ဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

ဒီစာပိဒ်အရ ဆိုလိုရင်းအတိုချုပ်ကတော့ ရဟန္တာပုဂ္ဂိုလ်မှာ ကာမဂုဏ်အာရုံတွေကို မီးကျီးတွင်း **မီးကျီးစုလိုပင်** ကြောက်စရာ ကောင်းကြောင်း သိမြင်နေပါတယ်။ **အဲဒီလို သိမြင်နေ**တာဟာ ရဟန္တာ ၏ ခွန်အားတစ်ခုပါပဲ။ အဲဒီခွန်အား**ကို စွဲမှီပြီးတော့** အာသဝေါကုန် ကြောင်း ဝန်ခံပြောဆိုနိုင်ပါတယ် တဲ့။

ကာမဂုဏ်အာရုံတွေဆိုတာ လိုချင်**နှစ်သက်စ**ရာဖြစ်တဲ့ သက်ရှိ သက်မဲ့ အာရုံဝတ္ထုတွေပါပဲ။ တည်ရာမိန်း**မ**၊ ယောကျ်ားစသော ဝတ္ထု နှင့်တကွ အဆင်းအာရုံတွေ၊ ထို့အတူ အသံအာရုံတွေ၊ အနံ့အာရုံတွေ၊

http://www.dhammadownload.com

အတွေ့အထိအာရုံတွေ၊ ချက်ပြုတ်ပြုပြင်ပေးသူများနှင့်တကွ အရသာအာရုံတွေ ဒါတွေဟာ လိုချင်နှစ်သက်စရာ ကာမဂုဏ်အာရုံငါးပါးပဲ။ နောက်ပြီးတော့ အဝတ်အဆင်၊ တန်ဆာ၊ အိပ်ရာ၊ နေရာ၊ အိမ်အဆောက်အအုံ၊ နွား၊ ကျွဲ၊ မြင်း၊ ဆင်၊ **ယာဉ်ရထား**၊ ရွှေ ငွေအစရှိတဲ့ အသုံးအဆောင်တွေလည်း ကာမဂုဏ်**အာရုံတွေပါပဲ**။ အဲဒီကာမဂုဏ်တွေကို မီးကျီးတွင်း မီးကျီးစုလိုပင် **ကြောက်စရာ**ကောင်းတယ်လို့ ရဟန္တာပုဂ္ဂိုလ်က ကောင်းကောင်း**သိမြင်နေပါတယ်တဲ့**။

ကြောက်စရာကောင်းပုံကတော့ **လေးငါး**တောင်လောက် နက်တဲ့တွင်းကြီးထဲမှာ ရဲရဲတောက်နေတဲ့ **မီးကျီးများ**ဖြင့် ပြည့်နေတယ်ဆိုပါတော့။ သို့မဟုတ် မီးကျီးအစုအပုံ**ကြီး** ရှိနေတယ်ဆိုပါတော့၊ အားကြီးတဲ့လူ ၂ ယောက်က မိမိ၏**လက်မောင်း** ၂ ဖက်ကို ဆွဲကိုင်ပြီးတော့ အဲဒီလို မီးကျီးတွင်း မီးကျီးစုထဲပစ်ချမယ်ဆိုရင် မကြောက်ပေဘူးလား။ ကြောက်ပြီးတော့ လွတ်မြောက်**အောင်** အတင်းမရုန်းကန်ရပေဘူးလား။ အဲဒီ မီးကျီးတွင်း မီးကျီးစုဟာ **ကြောက်စရာ**ကောင်းသလိုပင် ကာမဂုဏ်တွေကို ကြောက်စရာအနေဖြင့် **ရဟန္တာပုဂ္ဂိုလ်**က ကောင်းစွာ သိမြင်နေပါတယ်တဲ့။

ဘာကြောင့် ကြောက်စရာကောင်း**သလဲဆိုတော့** ဒီကာမဂုဏ်တွေက ပူလောင်စေတတ်တဲ့ ကိလေသာတွေကို **ဖြစ်ပွား**စေတတ်တယ်။ လိုချင်မက်မောပြီးတော့လည်း ပူပန်**စေတတ်တယ်**။ **စိုးရိမ်**ကြောင့်ကြပြီးတော့လည်း ပူပန်စေတတ်တယ်။ **မနာလိုဝန်တိုပြီး**တော့လည်း ပူပန်စေတတ်တယ်။ **ပင်ပန်းဆင်းရဲ**ပြီးတော့လည်း ပူပန်**စေ**တတ်တယ်။ **အပါယ်ဘုံသို့ ကျရောက်**ပြီးတော့လည်း ပူပန်စေတတ်တယ်။ သံသရာထဲမှ **မထွက်ခွာနိုင်**အောင် ဆွဲဆောင်ပြီးတော့လည်း ပူပန်စေတတ်တယ်။

အဖိုအမ သတ္တဝါတွေဟာ အမ၊ အဖိုတွေကို လိုချင်မက်မောပြီး **အကြီးအကျယ်** ပူပန်ကြရတယ်။ မနီးမစပ်သေးရင် နီးစပ်ဖို့ ကြိုးစား

http://www.dhammadownload.com

ကြဲစည်ကြရတယ်။ မပိုင်မဆိုင်ရသေးရင် ပိုင်ဆိုင်ဖို့ ကြံစည်ကြရတယ်။ ပိုင်ဆိုင်ပြန်တော့လည်း တကွဲတပြားဖြစ်စရာ အကြောင်းရှိရင် စိုးရိမ်ပူပန်ကြရတယ်။ သူတစ်ပါးနဲ့ နီးစပ်မှာ ရင်းနှီးခင်မင်သွားမှာကို စိုးရိမ်ကြရတယ်။ ကိုယ့်ထက် သူတစ်ပါးက သာလွန်မှာကို မနာလိုပြီး ပူပန်ကြရတယ်။ ကိုယ်နဲ့ဆိုင်ရာတွင် သူတစ်ပါးနဲ့ စပ်ဆိုင်သွားမှာ ဝန်တိုပြီး ပူပန်ကြရတယ်။ ပစ္စည်းဥစ္စာတွေဆိုရင်လည်း မရသေးတာကို ရအောင် အားထုတ်ပြီး ပင်ပန်းဆင်းရဲကြရတယ်။ ရပြီးတွေအတွက် စောင့်ရှောက်ရသဖြင့်လည်း ဆင်းရဲကြတယ်။ အလိုရှိတာတွေကို ရအောင် မကောင်းမှုတွေကို ပြုမိရင် အပါယ်ဘုံသို့ ကျရောက်ပြီး ဆင်းရဲပူပန်ကြရတယ်။ ကာမဂုဏ်တွေကို သုံးဆောင်ခံစားနေရတာ သည်ပင် နှစ်သက်တပ်စွဲတဲ့ ရာဂဖြင့် ပူပန်နေရတာပဲ။ သာမန်ပုဂ္ဂိုလ်တို့၏ အနေဖြင့် အဲဒီလို သုံးဆောင်ခံစားနေရတာကို အကောင်းဆုံးလို့ ထင်ရပေမဲ့ ရဟန္တာတို့၏ အမြင်ဖြင့် အဲဒီလို နှစ်သက်တပ်စွဲပြီး ကောင်းနိုးနိုး ခံစားနေရတာကိုပင် အကျိုးမဲ့ ဆင်းရဲပင်ပန်းနေရတာလို့ ထင်မြင်နေပါတယ်။

ဥပမာအားဖြင့် နွား ကျွဲစသော သားကောင်တိရစ္ဆာန်တွေမှာ မြက်စားရတာကို နှစ်သက်ဖွယ် ဖြစ်နေပေမဲ့ လူတွေ၏အမြင်နဲ့ဆိုရင်တော့ ဘာမှနှစ်သက်ဖွယ်မရှိဘူး။ ခွေး၊ ဝက်၊ ကြက်၊ ငှက်၊ ပိုးကောင်တွေမှာ အညစ်အကြေးတွေ စားရတာကို နှစ်သက်ဖွယ်ဖြစ်နေပေမဲ့ လူတွေ၏အမြင်နဲ့ဆိုရင်တော့ ရွံစရာဖြစ်နေတယ်။ ကလေးသူငယ်များမှာ ကစားစရာအရုပ်ကလေးစသည်ဖြင့် ကစားနေရတာ ပျော်စရာကောင်းပေမဲ့ လူကြီးတွေအမြင်နဲ့ဆိုရင်တော့ ဘာမှပျော်စရာမကောင်းဘူး။ ဆေးလိပ်ကြိုက်တတ်တဲ့သူတွေမှာ ဆေးလိပ်သောက်နေရတာ အရသာရှိတယ် ထင်နေပေမဲ့ ဆေးလိပ်မသောက်တတ်တဲ့သူတွေရဲ့ အမြင်နဲ့ဆိုရင်တော့ အလဟဿ ပင်ပန်းနေတယ်လို့သာ ထင်ရတယ်။ သေရည်

http://www.dhammadownload.com

အရက် ဘိန်းကြိုက်တဲ့သူတွေမှာ သေရည်အရက် ဘိန်းကို သုံးဆောင်နေရတာ ကောင်းတယ်ထင်ပေမဲ့ မကြိုက်တတ်တဲ့သူတွေရဲ့ အမြင်နဲ့ဆိုရင်တော့ သက်သက်ဆင်းရဲနေတယ်လို့သာ မြင်ရတယ်။ ပွဲကြိုက်တဲ့သူတွေမှာ ပွဲကြည့်ရတာ အရသာရှိတယ်၊ ပျော်စရာကောင်းတယ်ထင်ရပေမဲ့ ပွဲမကြိုက်တဲ့သူတွေရဲ့ အမြင်နဲ့ဆိုရင်တော့ ငွေကုန်လူပန်းအိပ်ရေးပျက် ဒုက္ခရောက်နေတယ်လို့သာ ထင်ရတယ်။ အဲဒီလိုပါပဲ၊ ရဟန္တာတို့၏အမြင်နဲ့ဆိုရင်တော့ ကာမဂုဏ်တွေကို မက်မက်မောမော သုံးဆောင်နေကြတာကို အကျိုးမဲ့ဆင်းရဲ ပင်ပန်းနေကြတယ်လို့သာ မြင်ကြပါတယ်။

ဒါကြောင့် ကာမာ၊ ကာမဂုဏ်တို့ကို။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာ ရဟန်းသည်။ အဂါရကာသူပမာ၊ မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်ဖွယ်ကောင်းသည်ဟု။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ မှန်စွာ သိသော ဝိပဿနာပညာ အရဟတ္တမဂ်ပညာဖြင့်။ သုဒိဋ္ဌာ၊ ကောင်းစွာမြင်အပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကြပါသည်လို့ ပြဆိုထားပေတာပဲ။ အဲဒါဟာလည်း ရဟန္တာဖြစ်ပြီးမှ သိတာမဟုတ်ပါဘူး၊ အရဟတ္တမဂ်ရအောင် ဝိပဿနာ ရှုနေစဉ်ကတည်းက သိမြင်လာခဲ့ပြီးတော့ အရဟတ္တမဂ်ဖြင့် အပြည့်အစုံ သိမြင်ခဲ့ပါတယ်။

နောက်ပြီးတော့ ကာမဂုဏ်တွေမှာ တပ်စွဲမှုအားကြီးနေတဲ့ သတ္တဝါတွေဟာ သံသရာထဲမှာတောင် ကာမဂုဏ်မရှိတဲ့ ရူပဘဝ အရူပဘဝမျိုးကို အလိုမရှိဘူး၊ အရူပဘဝဆိုတာ ရုပ်ကိုယ်ကြီး မရှိဘူး၊ စိတ်စေတသိက် နာမ်သက်သက်သာ ရှိတယ်။ မျက်စိမရှိလို့ အမြင်အာရုံ မခံစားနိုင်ဘူး။ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတာတွေလည်း မရှိလို့ အကြားအာရုံ၊ အနံ့အာရုံ၊ အရသာအာရုံ၊ အတွေ့အထိ အာရုံတွေလည်း မခံစားနိုင်ဘူး။ စိတ်ကူးအာရုံမျှကိုသာ ခံစားနိုင်တယ်။ အဲဒီ အရူပဘုံမှာ ကာမဂုဏ်အာရုံတွေကို မခံစားနိုင်တဲ့အတွက် ကာမဂုဏ် ကြိုက်တဲ့သူတွေက အလိုမရှိဘူး။

http://www.dhammadownload.com

ရူပဘဝဆိုတဲ့ ရူပါဝစရ ဗြဟ္မာဘုံမှာတော့ မျက်စိရှိလို့ မြင်နိုင်ပါရဲ့၊ နားရှိလို့ ကြားနိုင်ပါရဲ့၊ ဒါပေမဲ့ နာခေါင်းပုံသဏ္ဌာန်သာရှိပြီး ပသာဒ နာခေါင်းရုပ်မရှိလို့ အနံ့အာရုံကို မခံစားနိုင်ဘူး။ လျှာပုံသဏ္ဌာန်ရှိလို့ စကားပြောနိုင်ပေမဲ့ ပသာဒလျှာရုပ်မရှိလို့ အရသာအာရုံကို မခံစားနိုင်ဘူး။ လက်၊ ခြေ၊ ခေါင်း၊ မျက်နှာ ကိုယ်ပုံသဏ္ဌာန်ကြီးရှိပေမဲ့ ပသာဒကိုယ်ရုပ်မရှိလို့ အတွေ့အထိအာရုံကို မခံစားနိုင်ဘူး။ အဖို အမ အင်္ဂါလည်း မရှိဘူး၊ အဖို အမ စိတ်လည်း မရှိဘူး၊ ဒါကြောင့် ကာမဂုဏ်အာရုံတွေကို မခံစားနိုင်ဘူး၊ ခံစားချင်တဲ့စိတ်လည်း မရှိဘူး။ အလွန်အေးချမ်းမှာပါပဲ။ ဒါပေမဲ့ ကာမဂုဏ်ကြိုက်တဲ့သူတွေက အဲဒီလို ရူပါဝစရ ဗြဟ္မာဘဝကိုလည်း အလိုမရှိကြဘူး။

အဲဒီလို ရူပဘဝ၊ အရူပဘဝတွေကို အလိုမရှိကြတဲ့အဟွက် အဲဒီလိုဘဝများသို့ ရောက်စေနိုင်တဲ့ စွာန်ကုသိုလ်ကို အားမထုတ်လိုကြဘူး။ ဒါကြောင့် ကာမဂုဏ်၌ တပ်မက်မှု အားကြီးတဲ့သူတွေဟာ ကမ္ဘာနှင့်ချီပြီး အသက်ရှည်စွာနေရတဲ့ အဲဒီ ရူပ၊ အရူပဘုံတွေတောင် မရောက်နိုင်ဘဲ အသက်တိုတဲ့ ကာမဘုံမှာသာ ဖြစ်လိုက်၊ အိုလိုက်၊ သေလိုက်နဲ့ ဆင်းရဲဒုက္ခတွေကို များစွာခံစားနေကြရတယ်။ ကာမဂုဏ်ကိုသာ အလိုရှိနေကြတဲ့ သတ္တဝါတွေဟာ ရုပ်နာမ် လုံးဝမရှိတဲ့ နိဗ္ဗာန်ကိုတော့ သာပြီးအလိုမရှိကြတော့တာပဲ။ အဲဒီလို နိဗ္ဗာန်ကို အလိုမရှိတာဟာ အာကြောင့်လဲ၊ ကာမဂုဏ်အာရုံတွေကို ကြိုက်နှစ်သက်မှု အားကြီးနေလို့ပဲ။ နိဗ္ဗာန်ကို အလိုမရှိတော့ နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာတရားကို အားမထုတ်နိုင်ကြဘူး။ အဲဒီလို အားမထုတ်နိုင်တော့ သံသရာမှ မလွတ်မြောက်နိုင်ကြဘူး။ အဲဒီလို သံသရာမှ မလွတ်မြောက်နိုင်အောင် ဆွဲဆောင်ထားတတ်သောကြောင့်လည်း ကာမဂုဏ်တွေဟာ မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်စရာကောင်းပါတယ်တဲ့။

ရဟန္တာပုဂ္ဂိုလ်မှာ 'ယခုပြောခဲ့တဲ့အတိုင်း ပူလောင်စေတတ်တဲ့

http://www.dhammadownload.com

ကိလေသာတွေကို ဖြစ်စေပြီးတော့ ပူပန်ဆင်းရဲစေတတ်တဲ့ ကာမဂုဏ်တွေကို မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်စရာကောင်းတယ်ဆိုတာကို ကောင်းကောင်းသိမြင်နေတဲ့အတွက် ကာမဂုဏ်တွေကို လိုလားနှစ်သက်တဲ့ ကာမာသဝ ကင်းနေကြောင်း အလွန်ပင် ထင်ရှားနေပါတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အခြင်းအရာတို့ဖြင့် ကောင်းကောင်းသိမြင်တဲ့ ပထမ ခွန်အား၏အစွမ်းကြောင့် အခြားအာသဝေါတွေ ကင်းနေကြောင်းလည်း ထင်ရှားပါတယ်။ ဒါကြောင့် ကာမဂုဏ်တွေကို မီးကျီးတွင်း မီးကျီးစုပမာ သိမြင်တဲ့ ဒီဒုတိယခွန်အားကိုလည်း အမှီပြုပြီးတော့ ရဟန္တာပုဂ္ဂိုလ်က မိမိမှာ အာသဝေါကိလေသာ ကုန်ကြောင်း ဝန်ခံပါတယ်တဲ့။ ကိုယ့်ကိုယ်ကို ရဟန္တာဖြစ်ပြီလို့ ယုံကြည်တဲ့ပုဂ္ဂိုလ်ဟာ ယခုပြောခဲ့တဲ့အတိုင်း ကာမဂုဏ်အာရုံတွေနဲ့စပ်ပြီး နှစ်သက်သာယာမှု လုံးဝကင်းရဲ့လား၊ မီးကျီးတွင်း မီးကျီးစုလိုပင် ကာမဂုဏ်တွေကို ကြောက်စရာလို့ ထင်ရဲ့လားဆိုတာ စဉ်းစားကြည့်ဖို့ပါပဲ။'

တချို့မှာ ဆေးလိပ်အာရုံ၊ ကွမ်းအာရုံ ကာမဂုဏ်ကလေးများကို မစွန့်နိုင်ဘဲ ရှိနေတတ်တယ်။ ကြိုက်တတ်တဲ့ စားဖွယ်သောက်ဖွယ် အာရုံ ကာမဂုဏ်ကလေးတွေကို တမင်စီမံပြီး သုံးဆောင်နေတာလည်း ရှိတတ်တယ်။ ကြိုက်တတ်တဲ့ အဝတ်၊ အိပ်ရာ၊ နေရာကို တမင်ရွေးချယ်ပြီး သုံးဆောင်နေတာလည်း ရှိတတ်တယ်။ အဲဒီလိုဆိုရင် ကာမာသဝ ဆိုတဲ့ အာသဝေါကုန်ပြီလို့ ဝန်ခံဖို့ သင့်မသင့် စဉ်းစားဖို့ပါပဲ။ သူတစ်ပါးက စဉ်းစားဆုံးဖြတ်ဖို့ကတော့ မလွယ်ဘူး၊ ကိုယ့်ဟာကိုယ် စဉ်းစားဆုံးဖြတ်မှ ဖြစ်မယ်။

ဒါပေမဲ့ သာသနာတော်ခုနှစ် ၇၀၀ လောက်ဆီက သီဟိုဠ်မှာ ဝသဘမင်းဆိုတာ ရှိခဲ့တယ်။ အဲဒီတုန်းက ရဟန္တာလေလားလို့ ထင်ရတဲ့ မထေရ်တစ်ပါးကို အဲဒီမင်းက စမ်းသပ်ကြည့်ခဲ့ဖူးတယ်။ ဘယ်လိုလဲဆိုတော့ အဲဒီမင်းက အဲဒီမထေရ်ကို ပင့်ပြီး သူ့အိမ်တော်မှာ ထိုင်နေစေ

http://www.dhammadownload.com

ပါတယ်။ အဲဒီမထေရ်၏အနီး မျက်မှောက်မှာ (ဗဒရသာဠဝ) ခေါ်တဲ့ ဆီးသီးဖျော်ရည်ကို နယ်စေ ညှစ်စေပါသတဲ့။ အဲဒီအခါ မထေရ်မှာ တံတွေးသွားရည်ယိုတာကို တွေ့ရတဲ့အတွက် အဲဒီမထေရ်ကို ရဟန္တာ မဟုတ်ဘူးလို့ သိရပါသတဲ့။ အဲဒီအဋ္ဌကထာက ဒီလို ထောက်ခံချက် ပေးထားပါတယ်။

ဟိ၊ ထိုသို့ဆုံးဖြတ်နိုင်ခြင်း သိရခြင်း၏အကြောင်းကား။ ခီဏာသဝသ၊ အာသဝေါကုန်ပြီးသော ရဟန္တာအစစ်မှာ။ ရသတဏှာ နာမ၊ အရသာ၌ တပ်မက်ဆာလောင်သော ရသတဏှာမည်သည်ကို။ သုပ္ပ ဟီနာ၊ အကြွင်းမဲ့ ကောင်းစွာပယ်အပ်ပေပြီ။ ဒိဗ္ဗေသုပိ ရသေသု၊ နတ်လောက အရသာတို့၌သော်လည်းကောင်း။ နိကန္တိ နာမ၊ နှစ်သက်လိုလားခြင်းမည်သည်။ နာ ဟောတိ၊ မဖြစ်တော့ မရှိတော့ပြီလို့ ထောက်ခံထားပါတယ်။

(ဥပါရိပဏ်၊ ၌၊ ၆၇)

(၃) ရဟန္တာ၏ တတိယခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါး သော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ စိတ္တံ၊ စိတ်သည်။ ဝိဝေကနိန္နံ ဟောတိ၊ သခ်ါရ ကင်းဆိတ်ရာ နိဗ္ဗာန်၌ ညွတ်ပါသည်။ ဝိဝေကပေါဏံ ဝိဝေက ပဗ္ဘာရံ၊ ကင်းဆိတ်ရာ နိဗ္ဗာန်၌ ကိုင်းရှိုင်းပါသည်။ ဝိဝေကဋ္ဌံ၊ ကင်းဆိတ်ရာနိဗ္ဗာန်၌ (ဖလ သမာပတ်ဝင်စားလျက်) တည်ပါသည်။ နေက္ခမ္မာဘိရတံ၊ ကာမမှ ထွက်မြောက်ရာ ရဟန်းအဖြစ်၌ မွေ့လျော်ပါသည်။ အာသဝဋ္ဌာနီယေဟိ ဓ မွဟိ၊ အာသဝေါ၏ ယှဉ်ဘက်အကြောင်းပြုမ်သော ကိလေသာတို့မှ။ ဗျန္ဘီဘူတံ၊ တစ်စိတ်တစ်ဒေသ အစွန်းအစမျှပင် မစင်ဘဲ ကင်းကွာလျက်

http://www.dhammadownload.com

ရှိပါသည်။ ဝါ လုံးဝ ကင်းရှင်းနေပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဒမ်ဝိ၊ ဤဝိဝေကဒ္ဓံ ညွတ်ကိုင်းရှိုင်းခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ ဗလံ ဟောတိ၊ ခွန်အားတစ်ပါးဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကို ရောက်၍ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟု။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဋိဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရားတဲ့။

အတိုချုပ် ဆိုလိုတာကတော့ ရဟန္တာပုဂ္ဂိုလ်၏ စိတ်ဟာ ဖိုလ်ဝင်စားမသာအားဖြင့် သခ်ါရအာရုံတို့မှ ကင်းဆိတ်တဲ့ နိဗ္ဗာန်၌ ညွတ်ကိုင်းနေပါတယ်တဲ့။ ရဟန္တာအရှင်မြတ်များဟာ အခွင့်သာတိုင်း ဖလသမာပတ်ဝင်စားပြီး နေလေ့ရှိပါတယ်။ အဲဒါဟာ ယေဘုယျသဘောပါပဲ။ အနည်းငယ်အားဖြင့်ဆိုရင်တော့ အခြားစျာန်သမာပတ်များကို ဝင်စားနေကြတာလည်း ရှိပါသေးတယ်။ ဒါကြောင့် ဒုတိယသင်္ဂါယနာမှာ ခေါင်းဆောင်ရဟန္တာမထေရ်တစ်ပါးဖြစ်တဲ့ အရှင်ရေဝတဟာ မေတ္တာစျာန်ဖြင့် နေလေ့ရှိကြောင်း ပြဆိုထားတာလည်း ရှိပါတယ်။ မြတ်စွာဘုရားမှာတော့ တရားဟောတော်မူနေရင်းတောင်မှ တရားနာပရိသတ်က သာဓုခေါ်ခိုက်မှာ ဖလသမာပတ်ဝင်စားတော်မူသေးတာပဲ။ အဲဒါဟာ သခ်ါရကင်းဆိတ်တဲ့ ဝိဝေကမှာ စိတ်ညွတ်ကိုင်းနေပုံ သာဓကပါပဲ။

လူများစုအနေအားဖြင့်ဆိုရင်တော့ အဖော်လူသူကင်းဆိတ်တာတောင် တယ်မကြိုက်ကြဘူး။ ကာမဘုံသားတွေဆိုရင် ကာမဂုဏ် သခ်ါရတွေနဲ့တွေ့မှ ပျော်မွေ့လေ့ရှိကြတယ်။ ကာမဂုဏ်မရှိတဲ့ ရူပဘဝ၊ အရူပဘဝကိုတောင် တယ်မကြိုက်ကြဘူး။ ရုပ်နာမ်သခ်ါရ လုံးဝမရှိတဲ့ နိဗ္ဗာန်ဆီကို စိတ်ညွတ်နိုင်တဲ့ပုဂ္ဂိုလ်က အလွန်နည်းပါတယ်။ ရုပ်နာမ်တွေ အကုန်လုံး ချုပ်ပျောက် ကင်းငြိမ်းသွားမှာကို တချို့က စိုးရိမ်

http://www.dhammadownload.com

ကြတယ်။ ဒါကြောင့် ပရိနိဗ္ဗာန်စံသွားတော်မူကြတဲ့ ဘုရားရဟန္တာ ပုဂ္ဂိုလ်မြတ်တွေဟာ နိဗ္ဗာန်မှာ ရုပ်ထူး၊ နာမ်ထူးနဲ့ အကောင်အထည် လိုက် ရှိနေကြသယောင်ယောင်တောင် ကြံဖန်ပြီး ပြောဆိုနေတဲ့ပုဂ္ဂိုလ် တွေ ရှိနေကြတာပဲ။ ဒါပေမဲ့ ဘုရားရဟန္တာ အရှင်မြတ်တွေကတော့ ရုပ်နာမ်သခ်ါရ လုံးဝကင်းဆိတ်တဲ့ ဥပဓိဝိဝေက နိဗ္ဗာန်ဆီသို့သာ စိတ်ဖြင့် ညွှတ်ကိုင်းနေတော်မူကြပါတယ်။ ဒါကြောင့် ရုပ်နာမ်သခ်ါရ တွေနဲ့ အသက်ရှင်နေတာကိုလည်း အလိုမရှိကြောင်း ဒီလိုမိန့်ဆိုတော် မူကြပါတယ်။

နာဘိနန္ဒာမိ မရဏံ၊ နာဘိနန္ဒာမိ ဇီဝိတံ။

ကာလဉ္စ ပဋိကင်္ခါမိ၊ နိဗ္ဗိသံ ဘတကော ယထာ တဲ့။

မရဏံ၊ ရုပ်နာမ်ခန္ဓာပျက်စီး၍ သေရခြင်းကိုလည်း။ နာဘိ နန္ဒာမိ၊ မနှစ်သက်၊ မတောင့်တမိ အလိုမရှိပါ။ (ယခုလောကမှာ အတိဒုက္ခရောက်နေတဲ့ သူတွေက သေချင်ပါပြီလို့ ပြောတတ်ကြတယ်၊ အဲဒါဟာ ဒုက္ခဝေဒနာနှင့်တကွ ရုပ်နာမ်တွေကို မုန်းတဲ့ဒေါသဖြင့် ပြောတာပဲ။ ရဟန္တာမှာတော့ အဲဒီလို ရုပ်နာမ်တွေကို မုန်းတဲ့ ဒေါသ မရှိဘူး။ ဒါကြောင့် 'ရုပ်နာမ်တွေ ပျက်စီးပါစေ၊ သေပါစေ'လို့လည်း တောင့်တခြင်း လိုလားခြင်း မရှိပါဘူးတဲ့) ဇီဝိတံ၊ အသက်ရှင်နေခြင်း ကိုလည်း။ နာဘိနန္ဒာမိ၊ မနှစ်သက်၊ မတောင့်တမိ အလိုမရှိပါ။ (အသက် ရှင်နေတာကို အလိုရှိတာက ရုပ်နာမ်သခ်ါရတွေကို အကောင်းအမြတ် ထင်ပြီး နှစ်သက်တဲ့လောဘပဲ၊ ရဟန္တာမှာ အဲဒီလို သခ်ါရတွေကို အလိုရှိတဲ့ လောဘကလည်း မရှိဘူး။ ဒါကြောင့် အသက်ရှင်နေရတာ ကိုလည်း အလိုမရှိတာပါပဲ။ ဒါဖြင့် ဘာကိုအလိုရှိသလဲဆိုတော့) ကာလဉ္စ၊ ပရိနိဗ္ဗာန် ဝင်စံရမည့် အချိန်ကာလကိုသာလျှင်။ ပဋိကင်္ခါမိ၊ မျှော်လင့်နေပါသည်တဲ့၊ (ဘယ်လိုလဲဆိုတော့) ဘတကော၊ နေ့စား လစား အလုပ်သမားသည်။ နိဗ္ဗိသံ၊ လုပ်ခ လခကို။ ဝါ လုပ်ခ လခ

http://www.dhammadownload.com

ရမည့်အချိန်ကို။ ပဋိကာန်တိ ယထာ၊ တောင့်တမျှော်မိ အလိုရှိသကဲ့သို့ ပါပဲတဲ့။

နေ့စား လစား အလုပ်သမားဟာ အလုပ်မရှိဘဲ အလုပ်လက်မဲ့ဖြစ်နေမှာလည်း အလိုမရှိဘူး၊ အသက်မွေးဝမ်းကျောင်း မလွဲသာတဲ့ ကိစ္စမို့သာ လုပ်နေရတယ်၊ အဲဒီလို လုပ်နေတာလည်း အလိုမရှိဘူး။ (အလုပ်မလုပ်ဘဲ စားဝတ်နေရေး ပြည့်စုံနေမယ်ဆိုရင် အပင်ပန်းခံပြီး အလုပ်လုပ်လိမ့်မည် မဟုတ်ပါ။) ဒါဖြင့် သူက ဘာကို အလိုရှိနေသလဲဆိုတော့ လုပ်ခ လခ ထုတ်ယူရတဲ့အချိန်ကိုသာ အလိုရှိနေပါတယ်။ အဲဒါလိုပဲ ရဟန္တာပုဂ္ဂိုလ်ကလည်း ဒေါသမရှိတဲ့အတွက် သေခြင်းကို လည်း အလိုမရှိ၊ မတောင့်တဘူး။ လောဘမရှိတဲ့အတွက် ရုပ်နာမ်သန္ဓိရတွေနှင့် အသက်ရှင်နေခြင်းကိုလည်း အလိုမရှိ၊ မတောင့်တဘူး။ ဒါဖြင့် ဘာကိုအလိုရှိပါသလဲလို့ဆိုတော့ ပရိနိဗ္ဗာန်ဝင်စံရမည့် အချိန်ကာလကိုသာ မျှော်လင့်နေပါတယ်တဲ့။ အဲဒါဟာ ရုပ်နာမ်သန္ဓိရကင်းဆိတ်တဲ့ နိဗ္ဗာန်ဆီသို့ စိတ်ညွှတ်နေပုံကို ပြဆိုထားတဲ့ စကားပါပဲ။

နေကွမ္မာဘိရတံပုဒ်ကို ပဗ္ဗဇ္ဇာဘိရတံလို့ ဖွင့်ပြချက်အတိုင်း 'ရဟန်းအဖြစ်၌ မွေ့လျော်ပါသည်'လို့ အနက်ပြန်ခဲ့တယ်။ နေကွမ္မ၊ သဒ္ဒါက နိဗ္ဗာန်ကိုလည်း ဟောပါတယ်။ ဒါကြောင့် 'နေကွမ္မာဘိရတံ၊ နိဗ္ဗာန်၌ မွေ့လျော်ပါသည်'လို့ အနက်ပြန်လျှင် ပိုပြီးသင့်မြတ်ဖွယ် ရှိပါတယ်။ ရုပ်နာမ်သန္ဓိရ လုံးဝကင်းဆိတ်ရာ နိဗ္ဗာန်၌သာ စိတ်ညွှတ်ကိုင်းနေရင် ကာမဂုဏ်ကို အလိုရှိတဲ့ ကာမာသဝလည်း မဖြစ်နိုင်ဘူး၊ ရူပဘဝ၊ အရူပဘဝကို အလိုရှိတဲ့ ဘဝါသဝလည်း မဖြစ်နိုင်ဘူး။ ရုပ်နာမ်သန္ဓိရတွေကို အကောင်းအမြတ်ထင်တဲ့ အဝိဇ္ဇာသဝလည်း မဖြစ်နိုင်ဘူး။ ဒီဋ္ဌိအာသဝဖြစ်ဖို့ကတော့ အလွန်ဝေးကွာနေပါတယ်။ ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ ဥပဓိဝိဝေကဋ္ဌ စိတ်ညွှတ်ကိုင်းတဲ့ ခွန်အားကို စွဲမှီပြီးတော့လည်း အာသဝေါကုန်ကြောင်း ရဟန္တာက ဝန်ခံပါတယ်တဲ့။

http://www.dhammadownload.com

(၁) ရုပ်နာမ်သင်္ခါရတွေကို မမြဲတာတွေချည်းပဲလို့ ကောင်းစွာ သိမြင်ပြီးတော့ ဒုက္ခ၊ ဆင်းရဲတွေချည်းပဲ။ အနတ္တ၊ အတ္တကောင်မဟုတ်တဲ့ သဘောတရားမျှချည်းပဲလို့ သိမြင်တဲ့ ပထမခွန်အားက တစ်ပါး။ (၂) ကာမဂုဏ်တွေကို မီးကျီးတွင်း မီးကျီးစုလိုပင် ကြောက်စရာကောင်းတယ်လို့ ကောင်းစွာသိမြင်တဲ့ ဒုတိယခွန်အားက တစ်ပါး။ (၃) ရုပ်နာမ်သင်္ခါရ လုံးဝကင်းဆိတ်ရာ ဥပဓိဝိဝေကနိဗ္ဗာန်၌ စိတ်ညွှတ်ကိုင်းပြီး ပျော်မွေ့တဲ့ တတိယခွန်အားက တစ်ပါး၊ ရဟန္တာပုဂ္ဂိုလ်၏ ဒီခွန်အားကြီး သုံးပါးကတော့ ပြီးသွားပြီ။ ကျန်နေသေးတဲ့ ခွန်အားတွေက ခုနစ်ပါး ရှိပါသေးတယ်။ အဲဒီ ခုနစ်ပါးကတော့ မှတ်ဖို့လွယ်ပါတယ်။ ဗောဓိပက္ခိယတရား သုံးဆယ်ခုနစ်ပါးရှိရာမှာ အစုအားဖြင့်တော့ ခုနစ်စု ရှိပါတယ်။ (၁) သတိပဋ္ဌာန်၊ (၂) သမ္မပ္ပဓာန်၊ (၃) ဣဒ္ဓိပါဒ်၊ (၄) ဣန္ဒြေ၊ (၅) ဗိုလ်၊ (၆) ဗောဇ္ဈင်၊ (၇) မဂ္ဂင် ဆိုတဲ့ ဒီခုနစ်စုပါပဲ။ အဲဒီခုနစ်စုကို ကောင်းစွာပွားစေအပ်ပြီး ဖြစ်တာဟာ ရဟန္တာပုဂ္ဂိုလ်၏ ခွန်အားဗလကြီး ခုနစ်ပါးပါပဲ။ ယခု အဲဒီ ခုနစ်ပါးထဲက သတိပဋ္ဌာန်ခွန်အားကို ပြောရမယ်။

(၄) ရဟန္တာ၏ စတုတ္ထခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါးသော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်းသည်။ စတ္တာရော သတိပဋ္ဌာနာ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို။ ဘာဝိတာ၊ မိမိသန္တာန်၌ ပွားစေအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကြပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဒမ္ပိ၊ ဤသတိပဋ္ဌာန်လေးပါးကို ကောင်းစွာပွားစေအပ်ပြီး ဖြစ်ခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ ဗလံ ဟောတိ၊ ခွန်အားတစ်ပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကို ရောက်၍ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်း

http://www.dhammadownload.com

သည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟု။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဇ္ဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရားတဲ့။

ဆိုလိုရင်း အတိုချုပ်ကတော့ ရဟန္တာပုဂ္ဂိုလ်မှာ သတိပဋ္ဌာန်တရား လေးပါးကို လိုလေသေးမရှိ အပြည့်အစုံ ကောင်းကောင်းပွားစေပြီး ဖြစ်နေပါတယ်။ အဲဒါဟာ ရဟန္တာ၏ ခွန်အားတစ်ပါးပါပဲ။ အဲဒီခွန်အားကို အကြောင်းပြုပြီးတော့လည်း မိမိမှာ အာသဝေါကိလေသာတွေ ကုန်နေကြောင်း ဝန်ခံပါတယ်တဲ့။

အဲဒီ သတိပဋ္ဌာန်လေးပါးကို ပွားစေပြီးဖြစ်တဲ့ ခွန်အားကိုတော့ အထူးချဲ့မပြောဘဲ ဒါလောက်နဲ့ပဲ နားလည်လောက်ပါတယ်။ ဒါပေမဲ့ သတိပဋ္ဌာန်ပွားစေပုံက အရေးကြီးပါတယ်။ ဒါကြောင့် ရှေးကပြောခဲ့ပြီးဖြစ်ပေမဲ့ ယခု တစ်ဖန်ထပ်ပြီးပြောရပါဦးမယ်။

ရဟန္တာပုဂ္ဂိုလ်မှာ သတိပဋ္ဌာန်လေးပါး ပွားစေပြီးဖြစ်တယ်ဆိုတာ ဘယ်အခါက ပွားစေခဲ့လို့လဲဆိုရင် အရဟတ္တမဂ်ရောက်သည့်တိုင်အောင် အနာဂါမ်အဖြစ်က ပွားစေခဲ့တယ်လို့ မှတ်ထားကြရမယ်၊ အနာဂါမ်မှာလည်း သတိပဋ္ဌာန်လေးပါးဟာ ပြီးစီးလုနီးပါး ပြည့်စုံနေပါတယ်၊ အဲဒါ ဘယ်တော့က ပွားစေခဲ့လို့ပါလဲဆိုရင် သကဒါဂါမ်အဖြစ်က ပွားစေခဲ့လို့ပါပဲ။ သကဒါဂါမ်မှာလည်း အတော်အတန်တော့ ပြည့်စုံနေပါတယ်၊ အဲဒါ ဘယ်တော့က ပွားစေခဲ့လို့ပါသလဲဆိုရင် သောတာပန်အဖြစ်က ပွားစေခဲ့လို့ပါပဲ။ သောတာပန်မှာလည်း အပါယ်တံခါးပိတ်အောင်၊ အပါယ်ကျစေတတ်တဲ့ အကုသိုလ်ကံ မဖြစ်နိုင်လောက်အောင် သတိပဋ္ဌာန်လေးပါးကို ပွားစေပြီးဖြစ်နေပါတယ်၊ အဲဒါ ဘယ်တော့က ပွားစေခဲ့ပါသလဲဆိုရင် ပုထုဇဉ်အဖြစ်က စပြီးပွားစေခဲ့တယ်ဆိုတာ အလွန်ပင် ထင်ရှားနေပါတယ်။ ဒါကြောင့် သံယုတ်ပါဠိတော် (တတိယ ၁၂၅) သာလသုတ်မှာ မြတ်စွာဘုရားရှင်က ရဟန်းတော်များကို ဒီလို ညွှန်ကြားတော်မူခဲ့ပါတယ်။

http://www.dhammadownload.com

ဗုဒ္ဓသာသနာတော်တွင်း ရောက်လာကတည်းက ပွားစေအပ်ကြောင်း

ဘိက္ခဝေ၊ ရဟန်းတို့။ အစိရပဗ္ဗဇိတာ၊ မကြာမီကမှ ရဟန်းပြုလာကြသော။ ယေ တေ ဘိက္ခူ နဝါ၊ အကြင်ရဟန်းသစ်တို့သည်။ ဣမံ ဓမ္မဝိနယံ အဓုနာဂတာ၊ ဤသာသနာတော်သို့ ယခုမှ ရောက်လာကြပေသည် (ရောက်လာခါစဖြစ်ကြသည်)။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ တေ ဘိက္ခူ၊ ထိုရဟန်းသစ်တို့ကို။ စတုန္နံ သတိပဋ္ဌာနာနံ ဘာဝနာယ၊ လေးပါးသော သတိပဋ္ဌာန်တို့ကို ပွားစေရန်အတွက်။ သမာဒပေတဗ္ဗာ၊ ဆောက်တည်စေအပ် ခံယူစေအပ်ကုန်၏။ နိဝေသေတဗ္ဗာ၊ သွင်းထားအပ်ကုန်၏။ ပတိပဋ္ဌာပေတဗ္ဗာ၊ တည်စေအပ်ကုန်၏ တဲ့။

ဘုရားလက်ထက်တော် ကာလတုန်းက သာသနာတော် ရောက်လာခါစ ပုဂ္ဂိုလ်ဆိုတာ တကယ့်ကို ရောက်လာခါစပဲ၊ မူလကတော့ အခြားဘာသာဝင်ထဲကပဲ၊ မြတ်စွာဘုရား၏ တရားတော်ကို ကြားနာရပြီးတော့ ယုံကြည်မှုသဒ္ဓါတရားဖြစ်လို့ ဗုဒ္ဓသာသနာတော်ဝင်လာတဲ့ ပုဂ္ဂိုလ်ပဲ။ ယခုကာလမှာလည်း အဲဒီလိုပုဂ္ဂိုလ်အနည်းအကျဉ်းတော့ ရှိပါတယ်။ အခြားဘာသာမှ ဗုဒ္ဓသာသနာတော်သို့ ဘာကြောင့်ပြောင်းလာသလဲလို့ ဘုန်းကြီးက မေးကြည့်တဲ့အခါ 'ကိုယ်ဘိုင်တွေ့သိရတယ်ဆိုတာ သဘောကျလို့ ပြောင်းလာတယ်'လို့ ဒီလိုလည်း ပြောကြပါတယ်။ သူ့ဟာ သဘာဝကျပါတယ်။ အဲဒီလို ပုဂ္ဂိုလ်များအတွက် ကိုယ်တိုင်တွေ့သိစေနိုင်တဲ့ သတိပဋ္ဌာန်တရားကို ညွှန်ပြပေးဖို့ သာပြီး အရေးကြီးတာပဲ။ ဒါကြောင့် ဒီသာသနာတော် ရောက်လာခါစ အဲဒီလို ပုဂ္ဂိုလ်များကို သတိပဋ္ဌာန်တရားအား‌ထုတ်စေရန် မြတ်စွာဘုရားက တိုက်တွန်းညွှန်ကြားတော်မူပါတယ်။ အဲဒီလို ဘာသာပြောင်းလာခါစ

http://www.dhammadownload.com

ပုဂ္ဂိုလ်သာ မဟုတ်ပါဘူး၊ မူလကတည်းက ဗုဒ္ဓသာသနာဝင်ပုဂ္ဂိုလ်ထဲက ရဟန်းဖြစ်လာခါစ ရဟန်းသစ်များကိုလည်း သတိပဋ္ဌာန်တရား ပွားများအားထုတ်စေရန် နည်းတူပင် မြတ်စွာဘုရားက တိုက်တွန်းညွှန်ကြားတော်မူပါတယ်။

အဲဒီစကားတော်ကို ထောက်ဆကြည့်ရင် ဗုဒ္ဓသာသနာဝင် ရဟန်းဖြစ်ခါစ ပုဂ္ဂိုလ်များကို ဘုရားလက်ထက်ကာလက သတိပဋ္ဌာန်တရား ပွားများအားထုတ်စေခဲ့ကြကြောင်း အလွန်ထင်ရှားပါတယ်။ ရဟန်းဖြစ်ပြီးခါစမှာ သတိပဋ္ဌာန်တရားကို အားထုတ်ဖို့ အလွန်လည်း အရေးကြီးပါတယ်။ ရဟန်းဖြစ်ခါစဆိုတော့ သီလကလည်း စင်ကြယ်နေတယ်၊ သဒ္ဓါတရားကလည်း ထက်သန်အားကောင်းနေတယ်၊ အဲဒီလိုအခါမှာ သတိပဋ္ဌာန်တရားကို ပွားများအားထုတ်လိုက်ရင် ဉာဏ်ထူး တရားထူးများကို မြန်မြန်ရောက်ဖို့ ရဖို့ အလွန်နီးစပ်နေပါတယ်။ အဲဒီလို တရားထူး ရသွားရင် အဲဒီရဟန်းဟာ တစ်သက်လုံး စင်ကြယ်တဲ့ ရဟန်းကောင်းအဖြစ်မှာ တည်နေမယ်၊ စာပေ သင်ကြားရာမှာလည်း ခက်ခဲတဲ့အရာကို မှန်ကန်စွာ သိမြင်သဘောပေါက်သွားဖို့ ရှိပါတယ်။ တရားထူးကို မရတောင်မှ မိမိ၏စိတ်ကို ထိန်းသိမ်းစောင့်ရှောက်ဖို့ အခြေခံကိုတော့ ကောင်းကောင်းရသွားမှာ သေချာပါတယ်။ ဒါကြောင့် ရဟန်းဖြစ်ပြီးခါစ ရဟန်းသစ်တိုင်း မြတ်စွာဘုရား၏ ညွှန်ကြားချက်အရ သတိပဋ္ဌာန်တရားကို အနည်းဆုံး နှစ်လ၊ သုံးလလောက်တော့ အားထုတ်သင့်လှပါပေတယ်။ ဘယ်လို အားထုတ်စေရမလဲဆိုတော့

အာဝုသော၊ ငါ့ရှင်ရဟန်းသစ်တို့။ ဧထ၊ လာကြကုန်လော့။ ကာယဿ၊ ရုပ်အပေါင်းကိုယ်ကို။ ယထာဘူတံ ဉာဏာယ၊ ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှာ။ ကာယေ၊ ရုပ်အပေါင်း ကိုယ်၌။ ကာယာနုပဿီ နော၊ ရုပ်အပေါင်းကိုယ်ကို ရှုကြလျက်။ ဝိဟရထ၊ နေကြကုန်လော့တဲ့။

http://www.dhammadownload.com

ရုပ်အပေါင်းကိုယ်ဟာ အနိစ္စ၊ မမြဲဘူး။ ဒုက္ခ၊ ဆင်းရဲပဲ၊ အားမကိုးလောက်တဲ့ သဘောပဲ။ အနတ္တ၊ သဘောမျှပဲ။ အသုဘ၊ စက်ဆုပ်ရွံဖွယ် မတင့်တယ်တဲ့သဘောပဲ။ အဲဒီမမြဲတဲ့ အခြင်းအရာစသည်ဖြင့် အမှန်အတိုင်းသိအောင် ကိုယ်ကိုရှုနေကြရမယ်တဲ့။ အဲဒီလို ရှုမြင်နိုင်ရန် လုံ့လ သမာဓိ ဉာဏ်အကူအညီတွေလည်း လိုတဲ့အတွက် အဲဒါတွေကိုလည်း ဒီလိုဆက်ပြီး ညွှန်ကြားတော်မူပါတယ်။

အာတာပိနော၊ ကိလေသာကို ပူလောင်သွေ့ခြောက် ကင်းပျောက်စေနိုင်သော သမ္မပ္ပမာန်လုံ့လ ရှိကုန်သည်ဖြစ်၍။ ဝါ၊ အပြင်းအထန် ကြောင့်ကြစိုက်ကြ၍။ သမ္မဇာနာ၊ ကောင်းစွာသိကြလျက်။ ဧကောဒီဘူတာ၊ ရှေ့စိတ်နောက်စိတ် တည်ငြိမ်ပုံတစ်မျိုးတည်း ရှိကြသည်ဖြစ်၍။ ဝိပ္ပသန္နစိတ္တာ၊ ကြည်လင်သောစိတ် ရှိကုန်လျက်။ သမာဟိတာ၊ ကောင်းစွာထားနိုင်ကြသဖြင့်။ ဧကဂ္ဂစိတ္တာ၊ တည်ငြိမ်သောစိတ်ရှိကြလျက်။ ဝိဟရထ၊ နေကြကုန်လော့လို့ ဒီလိုညွှန်ကြားရမယ်တဲ့။

အဲဒီညွှန်ကြားချက်စကားတွေထဲမှာ အာတာပိနော အရ အပြင်းအထန် ကြောင့်ကြစိုက်ဖို့နဲ့ သမာဟိတာ အရ ကိုယ်ရုပ်အာရုံမှာ ကောင်းစွာထားဖို့ဆိုတဲ့ နှစ်ပုဒ်က လိုရင်းပါပဲ။

အာနာပါနပိုင်းအရ ရှူတဲ့ပုဂ္ဂိုလ်ဆိုရင် နှာသီးဖျားမှာ တိုက်ခိုက်ပြီး ဝင်တဲ့လေ၊ ထွက်တဲ့လေကိုသာ ရှူတိုင်း ရှိုက်တိုင်း ရှူမိအောင် ကြောင့်ကြစိုက်ရမယ်။ အဲဒီ ရှူရှိုက်လေအာရုံ၌သာ စိတ်ကိုကောင်းစွာထားရမယ်။ အဲဒီလို စိတ်ကိုကောင်းစွာထားပြီး ကြောင့်ကြစိုက်ရှုနေရင် စိတ်ကြည်လင်မှာ၊ စိတ်တည်ငြိမ်မှာ၊ ရှူတိုင်း ရှူတိုင်း တည်ငြိမ်ပုံဝစ်မျိုးဖြစ်နေမှာ သေချာပါတယ်။ ဝိပဿနာပိုင်းအရဆိုရင် အဖြစ်အပျက်စသည်ကို အမှန်အတိုင်း သိမှာလည်း သေချာပါတယ်။ ဆံပင်၊ မွေးညင်းစသည်ကို ရှုရာမှာလည်း နည်းတူပင် ပြည့်စုံနိုင်ပါတယ်။

http://www.dhammadownload.com

ဣရိယာပထပိုင်းစသည်အရ ဝိပဿနာကစပြီး ရှုရင်လည်း သွားနေဆဲဆိုရင် ခြေထောက် ကြွတာ၊ လှမ်းတာ၊ ချတာစသည်ကို မလွတ်တမ်း ရှုမိအောင် ကြောင့်ကြစိုက်ရမယ်။ အဲဒီခြေကြွမှု၊ လှမ်းမှု စသည်၌သာ စိတ်ကိုကောင်းစွာထားရမယ်။ ရပ်နေဆဲမှာလည်း ရပ်မှု၌ သာ စိတ်ကိုကောင်းစွာထားရမယ်။ ထိုင်နေဆဲမှာလည်း ထိုင်ရပ်၌သာ ထားရမယ်။ ထိုင်နေရင်း ဝမ်းဗိုက်ဖောင်းတာ၊ ပိန်တာကို ရှုရင်လည်း အဲဒီဖောင်းပိန် လှုပ်ရှားမှု၌သာ စိတ်ကိုကောင်းစွာထားပြီး 'ဖောင်းတယ်၊ ပိန်တယ်'လို့ ကြောင့်ကြစိုက်ပြီး ရှုနေရမယ်။ အဲဒီလို ကြောင့်ကြစိုက်ပြီး ရှုနေရင် လေ့ကျင့်သားရလာတဲ့အခါကျတော့ စိတ်ကြည်လင်တာကိုလည်း ထင်ရှားတွေ့ရတယ်။ မှတ်ရတဲ့အာရုံနဲ့ မှတ်စိတ် ကပ်လျက် ကပ်လျက် တည်ငြိမ်နေတာကိုလည်း ထင်ရှားတွေ့ရတယ်။ ရှေ့အမှတ်နှင့် နောက်အမှတ် စိတ်တည်ငြိမ်ပုံချင်း တူနေတာကိုလည်း ထင်ရှားတွေ့ရတယ်။ မှတ်သိရတဲ့ ရုပ်နဲ့ မှတ်သိတဲ့စိတ်စသည်ဖြင့် ရုပ်နာမ ၂ ပါးကိုလည်း ပိုင်းခြားသိတယ်။ အကြောင်းနဲ့အကျိုးနှစ်ပါးကိုလည်း ပိုင်းခြားသိတယ်။ ဖြစ်ပေါ်လာပြီး ပျောက်ကွယ်သွားလို့ မမြဲဘူးလို့လည်း အမှန်အတိုင်း သိရတယ်။ ဖြစ်ချည်ပျက်ချည်နဲ့ ဆင်းရဲချည်းပဲလို့လည်း အမှန်အတိုင်း သိရဟယ်။ သူ့သဘောအတိုင်းသူ ဖြစ်ပျက်နေတဲ့ အနတ္တသဘောတရားမျှပဲလို့လည်း ထင်ရှားသိရတယ်။ သိပုံအကျယ်တွေကိုတော့ ရှေ့ပိုင်းများက အထပ်ထပ် ပြောခဲ့ပါပြီ။ အဲဒီလို သိတဲ့အတွက် 'သမ္မောနာ၊ ကောင်းစွာ မှန်စွာသိလျက်နေကြ' ဆိုတာနဲ့လည်းအညီ ပြည့်စုံသွားပါတယ်။ အဲဒီလို အမှန်အတိုင်း သိပြီးတော့ ဝိပဿနာ ဉာဏ်အစဉ်ဖြင့် သောတာပတ္တိမဂ်ဖိုလ်ကို မျက်မှောက်ပြုသွားနိုင်ပါတယ်။ အဲဒီလို မျက်မှောက်ပြုပုံတွေကိုလည်း ရှေ့ပိုင်းများမှာ ပြောခဲ့ပါပြီ။

ယခုပြောခဲ့တာဟာ ရဟန်းအသစ်များအား ကာယာနုပဿနာ သတိပဋ္ဌာန်ပွားစေဖို့ မြတ်စွာဘုရား၏ ညွှန်ကြားတိုက်တွန်းပုံပဲ။ ဗုဒ္ဓ

http://www.dhammadownload.com

မြတ်စွာဘုရားကို တကယ်ကြည်ညိုရင်၊ ဗုဒ္ဓမြတ်စွာဘုရား၏ စကားတော်ကို တကယ်ယုံကြည်ရင် အဲဒီကာယာနုပဿနာ သတိပဋ္ဌာန်ကို ကိုယ်တိုင်လည်း ပွားစေကြရမယ်၊ မိမိတို့၏တပည့်များကိုလည်း ပွားစေရန် တိုက်တွန်းဟောပြောကြရမယ်၊ သူတစ်ပါးက ဟောပြောနေတဲ့နည်းကို မကြိုက်ရင် မိမိကြိုက်တဲ့နည်းဖြင့် ပွားများဖို့ လိုပါတယ်။ 'ဘာတရားကိုမျှ မပွားများဘဲ၊ အားမထုတ်ဘဲ သူတစ်ပါးနည်းကို အပြစ်တင်နေရင်တော့ အကုသိုလ်ပွားဖို့ ရှိတာပဲ။ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမကို မယုံကြည်ရာ၊ မလိုက်နာရာလည်း ရောက်တယ်'ဆိုတာကို အထူးသတိပြုသင့်ပါတယ်။

နောက်ပြီးတော့ ဝေဒနာနုပဿနာ စသည်ကိုလည်း ပွားစေရန် မြတ်စွာဘုရားက ဒီလိုဆက်ပြီးတိုက်တွန်းတော်မူပါတယ်။

ဝေဒနာနံ ယထာဘူတံ ဉာဏာယ၊ ခံစားမှုဝေဒနာတို့ကို ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှာ။ ဝေဒနာသု ဝေဒနာနုပဿီနော ဝိဟရထ၊ ခံစားမှုဝေဒနာတို့၌ ခံစားမှုဝေဒနာကို ရှုကြလျက် နေကြကုန်လော့ စသည်ဖြင့် ဝေဒနာနုပဿနာ ပွားစေရန် ညွှန်ကြားတိုက်တွန်းတော်မူပါတယ်။

ဝေဒနာသုံးပါးလုံး ရှုအပ်ကြောင်း

ဝေဒနာဆိုတာ အကောင်း၊ အဆိုး ခံစားမှုပဲ။ ကိုယ်ထဲက ညောင်းတာ၊ ပူတာ၊ နာကျင်တာ၊ ယားတာ၊ အခံခက်တာ ဆိုတာတွေဟာ ကိုယ်ဆင်းရဲ ဒုက္ခဝေဒနာတွေပဲ။ အဲဒါတွေ ဖြစ်ပေါ်လာရင် 'ညောင်းတယ်၊ ပူတယ်၊ နာတယ်' စသည်ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်။ အတွေ့ကောင်းများနဲ့ တွေ့ထိပြီး ချမ်းသာတာ၊ ကောင်းတာက ကိုယ်ချမ်းသာပဲ၊ အဲဒါကိုလည်း 'ချမ်းသာတယ်၊ ကောင်းတယ်' စသည်

http://www.dhammadownload.com

ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်။ စိတ်ညစ်တာ၊ စိတ်ပျက်တာ၊ နှလုံးမသာတာ၊ ဝမ်းနည်းတာစသည်တွေက စိတ်ဆင်းရဲတွေပဲ။ အဲဒါတွေလည်း ဖြစ်ခိုက်မှာ 'စိတ်ညစ်တယ်၊ စိတ်ပျက်တယ်' စသည်ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်။ စိတ်ရွှင်တာ၊ ဝမ်းသာတာစသည်က စိတ်ချမ်းသာတွေပဲ။ အဲဒါတွေကိုလည်း ဖြစ်ခိုက်မှာ 'စိတ်ရွှင်တယ်၊ ဝမ်းသာတယ်'စသည်ဖြင့် စူးစိုက်ပြီး ရှုမှတ်ရတယ်။ စိတ်ထဲမှာ ဆင်းရဲတာလည်း မဟုတ်၊ ချမ်းသာတာလည်း မဟုတ်ဘဲ အလယ်အလတ် ခံစားမှုလည်း ရှိတယ်၊ အဲဒါကတော့ ဥပေက္ခာဝေဒနာပဲ။ အဲဒါကိုတော့ သိနိုင်ခဲတယ်။ အဲဒီ ဥပေက္ခာနဲ့ယှဉ်တွဲပြီးဖြစ်တဲ့ စိတ်စေတနာ လောဘသဒ္ဓါ သတိစသည်ကိုသာ ထင်ရှားသိရတတ်တယ်။ အဲဒီထင်ရှားသိရတဲ့ တရားတွေကိုလည်း ရှုမှတ်ပြီး သိရတယ်။ ဝိပဿနာဉာဏ် အားကောင်းတဲ့အခါကျတော့ အဲဒီဥပေက္ခာဝေဒနာလည်း ထင်ရှားပေါ်လာတတ်တယ်။ အဲဒီအခါကျတော့ ထင်ရှားတဲ့ အဲဒီဥပေက္ခာကိုလည်း ရှုမှတ်ရတယ်။ အဲဒီ ဝေဒနာသုံးမျိုးလုံးကို ရှုမှတ်ပြီး သိဖို့ မြတ်စွာဘုရားက 'ဝေဒနာသု၊ ဝေဒနာတို့ဿ်' လို့ ဗဟုဝုစ်ဖြင့် ဟောတော်မူပါတယ်။ အဲဒါကိုလည်း အထူးသတိပြုရမယ်။

ဒါပေမဲ့ ပုဂ္ဂိုလ် ၂ ဦး၊ ၃ ဦးလောက်က ဉာဏ်ကွန့်ပြီး ဟောပြောရေးသားထားကြတာ ရှိတယ်။ ပေဒနာသုံးပါးထဲ သုခနှင့် ဒုက္ခကို မရှုရဘူး၊ ဥပေက္ခာကိုသာ ရှုရတယ်တဲ့။ အဲဒါကတော့ မိစ္ဆာဂါဟသက်သက်မျှပါပဲ။ မဟာသတိပဋ္ဌာနသုတ်မှာ မြတ်စွာဘုရားက 'သုခံ ဝါ ဝေဒနံ ဝေဒယမာနော၊ သုခဝေဒနာကို ခံစားလျှင်လည်း။ သုခံ ဝေဒနံ ဝေဒယာမီတိ၊ သုခဝေဒနာကို ခံစားသည်ဟူ၍။ ပဇာနာတိ၊ သိ၏' စသည်ဖြင့် သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသုံးပါးလုံးကိုပင် ရှုပြီး သိဖို့ အထင်အရှား ဟောထားတော်မူပါတယ်။

နောက်ပြီးတော့ သဋ္ဌာယတနသံယုတ်ပါဠိတော် စသည်မှာလည်း

http://www.dhammadownload.com

စက္ခုသမ္ဖဿပစ္စယာ၊ မျက်စိ အတွေ့ မြင်တွေ့ဟူသော အကြောင်း ကြောင့်။ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သုခဖြစ်စေ၊ ဒုက္ခ ဖြစ်စေ၊ ဥပေက္ခာဖြစ်စေ။ ယမ်မိ က္ကဒံ ဝေဒယိတံ၊ အကြောင်ခံစားမှုသည် လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်၏။ တမ်မိ၊ ထိုသုံးပါးသော ခံစားမှုကိုလည်း။ အဘိညာ၊ ရှေးရှုပြုလျက် သိ၍။ ပရိညာ၊ အနိစ္စစသည်ဖြင့် ပိုင်းခြား၍။ ပဟာတဗ္ဗံ၊ ပယ်အပ်၏။ (၂၄၉) တမ်မိ၊ ထိုသုံးပါးသော ခံစားမှုကိုလည်း။ အနိစ္စတော ဇာနတော ပဿတော၊ အမြဲဟု သိမြင်သူအား။ အဝိဇ္ဇာ ပဟီယတိ၊ အဝိဇ္ဇာကို ပယ်အပ်၏။ ဝိဇ္ဇာ ဥပ္ပဇ္ဇတိ၊ ဝိဇ္ဇာဉာဏ် ဖြစ်ပေါ် ၏။ (၂၅၉) သော၊ ထိုရဟန်းသည်။ သုခဉ္စေ ဝေဒနံ ဝေဒယတိ၊ သုခဝေဒနာကို ခံစားလျှင်။ သာ အနိစ္စာတိ ပဇာနာတိ၊ ထိုသုခသည် မမြဲဟု သိ၏။ ဒုက္ခဉ္စေ ဝေဒနံ ဝေဒယတိ၊ ဒုက္ခဝေဒနာကို ခံစားလျှင်။ သာ အနိစ္စာတိ ပဇာနာတိ၊ ထိုဒုက္ခသည် မမြဲဟု သိ၏။ (၄၁၄)၊ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ သုခဖြစ်စေ၊ ဒုက္ခဖြစ်စေ၊ ဥပေက္ခာ ဖြစ်စေ။ ယံကိဉ္စိ ဝေဒနံ ဝေဒေတိ၊ တစ်စုံတစ်ခုသော အကြောင် ဝေဒနာကို ခံစားလျှင်။ သော၊ ထိုရဟန်းသည်။ တာသု ဝေဒနာသု၊ ထိုသုံးပါးသော ဝေဒနာတို့၌။ အနိစ္စာနုပဿီ ဝိဟရတိ၊ မမြဲဟု ရှုလျက် နေ၏။ (မူလပဏ္ဏ ၃၁၈) ဤသို့စသည်ဖြင့် ဝေဒနာသုံးပါးလုံးကိုပင် ရှုအပ်ကြောင်း အထင်အရှား ဟောထားသည့် ဘုရားစကားတော် များစွာ ပင် ရှိပါတယ်။ ဒါကြောင့် သုခ၊ ဒုက္ခကို **မရှုရလို့** ဟောပြောရေးသား တာကတော့ ဘုရားအလိုတော်နှင့် ဆန့်ကျင်ပြီး ဉာဏ်ကွန့်ချက်မျှပါပဲ။

အမှန်စင်စစ်တော့ ဒွါရ ၆ ပါးက ထင်ရှားဖြစ်ပေါ်လာသမျှ ရုပ်နာမ်တရားတွေဟာ ဝိပဿနာရှုအပ်တဲ့ ဥပါဒါနက္ခန္ဓာတွေချည်းပဲလို့ ကိန်းသေမှတ်ထားကြရမယ်။ အထူးအားဖြင့် **ဝေဒနာနုပဿနာ**အရာမှာ ဝေဒနာသုံးပါးလုံးကိုပင် ရှုအပ်တယ်၊ နာကျင်မှုစသော ဒုက္ခဝေဒနာကို ထင်ရှားနေပါလျက် မရှုမသိလျှင် ပဋိဃာနုသယ ကိန်းတယ်။ ငါ

http://www.dhammadownload.com

နာတယ်၊ နာလိုက်တာစသည်ဖြင့် ဒေါသဖြစ်ခြင်း၊ စိတ်ဆိုးခြင်း၏ အကြောင်းဖြစ်တယ်။ အတွေ့အထိကောင်းမှု၊ ဝမ်းသာမှုစသော သုခဝေဒနာကို ထင်ရှားနေပါလျက် မရှုမသိလျှင် ရာဂါနုသယ ကိန်းတယ်၊ နှစ်သက်သာယာမှု ဖြစ်ခြင်း၏အကြောင်းဖြစ်တယ်။ နာတယ်၊ အခံခက်တယ်၊ ကောင်းဟယ်၊ ဝမ်းသာတယ်စသည်ဖြင့် ဒုက္ခ၊ သုခဝေဒနာများကို ဖြစ်တိုင်း ဖြစ်တိုင်း စူးစိုက်ပြီး ရှုသိနေလျှင် အဲဒီပဋိဃာနုသယ၊ ရာဂါနုသယတွေ မကိန်းနိုင်ဘူး၊ ကင်းငြိမ်းတယ်။ ဒါကြောင့် အဲဒီဒုက္ခ၊ သုခဝေဒနာကို အကြောင်းပြုပြီး စိတ်ဆိုးခြင်း၊ နှစ်သက်ခြင်း မဖြစ်ရတော့ဘူး။

ဒီနေရာမှာ မိမိ၏ ကိုယ်တွေ့ကလေးကို ထည့်ပြောချင်တယ်။ တစ်ခါက မိမိမှာ ကင်းမြီးကောက် အထိုးခံရတယ်၊ ကင်းမြီးကောက်ထိုးရင် အလွန်နာတာပဲ၊ ရက်တစ်ပတ်လည်အောင် နာနေတတ်ပါတယ်။ ဒါပေမဲ့ အဲဒီအခါတုန်းက နာတဲ့နေရာကို သေသေချာချာ စူးစိုက်ပြီး 'နာတယ်၊ နာတယ်' လို့ ရှုမှတ်နေတော့ နာတာလည်း သိပ်အခံရမခက်ဘူး၊ သက်သာတယ်၊ စိတ်ဆိုးတဲ့ မခံချင်တဲ့ဒေါသလည်း မဖြစ်ဘူး၊ နာတာကလေးတွေက တစ်ဆက်တည်းမဟုတ်ဘဲ တစ်ပိုင်းစီ တစ်ပိုင်းစီ ပြတ်ပြတ်ပြီး ထင်ပေါ်နေတယ်၊ ကိုယ်ထဲမှာ အသစ်အသစ် ကျကျလာသလိုပဲ ထင်ရှားနေတယ်၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဲဘူးဆိုတာ အလွန်ပင်ထင်ရှားနေပါတယ်။ အဲဒါဟာ စူးစိုက်ပြီး ရှုမှတ်နေလို့ အမှန်အတိုင်း သိပြီး ပဋိဃာနုသယကင်းနေပုံ ကိုယ်တွေ့ပါပဲ။ ဒါကြောင့် 'ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတဲ့အခါ ရှုမှတ်ပြီး သိနေတာဟာ အလွန်ကောင်းမြတ်တဲ့နည်းတွေပဲ' ဆိုတာ ထင်ရှားပါတယ်။ 'ဝေဒနာတွေကို ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှာ ရှုနေကြ'ဆိုတဲ့ ညွှန်ကြားချက်နှင့်လည်း ညီညွတ်တဲ့အကျင့်မြတ်ပါပဲ။

http://www.dhammadownload.com

စိတ္တာနုပဿနာ ပွားစေပုံ

နောက်ပြီးတော့ စိတ္တသ ယထာဘူတံ ဉာဏာယ၊ စိတ်ကို ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှာ။ စိတ္တေ စိတ္တာနုပဿီနော ဝိဟရထ၊ စိတ်၌ စိတ်ကိုရှုကြလျက် နေကြကုန်လော့တဲ့။ ဒါက စိတ္တာနုပဿနာ သတိပဋ္ဌာန်ကို ပွားစေရန် ညွှန်ကြားပုံပဲ။

မဟာသတိပဋ္ဌာနသုတ်မှာတော့ 'သရာဂံ ဝါ စိတ္တံ သရာဂံ စိတ္တန္တိ ပဇာနာတိ၊ တပ်မက်မှုနှင့်တကွ ဖြစ်သောစိတ်ကို တပ်မက်မှုနှင့်တကွ ဖြစ်သောစိတ်ဟု သိ၏' စသည်ဖြင့် စိတ်ရှုသိပုံကို ပြထားတယ်။ စိတ်ဆိုတာ ပကတိလူတွေမှာ သူဖြစ်ချင်သလို ဖြစ်နေတယ်၊ သူသွားလို ရာ သွားနေတယ်၊ ဘယ်သူကမှ ကန့်ကွက်တားမြစ်ခြင်း၊ ချုပ်ထိန်းခြင်း မရှိဘူး။ အဲဒီလို အချုပ်အထိန်းမရှိဘဲ လွတ်လွတ်လပ်လပ် အလိုရှိရာ စိတ်ကူးနေရတာကို လူအများက ကြိုက်နေကြတယ်။ အဲဒီလို စိတ်ကို မထိန်းသိမ်းဘဲ လွှတ်ထားတဲ့အတွက် လောဘ၊ ဒေါသစိတ်တွေ အားကြီးလာတဲ့အခါကျတော့ သူတစ်ပါးကို မငဲ့ဘဲ ကိုယ်လုပ်ချင်ရာ လျှောက်လုပ်တတ်တယ်။ ရာဇဝတ်မှုကို ပြုမိရင် မကောင်းကျိုးကို လက်ငင်းခံစားရတော့တာပဲ။ ဒုစရိုက်အမှုတွေ ပြုမိရင်လည်း သံသရာ တစ်လျှောက်လုံး အပါယ်လေးပါးစသည် ကျရောက်ပြီး ဆင်းရဲဒုက္ခ တွေကို ခံစားသွားကြရတယ်။ ဒါကြောင့် ဒီစိတ်ကို ရှုမှတ်ပြီး ထိန်း သိမ်းဖို့ လိုပါတယ်။ ဘယ်လိုလဲဆိုတော့ တပ်မက်နှစ်သက်တဲ့စိတ် ဖြစ်တဲ့အခါ အဲဒီစိတ်ကို 'တပ်မက်တယ်၊ နှစ်သက်တယ်၊ လိုချင်တယ်၊ သာယာတယ်' စသည်ဖြင့် ရှုမှတ်ပြီး သိရတယ်။ အဲဒါဟာ သရာဂစိတ် ကို သိပုံပဲ။ သရာဂစိတ်ဆိုတာ လောဘနှင့်တကွ ဖြစ်သော စိတ်ရှစ်ခု လို့ အဋ္ဌကထာက ဖွင့်ထားတယ်။

အဲဒါဟာ အဘိဓမ္မာနည်းအရ သရုပ်ခွဲပြီး ဖွင့်ပြထားတာပဲ။

http://www.dhammadownload.com

ဒါပေမဲ့ တကယ်ရှုသိတဲ့အခါကျတော့ အရေအတွက်တွေနဲ့ ဆင်ခြင်ပြီး ရှုရတာ မဟုတ်ဘူး၊ ဖြစ်ပေါ်ဆဲ လောဘစိတ်ကလေးကို ရှုရတာပါပဲ။ အဲဒီလို ရှုသိလိုက်တော့ အဲဒီလောဘစိတ်က ရပ်စဲသွားတယ်။ ရှုသိတဲ့ ကုသိုလ်စိတ်သာ ဖြစ်နေတယ်။ အဲဒီစိတ်ကို ဝိတရာဂစိတ်ခေါ်တယ်။ အဲဒီစိတ်ကိုလည်း ရှုသိရတာပဲ။ ထို့အတူ ဒေါသစိတ်၊ ပျံ့လွင့်စိတ်၊ ယုံမှားစိတ်စသည် ဖြစ်ရင်လည်း အဲဒီစိတ်များကို ရှုသိရတာပဲ။ ဒါပေမဲ့ စိတ်သက်သက်က စပြီး ရှုလို့ကတော့ သမာဓိဉာဏ်ဖြစ်ဖို့ မလွယ်ဘူး။ ထင်ရှားတဲ့ရုပ်ကစပြီး ရှုရတယ်။ ဘုန်းကြီးတို့ကတော့ ဖောင်းရုပ်၊ ပိန်ရုပ်က စပြီးရှုဖို့ ညွှန်ပြနေတယ်။ ဒါကြောင့် 'ဖောင်းတယ် ပိန်တယ်၊ ထိုင်တယ် ထိတယ်' စသည်ဖြင့် ရုပ်အမူအရာကို ရှုမှတ်နေရင်း လိုချင်တဲ့စိတ် ဖြစ်လာရင် 'လိုချင်တယ်' လို့ ရှုမှတ်ပြီး သိရတယ်။ အဲဒီလို ရှုမှတ်ပြီး သိလိုက်ရင် အဲဒီလိုချင်ဟဲ့စိတ်ဟာ ကင်းပျောက်သွားလိမ့်မယ်။ အကယ်၍ တစ်ကြိမ်ရှုရုံနဲ့ မပျောက်သေးရင် ၂ ကြိမ်၊ ၃ ကြိမ် စသည်ဖြင့် မပျောက်မချင်း ရှုရတယ်။ ဆေးစားရတာလိုပေါ့။ ၁ ကြိမ်၊ ၂ ကြိမ် ဆေးစားရုံနဲ့ ရောဂါက မပျောက်သေးရင် ဆေးကို အကြိမ်ကြိမ် ထပ်ပြီးစားရတယ်။ အဲဒါလိုပဲ လိုချင်တဲ့စိတ် မပျောက်မချင်း အကြိမ်ကြိမ်ထပ်ပြီး ရှုမှတ်နေရတယ်။ ပျောက်သွားတဲ့အခါ ရှုမှတ်နေကျ ဖောင်းမှု ပိန်မှုစသည်ကို ပြန်ပြီးရှုမှတ်နေရတယ်။ ထို့အတူပင် ဒေါသစိတ်၊ ပျံ့လွင့်စိတ်စသည် ဖြစ်လာရင်လည်း အဲဒီစိတ်များကို ရှုမှတ်ရတာပဲ၊ ပျောက်သွားတဲ့အခါ မှတ်နေကျ ပြန်မှတ်ရတယ်။

အဲဒီလို စိတ်ကူးကြံစည်မှု မဟုတ်သေးဘူး၊ ညောင်းမှု ပူမှု စသည်တွေ ထင်ရှားဖြစ်ပေါ်လာရင်လည်း လိုက်မှတ်ရတာပဲ။ မြင်မှု၊ ကြားမှု စသည်တွေ ပေါ်လာရင်လည်း လိုက်မှတ်ရတာပဲ၊ 'အဲဒီလို ပေါ်ရာ ပေါ်ရာ လိုက်မှတ်တော့ စိတ်မပျံ့လွင့်ပေဘူးလား' လို့ တချို့က စောဒနာကြတယ်။ အဲဒါကတော့ ဝိပဿနာသမာဓိအကြောင်းကို

http://www.dhammadownload.com

နားမလည်လို့ စောဒနာတာပါပဲ။ အမှန်ကတော့ ဝိပဿနာသမာဓိ ဆိုတာ တစ်ခုတည်းသော အာရုံ၌သာ ဖြစ်တာမဟုတ်ဘူး။ ဝိပဿနာ ဉာဏ်ကလည်း တစ်ခုတည်းသော သဘောတရားကိုသာ သိရတာမဟုတ်ဘူး၊ (သဗ္ဗံ ပရိညေယျံ) အလုံးစုံကို ပိုင်းခြားသိရမည်လို့ ဟောထားတဲ့အတိုင်း ဒွါရ ၆ ပါးက ထင်ရှားဖြစ်ပေါ်လာသမျှ အကုန်လုံးကို သိရတယ်။ 'ဝိပဿနာဉာဏ်က အကုန်လုံးသိရတယ်' ဆိုတော့ ဝိပဿနာသမာဓိကလည်း ပေါ်ရာပေါ်ရာအာရုံမှာ အခိုက်အတန့်အားဖြင့် တည်တည်သွားရတယ်။ ဒါကြောင့် သမာဓိ မပျက်ပါဘူး၊ ရှုမှတ်ရာအာရုံမှာ ကပ်ခနဲ ကပ်ခနဲ တည်တည်သွားပါတယ်။ အဲဒီလို တည်တည်သွားလို့ ဉာဏ်ကလည်း အနိစ္စစသည်ကို အမှန်အတိုင်း သိသိသွားပါတယ်။

ဓမ္မာနုပဿနာ ပွားစေပုံ

နောက်ပြီးတော့ ဓမ္မာနံ ယထာဘူတံ ဉာဏာယ၊ သဘောတရားတို့ကို ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှာ။ ဓမ္မေသု ဓမ္မာနုပဿီနော ဝိဟရထ၊ သဘောတရားတို့၌ သဘောတရားကို ရှုကြလျက် နေကြကုန်လော့ တဲ့။ ဒါက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ကို ပွားစေရန် ညွှန်ကြားပုံပဲ။

'သဘောတရား' ဆိုတာက ကာယဆိုတဲ့ ရုပ်အပေါင်း ခံစားမှု ဝေဒနာ၊ ကြဿဉ်စိတ်ကူးမှု စိတ်ဆိုတဲ့ အဲဒီသုံးပါးအဖြစ်ဖြင့် မထင်ရှားဘဲ သာမန်သဘောတရားအနေဖြင့် ထင်ရှားပေါ်လာတာတွေပါပဲ။ နှစ်သက်လိုချင်မှု၊ စိတ်ဆိုးမှုအနေစသည်ဖြင့် ဖြစ်စေ၊ မျက်စိ၊ အဆင်း၊ မြင်မှုအနေဖြင့်ဖြစ်စေ ပေါ်လာတာတွေကို သဘောတရားအနေဖြင့် ရှုသိဖို့ပါပဲ။

ယခု ပြောခဲ့တဲ့ တိုက်တွန်းညွှန်ကြားပုံထဲမှာ 'ယထာဘူတံ ဉာဏာယ၊ ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှာ ရှုရမယ်' ဆိုတာကို

http://www.dhammadownload.com

အထူးသတိပြုကြရမယ်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ ရုပ်နာမ်တရားတွေကို အမှန်အတိုင်း သိဖို့ ရှုရမယ်လို့ ဆိုလိုတာပါပဲ။ ဘယ်လို သိရမှာလဲဆိုလျှင် ရုပ်နဲ့နာမ် ၂ ပါးမျှ ရှိတယ်ဆိုတာလည်း အမှန်အတိုင်း သိဖို့၊ အကြောင်းနဲ့အကျိုးနဲ့ ရှိတယ်ဆိုတာလည်း အမှန်အတိုင်း သိဖို့၊ ခဏမစဲ ဖြစ်နေတယ်ဆိုတာလည်း အမှန်အတိုင်းသိဖို့၊ အနိစ္စ၊ မမြဲဘူး၊ ဒုက္ခ၊ ဆင်းရဲပဲ၊ အနတ္တ၊ အစိုးမရ၊ အတ္တ မဟုတ်တဲ့ သဘောတရားမျှပဲ ဆိုတာလည်း အမှန်အတိုင်း သိဖို့ပါပဲ။ အဲဒါတွေဟာ မူလက ကိုယ်ပိုင်ဉာဏ်ဖြင့် မသိရသေးတာတွေပဲ။ အဲဒါတွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိဖို့ရာ ရှုရတယ်ဆိုတာ အလွန်ပင် ထင်ရှားနေပါတယ်။

ဒီနေရာမှာ စဉ်းစားကြည့်ပါ၊ စောစောက သုတမယဉာဏ်ဖြင့် ကျက်မှတ်ပြီးတော့ ရုပ်နာမ်တွေ၊ ပဋိစ္စသမုပ္ပါဒ် အကြောင်း အကျိုးတွေ၊ အဖြစ်အပျက်တွေ၊ အနိစ္စ ဒုက္ခ အနတ္တသဘောတွေကို ကျက်မှတ်ထားတဲ့အတိုင်း ဆင်ခြင်နေခြင်းဖြင့် အဲဒီလို ကိုယ်ပိုင်အသိဉာဏ်ထူး ဖြစ်ပါမည်လား၊ ကျက်မှတ်ထားတဲ့ သိပြီးသားအတိုင်းသာ သိရုံမျှ ရှိမှာပဲ။ ထူးခြားတဲ့ ကိုယ်ပိုင်အသိဉာဏ်ကတော့ ဖြစ်ဖွယ်မရှိကြောင်း ထင်ရှားပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်လေးပါး ပွားတယ်ဆိုတာ တကယ် ဖြစ်ပေါ်နေတဲ့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ အာရုံလေးပါးကို ဖြစ်တိုင်းဖြစ်တိုင်း သိအောင် လိုက်ပြီးရှုနေဖို့သာ လိုတယ်။ သုတမယဉာဏ်ဖြင့် ဆင်ခြင်ဖို့တော့ မလိုဘူး။ ဖြစ်ခိုက်ဖြစ်ခိုက်မှာ စူးစူးစိုက်စိုက် မပြတ်လိုက်ပြီး ရှုနေရင် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ကို ကိုယ်ပိုင်ဉာဏ်ဖြင့် အမှန်အတိုင်း သိနိုင်တယ်။ အဲဒီလို အမှန်အတိုင်း သိတဲ့ ကိုယ်ပိုင်ဉာဏ်ထူး ဖြစ်ဖို့ရာအတွက် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက 'ယထာဘူတံ ဉာဏာယ၊ ဟုတ်တိုင်းမှန်စွာ သိရန်အလို့ငှာ'ဆိုတဲ့ ရည်ရွယ်ချက်ကိုပါ ထည့်သွင်းဟောတော်မူတယ်ဆိုတာကို မြဲမြံစွာ မှတ်ထားကြရမယ်။

http://www.dhammadownload.com

ယခုပြောခဲ့တဲ့အတိုင်း သတိပဋ္ဌာန်လေးပါး ပွားစေဖို့ ကိုက်တွန်းညွှန်ကြားတာကတော့ ရဟန်းသစ်များအတွက်ပါပဲ။ ဘယ်ထိအောင် ပွားစေရမလဲဆိုတော့ သောတာပတ္တိမဂ်ရောက်အောင် ပွားစေရမယ်တဲ့။ သောတာပတ္တိမဂ်ရောက်ရင် သေက္ခဆိုတဲ့ ကျင့်ဆဲ အရိယာပုဂ္ဂိုလ် ဖြစ်သွားပြီ၊ အဲဒီ ကျင့်ဆဲသေက္ခပုဂ္ဂိုလ်တွေ ကျင့်ပုံကိုလည်း မြတ်စွာဘုရားက ဒီလိုဆက်ပြီး ဟောတော်မူပြန်ပါတယ်။

သေက္ခပုဂ္ဂိုလ်များလည်း သတိပဋ္ဌာန်ကို ပွားနေကြတယ်

တေပိ၊ ထိုကျင့်ဆဲပုဂ္ဂိုလ်တို့သည်လည်း။ ကာယဿ ပရိညာယ၊ ရုပ်အပေါင်းကာယကို အနိစ္စစသည်ဖြင့် ပိုင်နိုင်စွာသိ၍ စွန့်ပယ်နိုင်ရန် အလို့ငှာ။ ကာယေ ကာယာနုပဿိနော ပိဟာရန္တိ၊ ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ်ကို ရှုလျက်နေကြကုန်၏စသည်ဖြင့် အရဟတ္တမဂ် အထိ ပဟာနပရိညာဖြင့် ပယ်နိုင်ရန်အတွက် သတိပဋ္ဌာန်လေးပါးကို ပွားနေကြကြောင်း ပြတော်မူပါတယ်။

ကျင့်ဆဲ သေက္ခပုဂ္ဂိုလ်တွေသာ မဟုတ်သေးဘူး၊ ကျင့်ခြင်းကိစ္စ ပြီးစီးပြည့်စုံပြီးဖြစ်တဲ့ အသေက္ခခေါ် ရဟန္တာအရှင်မြတ်တွေလည်း သတိပဋ္ဌာန်လေးပါးကို ပွားစေလျက်ပင် နေကြကြောင်းကို ဒီလိုဆက်ပြီး ဟောတော်မူပြန်ပါတယ်။

ရဟန္တာများလည်း သတိပဋ္ဌာန်ကို ပွားနေကြတယ်

ဘိက္ခဝေ၊ ရဟန်းတို့။ ယေပိ တေ ဘိက္ခူ အရဟန္တော၊ ရဟန္တာဖြစ်ပြီးသော အကြင်ရဟန်းတို့သည်လည်း။ ခီဏာသဝါ၊ ကုန်ပြီးသော

http://www.dhammadownload.com

အာသဝေါ ရှိကုန်၏။ ဝါ အာသဝေါ ကုန်ကာ ကိလေသာကင်းကြပေပြီ။ ပုသိတဝန္တော၊ ကျင့်သုံးခြင်းကိစ္စ ပြီးစီးကြပေပြီ။ ကတကရဏီယာ၊ ပြုဖွယ်ကို ပြုခြင်းကိစ္စ ပြီးကြပေပြီ။ သြဟိတဘာရာ၊ ဝန်ထုပ်သုံးမျိုးကို ချထားပြီးကြပေပြီ။ အနုပ္ပတ္တသဒတ္ထာ၊ အရဟတ္တဖိုလ်ဟူသော မိမိ၏အကျိုးကို ရောက်ပြီး ရပြီးဖြစ်ကြပေပြီ။ ပရိက္ခီဏဘဝသံယောဇနာ၊ ဘဝသံယောဇဉ်ဟူသမျှ လုံးဝကုန်ကြပေပြီ။ သမ္မဒညာ ဝိမုတ္တာ၊ မှန်စွာသိ၍ လွတ်မြောက်ကြပေပြီ။ တေပိ၊ ထိုရဟန္တာ ရဟန်းတို့သည်လည်း။ ကာယေ ကာယာနုပဿိနော ဝိဟရန္တိ၊ ရုပ်အပေါင်းကိုယ်၌ ရုပ်အပေါင်းကိုယ်ကို ရှုလျက် နေကြကုန်၏။ အာတာပိနော၊ ပြင်းစွာကြောင့်ကြပြုကုန်လျက်။ သမ္မဇာနာ၊ မှန်စွာသိကြလျက်။ ဧကောဒိဘူတာ၊ ရှေးစိတ် နောက်စိတ် တည်ငြိမ်ပုံ တစ်မျိုးတည်းရှိကြသည်ဖြစ်၍။ ဝိပ္ပသန္နစိတ္တာ၊ ကြည်လင်သော စိတ်ရှိကြကုန်လျက်။ သမာဟိတာ၊ ကောင်းစွာထားနိုင်ကြသဖြင့်။ ဧကဂ္ဂစိတ္တာ၊ တည်ငြိမ်သောစိတ် ရှိကြလျက်။ ကာယေန ဝိသံယုတ္တာ၊ ရုပ်အပေါင်းကိုယ်နှင့် ယှဉ်တွဲခြင်း မရှိကြဘဲ။ ဝိဟရန္တိ၊ နေကြကုန်၏ စသည်ဖြင့် သတိပဋ္ဌာန်လေးပါး ပွားစေလျက် ရှိနေကြကြောင်း ပြတော်မူပါတယ်။

ဥပါဒါနက္ခန္ဓာ ရှုတာနှင့် သတိပဋ္ဌာန်သာ နိဗ္ဗာန်ရောက်ကြောင်း မှတ်

ဒီသာလသုတ်မှာ ပုထုဇဉ်ရဟန်းသစ်က စပြီး သေက္ခအရိယာပုဂ္ဂိုလ်တွေရော၊ ရဟန္တာပုဂ္ဂိုလ်တွေရော သတိပဋ္ဌာန်လေးပါး ပွားစေလျက် နေကြကြောင်းကို မြတ်စွာဘုရားက ဟောတော်မူပါတယ်။ အဲဒါဟာ သီလဝန္တသုတ်မှာ ပုထုဇဉ်ကစပြီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်တွေရော၊ ရဟန္တာအရှင်မြတ်တွေရော၊ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်

http://www.dhammadownload.com

ကြောင်း ပြဆိုချက်နှင့် သဘောအားဖြင့် တူပါတယ်။ သတိပဋ္ဌာန်ကို ပွားစေတယ်ဆိုတာက သမ္မာသတိနှင့်တကွ အာရမ္မဏိက မဂ္ဂင်ရှစ်ပါး ပွားစေပုံကို ပြတယ်။ ဥပါဒါနက္ခန္ဓာငါးပါး ရှုတယ်ဆိုတာ မဂ္ဂင်ရှစ်ပါး၏ အာရုံကိုပြတယ်။ ဥပါဒါနက္ခန္ဓာကို ရှုတယ်ဆိုရင် သမ္မာသတိစသော မဂ္ဂင်ရှစ်ပါး ဖြစ်ပွားတာပဲ။ သတိပဋ္ဌာန်လေးပါး ပွားစေတယ်ဆိုရင်လည်း ဥပါဒါနက္ခန္ဓာကို ရှုရတာပဲ။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန်လေးပါး၏ အာရုံတွေဟာ မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာပဲ။ 'ဝေဒနာ' ဆိုတာက ဝေဒနာဥပါဒါနက္ခန္ဓာပဲ။ 'စိတ္တ' ဆိုတာက ဝိညာဏ ဥပါဒါနက္ခန္ဓာပဲ။ 'ဓမ္မ' ဆိုတာက သညာ၊ သင်္ခါရ ဥပါဒါနက္ခန္ဓာ ၂ ပါးနှင့်တကွ သာမန်ရုပ်၊ ဝေဒနာ၊ စိတ် သဘောတရားတွေပဲ။ ဒါကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ယခုဘဝတွင် မျက်မှောက်ပြုချင်ရင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုပြီး သမ္မာသတိ အစရှိသည့် မဂ္ဂင်တရားတွေကို ဖြစ်ပွားစေရမည်။ တစ်နည်းအားဖြင့် ပြောရရင် ဥပါဒါနက္ခန္ဓာငါးပါးနှင့် အရတူတဲ့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ အာရုံလေးပါးကို ရှုပြီး သတိပဋ္ဌာန်လေးပါးကို ဖြစ်ပွားစေရမယ်။ ဒီနည်း ၂ ပါးထဲက တစ်ပါးပါးဖြင့် မှန်ကန်စွာရှုပြီး မဂ္ဂင်ရှစ်ပါး ပွားစေမှ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ ဒီ ၂ နည်းမှ တစ်ပါး မဂ်ဖိုလ်ရောက်ကြောင်း အခြားနည်း မရှိဘူးဆိုတာ ကိန်းသေမှတ်ထားကြရမယ်။

ဒီစကားရပ်ထဲမှာ စောဒနာစရာ ရှိပါတယ်။ ဘယ်လိုလဲဆိုတော့ ဗုဒ္ဓါနုဿတိအစရှိတဲ့ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းတွေလည်း ရှိသေးတယ် မဟုတ်ပါလား လို့ စောဒနာစရာ ရှိပါတယ်။ ဗုဒ္ဓါနုဿတိစသော သမထကမ္မဋ္ဌာန်းတွေ ရှိတာကတော့ မှန်ပါတယ်၊ သို့ပေမယ့် အဲဒီသမထ ကမ္မဋ္ဌာန်းတွေက ဝိပဿနာမဂ္ဂင်ပွားစေမှု၏ အခြေခံမျှသာ ဖြစ်ပါတယ်။ ဝိပဿနာ မရှာဘဲ အဲဒီသမထဘာဝနာ သက်သက်မျှဖြင့်

http://www.dhammadownload.com

အရိယာမဂ်ဖိုလ်သို့ မရောက်နိုင်ပါဘူး။ သမထဘာဝနာ၏အစွမ်းဖြင့် နီဝရဏကင်းနေတဲ့အခါ အဲဒီအခိုက်မှာ ထင်ရှားတဲ့ သမထဘာဝနာစိတ်စေတသိက်များကို ဖြစ်စေ၊ အခြားရုပ်နာမ်ကိုဖြစ်စေ ရှုပြီး အနိစ္စစသော အခြင်းအရာဖြင့် မှန်စွာသိပါမှ ဝိပဿနာဉာဏ်အစဉ်ဖြင့် အရိယမဂ်ဖိုလ်သို့ ရောက်နိုင်ပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်ပွားစေတဲ့နည်း၊ ဥပါဒါနက္ခန္ဓာ ရှုတဲ့နည်းများမှတစ်ပါး မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း အခြားနည်းမရှိဘူးလို့ ပြောခဲ့တာပဲ။

ယခု ပြောခဲ့တာတွေဟာ ရဟန္တာပုဂ္ဂိုလ်မှာ သတိပဋ္ဌာန်လေးပါးကို အပြည့်အစုံပွားစေပြီး ဖြစ်တယ်ဆိုတဲ့ ရဟန္တာခွန်အားကို ပြောလာခဲ့တာတွေပဲ။ ရဟန္တာမှာ သတိပဋ္ဌာန်လေးပါးကို လိုလေသေးမရှိ ပွားစေပြီး ဖြစ်တယ်ဆိုတော့ သတိပဋ္ဌာန်လေးပါးကို အလိုရှိတိုင်း ပွားစေနိုင်တယ်၊ အမှတ်တမဲ့ ပြုမိတဲ့ ကိုယ်အမူအရာ မရှိဘူး၊ ဒါကြောင့် ရဟန္တာများမှာ အကြောင်းမဲ့ လက်ဆော့ခြင်းဆိုတဲ့ ဟတ္ထကုက္ကုစ္စ၊ ပါဒကုက္ကုစ္စတွေ ကင်းနေတာပဲ။ နောက်ပြီးတော့ အမှတ်တမဲ့ ပြောမှားမိတာလည်း မရှိဘူး။ မရှုနိုင် မသိနိုင်တဲ့ စိတ်တွေ သဘောတရားတွေ ဆိုတာလည်း မရှိဘူး။ ဒုက္ခဝေဒနာကို မရှုနိုင်လို့ ညည်းညူခြင်း၊ လှုပ်ရှားခြင်းလည်း ရဟန္တာမှာ မရှိဘူးလို့ သိရပါတယ်။ အဲဒီလို သတိပဋ္ဌာန် လေးပါးလုံးမှာ နိုင်နင်းပြည့်စုံနေတဲ့အတွက် အဲဒီခွန်အားကို အကြောင်းပြုပြီးတော့လည်း ရဟန္တာပုဂ္ဂိုလ်က ငါ့မှာ အာသဝေါကုန်ပြီလို့ အာသဝေါကိလေသာကုန်ကြောင်း ဝန်ခံပါသတဲ့။

အပိုင်းအရအားဖြင့် သတ္တမပိုင်း၊ နေ့ရက်အရအားဖြင့် ဝါခေါင်လဆုတ် ၈ ရက်နဲ့ တော်သလင်းလပြည့်နေ့များမှာ အနာဂါမ်က ရဟန္တာဖြစ်အောင် ဥပါဒါနက္ခန္ဓာငါးပါး ရှုလျက် အားထုတ်ပုံလည်း ဟောခဲ့ပြီ။ ရဟန္တာဖြစ်ပြီးတော့ ပစ္စဝေက္ခဏာ ဆင်ခြင်ပုံလည်း ဟောခဲ့ပြီ။ အဲဒီကနောက် ရဟန္တာခွန်အား ၁၀ ပါးကို ဟောလာခဲ့ရာမှာ

http://www.dhammadownload.com

ခွန်အား ၄ ပါးတော့ ပြီးသွားပြီ။ အဲဒီမှာ စတုတ္ထခွန်အားအရ သတိပဋ္ဌာန်လေးပါးကို ရဟန္တာများလည်း ပွားများနေပုံနှင့် သီလဝန္တသုတ်မှာ ရဟန္တာများလည်း ဥပါဒါနက္ခန္ဓာငါးပါးကို ရှုအပ်ကြောင်း ပြဆိုချက်ကို နှိုးနှောပြီး မှတ်သားဖို့ရာ ယခု သီလဝန္တသုတ်မှ နောက်ဆုံးပိုင်း အမေးအဖြေကို အကျဉ်းချုပ် ဆက်ပြီးဟောရမယ်။

ရဟန္တာ ဘာကိုရှုရသလဲ

အရဟတာ ပနာဝုသော သာရိပုတ္တ ကတမေ ဓမ္မာ ယောနိသော မနသိ ကာတဗ္ဗာ။

အာဝုသော သာရိပုတ္တ၊ ငါ့ရှင် သာရိပုတ္တရာ။ အရဟတာ ပန၊ ရဟန္တာပုဂ္ဂိုလ်သည်ကား။ ကတမေ ဓမ္မာ၊ အဘယ်တရားတို့ကို။ ယောနိသော၊ သင့်သောအကြောင်းအားဖြင့်။ ဝါ နည်းမှန်လမ်းမှန်အားဖြင့်။ မနသိ ကာတဗ္ဗာ၊ နှလုံးသွင်းအပ် ရှုအပ်ပါကုန်သနည်း တဲ့။

အဲဒီလို အရှင်မဟာကောဋ္ဌိက မထေရ်က မေးပါတယ်။ မေးသင့်မေးထိုက်တာတွေကို အကုန်မေးတာပဲ။ ဒီသုတ်မှာ ဝိပဿနာရှုပုံနှင့် စပ်ပြီး အကုန်လုံးပြည့်စုံနေတာပဲ။ အဲဒီ အမေးကို အရှင်သာရိပုတ္တရာ မထေရ်မြတ်က ဒီလိုဖြေကြားတော်မူပါတယ်။

အရဟတာပိ ခေါ အာဝုသော ကောဋ္ဌိက ဣမေ ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စတော၊ ဒုက္ခတော၊ ပ၊ အနတ္တတော ယောနိသော မနသိ ကာတဗ္ဗာ တဲ့။

အာဝုသော ကောဋ္ဌိက၊ ငါ့ရှင် ကောဋ္ဌိက။ အရဟတာပိ၊ ရဟန္တာပုဂ္ဂိုလ်သည်လည်း။ ဣမေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဤငါးပါးသော ဥပါဒါနက္ခန္ဓာတို့ကို။ အနိစ္စတော၊ မမြဲဟု။ ဒုက္ခတော၊ ဆင်းရဲဟု၊ ပ၊ အနတ္တတော၊ အနတ္တဟု။ ယောနိသော၊ နည်းမှန်လမ်းမှန်အားဖြင့်။

http://www.dhammadownload.com

မနသိ ကာတဗ္ဗာ၊ နလုံးသွင်းအပ် ရှုအပ်ကုန်၏ တဲ့။ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရှုပုံတွေနဲ့ အတူတူပါပဲ။ အဲဒီအမေးအဖြေ ၂ ရပ်ကို ဆောင်ပုဒ်စီထားတယ်။

(၁) ရဟန္တာကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) ရဟန္တာလည်း၊ ခန္ဓာပဲ၊ ရှုမြဲနည်းတူသည်။

ရဟန္တာပုဂ္ဂိုလ်ကလည်း ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များလိုပင် ဥပါဒါနက္ခန္ဓာငါးပါးကို အနိစ္စ အစရှိသော ၁၁ ပါးသော အခြင်းအရာတို့ဖြင့် နည်းတူပင် ရှုနေပါတယ်တဲ့။ အဲဒီတော့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုတာဟာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတို့ကို ရှုပုံနှင့် တစ်ထပ်တည်းတူနေပါတယ်။ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတာလည်း တရားကိုယ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးနှင့် အတူတူပါပဲ။ အမည်မျှသာ ကွဲပါတယ်။ အဲဒီ ကာယစသည်ကို ရှုတဲ့ သတိပဋ္ဌာန်လေးပါးဆိုတာလည်း ကျန်တဲ့ သမာဓိ၊ ပညာမဂ္ဂင်တို့နှင့် တစ်ပေါင်းတည်း ဖြစ်ကြတဲ့အတွက် မဂ္ဂင်ငါးပါးပဲ။ သီလမဂ္ဂင်ပါ ပေါင်းယူရင် မဂ္ဂင်ရှစ်ပါးပဲ။ ဒါကြောင့် ကာယစသည်ကို ရှုတဲ့ သတိပဋ္ဌာန်ဆိုတာနဲ့ ဥပါဒါနက္ခန္ဓာကို ရှုတယ်ဆိုတာ အရအားဖြင့်လည်း အတူတူပဲ။ ပုထုဇဉ်အဖြစ်မှ ရဟန္တာဖြစ်ပြီးသည်တိုင်အောင် ရှုပွားအပ်တဲ့ တရားချည်းဖြစ်တဲ့အတွက် ပုဂ္ဂိုလ်အနေအားဖြင့်လည်း ထပ်တူပင်ဖြစ်နေပါတယ်။ အဲဒီအချက်ကို အထူးသတိပြုပြီး မှတ်ထားရမယ်။

ရဟန္တာပုဂ္ဂိုလ်လည်း ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်များလိုပင် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုရတာပါပဲတဲ့။ ဒါဖြင့် ရဟန္တာဟာ အဲဒီလိုရှုနေတော့ ဘယ်လိုအကျိုးအာနိသင်ကို ရပါသလဲ။ ပစ္စေကဗုဒ္ဓါ ဖြစ်သွားနိုင်ပါသလား၊ သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်သွားနိုင်ပါသလားလို့ ဆိုတော့ အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ ထေရဝါဒ ဗုဒ္ဓသာသနာတော်မှာ ရဟန္တာဟာ အမြင့်မြတ်ဆုံးပဲ။ ရဟန္တာ

http://www.dhammadownload.com

ဖြစ်ရင် အာယဝေါ ကိလေသာခပ်သိမ်း အကုန်ငြိမ်းပြီးတော့ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်လည်း ရောက်တော့တာပါပဲ။ ပစ္စေကဗုဒ္ဓါဆိုတာက တော့ ဆတောင်းပါရမီရှိတဲ့ **ပုဂ္ဂိုလ်တွေဟာ** သာသနာပကာလမှာ ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် နလုံးသွင်းပြီး (**ပစ္စေကဗုဒ္ဓါ**) ဖြစ်ကြပါတယ်။

သမ္မာသမ္ဗုဒ္ဓဘုရားဆိုတာကတော့ **တစ်ဆူတစ်ဆူ** ပွင့်ထွန်းဖို့ရာ အလွန်ခဲယဉ်းပါတယ်။ ကမ္ဘာပေါင်း သိန်းသန်းကုဋေ အသင်္ချေတိုင် အောင် ဘုရားမပွင့်တဲ့ သုညကမ္ဘာတွေဆိုတာလည်း ရှိတတ်ပါတယ်။ ပွင့်ပြန်တော့လည်း တစ်ကမ္ဘာမှာ တစ်ဆူမျှ ပွင့်တာလည်း ရှိတယ်၊ ၂ ဆူ၊ ၃ ဆူ၊ ၄ ဆူမျှ ပွင့်တာလည်း ရှိတယ်၊ အများဆုံးအားဖြင့် ယခုကမ္ဘာမှာလို ၅ ဆူ ပွင့်တာလည်း ရှိတယ်။ ဒါလောက်ပါပဲ။ အဲဒီ သမ္မာသမ္ဗုဒ္ဓဘုရားများနှင့် ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကတော့ သူတစ်ပါး၏ နည်းနိဿယကို မခံယူဘဲ ကိုယ်ပိုင်ဉာဏ်ဖြင့် နလုံးသွင်းအားထုတ်ပြီးတော့ ပွင့်တော်မူ ဖြစ်တော်မူကြတာပဲ။ ဒါပေမဲ့ ကိလေသာကင်းငြိမ်းပြီးတော့ ဆင်းရဲငြိမ်းရာ ရောက်ပုံချင်းကတော့ ရဟန္တာများနှင့် အတူတူပါပဲ။ ဘုရား၊ ပစ္စေကဗုဒ္ဓါတို့၏ နောက်ဆုံးစံဝင်ရတဲ့ ပရိနိဗ္ဗာန်နဲ့ ရဟန္တာပုဂ္ဂိုလ်တို့၏ စံဝင်ရတဲ့ ပရိနိဗ္ဗာန်ဟာ အတူတူပါပဲ။ ဒါက ထေရဝါဒ ပိဋကတရားတော်မူမှန်အရပါပဲ။

မဟာယာနဝါဒအရကတော့ ရဟန္တာဖြစ်ရုံနဲ့လည်း ကိစ္စမပြီးသေးဘူးတဲ့။ ပစ္စေကဗုဒ္ဓါဖြစ်ရုံနဲ့လည်း ကိစ္စမပြီးသေးဘူးတဲ့။ ဘုရားဆတောင်းပြီး ဘုရား**အလောင်း အကျင့်**တွေကို ကျင့်ရဦးမယ်တဲ့။ အဲဒီလိုကျင့်ပြီးတော့ ဘုရား**ဖြစ်မယ်**၊ ဘုရား**ဖြစ်ပြီး**တော့လည်း နိဗ္ဗာန်ကို မဝင်ရသေးဘူးတဲ့။ သတ္တဝါတွေ ရှိရှိသမျှအကုန်လုံး ဘုရားဖြစ်ကြပြီးမှ နိဗ္ဗာန်ကို တစ်ပေါင်းတည်း ပြိုင်တူဝင်ကြရမှာတဲ့။ အဲဒါဟာ မဟာယာန ဗုဒ္ဓဘာသာတရားအရ ဝါဒပဲ။ အဲဒါကို ဘုန်းကြီးက စဉ်းစားကြည့်

http://www.dhammadownload.com

တယ်၊ တချို့သတ္တဝါတွေက ယခုနေအခါ ဘာမျှမသိတတ်တဲ့ ပိုးမွှားကလေးများဘဝမှာ ရှိနေကြတယ်၊ အဲဒီလိုသတ္တဝါတွေပါ အကုန်ဘုရားဖြစ်မှ နိဗ္ဗာန်ဝင်ရမယ်ဆိုတော့ အလွန်တာဝန်လေးတာ ခက်ခဲတာပဲ။ စောစောက ဖြစ်ပြီးဘုရားရှင်တွေ နိဗ္ဗာန်မဝင်ရသေးဘဲ ဘယ်လို အခြေအနေနဲ့ ဘယ်လိုများ စောင့်ဆိုင်းနေရမှာပါလိမ့်မလဲလို့ စဉ်းစားကြည့်မိပါတယ်။ ယုံကြည်ဖွယ် အသင့်ယုတ္တိရှာလို့ မရပါဘူး။ အဲဒီ မဟာယာန ဝါဒတွေကတော့ ဘုရားပရိနိဗ္ဗာန် စံတော်မူပြီးတဲ့နောက် နှစ်ပေါင်းသုံးလေးရာလောက်ကစပြီး ဖြစ်ပေါ်လာတဲ့ ဝါဒသစ်၊ တရားသစ်တွေဖြစ်တယ်လို့ စူးစမ်းဆင်ခြင်တဲ့ ပညာရှိများက ယူဆ ဆုံးဖြတ်ကြပါတယ်။ ဘာကြောင့်လဲဆိုတော့ သာသနာနှစ် ၂၃၀ ကျော် တတိယသင်္ဂါယနာခေတ်က အဲဒီလိုဝါဒ မရှိခဲ့သေးကြောင်း ခိုင်လုံတဲ့ အထောက်အထားများ ရှိနေတဲ့အတွက်ကြောင့်ပါပဲ။

အမှန်စင်စစ်တော့ ပရိနိဗ္ဗာန်စံဝင်တယ်ဆိုတာ အရဟတ္တမဂ်ဉာဏ်၏အစွမ်းကြောင့် ကိလေသာတွေ၊ ကံတွေ ချုပ်ငြိမ်းသွားတဲ့အတွက် ဘဝသစ် ရုပ်နာမ်ခန္ဓာဆင်းရဲတွေ မဖြစ်ပေါ်လာဘဲ ငြိမ်းခြင်းသဘောမျှပါပဲ။ အဲဒီချုပ်ငြိမ်းခြင်းသဘောသို့ ဘုရား၊ ပစ္စေကဗုဒ္ဓါများ ဝင်ရောက်ကြရသလိုပင် ရဟန္တာအရှင်မြတ်တွေလည်း ဝင်ရောက်ကြရတာပါပဲ။ ဘယ်သူ့ကိုမျှ ငဲ့ပြီး ငံ့လင့်နေဖို့ မရှိဘူး။ ဒါကြောင့် ရဟန္တာဖြစ်တယ်ဆိုရင် ပြုသင့်တဲ့ကိစ္စအားလုံး ပြီးဆုံးတော့တာပါပဲ။ အဲဒီလို ကိစ္စအားလုံး ပြီးဆုံးသွားတဲ့အတွက် အသစ်ထပ်ပြီး အားထုတ်ဖို့လည်း မရှိတော့ပါဘူး။ ဒါပေမဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ရှုတဲ့ ဝိပဿနာ၏အကျိုးအာနိသင်ကတော့ ရှိပါတယ်။ အဲဒီအကြောင်းအရာများကို အရှင်သာရိပုတ္တရာမထေရ်မြတ်က ဒီလိုမိန့်ကြားတော်မူပါတယ်။

http://www.dhammadownload.com

ရဟန္တာ ဝိပဿနာရှုခြင်း၏အကျိုး

နတ္ထိ ခါဝုသော အရဟတော ဥတ္တရိ ကရဏီယံ၊

ကတဿ ဝါ ပတိစယော၊ အပိ စ ဣမေ ဓမ္မာ ဘာဝိတာ ဗဟုလီကတာ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ သတိ သမ္ပဇညာယ စ တဲ့။

အာဝုသော၊ ငါရှင် ကောဋ္ဌိက။ အရဟာတော၊ ရဟန္တာပုဂ္ဂိုလ်မှာ။ ဥတ္တရိ ကရဏီယံ၊ ထို့ထက် အလွန်ပြုကျင့်ဖွယ်သည်။ ဝါ တစ်ဆင့် တိုးတက်၍ ပြုကျင့်ဖွယ်သည်။ နတ္ထိခေါ၊ မရှိတော့သည်သာတည်း။ ကတဿ ဝါ ပတိစယော၊ ပြုကျင့်ပြီးတရားကို တစ်ဖန်ပွားစေခြင်းသည်လည်း။ နတ္ထိ ခေါ၊ မရှိတော့သည်သာတည်း တဲ့။

ရဟန္တာမှာ အရဟတ္တမဂ်ထက် တိုးတက်ပြီး ကျင့်စရာမရှိတော့ဘူး။ အကျင့်ဆုံးနေပြီလို့ ဆိုလိုပါတယ်။ နောက်ပြီးတော့ ကျင့်ပြီးဖြစ်တဲ့ အရဟတ္တမဂ် သီလ၊ သမာဓိ၊ ပညာကိုလည်း ကြိုးပွားထူးခြား မြင့်မြတ်အောင် ကျင့်ဖို့လည်း မရှိပါဘူးတဲ့။ ဒါဖြင့် ဥပါဒါနက္ခန္ဓာငါးပါးကို ရှုခြင်းဟာ အကျိုးမရှိတော့ဘူးလား၊ အကျိုးမရှိရင် ရှုနေဖို့ မလိုဘူး မဟုတ်ပါလားလို့ မေးစရာရှိတဲ့အတွက် အဲဒီအကျိုးကို ဒီလိုဆက်ပြီး ဖော်ပြတော်မူပါတယ်။

အပိစ၊ စင်စစ်သော်ကား။ ဝါ ထိုသို့တိုးတက်အောင်၊ ပွားများအောင် ပြုကျင့်ဖွယ် မရှိငြားသော်လည်း။ ဣမေ ဓမ္မာ၊ ဥပါဒါနက္ခန္ဓာတို့ကို ရှုမှုဟူသော ဤဝိပဿနာမဂ္ဂင်တရားတို့သည်။ ဘာဝိတာ၊ မိမိသန္တာန်၌ ဖြစ်စေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ ပြုအပ် ပွားစေအပ်ကုန်သည်ရှိသော်။ ဒိဋ္ဌဓမ္မသုခဝိဟာရာယ စေဝ သံဝတ္တန္တိ၊ မျက်မှောက် အတ္တဘော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းဟူသော အကျိုးအာနိသင်အလို့ငှာလည်း ဖြစ်ပါကုန်၏။ ဝါ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေရခြင်းအကျိုးလည်း ရှိပါကုန်၏။

http://www.dhammadownload.com

သတိသမ္မဇညာယ စ၊ အမှတ်ရလျက်ရှိသော သတိသမ္မဇဉ်အမြဲယှဉ်ရန် အလို့ငှာလည်း ဖြစ်ပါကုန်၏။ ဝါ အမှတ်ရလျက် မပြတ်သိနေခြင်း အကျိုးလည်း ရှိပါကုန်၏တဲ့။

ဝိပဿနာရှု၍ မျက်မှောက်၌ ချမ်းသာပုံ

ရဟန္တာပုဂ္ဂိုလ်မှာ မြင်မှု၊ ကြားမှုအစရှိတဲ့ ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး အနိစ္စအစရှိသော အခြင်းအရာတို့ဖြင့် အမှန်အတိုင်း သိသိနေတဲ့ ဝိပဿနာမဂ္ဂင်တရားတွေဟာ ပွားများနေလို့ရှိရင် မျက်မှောက်ကိုယ်မှာ ချမ်းသာစွာနေရခြင်းဆိုတဲ့ အကျိုးကိုလည်း ရစေပါတယ်။ သတိသမ္မဇဉ် အမြဲယှဉ်ခြင်းအကျိုးကိုလည်း ရစေပါတယ်တဲ့။ ရှုမှတ်နေတဲ့အတွက် မျက်မှောက်ဘဝ မျက်မှောက်ကိုယ်မှာ ဘယ်လိုချမ်းသာစွာနေရသလဲဆိုတော့ ရဟန္တာမှာ စိတ်ဆင်းရဲဆိုတဲ့ ဒေါမနဿကတော့ အနာဂါမိမဂ်ဖြင့်ပင် ကင်းငြိမ်းခဲ့ပြီး ဖြစ်နေပါတယ်။ ဒါကြောင့် မကောင်းတဲ့အာရုံဆိုးတွေကို မြင်ရ၊ ကြားရ၊ နံရ၊ တွေ့ထိရသော်လည်း စိတ်မချမ်းသာခြင်း၊ စိတ်ဆင်းရဲခြင်းကတော့ မဖြစ်နိုင်ပါဘူး။ သူ့အလိုလိုပင် ကင်းငြိမ်းနေပါတယ်။ မကောင်းတဲ့ သဘောအာရုံတွေကိုတော့ စိတ်ကူးကြံစည်မိစရာတောင် မရှိပါဘူး။ မကောင်းတာတွေကို စဉ်းစားရတယ်ဆိုတာကလည်း သတိသမ္မဇဉ် အမြဲယှဉ်နေတဲ့အတွက် ဖြစ်ဖွယ်မရှိပါဘူး။ ဒါပေမဲ့ မရှုမမှတ်ဘဲ နေတာထက် ရှုမှတ်နေရတာက ပိုပြီးချမ်းသာပါတယ်။ ဘယ်လိုလဲဆိုရင် စာကြည့်ဝါသနာပါနေတဲ့ပုဂ္ဂိုလ်ဟာ စာမကြည့်ဘဲနေတာထက် စာကြည့်နေရတာက ပိုပြီး စိတ်ချမ်းသာသလိုလည်း မှတ်ယူသင့်ပါတယ်။ မတတ်မသိတဲ့ပုဂ္ဂိုလ်၊ တတ်သိသော်လည်း ဝါသနာမပါတဲ့ပုဂ္ဂိုလ်တွေမှာ စာကြည့်ရမှာ ပျင်းတယ်။ ဝါသနာပါတဲ့ပုဂ္ဂိုလ်ကတော့ စာကြည့်ရတာက ပျော်စရာဖြစ်နေတယ်။

အဲဒါလိုပါပဲ၊ သာမန်ပုဂ္ဂိုလ်တွေ အနေအားဖြင့် မြင်တိုင်း၊

http://www.dhammadownload.com

ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း မပြတ်ရှုမှတ်နေရတာကို 'ပျင်းစရာပဲ၊ ပင်ပန်းတယ်' လို့ ထင်တတ်ကြတယ်။ ရဟန္တာမှာတော့ အလွန်နိုင်နင်း ကျေပွန်နေတဲ့ အလုပ်ဖြစ်တဲ့အတွက် ရှုမှတ်ရတာက ပျော်မွေ့စရာ ဖြစ်နေတယ်။ ချမ်းသာနေတယ်လို့ ဒီလိုလည်း ယူဆနိုင်ပါတယ်။ အဲဒီလို ဖြစ်ပုံကို ယခုယောဂီတွေဟာ အိမ်မှာနေတာထက် ကမ္မဋ္ဌာန်း ကျောင်းမှာ ရှုမှတ်နေရတာက ပိုပြီး ချမ်းသာတာနဲ့လည်း နှိုင်းယှဉ် ကြည့်နိုင်ပါတယ်။

အထူးအားဖြင့်ဆိုရင်တော့ ရဟန္တာမှာလည်း အကြောင်းအားလျော်စွာ ကိုယ်ထဲ၌ နာကျင်ကိုက်ခဲမှုစသော ကိုယ်ဆင်းရဲကတော့ ဖြစ်နိုင်တာပဲ။ မပြတ်ရှုမှတ်နေရင်တော့ အတော်အတန် အခံခက်တဲ့ ကိုယ်ဆင်းရဲတွေဟာ လုံးဝမဖြစ်လာဘဲ ကင်းငြိမ်းနေနိုင်ပါတယ်။ ဝိပဿနာ အားကောင်းရင် ကြီးမားတဲ့ ကိုယ်ဆင်းရဲလည်း ကင်းငြိမ်းနိုင်ပါတယ်။ အဲဒီလို ကင်းငြိမ်းပုံကို ယခုယောဂီတို့၏ကိုယ်တွေ့ဖြင့်လည်း ထင်ရှားသိနိုင်ပါတယ်။ ချောင်းဆိုးတို့၊ ယားနာတို့ရှိနေတဲ့ ယောဂီမှာ သန်ဂါရုပေက္ခာဉာဏ် ကောင်းကောင်းဖြစ်နေတဲ့အခါ အဲဒီအမှတ်ကောင်းနေတဲ့အတွင်း အဲဒီလို ဒုက္ခဝေဒနာတွေ လုံးဝမပေါ်လာဘဲ ငြိမ်းနေတာကို တွေ့ရတယ်၊ တစ်နာရီ နှစ်နာရီစသည်ဖြင့် အမှတ်ကောင်းနေတဲ့အခါ အဲဒီအမှတ်ကောင်းနေတဲ့အတွင်း အဲဒီလို ဒုက္ခဝေဒနာတွေ လုံးဝမပေါ်လာဘဲ ငြိမ်းနေတာကို တွေ့ရတယ်။ တချို့မှာဆိုရင် အကြီးအကျယ် ရောဂါတောင် ပျောက်ကင်းသွားတာကို တွေ့ရပါသေးတယ်။

အဲဒီလို ဖြစ်ပုံကို အရှင်မဟာကဿပ စသည်တို့မှာ ဗောဇ္ဈင်တရားနာပြီး ရောဂါပျောက်ပုံနှင့်လည်း နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ မြတ်စွာဘုရားဟာ ပရိနိဗ္ဗာန်စံခါနီး နောက်ဆုံးဝါကို ဝေဠုဝန်ရွာ၌ ကပ်တော်မူပါတယ်။ အဲဒီဝါတွင်းမှာ ပရိနိဗ္ဗာန်စံလောက်အောင် ပြင်းထန်တဲ့ရောဂါ ကပ်ရောက်ပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက ဝိ

http://www.dhammadownload.com

ပဿနာကို အကျယ်အားဖြင့် တင်းတင်းရင်းရင်း ရှုတော်မူပြီး အဲဒီ ရောဂါကို ပျောက်ကင်းစေပါတယ်။ အဲဒီလို ရောဂါပျောက်ကင်းစေနိုင် တဲ့အတွက်လည်း ဝိပဿနာရှုနေခြင်းဖြင့် ရဟန္တာမှာ မျက်မှောက်ကိုယ် ၌ ချမ်းသာစွာ နေရခြင်း ဒိဋ္ဌဓမ္မသုခဝိဟာရ အကျိုးအာနိသင်ကိုလည်း ရပါတယ်။

သတိသမ္ဗောဇ္ဈင် မပြတ်ယှဉ်နေလျှင် အလိုရှိတိုင်း ဖိုလ်ဝင်စားနိုင်သည်

နောက်ပြီးတော့ ဝိပဿနာကို မပြတ်ရှုမှတ်ပြီး ပွားစေတဲ့ အတွက် သတိသမ္ဗောဇ္ဈင် အမြဲယှဉ်နေပါတယ်။ အဲဒီလို သတိသမ္ဗောဇ္ဈင် အမြဲယှဉ်နေတဲ့အတွက် ဘယ်အချိန်မဆို အရဟတ္တဖလသမာပတ်ကို ဝင်စားနိုင်ပါတယ်။ အဲဒီအကြောင်းကို ဥပရိပဏ္ဏာသ အဋ္ဌကထာ ၄၆ မှာ ဒီလိုပြထားပါတယ်။

ခီဏာသဝါ၊ ရဟန္တာတို့သည်။ သတတဝိဟာရီ၊ သမထ ဝိပဿနာဖြင့် မပြတ်နေလေ့ရှိသော ပုဂ္ဂိုလ်က တစ်ပါး။ နော သတတ ဝိဟာရီ စ၊ မပြတ်နေလေ့မရှိသော ပုဂ္ဂိုလ်က တစ်ပါး။ ဣတိ ဒွေ၊ ဤသို့ ၂ မျိုးရှိကြပါသည်။ တတ္ထ၊ ထို ၂ မျိုးတို့တွင်။ သတတ ဝိဟာရီ၊ ဘာဝနာဖြင့် မပြတ်နေလေ့ရှိသော ရဟန္တာသည်။ ယံကိဉ္စိ ကမ္မံ ကတွာပိ၊ အမှုကိစ္စတစ်စုံတစ်ခုကို ပြုပြီး၍သော်လည်း။ ဖလ သမာပတ္တိ သမာပဇ္ဇိတုံ သက္ကောတိ၊ ဖလသမာပတ်ကို ဝင်စားနိုင်ပေ၏။ နော သတတဝိဟာရီ ပန၊ ဘာဝနာဖြင့် မပြတ်နေလေ့မရှိသော ရဟန္တာ သည်ကား။ အပ္ပမတ္တကေပိ ကိစ္စေ၊ ကိစ္စအသေးအငယ်မျှသော်လည်း။ ကိစ္စပ္ပသုတော ဟုတွာ၊ ကြောင့်ကြစိုက်ထုတ်ပြီးလတ်သော်။ ဖလ သမာပတ္တိ အပ္ပေတုံ နု သက္ကော တိ၊ ဖလသမာပတ်သို့ ဝင်ရောက်ရန် မစွမ်းနိုင်တော့ချေ တဲ့။

http://www.dhammadownload.com

အမြဲမပြတ် ရှုမှတ်နေတဲ့ ရဟန္တာက ကိစ္စကြီးငယ် တစ်စုံတစ်ခုကို ကြောင့်ကြစိုက်၍ ပြုလုပ်ပြီးတဲ့အခါပေမဲ့ ဖလသမာပတ်ကို ဝင်စားနိုင်တယ်။ အမြဲမပြတ် ရှုမှတ်ခြင်းမရှိတဲ့ ရဟန္တာကတော့ ကိစ္စ အသေးအဖွဲကလေးကို ကြောင့်ကြစိုက်၍ ပြုရလျှင်ပင် ဖလသမာပတ်ကို မဝင်စားနိုင်ဘဲ ရှိတတ်ပါတယ်တဲ့။ အဲဒီလို ဖြစ်တတ်ပုံကို အဲဒီအဋ္ဌကထာမှာပဲ ဒီလိုပြဆိုထားပါတယ်။

တပည့်သာမဏေတစ်ပါးနှင့် ဆရာမထေရ်ကြီးတစ်ပါး တောကျောင်းမှာ နေကြရာတွင် မထေရ်ကြီးသာ နေရာရပြီး သာမဏေမှာ နေရာမရဘဲ ရှိပါသတဲ့။ မထေရ်ကြီးမှာ တပည့်နေရာမရတာကို ကြဲစည်နေတဲ့အတွက် အဲဒီဝါတွင်းမှာ တစ်ရက်မျှ ဖလသမာပတ်ကို မဝင်စားနိုင်ဘူးတဲ့။ သာမဏေကတော့ တစ်ဝါတွင်းလုံး ဖလသမာပတ် ဝင်စားလျက် ပျော်မွေ့ခြင်းဖြင့် အချိန်ကို ကုန်စေသတဲ့။ ဝါကျွတ်တဲ့အခါကျတော့ သာမဏေက 'တောကျောင်းမှာ နေရတာဟာ သင့်လျော်ပါရဲ့လား ဘုရား' လို့ မေးလျှောက်တယ်။ မထေရ်ကြီးက 'ငါ့မှာတော့ မသင့်လျော်ဘူး' လို့ မိန့်ဆိုပါသတဲ့။ ဒီဝတ္ထုမှာ တပည့်သာမဏေက သတိသမ္ဗဇ္ဈင် အမြဲယှဉ်နေတဲ့ (သတတဝိဟာရီ) ရဟန္တာပဲ။ ဒါကြောင့် နေရာမရပေမဲ့ ဖလသမာပတ်ကို အလိုရှိတိုင်း ဝင်စားနိုင်ပေတယ်။ ဆရာမထေရ်ကြီးကတော့ သတိသမ္ဗဇ္ဈင် အမြဲမယှဉ်တဲ့ (နောသတတဝိဟာရီ) ရဟန္တာပဲ။ ဒါကြောင့် တပည့်၏နေရာမရတာကို အကြောင်းပြုပြီး ကြောင့်ကြစိုက် ကြဲစည်နေတာနဲ့ ဖလသမာပတ်ကို မဝင်စားနိုင်ဘဲ ရှိပါတယ်တဲ့။

ယခုပြောခဲ့တဲ့ သီလဝန္တသုတ်ပါဠိအရ ရဟန္တာ၏ ရှုမှတ်ခြင်းအကျိုးများကို ဒီလိုဆောင်ပုဒ်စီထားပါတယ်။

(၁) ရဟန္တာကား၊ ဘယ်တရား၊ ရှုပွားအပ်သနည်း။

(၂) ရဟန္တာလည်း၊ ခန္ဓာပဲ၊ အမြဲနည်းတူသည်။

http://www.dhammadownload.com

(၃) သို့ရှုသော်ငြား၊ သစ် ဟောင်းကား၊ တိုး ပွား မရှိပြီ။

ရဟန္တာမှာ ဥပါဒါနက္ခန္ဓာတွေကို အနိစ္စစသည်ဖြင့် ရှုသိနေသော်လည်း ရပြီးဖြစ်တဲ့ အရဟတ္တမဂ်ဖိုလ်ထက် ထူးကဲလွန်မြတ်တဲ့ တရား သစ်လည်း မတိုးပါဘူး။ ရပြီးတရားဟောင်း၏ ပွားခြင်း ကျယ်ပြန့်ခြင်းလည်း မရှိပါဘူးတဲ့။ ဆောင်ပုဒ်ထဲမှာ 'သစ်' ဆိုတာနဲ့ 'တိုး' ဆိုတာကို ဆက်စပ်ပြီး ယူရမယ်။ တရားသစ် တိုးခြင်း မရှိဘူးလို့ ယူဖို့ပါပဲ။ နောက်ပြီးတော့ 'ဟောင်း' ဆိုတာနဲ့ 'ပွား' ဆိုတာကိုလည်း ဆက်စပ်ပြီးတော့ 'တရားဟောင်း ပွားခြင်းလည်း မရှိဘူး' လို့ ယူရမယ်။ နောက်တစ်ပုဒ်ကို ဆိုကြရမယ်။

(၄) သတိသမ္ဗဇ္ဈင်၊ ရှုတိုင်းယှဉ်၊ မျက်မြင်ချမ်းသာသည်။

မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာတွေကို မပြတ်ရှုသိနေတဲ့အတွက် ရဟန္တာမှာ သတိသမ္ဗဇ္ဈင် အမြဲယှဉ်ခြင်းဆိုတဲ့ အကျိုးနဲ့ မျက်မြင်ဘဝမှာ ချမ်းသာစွာနေရခြင်း အကျိုးများကို ရတယ်လို့ ဆိုလိုပါတယ်။ မြန်မာလက်သွားအရ ကာရန်ကိုက်အောင် အကျိုး ၂ ပါးကို ရှေ့နောက်ပြန်ဖြိုး စီထားရပါတယ်။

သီလဝန္တသုတ်က အနက်အဓိပ္ပာယ်တွေတော့ စုံသလောက် ရှိသွားပါပြီ။ ယခု ရဟန္တာခွန်အား ၁၀ ပါးထဲက မပြောရသေးတဲ့ ခွန်အားများကို ဆက်ဟောရမယ်။

(၅) ရဟန္တာ၏ ပဉ္စမခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါးသော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်းသည်။ စတ္တာရော သမ္မပ္ပဓာနာ၊ လေးပါးသော သမ္မပ္ပဓာန်တို့ကို။ ဘာဝိတာ၊ မိမိသန္တာန်၌ ပွားစေအပ်ကုန်ပြီးသည်။ သုဘာဝိတာ၊ လိုလေသေးမရှိ

http://www.dhammadownload.com

အပြည့်အစုံကောင်းစွာ ပွားစေအပ်ကုန်ပြီးသည်။ ဟောန္တို၊ ဖြစ်ကြပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဒမ်ပို၊ ဤသမ္မပ္ပဓာန်လေးပါးကို ကောင်းစွာပွားစေအပ်ပြီး ဖြစ်ခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခု နော၊ ရဟန္တာရဟန်း၏။ ဗလံဟောတိ၊ ခွန်အားတစ်ပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကို ရောက်၍ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရားကုန်ပြီဟု။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဋိဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

သမ္မပ္ပဓာန်လေးပါးဆိုတာ သမ္မာဝါယာမ မဂ္ဂင်ကို ဟောတိုင်းဖွင့်ပြပြီး ဟောနေကျတရားပါပဲ။ တရားကိုယ်အားဖြင့်တော့ ဝီရိယတစ်ပါးတည်းပါပဲ။ သူက ပြီးစေတဲ့ ကိစ္စလေးပါးကို အကြောင်းပြုပြီးတော့ သူ့ကို သမ္မပ္ပဓာန်လေးပါးလို့ ဟောထားပါတယ်။ ဘယ်လိုလဲဆိုတော့ (၁) မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်အောင် အားထုတ်ခြင်းက တစ်ပါး၊ (၂) ဖြစ်ပြီးအကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်ခြင်းက တစ်ပါး၊ (၃) မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင် အားထုတ်ခြင်းက တစ်ပါး၊ (၄) ဖြစ်ပြီးကုသိုလ်တွေ တည်တံ့တိုးပွားပြည့်စုံသွားအောင် အားထုတ်ခြင်းက တစ်ပါး။ ဒီအားထုတ်မှု လုံ့လ ဝီရိယ လေးပါးပါပဲ။ အဲဒီလေးပါးကို မှတ်မိအောင် လိုက်ဆိုကြရမယ်။

(၁) မဖြစ်သေးတဲ့ အကုသိုလ်တွေ မဖြစ်နိုင်အောင် အားထုတ်ခြင်း။
(၂) ဖြစ်ပြီးအကုသိုလ်တွေကို ပယ်နိုင်အောင် အားထုတ်ခြင်း။
(၃) မဖြစ်သေးတဲ့ ကုသိုလ်တွေ ဖြစ်အောင် အားထုတ်ခြင်း။
(၄) ဖြစ်ပြီးကုသိုလ်တွေ တည်တံ့ တိုးပွားပြည့်စုံသွားအောင် အားထုတ်ခြင်း။ ဒီလေးပါးကို သမ္မပ္ပဓာန်ဟု ခေါ်သည်။

မိမိမှာ မဖြစ်သေးတဲ့ အကုသိုလ်တွေ သူများမှာ ဖြစ်နေတာကို မြင်ရ ကြားရ တွေ့ရရင် အဲဒီအကုသိုလ်မျိုးတွေ မိမိမှာ မဖြစ်အောင်

http://www.dhammadownload.com

လုံ့လပြုပြီး စောင့်ရှောက်နေရတယ်။ ဘယ်လိုလဲဆိုရင် ကူးစက်ဖြစ်ပွားတတ်တဲ့ တုပ်ကွေးအဖျားရောဂါစသည်သူများမှာ ဖြစ်နေတာကို ကြားသိရရင် အဲဒီရောဂါမျိုး မိမိမှာ မဖြစ်ရအောင် စောင့်ရှောက်ရ၊ သတိပြုရသလိုပါပဲ။ နောက်ပြီးတော့ မိမိမှာ လောဘ၊ ဒေါသအလျောက် တစ်ကြိမ်တစ်ခါ အကုသိုလ်ဖြစ်ဖူးရင် အဲဒီအကုသိုလ်မျိုး နောက်ထပ် မဖြစ်အောင် စောင့်ရှောက်နေရတယ်။ တကယ်ဖြစ်ပြီး ဖြစ်ဆဲ မဟုတ်သော်လည်း ဒေသနာနည်းအရအားဖြင့် ဖြစ်နေတယ်၊ ကိန်းနေတယ်လို့ ဆိုရတဲ့ (အကြောင်းညီညွတ်တဲ့အခါ ဖြစ်နိုင်သော) အနုသယကိလေသာတွေကို အရိယမဂ်ဖြင့် ပယ်နိုင်အောင်လည်း ဝိပဿနာအလုပ် အားထုတ်ရတယ်။ နောက်ပြီးတော့ ဒါန သီလကုသိုလ်ဖြစ်ဖြစ်၊ ဘာဝနာကုသိုလ်ဖြစ်ဖြစ် မိမိမှာ မဖြစ်ဖူးသေးတဲ့ အဲဒီလို ကုသိုလ်တွေ ဖြစ်အောင် အားထုတ်ရတယ်။ နောက်ပြီးတော့ ဖြစ်ဖူး ပြုဖူးတဲ့ အဲဒီလို ဒါန သီလကုသိုလ်တွေကို ဖြစ်မြဲ ဖြစ်ပြီး တည်တံ့အောင်လည်း အားထုတ်ရတယ်။ တိုးပွားအောင်လည်း အားထုတ်ရတယ်။ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ကုသိုလ်တွေကိုလည်း တည်မြဲတည်နေအောင်၊ တိုးတက်အောင်၊ စျာန်တရား အရိယမဂ်တရား ရသည်အထိ ပြည့်စုံသွားအောင် အားထုတ်ရတယ်။ စွမ်းနိုင်ရင် အရဟတ္တမဂ်ကုသိုလ်အထိ ပြည့်စုံသွားအောင် အားထုတ်ရတယ်။

ရဟန္တာပုဂ္ဂိုလ်မှာ အရဟတ္တမဂ်တိုင်အောင် အဲဒီကုသိုလ်တရားတွေကို အားထုတ်ပြီး ဖြစ်နေပါတယ်။ အဲဒါဟာ သမ္မပ္ပဓာန်လေးပါးကို လိုလေသေးမရှိ အပြည့်အစုံ ပွားစေတဲ့ ခွန်အားပါပဲ။ အဲဒီ ခွန်အားကို အကြောင်းပြုပြီးတော့လည်း ရဟန္တာပုဂ္ဂိုလ်က အာသဝေါကိလေသာကုန်ကြောင်း ဝန်ခံပါတယ်တဲ့။ အဲဒါဟာ ပဉ္စမခွန်အားပဲ။ ယခု ဆဋ္ဌမခွန်အားကို ပြောရမယ်။

http://www.dhammadownload.com

(၆) ရဟန္တာ၏ ဆဋ္ဌမခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါး သော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာ ရဟန်းသည်။ စတ္တာရော၊ လေးပါးကုန်သော။ ဣဒ္ဓိပါဒါ၊ ပြီးမြောက်ကြောင်း ဣဒ္ဓိ ပါဒ်တို့ကို။ ဘာဝိတာ၊ မိမိသန္တာန်၌ ပွားစေအပ်ကုန်ပြီးသည်။ သုဘာ ဝိတာ၊ လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာပွားစေအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကြပါသည်။ ဘန္တေ၊ မြတ်စွာဘုရား၊ ဣဒ္ဓိမွေ၊ ဤဣဒ္ဓိပါဒ် လေးပါးကို ကောင်းစွာပွားစေအပ်ပြီး ဖြစ်ခြင်းသည်လည်း။ ခီဏာ သဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ ဗလံ ဟောတိ၊ ခွန်အားတစ်ပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကို ရောက်၍ ခွဲမှိ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာ ရဟန်းသည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟု။ အာသဝါနံ ခယံ၊ အာသဝေါတရား တို့၏ ကုန်ခြင်းကို။ ပဇ္ဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

ဣဒ္ဓိပါဒ ပုဒ်မှာ ဣဒ္ဓိ ဆိုတာက ပြည့်စုံခြင်း၊ ပြီးမြောက်ခြင်းလို့ အနက်ရှိတယ်။ ပါဒ ဆိုတာက အကြောင်းလို့ အနက်ရှိတယ်။ ဒါ ကြောင့် ဣဒ္ဓိပါဒ၊ ဣဒ္ဓိပါဒ်ဆိုတာ ပြီးမြောက်ကြောင်းတရားလို့ အနက် ရတယ်။ အဲဒီပြီးမြောက်ကြောင်း ဣဒ္ဓိပါဒ် လေးပါးဆိုတာက တရား ကိုယ်အားဖြင့် ထက်သန်အားကောင်းတဲ့ လိုလားမှု ဆန္ဒက တစ်ပါး၊ လုံ့လဝီရိယက တစ်ပါး၊ စိတ်က တစ်ပါး၊ ဝီမံသာခေါ်တဲ့ ဉာဏ်ပညာ က တစ်ပါး၊ ဒီလေးပါးပါပဲ။ အဲဒီလေးပါးကို မှတ်မိအောင် လိုက်ဆို ကြရမယ်။

(၁) ထက်သန် အားကောင်းတဲ့ လိုလားမှုဆန္ဒကို ဆန္ဒိဒ္ဓိပါဒ် ခေါ် သည်။

(၂) ထက်သန် အားကောင်းတဲ့ လုံ့လဝီရိယကို ဝီရိယိဒ္ဓိပါဒ် ခေါ် သည်။

http://www.dhammadownload.com

(၃) ထက်သန် အားကောင်းတဲ့ စိတ်ကို စိတ္တိဒ္ဓိပါဒ်ခေါ်သည်။
(၄) ထက်သန် အားကောင်းတဲ့ ဉာဏ်ပညာကို ဝီမံသိဒ္ဓိပါဒ် ခေါ်သည်။

လောကဘက်ဆိုင်ရာ ကိစ္စတွေမှာလည်း ဒီဏ္ဍိဒ္ဓိပါဒ် လေးပါးထဲက တစ်ပါးပါး ထက်သန်အားကောင်းမှ ပြီးမြောက်နိုင်တယ်။ အမှုကိစ္စကြီးကျယ်လေလေ ဒီဏ္ဍိဒ္ဓိပါဒ်တစ်ပါးပါး ထက်သန်အားကောင်းဖို့ လိုလေလေပဲ။ သာမန် ဒါန၊ သီလကုသိုလ်ကိစ္စတွေမှာလည်း ဒီဏ္ဍိဒ္ဓိပါဒ် လေးပါးထဲက တစ်ပါးပါး ထက်သန်အားကောင်းရင် ပြီးမြောက်လွယ်တာပဲ။ သမထ၊ ဝိပဿနာဘာဝနာအရာမှာတော့ ဒီဏ္ဍိဒ္ဓိပါဒ်လေးပါးထဲက လိုလားမှုဆန္ဒရင်လည်း ထက်သန်အားကောင်းရမယ်၊ လုံ့လဝီရိယရင်လည်း ထက်သန်အားကောင်းရမယ်။ စိတ်ရင်လည်း ထက်သန်အားကောင်းရမယ်။ ဝီမံသာခေါ်တဲ့ ဉာဏ်ပညာကရင်လည်း ထက်သန်အားကောင်းရမယ်။ တစ်ပါးပါးက ထူးထူးခြားခြား ထက်သန်အားကောင်းပါမှ သမထဘာဝနာအရာမှာ စွာန်အဘိညာဏ်အထိ ပြည့်စုံပြီးမြောက်နိုင်တယ်။ ဝိပဿနာအရာမှာလည်း ဝိပဿနာဉာဏ်ထူးများနှင့် အရိယမဂ်ဉာဏ်များ ပြည့်စုံပြီးမြောက်နိုင်တယ်။

ရဟန္တာပုဂ္ဂိုလ်မှာ ထက်သန် အားကောင်းတဲ့ ဏ္ဍိဒ္ဓိပါဒ်လေးပါးဖြင့် သမထ၊ ဝိပဿနာတွေကို ပွားစေခဲ့တယ်။ အရဟတ္တမဂ်တိုင်အောင် ဝိပဿနာဏ္ဍိဒ္ဓိပါဒ်တွေကို အပြည့်အစုံ ပွားစေခဲ့တယ်။ အဲဒီလို ဏ္ဍိဒ္ဓိပါဒ် လေးပါးကို အရဟတ္တမဂ်အထိ လိုလေသေးမရှိ အပြည့်အစုံ ပွားစေခဲ့တာဟာ ရဟန္တာ၏ခွန်အားတစ်ပါးပါပဲ။ အဲဒီခွန်အားနှင့် ပြည့်စုံနေတဲ့ အတွက်လည်း ရဟန္တာပုဂ္ဂိုလ်ဟာ အာသဝေါကိလေသာ ကုန်ကြောင်းဝန်ခံပါတယ်တဲ့။

ဒါကြောင့် ယခုတရားအားထုတ်နေကြတဲ့ ယောဂီတွေလည်း ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသာဆိုတဲ့ ဒီဏ္ဍိဒ္ဓိပါဒ်လေးပါးထဲက တစ်ပါးပါး

http://www.dhammadownload.com

တော့ ထက်သန်ဖို့ အားကောင်းဖို့ လိုပါတယ်။ တစ်ပါးမှ မထက်သန်ဘူး၊ အားမကောင်းဘူးဆိုရင်တော့ မိမိတို့အလိုရှိတဲ့ ဉာဏ်ထူး တရားထူးကို ရဖို့ မျှော်လင့်ဖွယ် မရှိပါဘူး။ ဒါကြောင့် လိုလားတဲ့ဆန္ဒ ထက်သန်အားကောင်းရင် ပြည့်စုံပြီးမြောက်မှာပဲလို့ ဆန္ဒကိုရင်လည်း အားကိုး အားပေးပြီး အားထုတ်ရမယ်၊ သို့မဟုတ် လုံ့လဝီရိယ ထက်သန်အားကောင်းရင် ပြည့်စုံပြီးမြောက်မှာပဲလို့ လုံ့လဝီရိယကိုရင်လည်း အားကိုးပြီး အားထုတ်ရမယ်။ သို့မဟုတ် ထက်သန်အားကောင်းတဲ့ စိတ်ရှိရင် ပြည့်စုံပြီးမြောက်မှာပဲလို့ စိတ်ကိုရင်လည်း အားကိုးအားပေးပြီး အားထုတ်ရမယ်။ ဉာဏ်ပညာ ထက်မြက်တဲ့သူမှာတော့ ဝိမံသာခေါ်တဲ့ ဉာဏ်ပညာကို အားကိုးပြီး အားထုတ်ရုံပါပဲ။ ဉာဏ်ထက်သန်တဲ့သူကတော့ ဝိပဿနာဉာဏ်ထူး တရားထူးများကို လျင်မြန်စွာ ရောက်တတ်ပါတယ်။ ဒါပေမဲ့ ဉာဏ်ကောင်းတဲ့သူက လုံ့လဘက်က အားနည်းနေလို့ သမာဓိဉာဏ်ထူး အဖြစ်နှေးနေတာလည်း ရှိတတ်တယ်။ ဒါကြောင့် လုံ့လဘက်က မလျော့စေဘဲ တင်းတင်းရင်းရင်း အားထုတ်သွားဖို့ လိုပါတယ်။ ယခု သတ္တမခွန်အားကို ပြောရမယ်။

(၇) ရဟန္တာ၏ သတ္တမခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါးသော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်းသည်။ ပဋိန္ဒြိယာနိ၊ ငါးပါးသော ဣန္ဒြေတို့ကို။ ဘာဝိတာနိ၊ မိမိသန္တာန်၌ ပွားစေအပ်ကုန်ပြီးသည်။ သုဘာဝိတာနိ၊ လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာ ပွားစေအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကြပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဒမ်ဗို၊ ဤဣန္ဒြေငါးပါးကို ကောင်းစွာပွားစေအပ်ပြီး ဖြစ်ခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။

http://www.dhammadownload.com

ဗလံ ဟောတိ၊ ခွန်အားတစ်ပါးဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်း ခွန်အားကို ရောက်၍ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရားကုန်ပြီဟု။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဋိဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

ကုန်ဖြိယ၊ ကုန်ဖြေဆိုတာ အစိုးရတယ်လို့ အနက်ရှိပါတယ်။ သူ့နေရာနှင့်သူ အစိုးရတဲ့သဘောသတ္တိရှိလို့ ကုန်ဖြိယဆိုတဲ့အမည်ဖြင့် ဟောထားတဲ့ရုပ်နာမ်တွေဟာ ၂၂ ပါး ရှိတယ်။ (၁) မြင်မှုကိစ္စမှာ အစိုးရတဲ့အတွက် မျက်စိအကြည်ရုပ်ကို စက္ခုန္ဒြေလို့ ခေါ်တယ်။ (၂-၅) ထို့အတူ ကြားမှု၊ နံမှု၊ စားသိမှု၊ ထိသိမှုတို့၌ အစိုးရတဲ့အတွက် နား အကြည်စသည်ကို သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေလို့ ခေါ်တယ်။ (၆-၇) အမအဖိုအသွင်စသည်ကို ဖြစ်စေရာ၌ အစိုးရတဲ့ အတွက် ဘာဝရုပ် ၂ ခုကို ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေလို့ ခေါ်တယ်။ (၈) အသက်ရှင်ရေး၌ အစိုးရတဲ့အတွက် ရုပ်သက်နှင့် နာမ်သက်ကို ဇီဝိတိန္ဒြေလို့ ခေါ်တယ်။ ဒီထိအောင် ရုပ်ရှစ်ပါးနှင့် နာမ်သက်တစ်ပါးဆိုတဲ့ ကုန်ဖြေများကတော့ ပွားစေအပ်တဲ့ သဘောများ မဟုတ်ကြပါဘူး။ ပွားအောင်လုပ်လို့လည်း မဖြစ်ဘူး။

(၉) အာရုံကိုသိမှု၌ အစိုးရတဲ့အတွက် စိတ်ကို မနိန္ဒြေလို့ ခေါ်တယ်။ ဒီမနိန္ဒြေခေါ်တဲ့စိတ် ၈၉ ခုထဲက ကုသိုလ်စိတ်နှင့် ဟိတ် ရှိကြိယာစိတ်တွေကတော့ ဖြစ်ပွားစေအပ်တဲ့ သဘောတရားတွေပါပဲ။ ဒါပေမဲ့ ဒီမနိန္ဒြေကိုတော့ ဗောဓိပက္ခိယတရားထဲမှာ ထည့်သွင်းပြမထား ဘူး။ (၁၀-၁၄) ခံစားမှုများ၌ အစိုးရတဲ့အတွက် ဝေဒနာငါးမျိုးကို သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေလို့ ခေါ်တယ်။ ဒီငါးပါးထဲမှာ ကုသိုလ်၊ သဟိတ်ကြိယာဖြစ်တဲ့ သော မနဿိန္ဒြေ၊ ဥပေက္ခိန္ဒြေများကတော့ ဖြစ်ပွားစေအပ်တဲ့ သဘောတရား

http://www.dhammadownload.com

တွေပါပဲ။ သဒ္ဒါန္ဒြေစသည်တို့နှင့် ယှဉ်တွဲဖြစ်တဲ့တရားတွေပါပဲ။ ဒါပေမဲ့ ဗောဓိပက္ခိယတရားထဲမှာတော့ ထည့်သွင်းပြမထားဘူး။

(၁၅-၁၉) ယုံကြည်မှုစသည်မှာ အစိုးရတဲ့ သဒ္ဓါအစရှိသော တရား၀ါးပါးကိုသာ သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ ဆိုတဲ့အမည်များဖြင့် ဗောဓိပက္ခိယတရားထဲမှာ ထည့်သွင်းပြထားတယ်။ အဲဒီ၀ါးပါးထဲက ပညိန္ဒြေအရ ပညာကို လောကီ၊ လောကုတ္တရာ ၂ မျိုးခွဲခြားပြီးတော့ လောကုတ္တရာ ပထမမဂ်ပညာကို (၂၀) အနုညာတညဿာမိတိန္ဒြေ လို့ ခေါ်တယ်။ အောက်ဖိုလ်ပညာ ၃ ပါးနှင့်အထက်မဂ်ပညာ ၃ ပါးကို (၂၁) အညိန္ဒြေလို့ ခေါ်တယ်။ အရဟတ္တဖိုလ်ပညာကို (၂၂) အညာတာဝိန္ဒြေလို့ ခေါ်တယ်။

ရဟန္တာခွန်အားကို ပြတဲ့ ဒီဒေသနာမှာတော့ လောကီ လောကုတ္တရာ မခွဲခြားဘဲ ပညာဟူသမျှကို ပညိန္ဒြေလို့ပင် ပြဆိုထားပါတယ်။ အဲဒီဏ္ဍန္ဒြေ၀ါးပါးထဲက သဒ္ဓိန္ဒြေဆိုတာ ယုံကြည်မှု ကြည်လင်မှုဌ အစိုးရတဲ့သဒ္ဓါပါပဲ။ ယုံကြည်တဲ့သဒ္ဓါ ကြည်လင်တဲ့ သဒ္ဓါပေါ့။ ဒါပေမဲ့ ယုံကြည်မှုတိုင်းကိုလည်း သဒ္ဓါလို့ မဆိုဘူး။ ယုံကြည်သင့်တာကို ယုံကြည်မှ သဒ္ဓါလို့ဆိုတယ်။ မယုံကြည်သင့်တဲ့ ဘုရားတု ဘုရားယောင်တွေ၊ ဂိုဏ်းဆရာကြီးတွေ ဒီလိုဟာတွေ ယုံကြည်တာကိုတော့ မိစ္ဆာအဓိမောက္ခလို့ ဆိုထားပါတယ်။ မှားယွင်းတဲ့ ယုံကြည်မှုလို့ ဆိုလိုတာပေါ့။ ဘုရား၊ တရား၊ သံဃာ အစစ်အမှန် သုံးပါးနှင့် ကဲ့ကဲ့အကျိုးကို ယုံကြည်တာကမှ သဒ္ဓါတရားအစစ် မည်ပါတယ်။ ယုံကြည်သင့်တဲ့ အစစ်အမှန်နဲ့ မယုံကြည်သင့်တဲ့ အတုအယောင် အမှားကို ဘယ်လို ခွဲခြားသိရပါမည်လဲဆိုရင် အရဟံအစရှိတဲ့ ဂုဏ်တော် ၉ ပါးနှင့် ပြည့်စုံရင် ယုံကြည်သင့်တဲ့ ဘုရားအစစ်အမှန်ပဲ။ အဲဒီဂုဏ်တော်တွေနှင့် မပြည့်စုံရင်တော့ အတုအယောင် အမှားတွေပဲလို့ ခွဲခြားသိရမယ်။

သွာက္ခာတ အစရှိတဲ့ ဂုဏ်တော် ၆ ပါးနှင့် ပြည့်စုံတဲ့ အရိယ

http://www.dhammadownload.com

မင်္ဂလေးပါး၊ အရိယဖိုလ်လေးပါး၊ နိဗ္ဗာန်ဆိုတဲ့ ဒီလောကုတ္တရာတရား ၉ ပါးဟာ ယုံကြည်သင့်တဲ့တရားစစ် တရားမှန်ပဲ။ အဲဒီ လောကုတ္တရာ တရား ၉ ပါးကို သိအောင် ရအောင် ကျင့်ဖို့ ဟောထားတဲ့ ဒေသနာ တော်တရားဟာလည်း ယုံကြည်သင့်တဲ့တရားစစ် တရားမှန်ပဲ။ အဲဒီ ဂုဏ်တော် ၆ ပါးနှင့် မစပ်ဆိုင်တဲ့ တရားဟူသမျှကိုတော့ မယုံကြည်သင့်တဲ့ အတုအယောင်တရား မူမမှန်တဲ့တရားလို့ သိရမယ်။

လောဘ၊ ဒေါသ၊ မောဟ ကိလေသာ ကင်းကြောင်းအကျင့် ဖြစ်တဲ့ သီလ၊ သမာဓိ၊ ပညာအကျင့်ကို ကောင်းစွာကျင့်တဲ့ သုပွဋ္ဌိ ပန္နဂုဏ် အစရှိတဲ့ ဂုဏ်တော် ၉ ပါးနှင့် ပြည့်စုံတဲ့ အရိယာပုဂ္ဂိုလ် ရှစ်ပါးအပေါင်းကို ယုံကြည်သင့်တဲ့ သံဃာအစစ်အမှန်လို့ သိရမယ်။ သီလစသည်ကို ရှိသေစွာ ကျင့်နေတဲ့ ကလျာဏ ပုထုဇဉ်ပုဂ္ဂိုလ်လည်း အဲဒီသံဃာထဲမှာ ပါဝင်တယ်။ ဘာကြောင့်လဲဆိုရင် သောတာပတ္တိဖိုလ် ရအောင် ကျင့်နေဆဲဖြစ်၍ သုပွဋ္ဌိပန္နဂုဏ်စသည်နှင့် ပြည့်စုံနေသောကြောင့်ပါပဲ။ သုပွဋ္ဌိပန္နဂုဏ် စသည်နှင့် မပြည့်စုံတဲ့ ဘာသာရေးရှေ့ဆောင် ဆရာအပေါင်းအစုကို အတုအယောင်သံဃာလို့ သိရမယ်။

အဲဒီ ဘုရား၊ တရား၊ သံဃာအစစ်ဆိုတဲ့ ရတနာသုံးပါးနှင့်ကဲ့ကဲ့အကျိုးကို ယုံကြည်တာဟာ သဒ္ဓါတရားအစစ်ပဲ။ အဲဒီသဒ္ဓါတရားဟာ ဘုရားစသည်ကို ယုံကြည်မှုဌ္ဌ အစိုးရတဲ့အတွက် သူ့ကို သဒ္ဓိန္ဒြေလို့ ခေါ်တယ်။ အဲဒီသဒ္ဓိန္ဒြေကို ခိုင်မြဲပြည့်စုံအောင် ပွားစေရတယ်။ သို့ပေမယ့် ဘုရားဂုဏ်စသည်ကို ဆင်ခြင်နေရုံမျှဖြင့်တော့ အဲဒီ သဒ္ဓါက မခိုင်မြဲသေးဘူး၊ သောတာပတ္တိမဂ်တိုင်အောင် ဝိပဿနာမဂ္ဂင်ကို ပွားစေမှ ကောင်းကောင်းခိုင်မြဲတယ်။ ဘယ်လိုလဲဆိုရင် ဝိပဿနာ ရှုလို့ ရုပ်နှင့်နာမ်ကို ကိုယ်ပိုင်ဥာဏ်ဖြင့် ပိုင်းခြားသိရရင် အဲဒီသဒ္ဓါက ပိုပြီးခိုင်မြဲလာတယ်။ ကွေးချင်တဲ့စိတ်စသောအကြောင်းကြောင့် ကွေးရုပ်စသော အကျိုးဖြစ်နေတယ်စသည်ဖြင့် အကြောင်းနှင့်

http://www.dhammadownload.com

အကျိုးကို ပိုင်းခြားသိရရင် ပိုပြီးခိုင်မြဲလာတယ်။ ရှုမှတ်နေရင်း ခဏမစဲ ဖြစ်ပျက်နေတာကို တွေ့ရလို့ မမြဲဘူး၊ ဆင်းရဲချည်းပဲ၊ အနတ္တ သဘော တရားမျှပဲလို့ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိရရင် ပိုပြီးခိုင်မြဲလာတယ်။ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင်တဲ့အခါကျတော့ အဲဒီ သဒ္ဓါဟာ မလှုပ်မရှား မပျက်စီးနိုင်လောက်အောင် ခိုင်မြဲပြည့်စုံသွားတယ်။

နောက်ပြီးတော့ ကြည်လင်တဲ့ သဒ္ဓါဆိုတာက ကုသိုလ်စိတ်တိုင်းမှာ ပါဝင်ပြီးဖြစ်ပါတယ်။ ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်များ ဖြစ်နေသောအခါ အဲဒီကြည်လင်မှုသဒ္ဓါဟာ ထင်ရှားပေါ်နေပါတယ်။ အထူးအားဖြင့် သန်ါရုပေက္ခာဉာဏ်မှာ အလွန်ထင်ရှားပါတယ်။ တစ်ခါတစ်ရံမှာ တစ်ကိုယ်လုံး ပျောက်နေပြီး ဟင်းလင်းပြင်ထဲမှာ ကြည်လင်တဲ့ အသိစိတ်ကလေးတစ်ခုထဲကိုသာ ရှုသိနေရတယ်။ သောတာပတ္တိမဂ် ဉာဏ်ကျတော့ အဲဒီကြည်လင်တဲ့သဒ္ဓါလည်း ပြည့်စုံသွားပါတယ်။ အရဟတ္တမဂ်ရောက်တဲ့အခါကျတော့ အဲဒီယုံကြည်မှုကြည်လင်မှုဆိုတဲ့ သဒ္ဓါန္ဒြေကို ပွားစေတဲ့အမှုကိစ္စ လုံးဝပြည့်စုံသွားပါတယ်။

ဝီရိယိန္ဒြေဆိုတာ ရှေ့နားက ပြောခဲ့တဲ့ သမ္မပ္ပဓာန်နှင့် အရတူပါပဲ။ အဲဒီသမ္မပ္ပဓာန်ကို ပွားစေမှုကိစ္စ ပြည့်စုံရင် ဒီ ဝီရိယိန္ဒြေကို ပွားစေမှုလည်း ပြည့်စုံတော့တာပါပဲ။ သမ္မပ္ပဓာန်ဆိုတာက ကောင်းစွာ အပြင်းအထန် အားထုတ်တယ်လို့ အနက်ရတယ်။ ဝီရိယိန္ဒြေဆိုတာက အားထုတ်မှုကိစ္စမှာ အစိုးရတယ်လို့ အနက်ရတယ်။ ဒီဝေါဟာရအနက်မျှသာ ကွဲပြားပါတယ်။ တရားကိုယ်ကတော့ ဝိပဿနာမဂ္ဂင်၊ အရိယမဂ္ဂင်တို့၌ ပါဝင်တဲ့ ဝီရိယပါပဲ။ ဒီဝီရိယကလည်း အရေးကြီးပါတယ်။ လျော့ရဲရဲ အားထုတ်နေရုံမျှဖြင့်တော့ ဝိပဿနာဉာဏ်ထူးတွေတောင် မဖြစ်နိုင်ပါဘူး။ အရိယမဂ်ဉာဏ် မဖြစ်နိုင်တာကိုတော့ ပြောစရာ

http://www.dhammadownload.com

မလိုတော့ပါဘူး။ ဒါရဲ့ ဖ ပါးမှ ဖြစ်ပေါ်လာသမျှ ရုပ်နာမ်သဘောတွေကို မပြတ်မစဲ တင်းတင်းရင်းရင်း ပြင်းပြင်းထန်ထန် ရှုမှတ်အားထုတ်နေပါမှ ဝိပဿနာဉာဏ်ထူးတွေ ဖြစ်ပေါ်ပြည့်စုံပြီးတော့ အရိယမဂ် ဖြစ်ပေါ်လာနိုင်ပါတယ်။ အဲဒီအားထုတ်မှုဟာ အရဟတ္တမဂ်တိုင်အောင် ဖြစ်ပေါ်သွားရင် ဒီဝိရိယိန္ဒြေကို ပွားစေမှု ပြည့်စုံတော့တာပဲ။ ရဟန္တာပုဂ္ဂိုလ်မှာ အဲဒီအရဟတ္တမဂ်တိုင်အောင် ဒီဝိရိယိန္ဒြေကို ပွားစေပြီး ဖြစ်နေပါပြီတဲ့။

သတိန္ဒြေဆိုတာလည်း ရှေ့နားက ပြောခဲ့တဲ့ သတိပဋ္ဌာန်နှင့် အရတူပါပဲ။ အမှတ်ရမှုမှာ အစိုးရတဲ့အတွက် သူ့ကို သတိန္ဒြေလို့ ခေါ်ဆိုတာပါပဲ။ ဒီသတိန္ဒြေ ပွားစေပုံကိုတော့ ရှေ့ပိုင်းက အထပ်ထပ် ပြောခဲ့ပြီး ဖြစ်တဲ့အတွက် ဒီနေရာမှာ ထပ်ပြောဖို့ မလိုပါဘူး။

သမာဓိန္ဒြေဆိုတာကတော့ စိတ်တည်ကြည်မှု ဧကဂ္ဂတာဆိုတဲ့ သမာဓိပါပဲ။ သူက စိတ်ကို တည်ငြိမ်အောင် ကောင်းစွာထားတဲ့ကိစ္စမှာ အစိုးရလို့ သူ့ကို သမာဓိန္ဒြေလို့ ခေါ်ဆိုရတာပါပဲ။ ဒီသမာဓိကလည်း အလွန်အရေးကြီးပါတယ်။ သမာဓိအား မရှိရင် စိတ်ကိုတည်ငြိမ်အောင် မထားနိုင်တဲ့အတွက် ရုပ်နာမ်ကို ပိုင်းခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်တောင် ကောင်းကောင်းမဖြစ်နိုင်ဘူး။ တချို့က အဘိဓမ္မာကျမ်းဂန်ထဲက ပြထားတဲ့အတိုင်း ကျက်မှတ်ပြီး ဆင်ခြင်နေရုံနဲ့ နာမရူပ ပရိစ္ဆေဒစသော ဝိပဿနာဉာဏ်တွေ ဖြစ်တယ်လို့ ယူဆပြောဟောနေကြတယ်၊ အဲဒါက ဝိသုဒ္ဓိ ၇ ပါး ဖြစ်စဉ်ကို သတိမပြုမိလို့ ပြောနေကြခြင်းမျှပါပဲ။ နာမ်ရုပ်ကို ခွဲခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိဆိုတာ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိဆိုတဲ့ ဒီဝိသုဒ္ဓိ ၂ ပါး ပြည့်စုံပြီးမှ ဖြစ်နိုင်တာပဲ။ စိတ္တဝိသုဒ္ဓိဆိုတာ ဈာန်သမာဓိ ဖြစ်စေ၊ နီဝရဏကင်းတဲ့ ဥပစာရ သမာဓိဖြစ်စေ ပြည့်စုံမှ ပြီးစီးတာပဲ။ ကျက်မှတ်ထားတဲ့အတိုင်း ဆင်ခြင်တဲ့သူမှာ နီဝရဏကင်းတဲ့ ဥပစာရသမာဓိတောင် ပြည့်စုံတယ်

http://www.dhammadownload.com

လို့ မဆိုနိုင်ပါဘူး။ သီလမစင်ကြယ်တဲ့ ပုဂ္ဂိုလ်လည်း ကျက်မှတ်ပြီး ဆင်ခြင်လို့ ဖြစ်တာပဲ။ အဲဒီတော့ သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ မရှိဘဲ ဆင်ခြင်လို့ သိတာကို နာမရူပ ပရိစ္ဆေဒဉာဏ်လို့တောင် မဆိုနိုင်ပါဘူး။

အမှန်စင်စစ်ကတော့ သီလစင်ကြယ်ပြီးတဲ့နောက် ဈာန်တစ်ပါး ပါးကိုရင်လည်း ရရမယ်၊ နိဝရဏကင်းတဲ့ ဥပစာရ သမာဓိရင်လည်း ပြည့်စုံရမယ်။ သို့မဟုတ် အဲဒီဥပစာရသမာဓိနှင့် နိဝရဏကင်းပုံချင်း တူညီတဲ့ ဝိပဿနာ ခဏိကသမာဓိရင်လည်း ပြည့်စုံရမယ်။ အဲဒီသမာဓိ သုံးပါးထဲက တစ်ပါးပါးနှင့်ပြည့်စုံပြီးမှ မိမိသန္တာန်မှာ တကယ်ဖြစ်ပေါ်နေဆဲ ရုပ်နာမ်တွေကို ရှုမှတ်နေရင်း (ရှုသိတဲ့ရုပ်နဲ့ ရှုသိနေတဲ့ စိတ် နာမ်က စပြီး) ရုပ်နာမ် ၂ ပါးကို ခွဲခြားသိတဲ့ နာမရူပ ပရိစ္ဆေဒဉာဏ် အစစ်က ဖြစ်ပေါ်တာ၊ အဲဒီဉာဏ်က ရင့်သန်ပြည့်စုံမှ အကြောင်းကိုပါ ပိုင်းခြားပြီးသိတဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်တယ်။ အဲဒီဉာဏ်က ရင့်သန်ပြည့်စုံမှ ရှုမှတ်ရတဲ့အာရုံတွေ၏ ဖြစ်ပေါ်လာပုံ၊ ပျောက်ကွယ် သွားပုံကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့သိပြီးတော့ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယ ဉာဏ်စသည်တွေ ဖြစ်ပေါ်ကြပါတယ်။ အဲဒီဝိပဿနာဉာဏ်တွေ ဖြစ်တိုင်း ဖြစ်တိုင်းလည်း ရှုမိတဲ့အာရုံမှာ စိတ်၏ရူးစိုက်တည်ကြည်မှု ရှိပါမှ အဖြစ်အပျက် အနိစ္စလက္ခဏာစသည်ကို ပိုင်ပိုင်နိုင်နိုင် သိသိသွားတာ၊ ဒါကြောင့် မြတ်စွာဘုရားက သဋ္ဌာယတနသံယုတ်ပါဠိတော် ၃၀၂ မှာ

သမာဓိ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ စသည်ဖြင့် ဟောတော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ သမာဓိ၊ စိတ်တည်ကြည်မှု သမာဓိကို။ ဘာဝေထ၊ ဖြစ်စေကြ၊ ပွားစေကြလော့။ ဘိက္ခဝေ၊ ရဟန်းတို့။ သမာဟိတော၊ စိတ်ကို ကောင်းစွာတည်ငြိမ်အောင် ထားနိုင်သော သူသည်။ ဝါ၊ စိတ်တည်ကြည်သောသူသည်။ ယထာဘူတံ၊ ဟုတ်တိုင်း မှန်စွာ။ ဝါ ဖြစ်ပေါ်လာသည့် သူ့သဘောမှန်အတိုင်း။ ပဇာနာတိ၊ ပိုင်နိုင်စွာသိ၏ တဲ့။

http://www.dhammadownload.com

သမာဓိရှိရင် မှန်စွာသိတယ်ဆိုတာ လက်တွေ့အားထုတ်တဲ့ ယောဂီတွေမှာ အလွန်ထင်ရှားပါတယ်။ စိတ်၏စူးစိုက်တည်ငြိမ်မှု ကောင်းလာတဲ့အခါမှာ မြင်မှု၊ ကြားမှုအစရှိတဲ့ ရုပ်နာမ်တရားတွေကို ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားလို့ မမြဘူးစသည်ဖြင့် အထင်အရှား ကိုယ်တိုင်တွေ့ပြီး သိသိသွားပါတယ်။ အဲဒီလို သိပုံကို မြတ်စွာဘုရားက ဒီလို ဆက်ပြီး ဟောတော်မူပါတယ်။

ကိဉ္စ ယထာဘူတံ ပဇာနာတိ၊ အဘယ်ကို ဟုတ်တိုင်းမှန်စွာ သိသနည်းဟူမူ။ စက္ခု အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ၊ မျက်စိသည် မမြဲဟု ဟုတ်တိုင်းမှန်စွာ သိ၏။ ရူပါ အနိစ္စာတိ၊ မြင်ရတဲ့ အဆင်းတွေ မမြဲကြဟု။ စက္ခုဝိညာဏံ အနိစ္စန္တိ၊ မြင်သိမှု မမြဲဟု။ စက္ခုသမ္ဖဿော အနိစ္စောတိ၊ မျက်စိအတွေ့ မြင်တွေ့ မမြဲဟု။ ယမ္ပိဒံ စက္ခုသမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ အနိစ္စန္တိ ယထာဘူတံ ပဇာနာတိ၊ မြင်တွေ့ကြောင့်ဖြစ်တဲ့ ချမ်းသာမှု၊ ဆင်းရဲမှု၊ အလယ်အလတ် မဆင်းရဲ မချမ်းသာမှုကိုလည်း မမြဲဟု သိ၏ စသည်ဖြင့် မြင်ခိုက်စသည်မှာ ထင်ရှားတဲ့ ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ ဖဿ၊ ဝေဒနာဆိုတဲ့ တရားတွေကို မမြဲဟူ၍ သိကြောင်း ဟောထားပါတယ်။

အဲဒီသမာဓိဟာ ဝိပဿနာအခိုက်က ကောင်းခဲ့သလိုပင် အရိယမဂ် လေးပါးခဏ၌လည်း ကောင်းစွာတည်ငြိမ်လျက် ဖြစ်တယ်။ ရဟန္တာမှာ အဲဒီသမာဓိကို အရဟတ္တမဂ်တိုင်အောင် ပွားစေအပ်ပြီးဖြစ်တယ်။ ဒါကြောင့် သမာဓိန္ဒြေကို ပွားစေခြင်းကိစ္စ ပြီးစီးပြည့်စုံသွားတယ်။

ပညိန္ဒြေဆိုတာ အသိဉာဏ်ပါပဲ။ ဒါပေမဲ့ ကြားနာပြီးသိတဲ့ သုတမယ အသိမျိုးကိုလည်း မဆိုလိုဘူး။ ကြံစည်စဉ်းစားဆင်ခြင်ပြီး သိတဲ့ စိန္တာမယအသိမျိုးကိုလည်း မဆိုလိုဘူး။ ရှုမှတ်ပွားများပြီး သိတဲ့ ကိုယ်ပိုင်ဉာဏ် အသိပညာကိုသာ ဆိုလိုပါတယ်။ ဒါကြောင့် ဒီသီလ

http://www.dhammadownload.com

ဝန္တသုတ္တန် တရားတော်စာအုပ် ဒုတိယပိုင်း စာမျက်နှာ ၆၀ မှာ သုတမယဉာဏ်၊ စိန္တာမယဉာဏ်၊ အချို့သော စျာနသမွယုတ်ဘာဝနာ မယဉာဏ်တို့ထက် ထူးခြားတဲ့ဉာဏ် ဖြစ်ကြောင်း ဝိသုဒ္ဓိမဂ် မဟာ ဋီကာ အဖွင့်ကို ထုတ်ပြထားခဲ့ပါတယ်။

ဝိပဿနာရှုခိုက်မှာ ရုပ်နာမ် အဖြစ်အပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို သိရာ၌ အစိုးရသောကြောင့် ဝိပဿနာပညာကို ပညိန္ဒြေ ခေါ်တယ်။ အရိယမဂ်လေးပါးဓာတ်မှာ နိဗ္ဗာန်ကို သိရာ၌ အစိုးရသောကြောင့် မဂ်လေးပါးပညာကို ပညိန္ဒြေလို့ခေါ်တယ်။ အကျယ် ဟောတဲ့ ဒေသနာမှာတော့ သောတာပတ္တိမဂ်ပညာကို အနညာတ ညဿာမီတိန္ဒြေလို့ ဟောတယ်။ မသိရသေးတာကို သိစေမယ်ဆိုတဲ့ အနေနဲ့ သိတဲ့ပညာလို့ ဆိုလိုပါတယ်။ အထက်မဂ် ၃ ပါးပညာကို အညိန္ဒြေလို့ ဟောတယ်။ သိပြီး အပိုင်းအခြားဖြင့်ပင် ထပ်၍ သိတဲ့ ပညာလို့ ဆိုလိုပါတယ်။

အဲဒီ လောကီ၊ လောကုတ္တရာ ဘာဝနာမယပညာဆိုတဲ့ ပညိန္ဒြေ ကို ဒီသီလဝန္တသုတ်မှာ ညွှန်ပြထားတဲ့အတိုင်း မြင်ခိုက်၊ ကြားခိုက် စသည်မှာ ထင်ရှားတဲ့ မြင်မှု၊ ကြားမှုစသော ဥပါဒါနက္ခန္ဓာငါးပါးကို ရှုပြီး ပွားစေရတယ်။ မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်စသည် ဖြင့် ရှုပြီး တကယ်ဖြစ်ပေါ်ဆဲ တရားကို သိတာဟာ အမှန်အတိုင်း သိတဲ့ ပညိန္ဒြေပါပဲ။ ဒါပေမဲ့ ရှုခါစမှာတော့ မြင်မှု၊ ကြားမှုစသည်ကို ဖြစ်စဉ်အတိုင်း အကုန်စေ့ငအောင် လိုက်ပြီးမရှုနိုင်သေးဘူး၊ သမာဓိက လည်း အားမရှိသေးဘူး။ ဒါကြောင့် ကိုယ်ထဲက အတွေ့အထိကစပြီး ရှုရတယ်။ အဲဒီလိုရှုပုံကို မဟာသတိပဋ္ဌာနသုတ်မှာ (ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ) စသည်ဖြင့် ကွာရီယာပုထ်လေးပါးကို စပြီးရှုပုံ ပြထားပါတယ်။ ထိုင်နေဆဲဆိုရင် 'ထိုင်တယ်၊ ထိုင်တယ်' လို့ဒါကလေး တစ်ခုတည်းကို ရှုပြီး သိနေရင်လည်း ဖြစ်တာပါပဲ။ ဒါပေမဲ့ ရှုမှတ်စရာ

http://www.dhammadownload.com

တစ်ခုတည်းဆိုတော့ လွယ်လွန်းနေတဲ့အတွက် ကြောင့်ကြစိုက်မှု ဝိရိယိန္ဒြေက အားနည်းပြီး သမာဓိက အားများနေတတ်တယ်။ ဒါကြောင့် တဖြည်းဖြည်း ထိနမိဒ္ဓဝင်လာပြီး ထိုင်မှိုင်းပျင်းရိလာရင် ရှုသိမှုဉာဏ်အား လျော့သွားတာပါပဲ။

ဒါကြောင့် အဲဒီလို ဝိရိယအား မနည်းရအောင် ဘုန်းကြီးတို့က ဝမ်းပိုက်၏ဖောင်းမှု၊ ပိန်မှုကို အစပြုပြီးတော့ 'ဖောင်းတယ်၊ ပိန်တယ်' လို့ ရွှမှတ်စေပါတယ်။ ဖောင်းခိုက်မှာ တောင့်တင်း တွန်းကန်မှု လှုပ်ရှားမှုဟာ တကယ်ဖြစ်လျက် ရှိနေတာပဲ။ အဲဒါဟာ ဝါယောဓာတ်ပဲ။ ဖောင်းတယ်လို့ ရွှမှတ်ပဲ့အခါ အဲဒီတောင့်တင်း တွန်းကန် လှုပ်ရှားမှု ဝါယောဓာတ်ကို အမှန်အတိုင်း သိတာပဲ။ ပိန်တယ်လို့ ရွှမှတ်တဲ့အခါလည်း နည်းတူပင် အမှန်အတိုင်း သိတာပဲ။ အဲဒီလိုရွှမှတ်နေတော့ မှတ်ရတဲ့အာရုံက တစ်ခုတည်းမဟုတ်သလို သမာဓိလည်း မလွန်ဘူး။ ဖောင်းတာနဲ့ ပိန်တာ ၂ ခုတည်းမို့ အလွန်ကြောင့်ကြမစိုက်ရတဲ့အတွက် ဝိရိယလည်း မလွန်ဘူး။ ဒါကြောင့် သမာဓိနှင့် ဝိရိယ ညီမျှစွာဖြစ်ပြီးတော့ မကြာခင်ပဲ သမာဓိနှင့်ဉာဏ်အား ကောင်းလာတယ်။ အဲဒီအခါ ရှုသိရတဲ့ရုပ်နဲ့ ရှုသိတဲ့စိတ်နာမ်ကိုလည်း ခွဲခြားပြီးသိတဲ့ ပညာန္ဒြေ ဖြစ်လာတယ်။

အကြောင်းနဲ့အကျိုးကို ခွဲခြားသိတဲ့ ပညာန္ဒြေလည်း ဖြစ်တယ်။ အဖြစ်အပျက် အနိစ္စစသည်ကိုသိတဲ့ ပညာန္ဒြေလည်း ဖြစ်လာတယ်။ နောက်ဆုံးကျတော့ မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်း ထင်ရှားဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေကို ဖြစ်စဉ်အတိုင်း အကုန်လုံးလိုက်ပြီး ရှုသိနိုင်တယ်။ အဲဒီလို ရှုသိပြီးတော့ သခ်ါရုပေက္ခာဉာဏ် ရင့်သန်ပြည့်စုံတဲ့အခါမှာ နိဗ္ဗာန်ကို မျက်မှောက်သိမြင်တဲ့ အရိယမဂ်ပညာန္ဒြေ ဖြစ်ပေါ်လာတယ်။ ဒီဥပါဒါနက္ခန္ဓာကို ရှုတဲ့နည်းဖြင့် အရဟတ္တမဂ်ပညာန္ဒြေ ဖြစ်ပွားပြီးတဲ့အခါမှာ ဒီပညာန္ဒြေကို ပွားစေမှု လုံးဝပြီးစီးပြည့်စုံတော့ကာ

http://www.dhammadownload.com

ပဲ။ အခြားကျွန်ဖြစ်လေးပါးလည်း ပညိန္ဒြေနှင့် တစ်ပါးတည်း ပြီးစီးပြည့်စုံသွားပါတယ်။ ဒါကြောင့် ရဟန္တာမှာ တကယ်ဖြစ်ပေါ်နေတဲ့ ရုပ်နာမ် ဥပါဒါနက္ခန္ဓာတွေကို မရှုမသိနိုင်တာရယ်လို့ မရှိပါဘူး။ အလိုရှိရင် အကုန်လုံး ရှုသိနိုင်တာချည်းပဲ။ ယခုပြောခဲ့တာဟာ သဒ္ဓါအစရှိသော ကျွန်ဖြစ်ငါးပါးကို ကောင်းစွာပွားစေပြီး ဖြစ်တယ်ဆိုတဲ့ ရဟန္တာ၏ သတ္တမခွန်အားပါပဲ။ ယခု အဋ္ဌမခွန်အားကို ပြောရမယ်။

(၈) ရဟန္တာ၏ အဋ္ဌမခွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါး သော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်းသည်။ ပဋ္ဌ၊ ငါးပါးကုန်သော။ ဇာနနံ၊ ဖိုလ်ဟုခေါ်သော ခွန်အားတို့ကို။ ဘာဝိတာနံ၊ မိမိသန္တာန်၌ ပွားစေအပ်ကုန်ပြီးသည်။ သုဘာဝိတာနံ၊ လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာပွားစေအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကြပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ တ္ထဒမို၊ ဤဖိုလ်မည်သော ခွန်အားငါးပါးကို ကောင်းစွာပွားစေပြီး ဖြစ်ခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ ဗလံ ဟောတိ၊ ခွန်အားတစ်ပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကိုရောက်၍ စွမ်မိ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝါတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟု။ အာသဝါနံ ခယံ၊ အာသဝေါတရား တို့၏ ကုန်ခြင်းကို။ ပဋိဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

ဗလ၊ ဖိုလ်ဆိုတာ ခွန်အားလို့ပဲ အနက်ရှိပါတယ်။ အဲဒီဖိုလ်ဆိုတဲ့ ခွန်အားငါးပါးက ခုတင်က ပြောခဲ့တဲ့ ကျွန်ငါးပါးနှင့် တရားကိုယ်အားဖြင့် ထပ်တူပါပဲ။ သဒ္ဓါဆိုတဲ့ ယုံကြည်မှုခွန်အား ကောင်းနေတဲ့ သူဟာ မယုံကြည်မှုကြောင့် မတုန်မလှုပ် ကြံ့ကြံ့တည်တံ့နေနိုင်တယ်။ ဘယ်သူက ဘယ်လိုအပြောကောင်းစေကာမူ အကြောင်းယုတ္တိ ဘယ်လို

http://www.dhammadownload.com

အပြကောင်းစေကာမူ သဒ္ဓါအားကောင်းတဲ့သူက ဘုရား၊ တရား၊ သံဃာ၌ ယုံကြည်မှု မလျှပ်ဘူး၊ ကျောက်တောင်ကြီးများဟာ အရပ်လေးမျက်နှာက ဘယ်လောက်ပြင်းထန်တဲ့ လေမုန်တိုင်းကြီးများ လာစေကာမူ မတုန်မလှုပ်ဘဲ ကြံ့ကြံ့တည်နေသလိုပင် ယုံကြည်မှု ခိုင်မြဲနေတယ်။ သောတာပန်မှာ ဒီသဒ္ဓါဗိုလ်ဆိုတဲ့ ခွန်အားကြောင့် ရတနာသုံးပါး၌ ယုံကြည်မှုမပျက်ဘဲ ကြံ့ကြံ့တည်နေတာပါပဲ။

ထို့အတူပင် ဝီရိယဗိုလ်ဆိုတဲ့ ခွန်အားကောင်းသူမှာ ပျင်းရိမှုကြောင့် မတုန်လှုပ်ဘူး။ ရှုမှတ်ပြီး ဗောဓိပက္ခိယတရားတွေကို ပွားစေရာ၌ ပျင်းရိမှု မရှိဘူး၊ သတိဗိုလ်ဆိုတဲ့ ခွန်အားကောင်းသူမှာလည်း မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်း၊ သိတိုင်းကို ရှုမှတ်ရာ၌ ဝန်မလေးဘူး။ အမှတ်မရှု၊ မေ့မှုကြောင့် တုန်လှုပ်ခြင်း မရှိဘူး။ အမှတ်မရတာ၊ မမှတ်နိုင်တာရယ်လို့ မရှိဘူး။ သမာဓိဗိုလ်ဆိုတဲ့ ခွန်အားကောင်းတဲ့သူမှာလည်း စိတ်ပျံ့လွင့်မှုကြောင့် မတုန်လှုပ်ဘူး၊ စိတ်ပျံ့လွင့်ခြင်းမရှိဘဲ တစ်သမတ်တည်း ရှုမှတ်သွားနိုင်တယ်။ အဲဒီလို ရှုမှတ်နိုင်ပုံ၊ မပျံ့လွင့်ပုံဟာ သခ်ါရုပေက္ခာဉာဏ်ရောက်တော့ အလွန်ထင်ရှားပါတယ်။ တစ်နာရီ နှစ်နာရီစသည်တိုင်အောင် တခြားတစ်ပါး ပျံ့လွင့်ခြင်းမရှိဘဲ တစ်သမတ်တည်း ရှုနေနိုင်တယ်။ တစ်နာရီ နှစ်နာရီကြာသော်လည်း 'ဘာမျှမကြာသေးဘူး၊ တစ်ခဏလေး ရှိသေးတယ်'လို့ တောင် ထင်ရတတ်တယ်။ တစ်နေရာရာမှာ စူးစိုက်ပြီး ဘယ်ကိုမျှ မသွားစေဘဲ နေရမယ်လို့ အဓိဋ္ဌာန်ပြုပြီး ရှုနေရင် အဲဒီတစ်နေရာတည်းမှာသာ တစ်နာရီစသည် တည်နေနိုင်တယ်။ အဲဒါဟာ ပျံ့လွင့်မှုကြောင့် မတုန်လှုပ်တဲ့ သမာဓိခွန်အား၏ အစွမ်းသတ္တိပါပဲ။

ပညာဗိုလ်ဆိုတဲ့ ခွန်အားကောင်းတဲ့သူမှာ မြင်မှု၊ ကြားမှုစသည်၌ နိစ္စစသည်ဖြင့် အလွဲအမှားသိတဲ့ အဝိဇ္ဇာကြောင့် မတုန်လှုပ်ဘူး၊ ရှုတိုင်း ရှုတိုင်း အနိစ္စစသည်ဖြင့် အမှန်အတိုင်း သိမြင်သိပြီး တည်တံ့နေနိုင်တယ်။

http://www.dhammadownload.com

ပုထုဇဉ်မှာတော့ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ သခ်ါရုပေက္ခာဉာဏ် အခိုက်အတန့်များမှာ အဲဒီပညာဗိုလ်ကြောင့် အမှန်အတိုင်းသိမှု မပျက်ဘဲ မလှုပ်ဘဲ အမှန်အတိုင်းသိမှု မလှုပ်ဘဲ ကြံ့ကြံ့တည်နေပုံ ထင်ရှားပါတယ်။ အရိယာပုဂ္ဂိုလ်များမှာတော့ အဲဒီလို မတုန်မလှုပ် တည်တံ့ပုံ ပိုပြီးထင်ရှားရမှာပေါ့။ အရဟတ္တမဂ်ရောက်တဲ့အခါကျတော့ အဲဒီပညာဗိုလ် ပွားစေမှုက ပြည့်စုံသွားပြီ။ ဒါကြောင့် ရဟန္တာမှာ မရှာဘဲ အလွတ်နေသော်လည်း မြင်မှု ကြားမှုစသည်တို့၌ အလွဲသိ အမှားသိ အဝိဇ္ဇာကြောင့် တုန်လှုပ်ခြင်းမရှိဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တအသိဟာ တကြံ့တည်း တည်တံ့နေတယ်လို့ မှတ်ယူရပါတယ်။

ဣန္ဒြေငါးပါး ပွားစေပြီးဖြစ်ရင် ဗိုလ်ငါးပါးလည်း ပွားစေပြီးဖြစ်တော့တာပါပဲ။ ဒါကြောင့် ဗိုလ်ငါးပါး ပွားစေပုံကိုတော့ ပြောဖို့မလိုပါဘူး။ ယခု နဝမဇွန်အားကို ပြောရမယ်။

(၉) ရဟန္တာ၏ နဝမဇွန်အား

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါးသော ဇွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်းသည်။ သတ္တ ဗောဇ္ဈင်္ဂါ၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို။ ဘာဝိတာ၊ ပွားစေအပ်ကုန်ပြီးသည်။ သုဘာဝိတာ၊ လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာပွားစေအပ်ကုန်ပြီးသည်။ ဟောန္တိ၊ ဖြစ်ကြပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ ကဒမို၊ ဤဗောဇ္ဈင် ခုနစ်ပါးကို ကောင်းစွာပွားစေအပ်ပြီးဖြစ်ခြင်းသည်လည်း။ **ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏**။ ဗလံ ဟောတိ၊ ဇွန်အားတစ်ပါး ဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းဇွန်အားကို ရောက်၍ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ ခီဏာ မေ အာသဝေါတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟု။

http://www.dhammadownload.com

အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဋိဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

သစ္စာလေးပါးကို သိသူကို **ဗောဓိ** လို့ ခေါ်တယ်။ **အင်္ဂ** ဆိုတာက အကြောင်းပဲ။ အဲဒီ **ဗောဓိ+ အင်္ဂ** မှ (**ဗောဇ္ဈင်္ဂ** ဖြစ်ပြီးတော့) **ဗောဇ္ဈင်** လို့ ဖြစ်လာတယ်။ ဒါကြောင့် **ဗောဇ္ဈင်္ဂ် ဗောဇ္ဈင်** ဆိုတာဟာ သစ္စာလေးပါး သိသူ၏အကြောင်းများလို့ ဆိုလိုပါတယ်။ ဝိပဿနာရှုပြီး သစ္စာလေးပါးသိတဲ့သူဟာ ဒီ **ဗောဇ္ဈင်** ၇ ပါးကို အမှီပြုပြီး သိရတယ်။ ဒါကြောင့် ဒီ **ဗောဇ္ဈင်** ၇ ပါးကို သိသူ၏အကြောင်းလို့ ဆိုရပါတယ်။

တစ်နည်းအားဖြင့် သစ္စာလေးပါးကို သိကြောင်းဖြစ်တဲ့အတွက် ဒီသတိစသော တရားခုနစ်ပါးအပေါင်းကို ဗောဓိ လို့ ခေါ်တယ်။ အင်္ဂဆိုတာ အစိတ်အပိုင်းပဲ။ သတိအစရှိသော တစ်ပါးတစ်ပါးဟာ အဲဒီသိကြောင်းတရားအပေါင်းထဲက အစိတ်အင်္ဂါဖြစ်တဲ့အတွက် ဗောဇ္ဈင်္ဂ်၊ ဗောဇ္ဈင်လို့ ခေါ်ပါတယ်တဲ့။ သိကြောင်းဖြစ်တဲ့ တရားအပေါင်း၏ အစိတ်အပိုင်းလို့ ဆိုလိုပါတယ်။ ဒီအနက်က ကျမ်းဂန်သုတ နည်းတဲ့သူတွေအတွက် အသိခက်ပါလိမ့်မယ်။ ဒါကြောင့် ပထမနည်းအရ 'သိသူ၏အကြောင်းတရားကို ဗောဇ္ဈင်ခေါ်သည်' လို့ပဲ မှတ်ထားပါတော့။

အဲဒီဗောဇ္ဈင် ၇ ပါးက ဘာတွေလဲဆိုရင် (၁) သတိသမ္ဗောဇ္ဈင်၊ (၂) ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ (၃) ဝီရိယသမ္ဗောဇ္ဈင်၊ (၄) ပီတိသမ္ဗောဇ္ဈင်၊ (၅) ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ (၆) သမာဓိသမ္ဗောဇ္ဈင်၊ (၇) ဥပေက္ခာသမ္ဗောဇ္ဈင် ဆိုတဲ့ ဒီ ၇ ပါးပါပဲ။ ဗောဇ္ဈင်နဲ့ သမ္ဗောဇ္ဈင်ဆိုတာ အရအားဖြင့်တော့ အတူတူပါပဲ။ 'သံ' ဆိုတဲ့ ပုဒ်ပိုကလေးပါတဲ့အတွက် သမ္ဗောဇ္ဈင်ဆိုတာမှာ ကောင်းစွာသိသူ၏ အကြောင်းတရားလို့ အနက်ရတာလောက်ပဲ ထူးပါတယ်။ ဆိုလိုရင်းအားဖြင့်တော့ ဗောဇ္ဈင်ဆိုတာလည်း ကောင်းစွာသိသူ၏အကြောင်းတရားပါပဲ။

http://www.dhammadownload.com

(၁) သတိသမ္မောဇ္ဈင် ဆိုတာ သတိပဋ္ဌာန်လေးပါးနဲ့ အရအတူ တူပါပဲ။ ဒါကြောင့် သတိပဋ္ဌာန် ဒေသနာတော်နဲ့အညီ ဖြစ်ဆဲ ဖြစ်ဆဲ ကိုယ်အမူအရာ၊ ခံစားမှုဝေဒနာ၊ စိတ်အမူအရာ၊ သဘောတရားတို့ကို အမှတ်ရတိုင်း အမှတ်ရတိုင်း သတိသမ္မောဇ္ဈင်ဟာ ဖြစ်ပွားနေပါတယ်။ ဒါကြောင့် သတိပဋ္ဌာန်ဒေသနာတော်နှင့်အညီ မရှုမှတ်တဲ့သူမှာ ဒီသတိ သမ္မောဇ္ဈင် မဖြစ်ပွားဘူး၊ ရှုမှတ်နေတဲ့ ယောဂီမှာ ရှုမှတ်တိုင်း ရှုမှတ်တိုင်း ဒီသတိသမ္မောဇ္ဈင်ကို ပွားများနေသည်မည်တယ်ဆိုတာကိုလည်း အထူးသတိပြုကြရမယ်။ ဒါပေမဲ့ ဒီဗောဇ္ဈင်တရားတွေက ရှုမှတ်ခါစမှာတော့ အသိဉာဏ်က ထူးထူးခြားခြား မဖြစ်သေးတဲ့အတွက် တယ် မထင်ရှားသေးဘူး။ ဥဒယဗ္ဗယဉာဏ်စသည် ဖြစ်ပေါ်လာတဲ့အခါကျမှ ဒီဗောဇ္ဈင်တရားတွေက ထင်ရှားတယ်။ ဒါကြောင့် အဋ္ဌကထာများမှာ ဒီဗောဇ္ဈင်တရားတွေကို ဥဒယဗ္ဗယဉာဏ်မှစပြီး ပြဆိုထားတယ်။ ဒါပေမဲ့ သတိ၊ ဝီရိယ၊ သမာဓိ၊ ဓမ္မဝိစယဆိုတဲ့ ဒီဗောဇ္ဈင်လေးပါးကတော့ အားထုတ်စကတည်းက သာမန်အနုစားအနေဖြင့် ဖြစ်ပွားလာခဲ့တယ်လို့ မှတ်ယူသင့်ပါတယ်။

ဥဒယဗ္ဗယဉာဏ်ရောက်တဲ့အခါကျတော့ အမှတ်ရမှုဆိုတဲ့ ဒီ သတိသမ္မောဇ္ဈင်ဟာ အလွန်ထင်ရှားပါတယ်။ 'မမှတ်နိုင်တာရယ်လို့ မရှိတော့ဘူး၊ အကုန်လုံးကို ရှုမှတ်နိုင်တယ်' လို့ ထင်ရလောက်အောင် အမှတ်သတိဟာ အလွန်လျင်မြန်စွာ ဖြစ်နေပါတယ်။ အဲဒီလို သတိ ကောင်းလို့လည်း အလွန်လျင်မြန်စွာ ဖြစ်နေပါတယ်။ အဲဒီလို သတိ ကောင်းလို့လည်း ရှုမိတဲ့ရုပ်နာမ်၏ အဖြစ်အပျက် အနိစ္စစသည်ကို အမှန်အတိုင်း သိသိသွားတာပဲ။ ဒါကြောင့် အမှတ်ရတဲ့သတိကို ဗောဇ္ဈင်၊ သိသူ၏အကြောင်းလို့ ဆိုရတာပါပဲ။

(၂) ဓမ္မဝိစယသမ္မောဇ္ဈင် ဆိုတာ ပညာဇ္ဈေနဲ့ အရတူပါပဲ။ ဓမ္မ၊ သဘောတရားတို့ကို+ ဝိစယ၊ စူးစမ်း၍ သိသည်= ဓမ္မဝိစယ၊

http://www.dhammadownload.com

တရားတို့ကို စူးစမ်း၍ သိသောဉာဏ်လို့ အနက်ရတယ်။ ဘယ်လိုတရား တွေလဲလို့ဆိုတော့ ကုသလာကုသလာ ဓမ္မာ၊ ကုသိုလ်၊ အကုသိုလ်တရား တွေကို စူးစမ်းစိစစ်ပြီး သိတယ်လို့ ဆိုပါတယ်။ ဒီလိုဆိုရင် ကုသိုလ်၊ အကုသိုလ်မှ တစ်ပါးသော ဝိပါက်၊ ကြိယာ၊ နိဗ္ဗာန် ရုပ်တရားတွေကို တော့ ဒီဓမ္မဝိစယသမ္ဗောဇ္ဈင်က မသိဘူးလား၊ မေးစရာရှိလာပါတယ်။ ပညိန္ဒြေကလည်း သိသင့်တဲ့တရားတွေကို အကုန်သိတာပဲ။ ဒသမ ခွန်အားကျတော့ ပြမည့် သမ္မာဒိဋ္ဌိဆိုတာကလည်း သစ္စာလေးပါး တရားတွေကို အကုန်သိတာပဲ။ အဲဒီ ပညိန္ဒြေ၊ သမ္မာဒိဋ္ဌိမဂ္ဂင်္ဂ ဘို့နှင့် တရားကိုယ် အရတူဖြစ်တဲ့ ဒီဓမ္မဝိစယသမ္ဗောဇ္ဈင်ကလည်း အကုန်လုံး သိသင့်တာပါပဲ။ ဒါကြောင့် ကုသိုလ်၊ အကုသိုလ်တရားကိုတော့ ဒီနေရာမှာ ပြထားတာကတော့ အကောင်း အဆိုး၊ အပြစ်မဲ့ အပြစ်ရှိ အနေဖြင့် စိစစ်ဖွယ်ဖြစ်တဲ့ တရားများကိုသာ ပဓာနပြုပြီး ပြတယ်။ မပြဋ္ဌာန်းတဲ့ အပွဓာန အလိုအားဖြင့်တော့ ရုပ်နာမ်တရားဟူသမျှကို စိစစ်ပြီး သိတာဟာ ဓမ္မဝိစယသမ္ဗောဇ္ဈင်ချည်းပဲလို့ မှတ်ယူသင့်ပါတယ်။

ဒါကြောင့် မြင်ခိုက် ကြားခိုက် စသည်မှာ 'မြင်တယ်၊ ကြားတယ်' စသည်ဖြင့် ရှုမှတ်ပြီး မျက်စိအဆင်း၊ မြင်သိမှုစသည်တို့ကို သူ့ပင်ကိုသဘောအားဖြင့် သိသိသွားတာလည်း ဓမ္မဝိစယသမ္ဗောဇ္ဈင်ပဲ။ မျက်စိကို သိရင် မြင်မှု၏ တည်ရာအနေဖြင့် စိစစ်ပြီး သိတယ်။ ဒီကနေပြီး မြင်နေတာပဲလို့ သိတတ်ပါတယ်။ နားရုပ်ကို သိရာမှာ ပိုပြီး ထင်ရှားတတ်ပါတယ်။ ဒီကနေပြီး ကြားနေတာပဲလို့ သိတတ်ပါတယ်။ အချို့ယောဂီကဆိုရင် ဒီတစ်ခါ ညာဘက်က ကြားတယ်၊ ဒီတစ်ခါ ဘယ်ဘက်က ကြားတယ်လို့တောင် သိတဲ့အကြောင်း ခွဲခြားပြီးပြောတတ်ပါသေးတယ်။ အဆင်းရုပ်ကို သိရင် မျက်စိထဲ ကျလာတယ်၊ မြင်ရတဲ့သဘောပဲလို့ စိစစ်ပြီး သိတတ်တယ်။ အသံရုပ်ကို သိရင် နားထဲကျလာတယ်၊ ကြားရတဲ့သဘောပဲလို့ စိစစ်ပြီး သိတတ်တယ်။ မြင်သိမှု၊ ကြားသိမှု သိပုံစသည်တွေကတော့ ထင်ရှားပါတယ်။

http://www.dhammadownload.com

အဲဒီလို သိပြီးတဲ့နောက် ရုပ်သဘောကို (အနာရမ္မဏာဓမ္မာဆိုတဲ့ ဒေသနာနှင့်အညီ) အာရုံမပြုတတ်တဲ့အနေဖြင့် စိစစ်ပြီး သိတတ်တယ်။ နာမ်တရားကိုတော့ အာရုံဆီ သွားတတ် သိတတ်တဲ့အနေနဲ့ စိစစ်ပြီး သိတတ်တယ်။ ရုပ်ကို ရူမှတ်ခိုက်၌ သိစရာရုပ်က တခြား+ ရူသိတဲ့ စိတ်က တခြား ဒီလိုလည်း ခွဲခြားစိစစ်ပြီး သိတယ်။ အဲဒီထက် သမာဓိဉာဏ် အားရှိလာတဲ့အခါ သွားချင်တဲ့စိတ်ကြောင့် သွားရုပ် ဖြစ်တယ်စသည်ဖြင့် အကြောင်းနှင့်အကျိုးကို ခွဲခြားစိစစ်ပြီး သိတယ်။ အဲဒီထက် အားရှိလာတဲ့အခါကျတော့ မှတ်သိရသမျှ အာရုံတွေဟာ အသစ်အသစ် ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာကို တွေ့ရတဲ့အတွက် မမြဲဘူး၊ ဆင်းရဲချည်းပဲ၊ အစိုးမရတဲ့ အနတ္တတရားချည်းပဲ စသည်ဖြင့် သုံးသပ်စိစစ်ပြီး သိတယ်။ အဲဒီထက် အားကောင်းလာတဲ့အခါကျတော့ လျင်မြန်စွာ ဖြစ်ပျက်နေတဲ့ ရုပ်နာမ်သဘောတရားတွေကို လျင်မြန်စွာ လိုက်ပြီး သိသိသွားတယ်။ သိပုံကတော့ အလွန်လျင်မြန်ပါတယ်။ ဘင်္ဂဉာဏ်ရောက်တဲ့အခါကျတော့ ပုံသဏ္ဌာန် အထည်ဒြပ်လည်း မထင်တော့ဘူး၊ အစဖြစ်ပေါ်မှုလည်း မထင်တော့ဘူး၊ လျင်မြန်စွာ ပျက်ပျက်သွားတဲ့ သဘောကိုသာ သိ သိသွားတယ်။ ရူသိရတဲ့အာရုံရော ရူသိမှုရော ပျက် ပျက်သွားတာကို သိ သိသွားတယ်။ သခ်ါရုပေက္ခာဉာဏ်ကျတော့ ခဏမစဲ ပျက်ပျက်သွားတဲ့သဘောများကို အထူးကြောင့်ကြ မစိုက်ရတော့ဘဲ သိရုံသိရုံမျှ အလွန်သိမ်မွေ့စွာ သိ သိသွားနေတယ်။ အရိယမဂ် ခဏကျတော့ သခ်ါရချုပ်ငြိမ်းတဲ့သဘောကို သိမြင်သွားတယ်။ အဲဒီလို သိမြင်တဲ့ မဂ်ဉာဏ်ကိုလည်း စိစစ်မှု မထင်ရှားပေမဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင်လို့ ခေါ်ရတာပဲ။

(၃) ဝီရိယသမ္ဗောဇ္ဈင် ဆိုတာ ဝီရိယိန္ဒြေ၊ သမ္မပ္ပဓာန်တို့နဲ့ အရတူပါပဲ။ ဥဒယဗ္ဗယဉာဏ် အခိုက်အတန့်မှစပြီး မယုတ်မလွန် အားထုတ်တဲ့အနေနဲ့ ထင်ရှားတတ်ပါတယ်။ ဒီဝီရိယက လျော့နေရင်

http://www.dhammadownload.com

လည်း အမှတ်အသိ မကောင်းဘူး၊ ကြောင့်ကြစိုက်လွန်းအားကြီးနေရင်လည်း အမှတ်အသိ မကောင်းဘူး၊ ညီမျှနေတဲ့အခါမှ အမှတ်အသိက ကောင်းတယ်။ ဒါကြောင့် မယုတ်မလွန် ညီမျှတဲ့ဝီရိယကို ဝီရိယသမ္မောဇ္ဈင်လို့ ခေါ်ပါတယ်။

(၄) **ပီတိသမ္မောဇ္ဈင်**ဆိုတာ နှစ်သိမ့်အားရမှု ဝမ်းမြောက်မှု သဘောပါပဲ။ **ရှုမှတ်ခါစမှာတော့** ဝမ်းမြောက်ဖွယ် မရှိသေးလို့ ဒီပီတိက မဖြစ်သေးဘူး၊ **ရှုမှတ်လို့** အတော်အဆာန် ကောင်းလာကတည်းက ပါမောဇ္ဇခေါ်**တဲ့ အနုစား**ပီတိကတော့ ဖြစ်တတ်ပါတယ်။ သူဖြစ်တဲ့အခါ ဖျိုးဖျိုးဖျင်းဖျင်းနဲ့ ကြက်သီးထလာတတ်တယ်။ ဥဒယဗ္ဗယဉာဏ် ရောက်**တဲ့အခါ**ကျတော့ ဒီပီတိက အကြီးအကျယ်ဖြစ်တော့တာပါပဲ။ အရောင်**အလင်း**၊ သတိ၊ ဉာဏ်စသည်တို့ကပဲ ထူးထူးခြားခြားဖြစ်လာတဲ့အတွက် အလွန်အကဲ ဝမ်းမြောက်တော့တာပါပဲ။ တစ်ကိုယ်လုံးမှာ ပီတိဇရုပ်တို့နဲ့ ပြည့်ပြီးတော့ တစိမ့်စိမ့် တငြိမ့်ငြိမ့်နဲ့ ဘယ်လို ကောင်းမှန်း မသိအောင် ကောင်းနေတတ်ပါတယ်။ အဲဒီလို အလွန်အကဲ ဝမ်းမြောက်မှုကိုလည်း နိုင်နင်းအောင် စူးစိုက်ပြီး ရှုမှတ်ရတယ်။ အဲဒီဝမ်းမြောက်မှုတွေ ပျောက်သွားသည့်တိုင်အောင် ရှုမှတ်ရတယ်။ နောက်ပြီးတော့ သခ်ါရုပေက္ခာဉာဏ် အခိုက်မှာလည်း ရံခါ ဒီပီတိ ထင်ရှားဖြစ်တတ်ပါသေးတယ်။

တချို့က သူတို့နည်းအရ တရားအားထုတ်သူတွေမှာ ဒီလိုထူးခြားတဲ့ အရောင်အလင်း၊ ပီတိ၊ သုခစသည် မဖြစ်တဲ့အတွက် ဒီလို ပီတိစသည်ဖြစ်ဖို့ မလိုဘူးလို့လည်း သူတို့တပည့်များအား အားပေးတဲ့အနေနဲ့ ဟောတတ်ကြတယ်။ အမှန်ကတော့ ဖြစ်ဖို့လိုပါတယ်။ ဥဒယဗ္ဗယဉာဏ် ဖြစ်တဲ့အခါ အရောင်အလင်း၊ ပီတိ၊ သုခစသည်က လွန်လွန်ကဲကဲ ဖြစ်ရိုးဖြစ်တမ်းပဲ။ အဲဒီလို မဖြစ်သေးရင် ဥဒယဗ္ဗယဉာဏ် အစစ် မဖြစ်သေးဘူးလို့ ဆုံးဖြတ်ရမှာပဲ။ ပြီးတော့ ဒီပီတိက ဗောဇ္ဈင်တရားပဲ။

http://www.dhammadownload.com

တကယ်ပြည့်စုံရမည့် ဗောဓိပက္ခိယတရားပဲ။ ဒါကြောင့် အရိယမဂ် ခဏမှာလည်း ဒီပိတိက ပါတာပဲ။

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် ဆိုတာက ကာယပဿဒ္ဓိ၊ စိတ္တပဿဒ္ဓိ ဆိုတဲ့ စေတသိက်တရား ၂ ပါးပဲ။ ကာယပဿဒ္ဓိဆိုတာ စိတ်၏ ယှဉ်ဘက် စေတသိက်နာမ် တရားအပေါင်း၏ ငြိမ်းအေးခြင်းသဘောပဲ။ ကာယဆိုတာ ဒီနေရာမှာ စေတသိက် **နာမ်အပေါင်းကို** ဆိုတယ်။ ဒါပေမဲ့ နာမ်အပေါင်း ငြိမ်းအေးမှုဖြစ်ရင် ရုပ်ကိုယ်၏ **ငြိမ်းအေးမှုလည်း** ဖြစ်တော့တာပါပဲ။ စိတ္တပဿဒ္ဓိ ဆိုတာကတော့ **စိတ်၏ငြိမ်းအေးမှုပါပဲ**။ ဒီပဿဒ္ဓိတရားက ကုသိုလ်စိတ်တိုင်းမှာ ပါပါတယ်။ **ဒါပေမဲ့** သာမန် ကုသိုလ်စိတ်ဖြစ်တဲ့အခါ မထင်ရှားဘူး။ ဝိပဿနာ**စိတ်မှာတောင်** ရှုခါစ မှာ မထင်ရှားသေးဘူး။ ဥဒယဗ္ဗယညာဏ်ရောက်မှ ထင်ရှားတယ်။ စောစောပိုင်းက အမှတ်အသိကောင်းအောင် ကြောင့်ကြစိုက်ရတဲ့အတွက် ကိုယ်စိတ်ပူပန် ပင်ပန်းလာခဲ့တာတွေဟာ ဒီဥဒယဗ္ဗယညာဏ် ရောက်တော့ ကြောင့်ကြမစိုက်ရဘဲ အမှတ်အသိတွေက ကောင်းနေတဲ့အတွက် ငြိမ်းအေးနေပါတယ်။ အဲဒါဟာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ပဲ။ ဒီငြိမ်းအေးမှု ပဿဒ္ဓိက သခ်ါရုပေက္ခာညာဏ်မှာလည်း ထင်ရှားတယ်၊ အရိယမဂ်ခဏ မှာလည်း သူကပါတာပဲ။

ပဿဒ္ဓိဖြစ်ရင် ပဿဒ္ဓိနှင့်အတူတွဲပြီး ဖြစ်တဲ့ လဟုတာ၊ မုဒုတာ၊ ကမ္မညတာ၊ ပါဂုညတာ၊ ဥဇုကတာ ဆိုတာတွေလည်း ဖြစ်တော့တာပဲ။ ဒါကြောင့် ဥဒယဗ္ဗယညာဏ် ဖြစ်ခိုက်မှာ ကိုယ်ရော စိတ်ရော ပေါ့ပါး နေတယ်။ တစ်ခါတစ်ရံမှာ ကိုယ်က အောက်ကြမ်းပြင်ကို မထိဘဲ ကြွတက်နေတယ်လို့တောင် ထင်ရတတ်တယ်။ ဥဗ္ဗေဂါပီတိ အစွမ်း ကြောင့် တကယ်လည်းကြွတက်နေတတ်ပါတယ်။ ကိုယ်ရော စိတ်ရော နူးညံ့နေတယ်။ မူလက အလွန်စိတ်ကြမ်းတဲ့သူပေမဲ့ အဲဒီအခါ စိတ်က နူးညံ့နေတယ်။ ကိုယ်ရော စိတ်ရော ခန့်ကျန်းနေတယ်။ ရှုမှတ်ရန်

http://www.dhammadownload.com

ဝန်မလေးဘဲ ရှိနေတယ်။ ကိုယ်ရော စိတ်ရော လေ့ကျင့်သား ရနေတယ်။ အရှိန်ကောင်းတဲ့ သဘောပါပဲ။ ကိုယ်ရော စိတ်ရော ဖြောင့်မတ်နေတယ်။ မူလက စိတ်ကောက်ကျစ်တဲ့သူ၊ အနိုင်ကျင့်တတ်တဲ့သူပေမဲ့ ဥဒယဗ္ဗယဉာဏ်ရောက်နေတဲ့အခါ ဖြောင့်မတ်နေတယ်။ တစ်ခါက ယောဂီအမျိုးသမီးတစ်ယောက်က ဒီဉာဏ်ရောက်တော့ သူ့စိတ်ထူးခြားပုံကို ဒီလိုပြောတယ်။ 'သူဟာ ရှေးက သူ့ခင်ပွန်းအပေါ်မှာ အနိုင်ကျင့်လာခဲ့တာတွေ ရှိခဲ့တယ်၊ ဒီကနောက်တော့ အဲဒီလို မပြုတော့ပါဘူး'လို့ ပြောတယ်။

(၆) သမာဓိသမ္မောဇ္ဈင်ဆိုတာက သမာဓိနဲ့ အရတူပါပဲ။ ရှေးက အထပ်ထပ်ပြောခဲ့ပြီး ဖြစ်တဲ့အတွက် ဒီသမာဓိအကြောင်းကို ထပ်ပြောဖို့ မလိုပါဘူး။

(၇) ဥပေက္ခာသမ္မောဇ္ဈင်ဆိုတာကတော့ အသိခက်ပါတယ်။ ဥပေက္ခာဆိုတာ ဝေဒနာလည်း ရှိတယ်၊ ဉာဏ်လည်း ရှိတယ်၊ ဝီရိယလည်း ရှိတယ်၊ သီးခြားစေတသိက်လည်း ရှိတယ်၊ သုခ၊ ဒုက္ခ၊ ဥပေက္ခာလို့ ဆိုတဲ့နေရာမှာ ဥပေက္ခာကတော့ မကောင်းမဆိုး အလယ်အလတ် ခံစားမှု ဝေဒနာပဲ။ ဝိပဿနုပေက္ခာ၊ သခ်ါရုပေက္ခာလို့ဆိုတဲ့ ဥပေက္ခာ ၂ ပါးကတော့ အညီအမျှ ရှုသိတဲ့ ဝိပဿနာဉာဏ်ချည်းပါပဲ။ မယုတ်မလွန် အညီအမျှ အားထုတ်မှုဆိုတာကတော့ ဝီရိယ ဥပေက္ခာပဲ။ ဆဋ္ဌဂ်ုပေက္ခာ၊ ဗြဟ္မဝိဟာရုပေက္ခာတို့နှင့်တကွ ဒီဗောဇ္ဈင်ဥပေက္ခာဆိုတာကတော့ တတြမဇ္ဈတ္တတာဆိုတဲ့ သီးခြားစေတသိက်ပါပဲ။ စျာနုပေက္ခာ၊ ပါရိသုဒ္ဓုပေက္ခာ ဆိုတာတွေလည်း ဒီစေတသိက်ပါပဲ။ အနက်ကတော့ တတြ၊ ထိုထိုအရာ၌+ မဇ္ဈတ္တ၊ အလယ်အလတ်သဘော ရှိသည်+ တာ၊ အဖြစ်= တတြမဇ္ဈတ္တတာ၊ ထိုထိုအရာ၌ အလယ်အလတ်သဘောရှိသည်၏ အဖြစ်တဲ့။ ယှဉ်ဘက် စိတ်စေတသိက်တွေကို မယုတ်မလွန် ညီမျှစေတဲ့ သဘောတရားလို့ ဆိုလိုပါတယ်။ အလွန်ပင်

http://www.dhammadownload.com

အသိခက်ပါတယ်။ စာပေကျမ်းဂန်တတ် ပုဂ္ဂိုလ်တွေလည်း ဒီစေတသိက်ကို ကျမ်းဂန်သဘောအရလောက်ပဲ သိနားလည်ကြပါတယ်။ ကိုယ်တွေ့အားဖြင့် ထင်ရှားသိဖို့ မလွယ်ပါဘူး။ သတိပဋ္ဌာန် ရှုမှတ်နည်းအရ တကယ်အားထုတ်နေတဲ့ **ယောဂီကတော့** ဥဒယဗ္ဗယဉာဏ်စသည်ကို ရောက်တဲ့အခါ ဒီဥပေက္ခာ**အကြောင်းကို** ကိုယ်ပိုင်ဉာဏ်ဖြင့်ပင် တွေ့ရပါတယ်။

တွေ့ရပုံကတော့ ယုံကြည်မှုအားကြီးပြီး စူးစမ်းဆင်ခြင်မှု အားနည်းသူဟာ မူမှန်တဲ့ တရားနည်းလမ်းကို မစူးစမ်း မဆင်ခြင်ဘဲ ယုံကြည်နေသောကြောင့် တရားနည်းလမ်းမှန်ဖြင့် အားထုတ်ခွင့်မရဘဲ ရှိနေတတ်တယ်။ စူးစမ်းဆင်ခြင်မှု အားကြီးပြီး ယုံကြည်မှုသဒ္ဓါ အားနည်းတဲ့သူဟာ တရားနည်းလမ်းမှန်ကိုလည်း မယုံကြည်သောကြောင့် တရားနည်းလမ်းမှန်ဖြင့် အားမထုတ်ဘဲ ရှိနေတတ်တယ်။ အားထုတ်ရင်လည်း ဆင်ခြင်မှုများနေတဲ့အတွက် ဒီသမာဓိမျှပင် ကောင်းစွာမဖြစ်သောကြောင့် ဝိပဿနာဉာဏ်များ မဖြစ်ဘဲ မတိုးတက်ဘဲ ရှိနေတတ်တယ်။ ယုံကြည်မှုသဒ္ဓါ အားကြီးသောသူမှာလည်း အားထုတ်သောအခါ ထူးထူးခြားခြား အနည်းငယ်မျှ တွေ့ရရုံဖြင့်ပင် အားရ ကျေနပ်နေသောကြောင့် ရှေ့သို့မတိုးတက်ဘဲ ရှိနေတတ်တယ်။

ရှုမှတ်စရာ အာရုံတစ်ခုတည်းကိုသာ ရှုမှတ်၍ သမာဓိအားများပြီး ဝိရိယ အားနည်းနေသောအခါ ထိုင်းမှိုင်းပျင်းရိမှု ဝင်လာသောကြောင့် မတိုးတက်ဘဲ ရှိတတ်တယ်။ သမာဓိနှင့် ဉာဏ်အား မရှိသေးမီမှာ ပေါ်လာသမျှအာရုံအများကို လိုက်၍ရှုနေလျှင် ဝိရိယက အားကောင်း၍ သမာဓိက အားနည်းနေတတ်တယ်။ အချိန်များစွာ စက်လျှောက်၍ ရှုမှတ်နေလျှင်လည်း ဝိရိယက အားကောင်းပြီး သမာဓိက အားနည်းနေတတ်တယ်။ ရှုမှတ်မိရန် ကြောင့်ကြစိုက်မှု များလွန်းနေလျှင်လည်း ဝိရိယက အားကြီးပြီး သမာဓိက အားနည်းနေတတ်တယ်။

http://www.dhammadownload.com

အဲဒီလို ဝိရိယအားကြီးပြီး **သမာဓိက** အားနည်းနေတဲ့အခါလည်း မတိုးတက်ဘဲ ရှိနေတတ်တယ်။

ဒါကြောင့် **အားထုတ်ခါစမှာ** စပြီး သမာဓိနှင့် ဝိရိယညီမျှစေရန် ဝမ်းပိုက်၏ **ဖောင်းမှုနှင့် ပိန်မှု ဒီ** ၂ ခုကစပြီး ရှုမှတ်စေပါတယ်။ ရှုမှတ်စရာ တစ်ခုတည်း**မဟုတ်တဲ့အတွက်** သမာဓိအားလည်း မများနိုင်ဘူး။ ၃ ခု၊ ၄ ခု စသည်ဖြင့် **အာရုံ**မများသောကြောင့် ကြောင့်ကြစိုက်မှု ဝိရိယအားလည်း **မများနိုင်ဘူး**။ သမာဓိနှင့် ဝိရိယ ညီမျှနေတတ်ပါတယ်။ ကျန်းမာရေးလည်း **မပျက်**စေရန် တစ်နာရီခန့် ထိုင်၍ ရှုမှတ်ခြင်း၊ တစ်နာရီခန့် စင်္ကြံလျှောက်၍ ရှုမှတ်ခြင်းဖြင့်လည်း ဣရိယာပုထ် ပြောင်းလဲ၍ ရှုမှတ်စေပါတယ်။ အဲဒီလို ရှုမှတ်ခြင်းဖြင့်လည်း သမာဓိနှင့် ဝိရိယ ညီမျှတတ်ပါတယ်။ သဒ္ဓါနှင့် ပညာ **ညီမျှ**စေရန် အတွက်ကတော့ ကမ္မဋ္ဌာန်းဆရာများက သင့်လျော်တဲ့တရားကို ဟောပြောပေးပါတယ်။

အဲဒီလို ပြုပြင်ပေး၍ **သဒ္ဓါ**နှင့် ပညာ၊ သမာဓိနှင့် ဝိရိယတို့ ညီမျှနေတဲ့**အခါမှာ ထူးခြားတဲ့အသိဉာဏ်များ** တိုးတက်ပြီး ဖြစ်လာတတ်ပါတယ်။ အဲဒါ သဒ္ဓါ**အစရှိသော** ဣန္ဒြေများ ညီမျှနေတဲ့အခါ အထူးလည်း ကြောင့်ကြမစိုက်ရ၊ ကြောင့်ကြစိုက်မှုလည်း လုံးဝမကင်းဘဲ အမှတ်အသိကောင်းနေတာကို တွေ့ရပါတယ်။ အထူးအားဖြင့် ဥဒယဗ္ဗယဉာဏ် ဖြစ်နေတဲ့အခါ၊ သခ်ၤါရုပေက္ခာဉာဏ် ဖြစ်နေတဲ့အခါများမှာ ဒီညီမျှတဲ့သဘောကို ထင်ရှား**တွေ့ရ**တယ်။ နွား ၂ ကောင်က ညီတူသွားနေတဲ့အခါ လှည်း**မောင်းသမား**က ဘာမျှကြောင့်ကြမစိုက်ရဘဲ မှေးပြီး လိုက်နေရသလိုပင် **ဣန္ဒြေငါးပါး**ညီမျှပြီး အမှတ်ကောင်းနေတဲ့အခါမှာ ယောဂီက ဘာမျှ**ကြောင့်ကြမစိုက်**ရဘဲ လျစ်လျူရှုပြီး လိုက်နေရတယ်။ အဲဒီလိုအခါမှာ **ဒီဉပေက္ခာ**သမ္ဘောဇ္ဈင်၏ (သမဝါဟိတလက္ခဏာ) ယှဉ်ဘက်တရားတွေကို ညီမျှစေတဲ့သဘော လက္ခဏာကို

http://www.dhammadownload.com

ထင်ရှားတွေ့ရပါတယ်။ **ဒီဥပေက္ခာသမ္မောဇ္ဈင်** ပြည့်စုံမှ တစ်ဉာဏ်မှ တစ်ဉာဏ်သို့ တိုးတက် **တိုးတက်သွားနိုင်**တယ်။ အဲဒီလိုဖြစ်ပုံကို ဥဒယဗ္ဗယဉာဏ်စသည်ကို **ရောက်ဖူး**တဲ့ပုဂ္ဂိုလ်တိုင်း ထင်ရှားတွေ့ရသိရပါတယ်။

ယခုပြောခဲ့တဲ့ **ဗောဇ္ဈင်** ၇ ပါးထဲမှာ ပီတိသမ္မောဇ္ဈင်ဆိုတာက တော့ အမှတ်အသိ အထူးကောင်းတဲ့အခါမှာသာ ထင်ရှားဖြစ်ပေါ်တတ်တယ်။ ကျန်တဲ့ဗောဇ္ဈင် ၆ ပါးကတော့ အမှတ်ကောင်းနေတဲ့အခါမှတ်ချက်တိုင်းမှာ အားလုံးပါဝင်လျက် ရှိကြတာချည်းပါပဲ။ အရိယမဂ်လေးပါး ခဏမှာလည်း စတုက္ကနည်းအရ ပထမ၊ ဒုတိယစျာန်တို့နှင့် ယှဉ်တဲ့မဂ်မှာဆိုရင် ၇ ပါးလုံး ပါဝင်ပါတယ်။ တတိယ၊ စတုတ္ထစျာန်တို့နှင့် ယှဉ်တဲ့မဂ်မှာတော့ ပီတိမပါဘူး၊ အရဟတ္တမဂ်ရောက်တဲ့အခါ အဲဒီဗောဇ္ဈင် ၇ ပါးကို ပွားစေခြင်းကိစ္စ လုံးဝပြီးစီးပြည့်စုံသွားပါတယ်။

ဒါကြောင့် 'သတ္တ ဗောဇ္ဈင်၊ ခုနစ်ပါးသော ဗောဇ္ဈင်တို့ကို။ ဘာဝိတာ၊ ပွားစေအပ်ကုန်ပြီးသည်။ သုဘာဝိတာ၊ လိုလေသေးမရှိအပြည့်အစုံကောင်းစွာ ပွားစေအပ်ကုန်ပြီးသည်။ ဟောန္တို့၊ ဖြစ်ကြပါသည်' လို့ အရှင်သာရိပုတ္တရာက လျှောက်ကြားတာပါပဲ။

တစ်ချိန်က အရှင်သာရိပုတ္တရာဟာ ရဟန်းတော်များအား ဗောဇ္ဈင် ၇ ပါးကို နိုင်နင်းစွာ လေ့လာပွားများထားကြောင်း ဒီလို ထုတ်ဖော်ပြီး မိန့်ကြားတော်မူပါတယ်။

ဗောဇ္ဈင် ၇ ပါးထဲက အလိုရှိရာ ဗောဇ္ဈင်ဖြင့် နံနက်ပိုင်းကာလ ပတ်လုံး ပွားစေလျက် **နေနိုင်**တယ်။ နေ့လယ်ပိုင်းကာလပတ်လုံးလည်း ပွားစေလျက် **နေနိုင်တယ်**။ ညနေပိုင်းကာလပတ်လုံးလည်း ပွားစေလျက် နေနိုင်တယ်။ သတိသမ္မောဇ္ဈင် ဖြစ်စေရန် နှလုံးသွင်းလိုက်ရင် အတိုင်းမသိ ပြန့်ကျယ်သော သတိသမ္မောဇ္ဈင် ဖြစ်တယ်။ ကောင်းစွာအားထုတ်ထားပြီး ဖြစ်တယ်လို့လည်း သိတယ်၊ တည်နေရင်လည်း

http://www.dhammadownload.com

သိတယ်၊ အကယ်၍ လျောကျပျက်စီးသွားရင်လည်း ဘာကြောင့်ဆိုတာကို သိတယ်။ (ထို့အတူပင် ကျန်သောဗောဇ္ဈင် ၆ ပါးကိုလည်း နိုင်နင်းကြောင်း **အသိုးသိုး**ထုတ်ပြီး မိန့်ကြားတော်မူပါတယ်။)

ဥပမာ**အား**ဖြင့် **မင်း**ဖြစ်စေ၊ အမတ်ကြီးဖြစ်စေ အဝတ်သေတ္တာထဲက အလိုရှိရာ **ဝတ်စုံ**ကို ထုတ်ပြီး နံနက်ပိုင်းကာလပတ်လုံးလည်း ဝတ်ဆင်နိုင်သလို၊ **နေ့လယ်**ပိုင်းကာလ၊ ညနေပိုင်းကာလပတ်လုံးလည်း အလိုရှိရာ **အဝတ်စုံကို ထုတ်**ယူပြီး ဝတ်ဆင်နိုင်သလို ဖြစ်တယ်လို့လည်း ပြဆိုပါတယ်။

အဲဒီမှာ **ဆို**လိုရင်းကတော့ ဗောဇ္ဈင်တရားတွေကို အပြည့်အစုံ ပွားထားပြီး ဖြစ်တဲ့အတွက် အလိုရှိတဲ့ဗောဇ္ဈင်ကို အချိန်မရွေး ပွားစေနိုင်တယ်လို့ ဆိုလိုရင်းပါပဲ။ အဲဒီမှာ သတိသမ္ဗောဇ္ဈင်ဖြစ်စေ စသည်ဖြင့် စိတ်ညှတ်ပေးတာဟာ ဝေါဟာရအမည်မျှပါပဲ။ ဖြစ်တဲ့အခါကျတော့ ဝိပဿနာရှုခိုက်ဆိုရင် ဃတိပြဋ္ဌာန်းတဲ့ ဝိပဿနာဗောဇ္ဈင်တွေ ဖြစ်နေကျအတိုင်း ဖြစ်တာပါပဲ။ ဖလသမာပတ် ဝင်စားခိုက်မှာလည်း နည်းတူပါပဲ။ အရှင်သာရိပုတ္တရာကတော့ ဖိုလ်ဝင်စားခိုက်ကို ရည်ပြီး မိန့်ကြားတော်မူကြောင်း အဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

နောက်ပြီးတော့ ဒီဗောဇ္ဈင်တရားတွေဟာ ရောဂါဝေဒနာကိုလည်း ပျောက်စေနိုင်ပါတယ်။ တစ်ချိန် အရှင်မဟာကဿပ မကျန်းမာတဲ့အခါ မြတ်စွာဘုရားက ဗောဇ္ဈင် ၇ ပါးကို ဟောတော်မူတယ်၊ တရားနာနေရင်း ရှေးကဖြစ်ဖူးခဲ့တဲ့ ဗောဇ္ဈင်တရားများ ဖြစ်ပွားလာတဲ့အတွက် ရောဂါပျောက်သွားတယ်။ အရှင်မဟာမောဂ္ဂလာန် မကျန်းမာတဲ့အခါလည်း မြတ်စွာဘုရားက နည်းတူပင် ဟောတော်မူတယ်၊ ရောဂါပျောက်သွားတယ်။ မြတ်စွာဘုရား မကျန်းမာတော်မူတဲ့အခါလည်း အရှင်စုန္ဒ ရွတ်ဆိုဟောကြားတဲ့ ဗောဇ္ဈင်တရားကို နာယူတော်မူပြီး ရောဂါပျောက်သွားတယ်။ ဝေဠုဝဂ္ဂ၌ ဝါကပ်စဉ်က မြတ်စွာဘုရားမှာ

http://www.dhammadownload.com

ပရိနိဗ္ဗာန် ဝင်စံလောက်အောင် ရောဂါအကြီးအကျယ် ကပ်ရောက်တဲ့ အခါ ဝိပဿနာ အကျယ်ရှုပွားပြီး ရောဂါပျောက်သွားတယ်ဆိုတာ လည်း ဒီဗောဇ္ဈင်တရားတွေကြောင့်ပဲလို့ မှတ်ယူရတယ်။

ဒါကြောင့် ဒီဗောဇ္ဈင် ၇ ပါး **တရားမြတ်တွေ**ဟာ မိမိတို့၏ သန္တာန်မှာ ဖြစ်ပွားစေနိုင်မယ်ဆိုရင် **လောကီ၊ လောကုတ္တရာ** နှစ်ဖြာလုံး မှာ အလွန်အကျိုးများတဲ့ တရားမြတ်**တွေပါပဲ**။ **ဒီ**ဗောဇ္ဈင်တရားတွေ ပွားစေတယ်ဆိုတာလည်း မဟာသ**တိပဋ္ဌာန**သုတ်မှာ ပြထားတဲ့ နည်း အတိုင်း ပွားစေရတာပါပဲ။ ကာယ၊ **ဝေဒနာ၊ စိတ္တ**၊ ဓမ္မဆိုတဲ့ အာရုံ ၄ ပါးထဲက တစ်ပါးတစ်ပါးကို ရှုမှတ်ပြီး ပွားစေရတာပါပဲ။ ဓမ္မာ နုပဿနာ သတိပဋ္ဌာန်ပိုင်းထဲမှာ **ဗောဇ္ဈင်** ၇ ပါးကို ရှုပွားစေပုံ အပိုင်းလည်း ပါရှိပါတယ်။ ဒါပေမဲ့ **စစချင်း**တော့ ဗောဇ္ဈင်တရားက မရှိသေး**တဲ့အတွက်** ဗောဇ္ဈင်ကို **စ**ပြီး**ရှုလို့တော့** မဖြစ်ပေဘူး။ တခြား ရုပ်နာမ်**တစ်ခုခု**ကစပြီး ရှုဖို့ပါပဲ။ **အဲဒီလို စ**ပြီး**ရှု**ကတည်းက အနုစား **အား**ဖြင့် **သ**တိသမ္ဗောဇ္ဈင်စသည် ဖြစ်လာပါတယ်။ ဒါကြောင့် အဲဒီအခါ **မှ စ**ပြီး **ဗောဇ္ဈင်**တရားတွေကိုလည်း **ရှု**ပြီး ပွားစေနိုင်ပါတယ်။ ဒါပေမဲ့ **လိုရင်းက**တော့ ဗောဇ္ဈင်တရားတွေ ဖြစ်ပွားဖို့က လိုရင်းဖြစ်တယ်။ **ဒါကြောင့်** ဗောဇ္ဈင်မဟုတ်တဲ့ အခြားရုပ်နာမ်တွေကို ရှုပြီးတော့လည်း **ဒီဗောဇ္ဈင်**တရားတွေကို ပွားစေနိုင်ပါတယ်။ အဲဒီလို ပွားစေပြီးတော့ **အရဟတ္တ**မဂ်ရောက်တဲ့အခါ အဲဒီဗောဇ္ဈင်ကို ပွားစေမှ ပြီးစီးပြည့်စုံတော့ **တာပါပဲ**။ အဲဒါဟာ ရဟန္တာပုဂ္ဂိုလ်၏ **နဝမ**ခွန်**အား**ပါပဲ။

သီလဝန္တသုတ္တန်တရားတော်၌ **ရုစ်**ခုမြောက်ဖြစ်တဲ့ **ဒီ**အပိုင်းမှာ **ရဟန္တာ**ပုဂ္ဂိုလ်လည်း ဥပါဒါန**က္ခန္ဓာ**၈း**ပါး**ကို **အနိစ္စ အစ**ရှိသော ၁၁ **ပါး**သော အခြင်းအရာဖြင့် ရှုအပ်**ကြောင်း၊ အဲဒီလိုရှု**တဲ့**အတွက်** ရဟန္တာ ပုဂ္ဂိုလ်မှာ ဒိဋ္ဌဓမ္မသုခဝိဟာရနှင့် **သ**တိသမ္ဗေဇ္ဈ ယှဉ်ခြင်းဆိုတဲ့ အကျိုး အာနိသင်များကို ရကြောင်း ဟောပြီးတော့ ရဟန္တာပုဂ္ဂိုလ်၏ခွန်အား

http://www.dhammadownload.com

၁၀ ပါးထဲက သမ္မပ္ပဓာန်ကို ပွားစေမှု ပြည့်စုံကြောင်းအစရှိတဲ့ ခွန်အား ၅ ပါးကို ဟောခဲ့တယ်။ မဂ္ဂင်ရှစ်ပါး ပွားစေမှုပြည့်စုံခြင်းဆိုတဲ့ ခွန်အား တစ်ပါးသာ ကျန်တော့တယ်။

(၁၀) ရဟန္တာ၏ ဒသမခွန်အား

ဘန္တေ၊ မြတ်စွာဘုရား၊ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါးသော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်းသည်။ အင်္ဂဂီကော၊ အင်္ဂါရှစ်ပါးရှိသော။ အရိယော မဂ္ဂေါ၊ အရိယမဂ်ကို။ ဘာဝိတော၊ ပွားစေအပ်ပြီးသည်။ သုဘာဝိတော၊ လိုလေသေးမရှိ အပြည့်အစုံ ကောင်းစွာ ပွားစေအပ်ပြီးသည်။ ဟောတိ၊ ဖြစ်ပါသည်။ ဘန္တေ၊ မြတ်စွာဘုရား။ ဣဒမ္ပိ၊ ဤအရိယမဂ်ကို ပွားစေအပ်ပြီး ဖြစ်ခြင်းသည်လည်း။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာရဟန်း၏။ ဗလံ ဟောတိ၊ ခွန်အားတစ်ပါးဖြစ်ပါသည်။ ယံ ဗလံ အာဂမ္မ၊ ယင်းခွန်အားကို ရောက်၍ စွဲမှီ၍။ ခီဏာသဝေါ ဘိက္ခု၊ ရဟန္တာရဟန်းသည်။ အာသဝေါ မေ ခီဏာတိ၊ ငါ့မှာ အာသဝေါတရား ကုန်ပြီဟု။ အာသဝါနံ ခယံ၊ အာသဝေါတရားတို့၏ ကုန်ခြင်းကို။ ပဋိဇာနာတိ၊ ဝန်ခံပါသည် မြတ်စွာဘုရား တဲ့။

အရိယမဂ်ဆိုတာ (အရိယော၊ အပြစ်ကင်း၍ စင်ကြယ်မြင့်မြတ်သော+ မဂ္ဂေါ၊ လမ်း= အရိယမဂ္ဂ၊ အရိယမဂ်) အပြစ်ကင်း၍ စင်ကြယ် မြင့်မြတ်သော အကျင့်လမ်းပါပဲ။ လောကမှာ မဂ္ဂ၊ လမ်းဆိုတာ အမျိုးမျိုးရှိတယ်။ ကုန်းလမ်း၊ ရေလမ်း၊ လေလမ်း၊ မြို့သွားတဲ့လမ်း၊ ရွာသွားတဲ့လမ်း၊ တောသွားတဲ့လမ်း၊ ဈေးသွားတဲ့လမ်း၊ ရုံးသွားတဲ့လမ်း၊ ကျောင်းသွားတဲ့လမ်း၊ စေတီတော်တွေသွားတဲ့လမ်း စသည်တွေပေါ့။ ဟရားဒေသနာတော်မှာတော့ ဂတိငါးပါးသွားတဲ့လမ်း၊ ဂတိလွတ်ရာသွားတဲ့လမ်းစသည်ဖြင့် ဟောထားတဲ့ လမ်းတွေရှိပါတယ်။ အဲဒီမှာ

http://www.dhammadownload.com

ဂတိငါးပါး သွားတဲ့လမ်းဆိုတာ (၁) ငရဲသို့ သွားတဲ့လမ်း၊ (၂) တိရစ္ဆာန်ဘဝသို့ သွားတဲ့လမ်း၊ (၃) ပြိတ္တာဘဝသို့ သွားတဲ့လမ်း၊ ဒီလမ်းသုံးသွယ်ကတော့ သတ်ခြင်း၊ ခိုးခြင်းစတဲ့ အကုသိုလ်ဒုစရိုက်လမ်းပါပဲ။ (၄) လူ့ဘဝသို့ သွားတဲ့လမ်း၊ (၅) နတ်ဘဝသို့ သွားတဲ့လမ်း၊ ဒီလမ်းနှစ်သွယ်ကတော့ ဒါန၊ သီလ၊ သမထ ဘာဝနာကုသိုလ်သုစရိုက်လမ်းပါပဲ။ ဂတိလွတ်ရာ သွားတဲ့လမ်းဆိုတာကတော့ နိဗ္ဗာန်ရောက်စေတတ်တဲ့ အရိယမဂ္ဂင်ရှစ်ပါးပါပဲ။ ဒီလမ်းကို ပါဠိဘာသာဖြင့် နိဗ္ဗာနဂါမိမဂ္ဂ၊ အဓိဂါမိမဂ္ဂစသည်ဖြင့် ပြဆိုထားပါတယ်။ ယခု ပြောနေတဲ့ အရိယမဂ်ပါပဲ။

ဒီအရိယမဂ်ကို ရဟန္တာမှာ လိုလေသေးမရှိ အပြည့်အစုံပွားစေပြီး ဖြစ်နေပါတယ်။ ဒီအရိယမဂ်လမ်းကို ဘယ်အခါကစပြီး ပွားစေရသလဲဆိုတော့ ပုထုဇဉ်ဘဝကတည်းက စပြီး ပွားစေခဲ့ရတယ်။ ဘယ်လို ပွားစေရသလဲဆိုတော့ ပွားစေပုံကို ရှေ့ပိုင်းများကလည်း ပြောခဲ့ပါပြီ။ ဒါပေမဲ့ ဒီနေရာမှာ သုတမယဉာဏ် ထပ်ပြီးပွားရအောင် အကျဉ်းချုပ်တော့ ပြဆိုပါဦးမယ်၊ ရှေးဦးစွာ မဂ္ဂင်ရှစ်ပါး သရုပ်ကို လိုက်ဆိုကြရမယ်။

(၁) သမ္မာဒိဋ္ဌိ၊ မှန်စွာ မြင်ခြင်း။
(၂) သမ္မာသင်္ကပ္ပ၊ မှန်စွာ ကြံခြင်း။
(၃) သမ္မာဝါစာ၊ မှန်စွာ ပြောခြင်း။
(၄) သမ္မာကမ္မန္တ၊ မှန်စွာ ပြုခြင်း။
(၅) သမ္မာအာဇီဝ၊ မှန်စွာ အသက်မွေးခြင်း။
(၆) သမ္မာဝါယာမ၊ မှန်စွာ အားထုတ်ခြင်း။
(၇) သမ္မာသတိ၊ မှန်စွာ အမှတ်ရခြင်း။
(၈) သမ္မာသမာဓိ၊ မှန်စွာ စူးစိုက်တည်ကြည်ခြင်း။

အဲဒီမဂ္ဂင်ရှစ်ပါးထဲမှာ သမ္မာဒိဋ္ဌိဆိုတာ ၅ ပါး ၆ ပါး ရှိပါတယ်။

http://www.dhammadownload.com

၁။ ကမ္မဿကတာ သမ္မာဒိဋ္ဌိ၊
၂။ ဈာန သမ္မာဒိဋ္ဌိ၊
၃။ ဝိပဿနာ သမ္မာဒိဋ္ဌိ၊
၄။ မဂ္ဂ သမ္မာဒိဋ္ဌိ၊
၅။ ဖလသမ္မာဒိဋ္ဌိ၊ **ဒီဂါးပါးထဲမှာ ပစ္စဝေက္ခဏာ** သမ္မာဒိဋ္ဌိကိုပါ ထည့်ယူလျှင် သမ္မာဒိဋ္ဌိ ၆ ပါး ဖြစ်ပါတယ်။

အဲဒီ ၆ ပါးထဲက ဖလသမ္မာဒိဋ္ဌိဆိုတာ ဖိုလ်လေးပါး၌ ပါတဲ့ ဉာဏ်ပညာပါပဲ။ အဲဒီ ဖိုလ်ဉာဏ်အတွက်တော့ အထူးအားထုတ်ဖို့ မလိုပါဘူး။ မဂ်လေးပါး၏ အကျိုးဖြစ်တဲ့အတွက် မဂ်လေးပါးဖြစ်ရင် မဂ်ရဲ့အခြားမဲ့မှာ သူ့အလိုလို ဖြစ်တော့တာပါပဲ။ ပစ္စဝေက္ခဏာ သမ္မာဒိဋ္ဌိဆိုတာကလည်း အရိယမဂ်ဖိုလ်ယို့ ရောက်ပြီးတဲ့နောက် မဂ်ဖိုလ်စသည်ကို ပြန်လှည့်ပြီး ဆင်ခြင်တဲ့ဉာဏ်ဖြစ်ကြောင်းကို သီလဝန္တတရားစာအုပ် ပဋ္ဌမပိုင်း (နှာ ၂၄၂) မှာ ပြောခဲ့ပါပြီ။ ဒါကြောင့် ဒီပစ္စဝေက္ခဏာဉာဏ်အတွက်လည်း အထူးအားထုတ်စရာ မလိုပါဘူး။

ဖြစ်ပွားစေဖို့ လိုရင်းပဓာနကတော့ မဂ္ဂသမ္မာဒိဋ္ဌိပါပဲ။ ဒါပေမဲ့ ဒီမဂ္ဂသမ္မာဒိဋ္ဌိဆိုတာက သူ့သက်သက်ကို စပြီးဖြစ်အောင် အားထုတ်လို့ မဖြစ်ဘူး၊ ဒီအရိယမဂ် သမ္မာဒိဋ္ဌိကို ဖြစ်စေလိုလျှင် ပုဗ္ဗဘာဂမဂ်၊ ရှေ့သွားမဂ်ဆိုတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိကို စပြီးဖြစ်ပွားစေရတယ်။ အဲဒီ ဝိပဿနာမဂ်က ရင့်သန်ပြည့်စုံတဲ့အခါကျမှ မဂ္ဂသမ္မာဒိဋ္ဌိခေါ်တဲ့ အရိယမဂ်ဉာဏ်က ဖြစ်ပေါ်လာတာ။ အဲဒီဝိပဿနာမဂ်ကို ဖြစ်ပွားစေရာမှာလည်း အခြေခံ ပြည့်စုံဖို့က လိုသေးတယ်။ အဲဒါက ဘာလဲဆိုတော့ ကမ္မဿကတာသမ္မာဒိဋ္ဌိ အရင်းခံပြီး သီလစင်ကြယ်ဖို့၊ ဈာန သမ္မာဒိဋ္ဌိနှင့်ယှဉ်တဲ့ သမာဓိ ပြည့်စုံဖို့ပါပဲ။

ကမ္မဿကတာသမ္မာဒိဋ္ဌိ ဆိုတာ ကံနှင့်ကံ၏အကျိုးရှိတယ်လို့ ယုံကြည်ပြီးဖြစ်တဲ့ အသိဉာဏ်ပါပဲ။ ဒီဉာဏ်ကတော့ ဗုဒ္ဓသာသနာဝင်

http://www.dhammadownload.com

ပုဂ္ဂိုလ်တွေအတွက် အထူးအားထုတ်စရာ မလိုပါဘူး။ ငယ်ရွယ်စဉ်ကတည်းက ပြည့်စုံလာခဲ့ကြပါတယ်။ ဒီသမ္မာဒိဋ္ဌိနှင့် ပြည့်စုံမှ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်တွေကို အပြည့်အစုံ ပြုလုပ်နိုင်ကြတယ်။ ပေးလှူစဉ်မှာလည်း ဒီကမ္မဿကတာသမ္မာဒိဋ္ဌိ ပါတာပဲ။ သီလကို ဆောက်တည်ကျင့်သုံးစဉ်မှာလည်း ဒီကမ္မဿကတာသမ္မာဒိဋ္ဌိ ပါတာပဲ။ ဘာဝနာကို ပွားစေရာမှာလည်း အခြေခံအဖြစ်ဖြင့် ဒီကမ္မဿကတာသမ္မာဒိဋ္ဌိ ပါတာပဲ။ ဘာကြောင့်လဲဆိုရင် ရူပါဝစရစျာန်ကုသိုလ်က်၊ အရူပါဝစရစျာန်ကုသိုလ်က်တို့ကြောင့် ရူပဗြဟ္မာဘုံ၊ အရူပဗြဟ္မာဘုံများ၌ ဖြစ်နိုင်တယ်ဆိုတာကို ယုံကြည်ပါမှ သမထဘာဝနာကို အားထုတ်နိုင်တယ်။ ဝိပဿနာရှုရင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်တယ်လို့ ယုံကြည်ပါမှ ဝိပဿနာအလုပ်ကို အားထုတ်နိုင်တယ်။ ဒါကြောင့်ပါပဲ။

နောက်ပြီးတော့ ဘာဝနာအလုပ်ကို အားထုတ်ရင် သီလဝိသုဒ္ဓိ ပြည့်စုံရမယ်ဆိုတာကတော့ အထူးပြောစရာ မလိုပါဘူး။ ဝိပဿနာအရာမှာလည်း နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ဒိဋ္ဌိဝိသုဒ္ဓိစသော ပညာဝိသုဒ္ဓိငါးပါးဟာ စိတ္တဝိသုဒ္ဓိဆိုတဲ့ သမာဓိပြည့်စုံမှ ဖြစ်တယ်ဆိုတာကလည်း သုတရှိသူတွေမှာ ထင်ရှားပါတယ်။ ဒါကြောင့် သီလကလည်း ဘာဝနာအလုပ် အားမထုတ်မီကတည်းက ပြည့်စုံရမယ်။ စောစောက မပြည့်စုံတောင် ကမ္မဋ္ဌာန်းဝင်ခါနီးမှာ သီလဆောက်တည်ပြီး ပြည့်စုံစေရမယ်၊ ရဟန်းများမှာတော့ ဒေသနာက်၊ ဝုဋ္ဌာနက်ဖြင့် သီလကို စင်ကြယ်စေရမယ်။ အဲဒီလို သီလစင်ကြယ် ပြည့်စုံတဲ့အခါမှာ တတ်နိုင်လို့ရှိရင် စျာန် သမာဓိကို ရအောင် သမထဘာဝနာတစ်ပါးပါး အားထုတ်ရမယ်။ စျာန်ထိအောင် အားမထုတ်နိုင်ရင် ဥပစာရသမာဓိရအောင် အားထုတ်ရမယ်။ သမထဘာဝနာကို သီးသန့်အားမထုတ်နိုင်ရင် သတိပဋ္ဌာန် ဒေသနာတော်အရ ဣရိယာပုထ်ရပ်၊ ဓာတ်လေးပါးရပ်စသည်ကို ရှုတဲ့ ဝိပဿနာကို ပွားစေပြီးတော့ ဥပစာရသမာဓိနှင့် တူညီတဲ့ ဝိပဿနာ

http://www.dhammadownload.com

ခဏိကသမာဓိကို ရစေရမယ်။ အဲဒီကမ္မဿကတာသမ္မာဒိဋ္ဌိ၊ သီလ၊ သမာဓိတွေဟာ ဝိပဿနာ၏ အခြေခံမဂ္ဂင် မူလမဂ္ဂင်တွေပါပဲ။

အဲဒီအခြေခံမဂ္ဂင်များ ပြည့်စုံတဲ့အခါ ဒွါရ ၆ ပါးက ဖြစ်ခိုက် ရုပ်နာမ် ဥပါဒါနက္ခန္ဓာတွေကို ရှုမှတ်ပြီး ဝိပဿနာ သမ္မာဒိဋ္ဌိကို ပွားစေရမယ်။ ရှုပုံ ပွားစေပုံတွေကိုတော့ ရှေ့ပိုင်းများမှာ အကျယ်ပြောခဲ့ပါပြီ။ အထူးအားဖြင့် ဓမ္မစက္ကာတရားတော်ကြီး (နှာ ၁၄၆ နှင့် ၁၅၆) စာအုပ်မှာ ပြဆိုထားပြီး ရှိနေပါတယ်။ အဲဒီလို ရှုမှတ်တော့ ရုပ်ကို ရှုတိုင်း ရှုတိုင်း ရှုသိရတဲ့အာရုံက တခြား၊ ရှုသိတဲ့ စိတ်နာမ်က တခြား ခွဲခြားပြီး သိတယ်။ အဲဒီလို သိတာဟာ ရုပ်နှင့်နာမ်ကို ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ခေါ်တဲ့ ပထမ အခြေခံ ဝိပဿနာသမ္မာဒိဋ္ဌိပဲ။ အဲဒီကနောက် ရှုမှတ်နေရင်း အကြောင်းနှင့်အကျိုးကို ပိုင်းခြားသိတယ်။ အဲဒါက အကြောင်းကို သိမ်းဆည်းသိမြင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဆိုတဲ့ ဒုတိယအခြေခံ ဝိပဿနာသမ္မာဒိဋ္ဌိပဲ။

အဲဒီကနောက် ရှုမှတ်နေရင်း ရှုမှတ်ရတဲ့ အာရုံ၏ အစဖြစ်ပေါ်ပုံနှင့် အဆုံးပျောက်ကွယ်သွားပုံများကို တွေ့ရတဲ့အတွက် 'မမြဲတဲ့ တရားတွေပဲ၊ မမြဲဘူးဆိုတာ တကယ်ဟုတ်တာပဲ' စသည်ဖြင့် သုံးသပ်ဆင်ခြင်တယ်။ အဲဒါက ဝိပဿနာဉာဏ် ၁၀ ပါးထဲမှာ သမ္မသနဉာဏ်ခေါ်တဲ့ ဝိပဿနာသမ္မာဒိဋ္ဌိပဲ။ အဲဒီကနောက် အလွန်လျင်မြန်စွာ ဖြစ်ဖြစ်ပြီး ပျက်ပျက်သွားတာတွေကို သိမြင်တဲ့ ဥဒယဗ္ဗယဉာဏ်၊ ရှုသိရတဲ့အာရုံနဲ့ ရှုသိမှုပါ ပျက်ပျက်သွားတာကို သိမြင်တဲ့ ဘင်္ဂဉာဏ်အစရှိသော ဝိပဿနာဉာဏ်တွေဟာ အစဉ်အတိုင်း ဖြစ်ပေါ်ကြပါတယ်။ နောက်ဆုံးမှာ သခ်ါရအာရုံတွေကို အထူးကြောင့်ကြမစိုက်ရဘဲ အညီအမျှ ရှုသိနိုင်တဲ့ သခ်ါရုပေက္ခာဉာဏ်ဆိုတာ ဖြစ်ပေါ်လာပါတယ်။ အဲဒီ သခ်ါရုပေက္ခာဉာဏ်က ရင့်သန်ပြည့်စုံတဲ့အခါမှာ အထူးသွက်လက် လျင်မြန်တဲ့ အသိဉာဏ်အထူးတွေ နှစ်ကြိမ်သုံးကြိမ်စသည်ဖြင့် ဖြစ်ပေါ်လာပြီး

http://www.dhammadownload.com

တော့ အဖြစ်အပျက် ရုပ်နာမ်သစ်ါရ လုံးဝချုပ်ငြိမ်းတဲ့ သဘောထဲသို့ အသိဉာဏ်က ရောက်သွားပါတယ်။

အဲဒီမှာ အထူးသွက်လက်လျင်မြန်တဲ့ အသိဉာဏ်အထူးတွေ ဆိုတာ ဝုဋ္ဌာနဂါမိနီ ခေါ်တဲ့ ခေါင်ထိပ်ဝိပဿနာဉာဏ်ပဲ။ ဒီထိအောင် ဝိပဿနာ သမ္မာဒိဋ္ဌိတွေပါပဲ။ ချုပ်ငြိမ်းရာသို့ ရောက်သွားတဲ့ အသိဉာဏ်ကတော့ မဂ္ဂသမ္မာဒိဋ္ဌိပဲ။ ဒီမဂ္ဂသမ္မာဒိဋ္ဌိက ဝိပဿနာသမ္မာဒိဋ္ဌိ၏ အရိုန်အဟုန်ဖြင့် နောက်ဆုံးမှဖြစ်ပေါ်လာတယ်။ ဧကတ္တနည်းအရ ပြောရမယ်ဆိုရင် ဝုဋ္ဌာနဂါမိနီထဲမှာပါဝင်တဲ့ အနုလောမဉာဏ်ကပဲ နိဗ္ဗာန်အာရုံကို မျက်မှောက်ပြုပြီး ဖြစ်လာတယ်လို့တောင် ပြောနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် မဂ်စိတ်မဂ်ဉာဏ်ဆိုတာဟာ တခြားက ကျလာတာ မဟုတ်ဘူး၊ ရှေးစိတ်များ ရှေးဉာဏ်များမှ ဖြစ်ပေါ်လာတဲ့ သဘောဖြစ်သောကြောင့်ပါပဲ။ ဒီလို အရိယမဂ်၏ ရှေ့သွားဖြစ်သောကြောင့် ဝိပဿနာကို ပုဗ္ဗဘာဂမဂ်လို့ ခေါ်ပါတယ်။ အဲဒီ ဝိပဿနာမဂ်၏ အခြေခံဖြစ်တဲ့ ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် သီလမဂ္ဂင် သမာဓိမဂ္ဂင်တို့ကိုတော့ မူလမဂ္ဂင်လို့ ခေါ်ရတယ်။ ဒါကြောင့် အဲဒီဖြစ်စဉ်ကို တိုတိုနဲ့မှတ်ရအောင် ဘုန်းကြီးက ဆောင်ပုဒ်စီထားတယ်။

(၁) မူလပုဗ္ဗ၊ အရိယ၊ သုံးဝမဂ္ဂင်မြတ်။

(၂) ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်။

ယခုဘဝတွင် နိဗ္ဗာန်ကို မျက်မှောက်တွေ့ချင်လို့ရှိရင် ရှေးဦးစွာ ကမ္မဿကတာသမ္မာဒိဋ္ဌိနှင့် ပြည့်စုံရမယ်၊ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်သုံးပါးနှင့်ပြည့်စုံပြီး သီလစင်ကြယ်ရမယ်။ စိတ္တဝိသုဒ္ဓိအရ နီဝရဏကင်းစေနိုင်တဲ့ သမာဓိတစ်ပါးပါးနှင့် ပြည့်စုံရမယ်။ အဲဒါတွေဟာ အခြေခံမူလမဂ္ဂင်တွေပါပဲ။ အဲဒီကနောက် နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ပုဗ္ဗဘာဂမဂ်ဆိုတဲ့ ဝိပဿနာမဂ္ဂင်တွေကို ပြည့်စုံစေရမယ်။ ဝိပဿနာမဂ်က အနုလောမ

http://www.dhammadownload.com

ဉာဏ်ရောက်ရင်တော့ အဲဒီဉာဏ်နှင့်တစ်ဆက်တည်း ဂေါတြဘူဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုတာတွေဟာ ဝိပဿနာ၏ အဟုန်အရှိန်ဖြင့် ဖြစ်သွားတော့တာပဲ။ ဒါကြောင့် မူလမဂ္ဂင်ကို အခြေခံပြုပြီးတော့ ပုဗ္ဗဘာဂမဂ်လို့ခေါ်တဲ့ ဝိပဿနာမဂ်ကို ဖြစ်ပွားစေလို့ရှိရင် ဒီမဂ္ဂင်တရား အပေါင်းက နိဗ္ဗာန်ဆိုတဲ့ အငြိမ်းဓာတ်ထဲသို့ ပြေးဝင်ဆိုက်ရောက်သွားတယ်ဆိုတာကို 'ဖြစ်ပွားစေလျှင်၊ ဤမဂ္ဂင်၊ ပြေးဝင်နိဗ္ဗာန်ဓာတ်'လို့ ဆိုထားပါတယ်။

အဲဒီမှာ ဝိပဿနာ သမ္မာဒိဋ္ဌိဖြစ်ရင် သူ၏တွဲဖက်ဖြစ်တဲ့ သမ္မာသင်္ကပ္ပဟူသည်တို့လည်း ပါဝင်ပြီးဖြစ်ကြတာပါပဲ။ ပါဝင်ပုံကတော့ မြင်ခိုက် ကြားခိုက်စသည်၌ ရှုမှတ်၍ မမြဲဟုသိလျှင် မမြဲတဲ့အခြင်းအရာဖြင့် အာရုံဆီသို့ညွှတ်စေတာက သမ္မာသင်္ကပ္ပပဲ။ သမ္မာသင်္ကပ္ပပုဒ်ကို မှန်စွာကြံခြင်းလို့ အနက်ပြန်ရပေမဲ့ ဝိပဿနာရှုခိုက်မှာတော့ တမင်ကြံပြီး ရှုရတာ မဟုတ်ပါဘူး။ နိဗ္ဗာန်သိတဲ့မဂ်ခဏမှာ နိဗ္ဗာန်ဆီသို့ ညွှတ်စေတာကိုပင် သမ္မာသင်္ကပ္ပ မှန်စွာကြံခြင်းလို့ ဆိုရတာလိုပါပဲ။ အဲဒီ သမ္မာသင်္ကပ္ပနှင့် သမာဒိဋ္ဌိကို ပညာကွန်ခေါ်တယ်။ မြင်တယ်ကြားတယ်စသည်ဖြင့် ရှုတိုင်း ရှုတိုင်း ရှုမှတ်မိအောင် ကြောင့်ကြစိုက်တာက သမ္မာဝါယမပဲ။ အမှတ်ရတာက သမ္မာသတိပဲ။ ရှုမိတဲ့အာရုံမှာ အခိုက်အတန့်မျှ ကပ်လျက်ကပ်လျက် တည်တည်သွားတာက ဝိပဿနာ ခဏိက သမ္မာသမာဓိပဲ။ ဝိပဿနာ ရှုခိုက် ရှုခိုက်ခဏမှာ ဒီသမာဓိက အလွန်အရေးကြီးပါတယ်။ ဒီသမာဓိက အားမကောင်းရင် ထက်သန်တဲ့ ဝိပဿနာဉာဏ် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အဲဒီခဏိက သမာဓိနှင့်တကွ သမ္မာဝါယာမ သမ္မာသတိဆိုတဲ့ မဂ္ဂင်သုံးပါးက ဝိပဿနာ၏ အကူအညီ သမာဓိခန္ဓာပဲ။

သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝဆိုတဲ့ သီလမဂ္ဂင်တွေကတော့ ဝိပဿနာအလုပ် အားမထုတ်မီကတည်းက ပြည့်စုံလာခဲ့ပြီး

http://www.dhammadownload.com

ဖြစ်တယ်။ ဝိပဿနာရှုနေဆဲမှာလည်း အဲဒီသီလက ပြည့်စုံမြဲ ပြည့်စုံနေပါတယ်။ တစ်နည်းအားဖြင့်ဆိုရင် ရှုတိုင်းရှုတိုင်း အနိစ္စစသော အခြင်းအရာဖြင့် သိရတဲ့အာရုံမှာ မြဲတယ်စသည်ဖြင့် ထင်မှတ်ပြီးတော့ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ ဖြစ်နိုင်ခွင့် မရှိတော့ဘူး။ အဲဒီလို မိစ္ဆာဝါစာစသည် မဖြစ်နိုင်တာဟာ သမ္မာဝါစာကိစ္စစသည် ပြီးစီးတဲ့သဘောပဲ။ ဒါကြောင့် သီလမဂ္ဂင်သုံးပါးလည်း ဝိပဿနာရှုခိုက်မှာ ပြည့်စုံတယ်လို့ ဆိုရပါတယ်။

ဒါကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်တိုင်း ဖြစ်တိုင်း သမ္မာသင်္ကပ္ပ အစရှိသော ကျန်တဲ့မဂ္ဂင်ခုနစ်ပါးလည်း ပါဝင်ပါတယ်။ အဲဒီလိုပါဝင်တဲ့အတွက် 'မြင်တယ်၊ ကြားတယ်'စသည်ဖြင့် ရှုတိုင်း ရှုတိုင်း ပုဗ္ဗဘာဂမင်္ဂလေါတဲ့ ဝိပဿနာမဂ္ဂင်ရှစ်ပါးကို ပွားစေသည် မည်ပါတယ်။ အဲဒီဝိပဿနာမင်္ဂလက ရင့်သန်ပြည့်စုံတဲ့အခါမှာ ခုတင်က ပြောခဲ့တဲ့အတိုင်း သောတာပတ္တိမဂ်ဆိုတဲ့ အရိယမဂ် ဖြစ်ပေါ်တယ်။ သောတာပတ္တိဖိုလ်နှင့် တံကွ ရှေးကပြောခဲ့တဲ့အတိုင်း ပစ္စဝေက္ခဏာ ဉာဏ်များလည်း ဖြစ်သွားတယ်။

အဲဒီလို သောတာပတ္တိမဂ်ဖိုလ် ရောက်ပြီး သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်က တစ်ဖန် သမ္မာဒိဋ္ဌိအစရှိသော ဝိပဿနာမဂ်ကို ပွားစေပြန်လျှင် သကဒါဂါမိမဂ်ဖိုလ်ရောက်ပြီး သကဒါဂါမ် ဖြစ်တယ်။ သကဒါဂါမ်က ဝိပဿနာမဂ်ကို ပွားစေပြန်လျှင် အနာဂါမိမဂ်ဖိုလ် ရောက်ပြီး အနာဂါမ် ဖြစ်တယ်။ အနာဂါမ်က ဝိပဿနာမဂ်ကို ပွားစေပြန်လျှင် အရဟတ္တမဂ်လို့ခေါ်တဲ့ သမ္မာဒိဋ္ဌိအစရှိသော မဂ္ဂင်ရှစ်ပါး အပြည့်အစုံ ဖြစ်ပွားသွားတယ်။ အဲဒီအရဟတ္တမဂ်၏အကျိုးဖြစ်တဲ့ အရဟတ္တဖိုလ်နှင့်တကွ ပစ္စဝေက္ခဏာဉာဏ်များလည်း ဖြစ်တယ်။ အဲဒီလိုဖြစ်ရာမှာ အရဟတ္တမဂ် ရောက်တဲ့အခါ အရိယမဂ္ဂင်ရှစ်ပါး ပွားစေမှု လုံးဝပြည့်စုံသွားတယ်။ အဲဒီလိုပြည့်စုံပုံကို ရည်ပြီးတော့ အရှင်သာရိပုတ္တရာက

http://www.dhammadownload.com

ဘန္တေ၊ မြတ်စွာဘုရား။ ပုန စ၊ တစ်ဖန်လည်း။ အပရံ၊ တစ်ပါး သော ခွန်အားကား။ ခီဏာသဝဿ ဘိက္ခုနော၊ ရဟန္တာ ရဟန်းသည်။ အင်္ဂဂီကော၊ အင်္ဂါရှစ်ပါးသော။ အရိယော မဂ္ဂေါ၊ အရိယမဂ်ကို။ ဘာဝိတော၊ ပွားစေအပ်ပြီးသည်။ သုဘာဝိတော၊ လိုလေသေးမရှိ အပြည့် အစုံ ကောင်းစွာပွားစေအပ်ပြီးသည်။ ဟောတိ၊ ဖြစ်ပါသည် အရှင်ဘုရား စသည်ဖြင့် လျှောက်ကြားပါတယ်။

အဲဒီလို အပြည့်အစုံ ပွားစေပြီးဖြစ်တဲ့အတွက် ရဟန္တာဟာ သမ္မာ ဒိဋ္ဌိ အစရှိသော ဝိပဿနာမဂ္ဂင်ကို ဖြစ်စေ၊ အရိယဖိုလ်အင်္ဂါများဖြစ် သော သမ္မာဒိဋ္ဌိစသည်ကို ဖြစ်စေ အလိုရှိသောအခါ အလိုရှိတိုင်း ဖြစ်ပွားစေနိုင်တယ်လို့ မှတ်ယူရပါတယ်။ သို့ပေမယ့် သတတဝိဟာရီ မဟုတ်ရင်တော့ ရှေ့ပိုင်းက ပြောခဲ့တဲ့ သတတဝိဟာရီသာမဏေ ဆရာရဟန္တာအရှင်လို ဖလသမာပတ် မဝင်စားနိုင်တဲ့အခါလည်း ရှိသေး တယ်လို့ ဆိုရမှာပဲ။ ဒါပေမဲ့ အဲဒီလို မဝင်စားနိုင်တဲ့ ရဟန္တာကတော့ အလွန်ပင် နည်းပါလိမ့်မယ်။

ဒါလောက်ဆိုရင် ရဟန္တာပုဂ္ဂိုလ်၏ ခွန်အား ၁၀ ပါးအကြောင်း ကို နားလည်လောက်ပါပြီ။ ယခု ပြောဖို့လိုသေးတာကတော့ ရဟန္တာ ပုဂ္ဂိုလ်က အာသဝေါကုန်ကြောင်း ဝန်ခံရာမှာ 'ခီဏာ မေ အာသဝါတိ၊ ပါမှာ အာသဝေါကိလေသာတွေ ကုန်ပြီ' ဟု ဝန်ခံတယ်လို့ ပြဆိုထားတဲ့ အတိုင်း တဲ့တိုးပဲ ပြောဆိုပြီး ဝန်ခံကြပါသလား၊ မေးစရာ အချက်ကို ရှင်းလင်းပြောဖို့ပါပဲ။

ဒီနေရာမှာ အင်္ဂုတ္တရပါဠိ ဆက္ကနိပါတ် (နှာ၊ ၃၁၅) မှ ခေမက သုတ်ကို ရှေးဦးစွာ ထုတ်ပြရမယ်။

ခေမကသုတ်

မြတ်စွာဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ

http://www.dhammadownload.com

သီတင်းသုံးနေစဉ်အခါက အရှင်ခေမနှင့် အရှင်သုမနတို့ဟာ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုးပြီး ထိုင်နေကြပါတယ်။ အဲဒီလို ထိုင်နေပြီးတော့ အရှင်ခေမက မြတ်စွာဘုရားအား ဒီလိုလျှောက်ပါသတဲ့။

မြတ်စွာဘုရား၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ 'ငါ့ထက် မြတ်သောသူ ရှိသည်ဟူ၍သော်လည်းကောင်း၊ ငါနှင့် တန်းတူပုဂ္ဂိုလ် ရှိသည်ဟူ၍သော်လည်းကောင်း၊ ငါ့အောက် ယုတ်ညံ့သူ ရှိသည်ဟူ၍ သော်လည်းကောင်း၊ ဤသို့သောစိတ် ဖြစ်ခြင်း မရှိပါ'လို့ လျှောက်ပါသတဲ့။

အဲဒီလျှောက်ပုံဟာ ရဟန္တာမှာ မာနသုံးပါးလုံး မရှိကြောင်း တိုက်ရိုက်လျှောက်ပုံပါပဲ။ အဲဒီလို လျှောက်ခြင်းဖြင့် မိမိကိုယ်တိုင်မှာလည်း ထိုနည်းတူပင် ဖြစ်ကြောင်း သိစေပါတယ်။ မိမိက သူတစ်ပါးထက် မြတ်တယ်ထင်တဲ့ မာန၊ မိမိက သူတစ်ပါးအောက် ယုတ်ညံ့တယ်ထင်တဲ့မာန၊ မိမိဟာ မည်သူနှင့် တန်းတူပဲလို့ ထင်တဲ့မာန၊ ဒီမာနသုံးပါးလုံးကင်းရင် ရဟန္တာဖြစ်တာပဲ။ ရဟန္တာဖြစ်ရင် ဒီမာန သုံးပါးလုံးကင်းတယ်။ အဲဒီမာနသုံးပါး မိမိမှာကင်းကြောင်းကို သွယ်ဝိုက်ပြီးလျှောက်တဲ့စကားပါပဲ။ အလွန်နက်နဲပါတယ်။

အရှင်ခေမက လျှောက်ပြီး ထသွားတယ်။ ထသွားလို့ မကြာခင်ပဲ အရှင်သုမနက မြတ်စွာဘုရားအား လျှောက်ပြန်တယ်။ လျှောက်ပုံကတော့

'မြတ်စွာဘုရား၊ အာသဝေါကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်မှာ 'ငါ့ထက်မြတ်သူ မရှိဟူ၍သော်လည်းကောင်း၊ ငါနှင့်တူညီသူ မရှိဟူ၍သော်လည်းကောင်း၊ ငါ့အောက် ယုတ်ညံ့သူ မရှိဟူ၍သော်လည်းကောင်း' ဤသို့သောစိတ်ဖြစ်ခြင်း မရှိပါ' လို့ လျှောက်ပါသတဲ့။

ဒီလျှောက်ပုံဟာလည်း အရှင်ခေမ လျှောက်ပုံနှင့် နည်းတူပါပဲ။ မာနသုံးပါးကင်းကြောင်း လျှောက်တာပါပဲ။ (ဝုသိတဝါ၊ ကျင့်သုံးခြင်း

http://www.dhammadownload.com

ကိစ္စ ပြီးပြီးသော အစရှိတဲ့ ရဟန္တာ၏ဂုဏ်ပုဒ်တွေကို စကားကြော မရှည်စေရန် မပြဘဲ ချန်ထားသည်။)

အရှင်သုမနလည်း **လျှောက်ပြီး** ထသွားတယ်။ အဲဒီလို ထသွား ပြီးနောက် **မကြာမီပင် မြတ်စွာဘုရား**က ရဟန်းတော်များအား ဒီလို မိန့်တော်မူပါတယ်။

ဘိက္ခဝေ၊ ရဟန်းတို့။ ကုလပုတ္တာ၊ အမျိုးကောင်းသားတို့သည်။ ဇဝံ ခေါ၊ ဤခေမနှင့် သုမနတို့ လျှောက်သောအခြင်းအရာဖြင့်ပင်လျှင်။ အည်၊ ရဟန္တာအဖြစ် အရဟတ္တဖိုလ်ကို။ ဗျာကရောန္တိ၊ ပြောကြားကြကုန်၏။ အတ္ထော စ၊ သိစေလိုအပ်သောအနက်ကိုလည်း။ ဝုတ္တော၊ ပြောဆိုအပ်ပြီး ဖြစ်ပေသည်။ အတ္တာ စ၊ မိမိကိုယ်ကိုလည်း။ **အနုပနီ**တော၊ တိုက်ရိုက် မဖော်ပြအပ်ပေ။ အထ စ ပန၊ ထိုသို့ပင် ဖြစ်သော်လည်း။ ကွမ၊ ဤလောကဌ်။ ဧကစ္စေ၊ အချို့ကုန်သော။ မောဃပုရိသာ၊ မဂ်ဖိုလ်မမှီး အချည်းနှီးပုဂ္ဂိုလ်တို့သည်။ ဟသမာနကာ မညေ၊ ရယ်မောကြသလိုပင်။ ဝါ ရယ်ဖွယ်လိုပင်။ အည်၊ ရဟန္တာအဖြစ် အရဟတ္တဖိုလ်ကို။ ဗျာကရောန္တိ၊ မိမိကိုယ်ကို ဖော်၍ ပြောကြားကြကုန်၏။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ပစ္ဆာ၊ နောက်ကာလဌ်။ ဝိဃာတံ၊ ပင်ပန်းဆင်းရဲခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ရှာကုန်၏ လို့ မိန့်ကြားတော်မူပါတယ်။

အရှင်သောဏမထေရ်၏ ပြောကြားဝန်ခံပုံ

မြတ်စွာဘုရားလက်ထက်တော်ကာလက အလွန်ချမ်းသာတဲ့ သောဏခေါ် သူဌေးသားတစ်ဦး ရှိခဲ့တယ်။ ငယ်ရွယ်စဉ်မှစ၍ မြေကြီးပေါ် ခြေဖြင့်မနင်းဖူးဘူးတဲ့။ ခြေဖဝါးမှာတောင် အမွေးတွေ ပေါက်နေသတဲ့။ **အဲဒီသူဌေးသားဟာ** မြတ်စွာဘုရား၏တရားတော်ကို ကြားနာရသဖြင့် 'လူ့လောကမှာနေပြီး ဒီတရားကို ကျင့်သုံးလို့ ပြည့်စုံလိမ့်မယ် မထင်ဘူး၊ ရဟန်းပြုပြီး ကျင့်သုံးမှ ပြည့်စုံမယ်' လို့ ကြံစည်ပြီး

http://www.dhammadownload.com

တော့ သူဌေးစည်းစိမ်ကို စွန့်ပြီး ရဟန်းပြုပါတယ်။ ရဟန်းပြုပြီးတော့ သုသာန်မှာ စကြိုလျှောက်လျက် **အပြင်းအထန် အားထုတ်**နေတယ်။ ဘယ်လောက်ပြင်းထန်သလဲဆိုတော့ **ခြေဖဝါးမှာ** ပွန်းပဲ့ပေါက်ကွဲပြီး သွေးတွေယိုထွက်နေတယ်။ **စက်လမ်းမှာ** သွေးများဖြင့် လူးလဲနေတာဟာ နွားသတ်ရာဌာနလိုပင် ဖြစ်နေတယ်။ ဒါလောက် ပြင်းပြင်းထန်ထန် အားထုတ်ပေမဲ့ ဉာဏ်ထူး တရားထူးကို မတွေ့ရတဲ့အတွက် သူက ဒီလိုစဉ်းစားမိပါသတဲ့။ ပြင်းပြင်းထန်ထန် အားထုတ်ကြတယ်ဆိုတာဟာ ဒါလောက်ရှိမှာပါပဲ။ ဒါပေမဲ့ အာသဝေါကိလေသာတို့မှာ စိတ်ဟာ မလွတ်သေးဘူး၊ ငါ့ အိမ်ထောင်စုမှာ စီးပွားဥစ္စာတွေ အရှိသားပဲ။ လူထွက်ပြီး စည်းစိမ်ကိုလည်း ခံစားနိုင်တယ်၊ ကုသိုလ်ကိုလည်း ပြုနိုင်တယ်လို့ စဉ်းစားမိပါသတဲ့။

အဲဒီအခါ အရှင်သောဏ၏ စိတ်အကြံကို သိတော်မူတဲ့အတွက် မြတ်စွာဘုရားက အရှင်သောဏထံသို့ တန်ခိုးဖြင့် ချက်ချင်းကြွလာတော်မူပါတယ်။ ကြွလာတဲ့အခါ အရှင်သောဏက ရိုသေစွာ ရှိခိုးပြီး ထိုင်နေပါတယ်။ အဲဒီအခါ မြတ်စွာဘုရားက စောင်းဥပမာဖြင့် မလျော့မတင်း အားထုတ်ရန် ညွှန်ကြားတော်မူခဲ့ပါတယ်။ အရှင်သောဏလည်း မြတ်စွာဘုရား ညွှန်ကြားတော်မူတဲ့အတိုင်း လွန်ကဲသော ဝီရိယကို လျှော့ပြီး သမာဓိနှင့်ညီမျှအောင် အားထုတ်သဖြင့် မကြာမီပင် အရဟတ္တဖိုလ်သို့ရောက်ပြီး ရဟန္တာဖြစ်တော်မူပါတယ်။ ရဟန္တာ ဖြစ်ပြီးတဲ့အခါ အရှင်သောဏက မြတ်စွာဘုရားထံ သွားရောက်ပြီး မိမိရဟန္တာဖြစ်ကြောင်းကို ဒီလိုလျှောက်ကြားပါတယ်။ လျှောက်ပုံကတော့ ပါဠိစာမျက်နှာဖြင့် ၂ မျက်နှာကျော် ရှိပါတယ်။ ဒီမှာတော့ အတိုချုံးခပြာရမှာပဲ။

မြတ်စွာဘုရား၊ အာသဝေါကုန်ပြီးသော ရဟန္တာဟာ
၁။ နေကွမ္မ၊ လိုချင်မှုကာမမှ ထွက်မြောက်ရာ၊

http://www.dhammadownload.com

၂။ ဝိဝေက၊ ဆိတ်ငြိမ်ရာ၊

၃။ အဗျာပဇ္ဈ၊ ဒေါသကင်းရာ၊

၄။ ဥပါဒါနက္ခယ၊ အစွဲအလမ်းကုန်ရာ၊

၅။ တဏှာက္ခယ၊ တဏှာကုန်ရာ၊

၆။ အသမ္မောဟ၊ တွေဝေသိမှားမှုကင်းရာဆိုတဲ့ ၆ ဌာနနဲ့ စိတ်ညွှတ်လိုလားလျက်ရှိပါသည်။ (ဒီစိတ်ညွှတ်လိုလားရာ ၆ ပါးလုံးကို နိဗ္ဗာန်ဟူ၍လည်းကောင်း၊ အရဟတ္တဖိုလ်ဟူ၍လည်းကောင်း အဋ္ဌကထာ၌ ဖွင့်ပြထားသည်။)

ဒီနေရာမှာ တစ်စုံတစ်ယောက်က 'ဒီကိုယ်တော်ဟာ ယုံကြည်မှု သက်သက်ဖြင့် နေကွမ္မသို့ စိတ်ညွှတ်လိုလားနေလေသလော' လို့ တွေးထင်ဖွယ် ရှိပါသည်။ သို့သော် ထိုသို့ကား မဟုတ်ပါ။ ရဟန္တာမှာ ပြုဖွယ်ဟူသမျှကို ပြုပြီးဖြစ်၍ အသစ်ပြုဖွယ်ကိုလည်း မမြင်တော့ပါ။ ပြုပြီးကို တိုးပွားစေရန်လည်း မရှိတော့ပါ။ ရာဂ၊ ဒေါသ၊ မောဟ ကုန်ပြီးဖြစ်၍ နေကွမ္မ၌ စိတ်ညွှတ်လိုလားနေခြင်းသာ ဖြစ်ပါသည်။ မြတ်စွာဘုရားလို့လည်း လျှောက်ကြားပါတယ်။ (ဒီစကားရပ်မှာ ယုံကြည်မှု သက်သက်ဖြင့်လေလား လို့ တွေးထင်ပုံကို ဖော်ပြတာကတော့ ကာမအာရုံ ကာမကိလေသာတို့မှ လွတ်ကင်းအောင် နေထိုင်ပုံကို အကြောင်းပြုပြီး တွေးထင်ပုံ ပြဟန်တူပါတယ်။)

'ဒီကိုယ်တော်ဟာ လာဘ်လာဘ ပေါများအောင်၊ အရိုအသေ လှူကြအောင်၊ ဂုဏ်သတင်းကျော်စောအောင် (ပဝိဝေက) ဆိတ်ငြိမ်ရာ၌ စိတ်ညွှတ်လိုလားနေလေသလော'လို့ တစ်စုံတစ်ယောက်က တွေးထင်ဖွယ် ရှိပါသည်။ သို့သော် ထိုသို့ကား မဟုတ်ပါစသည်ဖြင့် ရှေးနည်းတူပင် ပြုကျင့်ဖွယ်ဟူသမျှကို ပြုကျင့်ပြီး ဖြစ်သည့်ပြင် ရာဂ၊ ဒေါသ၊ မောဟ ကုန်ပြီးဖြစ်၍ ဆိတ်ငြိမ်ရာ၌ စိတ်ညွှတ်လိုလားနေခြင်းသာ ဖြစ်ကြောင်းကိုလည်း လျှောက်ကြားပါတယ်။ (ဒီမှာလည်း ဆိတ်ငြိမ်

http://www.dhammadownload.com

ရာ အရပ်၌ နေထိုင်ခြင်းကို အကြောင်းပြုပြီး တွေးထင်ပုံကို ပြဟန် ရှိပါတယ်။)

'ဒီကိုယ်တော်ဟာ သီလဗွတပရာမာသကို အကျင့်မြတ်ထင်၍ (အဗျာပါဒ) စိတ်မဆိုးမှု၊ သည်းခံမှု၌ စိတ်ညွှတ်လိုလားနေလေသလော' လို့ တစ်ခုံတစ်ယောက်က တွေးထင်ဖွယ် ရှိပါသည်။ သို့သော် ထိုသို့ကား မဟုတ်ပါစသည်ဖြင့် ရှေးနည်းတူပင် ပြုကျင့်ပြီး ရာဂစသည် ကုန်ပြီး ဖြစ်သောကြောင့် စိတ်ဆိုးမှု၊ သည်းခံမှု၌ စိတ်ညွှတ်လိုလားနေခြင်းသာ ဖြစ်ကြောင်းကိုလည်း လျှောက်ကြားပါသည်။ (ဒီမှာလည်း စိတ်မဆိုးဘဲ သည်းခံနေတာကို သီလဗွတပရာမာသ အနေဖြင့် တွေးထင်ပုံကို ပြ ဟန် ရှိပါတယ်။)

ဘန္တေ၊ မြတ်စွာဘုရား။ ဧဝံ၊ ဤလျှောက်ခဲ့သည့်အတိုင်း။ သမ္မာ ဝိမုတ္တာသ ဘိက္ခုနော၊ မှန်ကန်ကောင်းမွန်စွာ လွတ်မြောက်သော ရဟန်း၏။ စက္ခုဿ၊ မျက်စိမှာ။ ဘုသာပိ စက္ခုဝိညေယျာ ရူပါ၊ မျက်စိဖြင့် မြင်နိုင်သည့် အလွန်ထက်မြက်သော အဆင်းရူပါရုံတို့သည်သော်လည်း။ စေ အာပါထံ အာဂစ္ဆန္တိ၊ အကယ်၍ ထင်ပေါ်ကြစေကာမူ။ အဿ စိတ္တံ၊ ထိုရဟန်း၏ စိတ်ကို။ နေဝ ပရိယာဒိယန္တိ (ထိုအဆင်းတို့က) ဆွဲဆောင်မသွားနိုင်ကုန်သည်သာ။ အဿ စိတ္တံ၊ ထိုရဟန်း၏စိတ်သည်။ အမိဿီကတမေဝ၊ ကိလေသာနှင့် မရောသည်သာလျှင်။ ဟောတိ၊ ဖြစ်ပါသည်။ ဌိတံ၊ တည်မြဲတည်နေပါသည်။ အာနေဉ္ဇပ္ပတ္တံ၊ မလှုပ် မယိုင် ခိုင်မြဲနေပါသည်။ အဿ၊ ထိုအဆင်း၊ ထိုမြင်သိစိတ်၏။ ဝယဉ္စ၊ ပျက်ခြင်းကိုလည်း။ ပဿတိ၊ သိမြင်ပါသည် မြတ်စွာဘုရား တဲ့။

ဆိုလိုရင်းအတိုချုပ်ကတော့ ရဟန္တာမှာ အလွန်ကောင်းတဲ့ အဆင်း၊ အလွန်ဆိုးတဲ့အဆင်း ရူပါရုံတွေကို မြင်ရပေမဲ့ အဲဒီအဆင်း နောက်သို့ စိတ်က လိုက်ပါမသွားဘူး။ နှစ်သက်မှု၊ စိတ်ဆိုးမှု ကိလေသာနှင့် မရောဘူး။ ပကတိအတိုင်း စင်ကြယ်စွာ တည်မြဲပင် မလှုပ်

http://www.dhammadownload.com

မရှားဘဲ ကြဲ့ကြဲ့တည်နေတယ်။ အဲဒီအဆင်းရှုပါရုံနှင့် မြင်သိစိတ် ပျက်ပျက်သွားတာကိုလည်း ရဟန္တာက သိမြင်နေတယ်လို့ ဆိုလိုပါတယ်။ ထို့အတူပင် အသံကြားရတဲ့အခါ၊ အနံ့နံရတဲ့အခါ၊ အရသာ စားသိရတဲ့ အခါ၊ အတွေ့ကို ထိသိရတဲ့အခါ၊ သဘောအာရုံကို ကြဲ့ သိရတဲ့အခါများမှာလည်း အာရုံနောက်သို့ စိတ်ကမလိုက်ဘဲ ကြဲ့ကြဲ့တည်နေပုံ။ အာရုံနဲ့အသိစိတ် ပျက်သွားတာကို သိပုံများကိုလည်း နည်းတူပင် လျှောက်ကြားပါတယ်။ မြင်ဆဲခဏစသည်၌ အာရုံနဲ့ အသိပျက်သွားတာကို သိပုံဟာ ယခုရှုမှတ်နေကြတဲ့ သတိပဋ္ဌာန်ယောဂီများ၏ သိပုံနှင့် ကိုက်ညီနေပါတယ်။ အဲဒါဟာ ယခုယောဂီတွေအနေနဲ့ အလွန်ပင် အားရစရာကောင်းပါတယ်။ အဲဒီကနောက်လည်း ဂါထာများဖြင့် လျှောက်ပုံတွေ ရှိပါသေးတယ်။ အဲဒီအထဲက နောက်ဆုံး ၂ ဂါထာကို ထုတ်ပြပါဦးမယ်။

သေလော ယထာ ဧကဋ္ဌနော၊
ဝါတေန နာ သမီရတိ၊
ဧဝံ ရူပါ ရသာ သဒ္ဒါ၊
ဂန္ဓာ ဖဿာ စ ကေဝလာ၊
ဣဋ္ဌာ ဓမ္မာ အနိဋ္ဌာ စ၊ နာ ပဝေဓေန္တိ တာဒိနော။
ဌိတံ စိတ္တံ ဝိပ္ပမုတ္တံ၊ ဝယဉ္စသာနုပဿတိ။

ဧကဋ္ဌနော၊ တစ်လုံးတစ်ခဲတည်းသော။ သေလော၊ ကျောက်တောင်သည်။ ဝါတေန၊ အရပ်လေးမျက်နှာမှ လာသောလေကြောင့်။ နာ သမီရတိ ရထာ၊ မတုန်မလှုပ်သကဲ့သို့။ ဧဝံ၊ ဤအတူပင်။ ကေဝလာ၊ အလုံးစုံကုန်သော။ ရူပါ ရသာ သဒ္ဒါ ဂန္ဓာ ဖဿာ စ၊ အဆင်း၊ အရသာ၊ အသံ၊ အနံ့ အတွေ့တို့သည်လည်းကောင်း။ ဣဋ္ဌာ ဓမ္မာ၊ အလိုရှိအပ်သော သဘောတရားတို့သည်လည်းကောင်း။ အနိဋ္ဌာ စ၊ အလိုမရှိအပ်သော သဘောတရားတို့သည်လည်းကောင်း။ တာဒိနော၊

http://www.dhammadownload.com

ရဟန္တာပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်ကို။ နံ ပဝေဒေန္တိ၊ မတုန်လှုပ်စေနိုင်ကုန်။ ဌိတံ၊ ကြံ့ကြံ့တည်နေ၏။ ဝိပ္ပမုတ္တံ၊ ကိလေသာမှ လွတ်မြောက်၏။ အဿ၊ ထိုစိတ်၏။ ဝယဉ္စ၊ အပျက်ကိုလည်း။ အနုပဿတိ၊ ရှုမြင်ပေ၏ တဲ့။ အဲဒါဟာ အရှင်သောဏမထေရ်က မိမိရဟန္တာဖြစ်ကြောင်း သွယ်ဝိုက်ပြီး လျှောက်ကြားပုံပါပဲ။

အရှင်သာရိပုတ္တရာမထေရ်၏ ဝန်ခံပြောကြားပုံ

အခါတစ်ပါး၌ ကဋ္ဌာယနတ္တိယ ဆိုတဲ့ရဟန်းက 'ငါ့ရှင် သာရိပုတ္တရာ၊ မောဋ္ဌိယဖဂ္ဂုန ဆိုတဲ့ရဟန်းဟာ သိက္ခာချပြီး လူထွက်ပါတယ်' လို့ အရှင်သာရိပုတ္တရာအား လျှောက်တယ်။ ဒီတော့ အရှင်သာရိပုတ္တရာက 'အဲဒီအရှင်ဟာ ဒီသာသနာတော်မှာ သက်သာရာ ထောက်တည်ရာကို မရလို့ ဖြစ်မှာပေါ့' လို့ ပြန်ပြောလိုက်တယ်။ 'ဒါဖြင့် အရှင်သာရိပုတ္တရာကတော့ ဒီသာသနာတော်မှာ သက်သာရာ ထောက်တည်ရာကို ရနေပြီပေါ့' လို့ ကဋ္ဌာယနတ္တိယက ထေ့ပြီးပြောတဲ့အခါ အရှင်သာရိပုတ္တရာက 'ငါဟာ (သက်သာရာ ထောက်တည်ရာကို ရ မရ) မယုံမှားပါဘူး' လို့ ပြန်ကြားလိုက်တယ်။ 'နောင်ကာလမှာကော ဘယ့်နယ်လဲ' လို့ ကဋ္ဌာယနတ္တိယက မေးတဲ့အခါ အရှင်သာရိပုတ္တရာက 'ယုံမှားမရှိပါဘူး' လို့ ဖြေလိုက်ပါသတဲ့။

အဲဒီမှာ အဋ္ဌကထာဖွင့်ပုံကတော့ 'သက်သာရာ ထောက်တည်ရာကို မရလို့ ဖြစ်မှာပေါ့' လို့ ဆိုရာ၌ အောက်မင် အောက်ဖိုလ် သုံးပါးတို့ကို မရလို့ ဖြစ်မှာပေါ့ဟု ပြပါသတဲ့။ အကယ်၍ အောက်မင်ဖိုလ် သုံးပါးတို့ကို ရလျှင် (အနာဂါမ်ဖြစ်နေလျှင်) သိက္ခာချ၍ လူမထွက်နိုင်ရာလို့ ဆိုလိုတာပါပဲတဲ့။ နောင်ကာလမှာကော ဘယ့်နယ်လဲဆိုတဲ့ အမေးဖြင့် 'နောင်ကာလ၌ ဘဝသစ်ဖြစ်မှုကို ပယ်နုတ်ပြီးပါပြီလား' လို့ မေးပါသတဲ့။ အရဟတ္တဖိုလ်သို့ ရောက်ပါပြီလားလို့ ဆိုလိုတာပါပဲ။

http://www.dhammadownload.com

အရှင်သာရိပုတ္တရာက 'ယုံမှား မရှိပါဘူး' ဆိုတဲ့ အဖြေဟာလည်း 'အရဟတ္တဖိုလ်ရောက်ပြီး ရဟန္တာဖြစ်ရာမှာ ယုံမှားမရှိပါဘူး'လို့ ပြဆိုခြင်း ဖြစ်ပါသတဲ့။ အဲဒါဟာ အဋ္ဌကထာက ဖွင့်ပြချက်ပါပဲ။

အဲဒီဖွင့်ပြချက်အရ 'နောင်ကာလမှာ ယုံမှားမရှိပါဘူး' ဆိုတဲ့ အဖြေဟာ ရဟန္တာအဖြစ်ကို ဝန်ခံပြောကြားခြင်းဖြစ်တယ်။ ဒါကြောင့် အဲဒီ ကဋ္ဌာယနတွင်းက ရဟန်းက မြတ်စွာဘုရားထံသွားပြီး ဒီလိုလျှောက်တယ်။ 'မြတ်စွာဘုရား၊ အရှင်သာရိပုတ္တရာက ဘဝသစ်ဖြစ်မှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ဟူသမျှကို ပြုပြီးပြီ၊ ဤကိစ္စအတွက် အခြားပြုဖွယ် မရှိတော့ပြီလို့ သိတဲ့အကြောင်း ပြောပြ၍ ရဟန္တာအဖြစ် အရဟတ္တဖိုလ်ကို ပြောကြားပါသည်'လို့ လျှောက်တယ်။

အဲဒီတော့ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာကို ခေါ်စေပြီးတော့ မေးတော်မူပါတယ်။ 'သာရိပုတ္တရာ၊ သင်ဟာ ဘဝအသစ်ဖြစ်မှု ကုန်ပြီ၊ အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ဟူသမျှကို ပြုပြီးပြီ၊ ဤကိစ္စအတွက် အခြားပြုဖွယ်မရှိတော့ပြီ' ဟု သိတဲ့အကြောင်း ပြောပြ၍ ရဟန္တာအဖြစ် အရဟတ္တဖိုလ်ကို ပြောကြားတယ်ဆိုတာ မှန်ပါသလား' လို့ မေးတော်မူပါတယ်။

'ဘဝသစ်ဖြစ်မှု ကုန်ပြီအစရှိတဲ့ အဲဒီပုဒ် အဲဒီစကားလုံးတို့ဖြင့် အရဟတ္တဖိုလ်ဆိုတဲ့ အနက်ကို မပြောကြားပါ မြတ်စွာဘုရား'လို့ အရှင်သာရိပုတ္တရာက လျှောက်ပါတယ်။

'သာရိပုတ္တရာ၊ မည်သည့်ပရိယာယ်ဖြင့် အရဟတ္တဖိုလ်ကို သွယ်ဝိုက်၍ ပြောကြားစေကာမူ အမှန်ကတော့ ပြောကြားတာကို ပြောကြားတယ်လို့ပဲ မှတ်ရမယ်'လို့ မြတ်စွာဘုရားက မိန့်တော်မူပါတယ်။ အဲဒီတော့ အရှင်သာရိပုတ္တရာက 'တပည့်တော်ကလည်း အဲဒီပုဒ် အဲဒီစကားလုံးတို့ဖြင့် မပြောကြားကြောင်းကိုသာ လျှောက်ပါသည်။ လုံးဝ မပြောကြားဘူးလို့တော့ ငြင်းသည်မဟုတ်ပါ'လို့ ဖြေရှင်းလျှောက်ထားပါတယ်။

(သံ၊ ၁၊ ၂၈၃)

http://www.dhammadownload.com

ယခုပြောခဲ့ဘာတွေဟာ ရဟန္တာအစစ်ဖြစ်နေတဲ့ အရှင်မြတ်များက ရဟန္တာအဖြစ်ကို တိုက်ရိုက်ဝန်မခံဘဲ သွယ်ဝိုက်၍ ဝန်ခံ ပြောကြားကြောင်း ပြဆိုတဲ့ ပါဠိတော်စကားများ ဖြစ်ပါတယ်။ ယခု အဋ္ဌကထာမှာ ပြထားတဲ့ သာဓကတစ်ခုကိုလည်း ထုတ်ပြရဦးမယ်။

အရိယာပုဂ္ဂိုလ် အသိခက်ကြောင်း

သီဟိုဠ်မှာ သာသနာတော် အထူးထွန်းတောက်ခဲ့တဲ့အချိန်က စိတ္တလတောင်မှာ ရဟန္တာမထေရ်တစ်ပါးကို တောထွက်ဦးပဉ္စင်းကြီး တစ်ပါးက ဝတ်ကြီး ဝတ်ငယ် ပြုစုနေပါသတဲ့။ တစ်နေ့သောအခါ ဆွမ်းခံကြွပြီး အပြန်မှာ တောထွက်ဦးပဉ္စင်းကြီးက ရဟန္တာမထေရ်ကို 'အရိယာပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်ပါလဲ အရှင်ဘုရား'လို့ မေးတယ်၊ ရဟန္တာမထေရ်က 'ဒီသာသနာတော်မှာ တချို့ဦးပဉ္စင်းကြီးဟာ အရိယာမထေရ်တို့၏ သပိတ်သင်္ကန်းကို သယ်ယူကာ ဝတ်ကြီး ဝတ်ငယ်ကို ပြုလျက် အတူတကွ သွားလာနေသော်လည်း အရိယာတို့ကို မသိဘူး၊ အရိယာတို့ကို သိရန် ဒီလိုခက်ခဲတယ် ငါ့ရှင်'လို့ ပြောကြားပါတယ်တဲ့။ ဒါပေမဲ့ အဲဒီဦးပဉ္စင်းကြီးကတော့ အဲဒီလို အမိန့်ရှိဖြေကြားတဲ့သူ့ဆရာကို အရိယာမှန်း ရဟန္တာမှန်း မသိရှာဘူးတဲ့။

(မူလပဏ္ဏာ၊ ၌၊ ပ၊ ၂၃)

နောက်ပြီးတော့ အဋ္ဌကထာများမှာ အရိယာများ အလိုနည်းပုံကိုလည်း ဒီလိုပြဆိုထားပါတယ်။

ယော ပန၊ အကြင်သူသည်ကား၊ သောတာပန္နာဒီသု အညတရော ဟုတ္တာ၊ သောတာပန်စသည်တို့တွင် တစ်ပါးပါးဖြစ်ပြီး၍။ သောတာပန္နာဒိဘာဝံ၊ မိမိ၏ သောတာပန်အဖြစ်စသည်ကို။ ဇာနာပေတုံ

http://www.dhammadownload.com

နှ ဏ္ဍစ္ဆတိ၊ သူတစ်ပါးအား သိစေရန် အလိုမရှိ။ အယ်၊ ဤသူသည်။ အဓိဂမအပ္ပိစ္ဆော နာမ၊ တရားထူးရခြင်းနှင့်စပ်၍ အလိုနည်းသူမည်၏။ ။

(မူလပဏ္ဏာ၊ ၌၊ ဒု၊ ၄၇ စသည်)

(ယခုပြောခဲ့တဲ့ ရဟန္တာတို့၏ ဝန်ခံပြောဆိုပုံ၊ အရိယာတို့၏ အလိုနည်းပုံများနှင့် နှိုင်းယှဉ်ကြည့်လျှင် မိမိကိုယ်ကို သောတာပန်ဟု၊ ရဟန္တာဟု သိစေလိုသည့်ပြင် ယင်းသို့ မယုံကြည်သူတို့အား မကျေနပ်သည့် လက္ခဏာပြနေသော တရားသမားတို့ကို စဉ်းစားဖွယ် ရှိနေပေသည်။)

ရဟန္တာစုံစမ်းနည်း

ဗျာန်အဘိညာဉ် မရရင် ရဟန္တာပေမဲ့ လမ်းလျှောက်သွားရာမှာ သူများလိုပဲ လေးတယ် ပိတယ်ဆိုတဲ့ အချက်ပါပဲ။ အဲဒါကတော့ စက္ခုပါလရဟန္တာမထေရ်ကြီး စင်္ကြံကြွရာမှာ ပိုးကောင်တွေ နင်းမိလို့ သေကုန်တယ်ဆိုတော့ အင်မတန် ထင်ရှားနေပါပြီ။ အဲဒါကလည်း ဒီနေရာမှာ ဘာဖြစ်လို့ ထည့်ပြောရသလဲဆိုတော့ ယခု ဆယ့်ငါးခြောက် နှစ်လောက်အတွင်းမှာ မြန်မာပြည်၌ ရဟန္တာရယ်လို့ ကျော်စောတဲ့ပုဂ္ဂိုလ်တွေ ပေါ်လာကြတယ်၊ အဲဒီလို ကျော်စောတဲ့ ပုဂ္ဂိုလ်တွေကို တချို့ ဒကာမတွေက ပန်းခင်းပြီးတော့ စမ်းကြည့်ကြတယ်၊ လက်ဝါးခင်းပြီးတော့ စမ်းကြည့်ကြတယ်လို့ ကြားရတယ်။ ပြီးတော့ ပန်းမန္ဓမ်းဘူး၊ လက်မနာဘူးစသည်ဖြင့်လည်း ပြောသံကြားနေရတယ်။ အဲဒါ တည့်တည့်မတ်မတ် နင်းမိလျက်နဲ့ မန္ဓမ်းတာ၊ မနာတာလား၊ တည့်တည့်မနင်းမိလို့ပဲလားဆိုတာလည်း စဉ်းစားစရာ ရှိပါတယ်။ ယခု စက္ခုပါလမထေရ်လို ဗျာန်အဘိညာဉ်မရတဲ့ ရဟန္တာဆိုရင်တော့ တည့်တည့်နင်းမိမယ်ဆိုရင် ပိပြားသေကုန်သလို ပိပြားကုန်မှာပါပဲ။ ဗျာန်အဘိညာဉ်ရတဲ့

http://www.dhammadownload.com

ရဟန္တာတောင် အဘိညာဉ်နဲ့ အဓိဋ္ဌာန်မပြုမိဘဲ ကြွရင် နင်းမိတာတွေဟာ အကုန်ပြားကုန်မှာပဲ။ ဒါကြောင့် အဲဒီလို စမ်းသပ်တဲ့နည်းတွေက မသေချာဘူးဆိုတာ သိထားကြရမယ်။

သေချာတဲ့နည်းကတော့ လိုချင်နှစ်သက်မှု၊ တပ်မက်သာယာမှု၊ ခင်မင်တွယ်တာမှု၊ အပြင်းအထန် ရယ်ရွှင်မှု၊ စိတ်ဆိုးစိတ်ပျက်မှု၊ ထိတ်လန့်ကြောက်ရွံ့မှု၊ စက်ဆုပ်ရွံရှာမှု၊ စိုးရိမ်ပူဆွေးမှု၊ သူတစ်ပါး အကျိုးမဲ့ဖြစ်အောင် ပြောဆိုမှု၊ ဘုရားကို မရိုသေမှု၊ တရားကျမ်းဂန်တွေကို မရိုသေမှု၊ ဝိနည်းသိက္ခာကို မရိုသေမှု၊ ကိုယ်လက် ကွန်ဒြေ မတည်ငြိမ်မှု၊ ဒီလိုဟာတွေ ရှိ မရှိ စုံစမ်းဖို့ လိုပါတယ်။ အဲဒီလိုဟာ တွေ့ရှိနေရင် လောဘ၊ ဒေါသ၊ မောဟ မကင်းသေးတဲ့သဘော ထင်ရှားနေတာပါပဲ။ သေသေချာချာ စုံစမ်းလို့ ဒီလိုအမှုအရာတွေ အရိပ်အယောင်တောင် မတွေ့ဘူးဆိုရင်တော့ တော်တော်စိတ်ချရပါပြီ။ ရဟန္တာမဟုတ်တောင် ရဟန္တာလောက်နီးပါး ကြည်ညိုဖွယ်ဂုဏ်တွေနဲ့ ပြည့်စုံတယ်လို့ မှတ်နိုင်ပါပြီ။

သောတာပန် လူထွက် မထွက်

သောတာပန် ရဟန်း၊ သာမဏေ လူမထွက်ကြောင်းကို ပဲခူးမြို့ ရွှေဂူကျောင်း အသျှင်ဉာဏာလင်္ကာရ အမှူးရှိသော ဝိနယသာကစ္ဆာ အဖွဲ့က ၁၃၂၆ ခုနှစ်၌ ဆုံးဖြတ်ပြီးလျှင် ယင်းဆုံးဖြတ်ချက်ကို ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ ဦးသုန္ဒရဟာ ယင်းဆုံးဖြတ်ချက်ကို တွေ့ရသည့်အတွက် သောတာပန် ရှင် ရဟန်းတို့ လူမထွက်ကြောင်း သိစေရန် မဟာဝဂ္ဂသံယုတ်မှ နဒီသုတ်ပါဠိကို ဖော်ပြလိုက်တာလေလားဟု တွေးထင်မိပါသည်။

ယင်းသုတ်ပါဠိ၌ သော ဝတ ဘိက္ခဝေ ဘိက္ခု အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော အရိယံ အဋ္ဌင်္ဂိတံ မဂ္ဂံ ဗဟုလီကရောန္တော သိက္ခံ

http://www.dhammadownload.com

ပစ္စက္ခာယ ဟီနာယာဝတ္တိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ၊ တံ ကိဿ ဟေတု။ ယံ ဟိ တံ ဘိက္ခဝေ စိတ္တံ ဒီဃရတ္တံ ဝိဝေကနိန္နံ ဝိဝေကပေါဏံ ဝိဝေကပဗ္ဘာရံ၊ တံ ဝတ ဟီနာယာဝတ္တိဿတီတိ နေတံ ဌာနံ ဝိဇ္ဇတိ စကားရပ်ကို သေသေချာချာ စိစစ်ကြည့်လျှင် ထိုအဖွဲ့၏ အဆုံးအဖြတ်ကို တိကျမှန်ကန်သည်ဟု မှတ်ယူရန် မခိုင်လုံပါ။

မခိုင်လုံပုံကတော့ အရိယဲ အဋ္ဌင်္ဂိကံ မဂ္ဂံ ဘာဝေန္တော ဟူသော ပါဠိဖြင့် လောကုတ္တရာမဂ်ပွားစေဆဲကို ယူလိုပါသလား၊ ဝိပဿနာမဂ် ပွားစေဆဲကို ယူလိုပါသလား၊ အကယ်၍ လောကုတ္တရာမဂ်ကို ပွားစေ ဆဲကို ယူပါက မဂ်ရောက်ဆဲ ထိုရဟန်းသာမဏေအား မင်းစသည်တို့က လူထွက်ရန် ဖိတ်ခေါ်သွေးဆောင်ဖို့ မဖြစ်နိုင်ပါ။ ထိုမဂ်ရောက်နေဆဲ ခဏ၌ လူထွက်ရန်လည်း မဖြစ်နိုင်ကြောင်း ထင်ရှားနေပါသည်။ ထို့ကြောင့် အရိယဲ မဂ်ံ ဘာဝေန္တော အရ အရိယမဂ်ပွားစေဆဲဟု ယူရန် မဖြစ်သင့်ပါ။

သို့မဟုတ် အရိယမဂ်ရအောင် ဝိပဿနာမဂ်ကို ပွားစေဆဲ ဝိပဿနာရှူနေဆဲကို ယူပါကလည်း သောတာပတ္တိမဂ် မရောက်သေးခင် ဝိပဿနာရှူဆဲ ပုထုဇဉ်လည်း လူမထွက်ဟု ယူရပါလိမ့်မည်။ ဘာကြောင့်လဲဆိုလျှင် ယင်းဝိပဿနာ ရှူနေဆဲ ပုထုဇဉ်လည်း သီလကို မှီ၍ ဝိပဿနာမဂ္ဂင်ကို ဖြစ်ပွားစေဆဲဖြစ်သောကြောင့်ပင်။ ဤအရာ၌ အထူးသတိပြုစရာကတော့ မဂ်ံ ဘာဝေန္တော ဟူသော ပါဠိဖြင့် မဂ်ကို ပွားစေပြီး ပုဂ္ဂိုလ်၊ မဂ်ကိုရပြီး ပုဂ္ဂိုလ်ဟု မယူနိုင်ပါ။ မဂ်ကို ပွားစေဆဲ ပုဂ္ဂိုလ်ဟူ၍သာလျှင် ယူနိုင်ပါသည်။ ထို့ကြောင့် ထိုပါဠိအရဖြင့် သောတာပန်ဟု အတိအကျယူရန် မဖြစ်နိုင်ပါ။ ဤအချက်ကို အထူး သတိပြုသင့်ပါသည်။

ထို့ပြင် ထိုပါဠိ၌ လူမထွက်ခြင်း၏အကြောင်းကို ဖော်ပြရာမှာ

http://www.dhammadownload.com

အရိယာမဂ်ရပြီး ဖြစ်သောကြောင့်ဟု ၊ပြဘဲ စိတ္တံ ဒီဃရတ္တံ ဝိဝေကနိန္နံ စသည်ဖြင့် ပြထားသောကြောင့် ဝိဝေကနိန္နစသော စိတ် ကြာမြင့်စွာ ဖြစ်ခဲ့ခြင်းကိုသာ လူမထွက်နိုင်ခြင်း၏အကြောင်းဟု ယူရန် ထင်ရှားပါသည်။ သောတာပန်ဖြစ်ခြင်းမျှကို ယူရန်ကား မထင်ရှားပါ။ ဘာကြောင့်လဲဆိုရင် လူဝတ်ကြောင်သောတာပန်များမှာ ဝိဝေကနိန္နစသော စိတ်အားမကြီးသောကြောင့် အိမ်ထောင်ပြုလျက် ကာမဂုဏ်ချမ်းသာကို ခံစားနေကြသောကြောင့်လည်းကောင်း၊ မဟာဝဂ္ဂသံယုတ် (နှာ ၁၉၁–၁၉၂) ၌ သောတာပန်ဖြစ်ပြီးသော ဥဏ္ဏာဘဆိုသည့် ပုဏ္ဏားဟာ ရထားသည့်စျာန် မလျော့ မပျက်သေးမီ သေပါက ကာမဘုံသို့ ပြန်မရောက်ကြောင်း ဟောထားသည့် စကားတော်အရဖြင့် သောတာပန်မှာ ရထားပြီးစျာန်လည်း လျော့နိုင်ပျက်နိုင်သေးကြောင်း ထင်ရှားသောကြောင့် လည်းကောင်း၊ သောတာပန် ဖြစ်ရုံမျှဖြင့် ဝိဝေကနိန္နစသည် အားကောင်းနေပြီဟု မှတ်ယူရန် မသေချာပါ၊ ထိုသို့ ဝိဝေကနိန္နစသည် အားမကောင်းလျှင် လူမထွက်ခြင်း၏အကြောင်း ပြည့်စုံနေပြီဟု မဆိုနိုင်ပါ။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ် ပါဠိ (နှာ ၂၈၃) ကဋ္ဌာရသုတ်၌ မောဠိယဖဂ္ဂုန လူထွက်တာဟာ အဿာသ အရကို အနာဂါမိမဂ် အထိ မဂ်သုံးပါးဟု အဋ္ဌကထာ၌ ဖွင့်ပြထားသည်။ အဲဒီအကြောင်းကို 'စိတ်ကို မတုန်လှုပ်စေနိုင်ခြင်းနှင့် စပ်၍' သီလဝန္တသုတ်တရားတော် (နှာ ၄၄၂) စသည်မှာ ဖော်ပြထားပါသည်။ အဲဒီအဋ္ဌကထာအဖွင့်အရ အနာဂါမ်မှာ ဝိဝေကနိန္နစသောစိတ်ပြည့်စုံနေသောကြောင့်လည်းကောင်း၊ ကာမရာဂ ကင်းနေသောကြောင့်လည်းကောင်း အနာဂါမ် လူမထွက်ကြောင်း အလွန်ထင်ရှားပါသည်။ ထို့ကြောင့် အရိယာမဂ်ပွားစေသော အနာဂါမ်ရှင်ရဟန်းသည်လည်းကောင်း၊ ဝိပဿနာမဂ်ကို ပွားစေလျက် ဝိဝေကနိန္နစသော စိတ် ကြာမြင့်စွာဖြစ်နေသော ပုထုဇဉ်၊ သောတာပန်၊

http://www.dhammadownload.com

သကဒါဂါမ် ရှင်ရဟန်းတို့သည်လည်းကောင်း မည်သည့်အကြောင်းကြောင့်မျှ သိက္ခာစွန့်၍ လူထွက်ခြင်းမရှိဟု ဤသို့ယူလျှင် သင့်လျော်ပါလိမ့်မည်။

ဝိဝေကနိန္နစသော စိတ်အားမကောင်းသေးသည့် သာမန်သောတာပန် ရှင်ရဟန်းကတော့ နောက်ဘဝ၌ လူဖြစ်ရင်သော်လည်းကောင်း၊ နတ်ဖြစ်ရင်သော်လည်းကောင်း၊ အိမ်ထောင်စုဆိုင်ရာ ကာမဂုဏ်ကိုလည်း ခံစားဖွယ်ရှိနေသောကြောင့် အကြောင်းအားလျော်စွာ မျက်မှောက်ဘဝ၌လည်း လူထွက်ခြင်း ဖြစ်နိုင်သည်ဟူ၍လည်းကောင်း၊ အထူးအားဖြင့် ရက် လ အကန့်အသတ်နှင့်တကွ ဒုလ္လဘ ရှင်ရဟန်းပြုဆဲမှာ ဝိပဿနာရှု၍ သောတာပတ္တိမဂ်ဖိုလ်သို့ ရောက်ပြီးဖြစ်သော်လည်း မူလက ရည်ရွယ်ထားသည့်အချိန် ကုန်သောအခါ လူထွက်ခြင်း ဖြစ်နိုင်သည်ဟူ၍လည်းကောင်း မိမိ (မဟာစည်ဆရာတော်) က သဘောကျလျက် မှတ်ယူထားပါသည်။

ထိုသို့မှတ်ယူခြင်းဖြင့် ဒုလ္လဘရဟန်းပြုလျက် မဂ်ရောက် ဖိုလ်ရောက် တရားအားထုတ်ရေးအတွက် တိုက်တွန်းညွှန်ကြားရန် အဆင်ပြေပါသည်။ ထိုသို့မဟုတ်ဘဲ ရှင်ရဟန်းအဖြစ်မှ လူထွက်သူတိုင်းကို ပုထုဇဉ်ဟု ရှုတ်ချပြောဆိုပါက ပဋိပတ္တိသာသနာတော်ကို အားမပေးရာရောက်သည့်ပြင် အရိယာဖြစ်နေသူကို ပုထုဇဉ်ဟု ရှုတ်ချပြောဆိုခြင်းလည်း ဖြစ်နိုင်သောကြောင့် အကုသိုလ်အပြစ်လည်း အကြီးအကျယ်ဖြစ်ဖွယ်ရှိပါသည်။

ပဲခူးမြို့ ဝိနယသာကစ္ဆာအဖွဲ့၏ ဆုံးဖြတ်ချက်ထဲ၌ မောဂ္ဂလိပုတ္တသာမဏေ သောတာပန်ဖြစ်ပြီးသည့်အခါ သူ့ဆရာ သိဂ္ဂဝမထေရ်က အဲဒီသာမဏေကို လူမထွက်တော့ဘူးလို့ ယူဆပြီးတော့ တရားကျမ်းဂန်သင်ယူရန် စက္ကဝဋ္ဌိမထေရ်ထံ စေလွှတ်လိုက်ကြောင်း ပြထားသည့် အဋ္ဌကထာစကားကို မှီးပြီးတော့လည်း သောတာပန်ဖြစ်လျှင် လူမထွက်

http://www.dhammadownload.com

ကြောင်း ပြဆိုထားသည်။ သို့သော် ထိုသိဂ္ဂဝမထေရ်၏ ယူဆချက်ထဲ၌ မောဂ္ဂလိပုတ္တသာမဏေဟာ သောတာပန်ဖြစ်ကြောင်း၊ သာသနာတော်မှ ဆုတ်နစ်ရန် မဟုတ်တော့ကြောင်း၊ ဆက်ပြီးတရားအားထုတ်လျှင် ရဟန္တာဖြစ်သွားမည့်အကြောင်းများကိုလည်း ပြထားပါသေးသည်။ အဲဒါတွေကို ဆင်ခြင်ကြည့်လျှင် သောတာပန်ဖြစ်ရုံမျှသာ မဟုတ်၊ ရဟန္တာဖြစ်နိုင်သည်အထိ အရည်အချင်း ကောင်းစွာပြည့်စုံလျက် ရှိနေကြောင်း သိရသဖြင့် ဝိဝေကနိန္နစသောစိတ်လည်း ပြည့်စုံနေကြောင်း ထင်ရှားပါသည်။ ထို့ကြောင့် ဤထိုသာမဏေ လူမထွက်ဘဲ တည်မြဲခြင်း၏ အကြောင်းမှာ ဘုရားစကားတော်၌ ပြဋ္ဌာန်းသည့်အတိုင်း ဝိဝေကနိန္နစသော စိတ် ပြည့်စုံနေသောကြောင့်ဟု ယူလျှင် သင့်မည်သာဖြစ်ပါသည်။

ထို့ကြောင့် နိဒါနဝဂ္ဂသံယုတ်မှ ကဠာရသုတ်ပါဠိနှင့် အဋ္ဌကထာအရ အနာဂါမိမဂ် မရသေး၍ ဝိဝေကနိန္နစသည်လည်း မပြည့်စုံသေးလျှင် ရှင်ရဟန်းအဖြစ်မှ အကြောင်းအားလျော်စွာ လူထွက်ခြင်း ဖြစ်နိုင်သေးသည် ဟူ၍လည်းကောင်း၊ အနာဂါမ်ဖြစ်နေရင်တော့ ဝိဝေကနိန္နစသည်လည်း ပြည့်စုံနေမည်သာဖြစ်သောကြောင့် လူထွက်ခြင်း မဖြစ်နိုင်ဟူ၍လည်းကောင်း၊ မဟာဝဂ္ဂသံယုတ် နဒီသုတ်ပါဠိအရ ဝိပဿနာရှုလျက် ဝိဝေကနိန္နစသော စိတ် ကြာမြင့်စွာ ပြည့်စုံနေလျှင် ပုထုဇဉ်မှာသော်လည်း ရှင်ရဟန်းအဖြစ်မှ လူထွက်ခြင်းမဖြစ်နိုင်ဟူ၍လည်းကောင်း မှတ်ယူသင့်ပါသည်။

အရှင်သောဘန
မဟာစည်ဆရာတော်
သာသနာ့ဓိပ်သာ
ရန်ကုန်မြို့